မြန်မာ စာအုပ်များ

the bookhouse
we bring your future




# နိုင်ဇော်အကြောင်း နိုင်ဇော်ပြောသည်

လေးဖိုးကလပ်ဂစ်တာသမားနိုင်ဇော်၏ ဂီတဖြတ်သန်းမှုဘဝ

ရဲမွန်ထော

မြန်မာ စာအုပ်များ

the bookhouse
we bring your future

အမှတ် ၈-စီ၊ နီကောရိပ်သာ၊ အမှတ် ၇-ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၀၀-၈၇၂၇၊

မြန်မာ စာအုပ်များ

the bookhouse
we bring your future

# နိုင်ဖော်အကြောင်း နိုင်ဖော်ပြောသည်

လေးဖီးကလပ်ဂစ်တာသမားနိုင်ဖော်၏ ဂီတဖြတ်သန်းမှုဘဝ

ရဲမွန်ထော

မြန်မာ စာအုပ်များ

စီမံခန့်ခွဲမှု
မိုးသန်းချစ်
မျက်နှာဖုံးပန်းချီ
နိုင်ဇော်
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာစုဖွဲ့မှုဒီဇိုင်း
Club 18

စာမူခွင့်ပြုအမှတ်
၄၀၀ ၃၂၅ ၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်
၄၀၀ ၃၅၆ ၀၄၁၀
ထုတ်ဝေသူ
ဦးမောင်မောင်မြင့်အေး
လာဘ်မိုးရွှေစာပေ
အမှတ် ၂၀၅-က၊ ဝိတောက် ၅လမ်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ၅၁ လမ်း(အထက်)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၀၊ မေလ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၀၀၀ ကျပ်
ဖြန့်ချိရေး
၀၉ ၅၀၀ ၈၇၂၇
၀၉ ၅၀၁ ၀၈၅၁

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)
၆၂၇
ရဲမွန်ထော
နိုင်ဇော်အကြောင်း နိုင်ဇော်ပြောသည် / ရဲမွန်ထော။ -ရန်ကုန်၊
လာဘ်မိုးရွှေစာပေ၊ ၂၀၁၀ ။
၁၉၂ - စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ
(၁) နိုင်ဇော်အကြောင်း နိုင်ဇော်ပြောသည်

the bookhouse
we bring your future



မြန်မာ စာအုပ်များ


the bookhouse
we bring your future

| | |
|---|---|
| ကိုယ်တိုင်ရေးပုံတူ ကိုယ်တိုင်ရေးအမှာစာ | ၈ |
| ရဲမွန်ထောနှင့်နိုင်ဇော် (လေးစီးကလပ်) | ၁၄ |
| ကျွန်မသိသောရဲလင်းထိန် | ၂၀ |
| နိုင်ဇော် (သို့) သုခုမစက်ရုပ် | ၂၄ |
| နိုင်ဇော်ဖြစ်တည်မှု | ၃၀ |
| နိုင်ဇော်နှင့်ကလေးဘဝ | ၃၅ |
| ဂစ်တာတစ်လုံးတိုက်ပွဲ | ၄၄ |
| ဗေဒင်ပညာနှင့်ကျွန်တော့်အစ်ကို | ၅၂ |
| ပထမဘဝစာမျက်နှာ | ၆၀ |
| ဒုတိယဘဝစာမျက်နှာ | ၆၈ |
| မမေ့နိုင်တဲ့သကြံန်ပုံရိပ် | ၇၇ |
| ကျွန်တော်နှင့်အနုပညာမှုပိုင်ခွင့် | ၈၂ |
| တတိယဘဝစာမျက်နှာ | ၈၆ |
| လေးစီးကလပ်စတင်ခြင်း | ၉၃ |
| လူတစ်ယောက် ဂီတနှစ်မျိုး | ၉၉ |
| ကျွန်တော်ဖန်တီးချင်တဲ့ဂီတ (သို့) အော်တာနေးတစ် | ၁၀၈ |
| Aces အလှည့်အပြောင်း | ၁၁၄ |
| တီးဝိုင်းနှင့်မန်နေဂျာ | ၁၁၈ |
| မျဉ်းဖြောင့်တစ်ကြောင်း | ၁၂၃ |
| ဂစ်တာသံအပိုင်းအစများ | ၁၂၉ |
| ကျွန်တော်စာရေးဆရာ | ၁၃၄ |
| အတိုဆုံးလမ်း | ၁၃၉ |
| မပွင့်သေးတဲ့တံခါးပေါက် | ၁၄၄ |
| အရိုင်းဆန်တဲ့ မုန်တိုင်းနာဂစ် | ၁၅၉ |
| အချုပ်စစ် | ၁၆၄ |

ယခုစာအုပ်အား ကိုရာဇာမျိုး (ရန်ကုန်)မှ

ပေးပို့လှူဒါန်းခြင်းဖြစ်ပါသည်။

ကျေးဇူးတင်စွာဖြင့်



Admin

မြန်မာ စာအုပ်များ

မြန်မာ စာအုပ်များ






## ကိုယ်တိုင်ရေးပုံတူ
## ကိုယ်တိုင်ရေးအမှာစာ

မိုးကသည်းသည်းမည်းမည်း ရွာနေတဲ့နေ့တစ်နေ့. . ကျွန်တော်ကလည်း ခန်းမတစ်ခုထဲမှာရှိနေပြီး ဂစ်တာတီးကွက်မျိုးစုံ၊ လက်စွမ်းပြကွက်မျိုးစုံပါဖောမင့်မျိုးစုံနဲ့ ပရိတ်သတ်ကို ဖမ်းစားနေ ပါတယ်။ အပြင်မှာတော့ အချိန်အခါ မဟုတ်မုန်တိုင်းကြေငြာထားလို့ ရန်ကုန်မြို့က လူတွေအားလုံး အိမ်တွင်းအောင်းနေကြလေရဲ့. . နာဂစ်ကလည်းသိပ်မှ မကြာသေးတာကိုး။

အဲဒီပွဲရဲ့နာမည်က 'သုခုမစက်ရုပ်' ကျွန်တော့် Instrumental Solo ခွေမထွက်သေးခင်ကြိုပြီး ပရိတ်သတ်ကိုမိတ်ဆက်ပေးဖို့ Happy World (ရွှေတိဂုံဘုရား တောင်ဘက်မုဦနား) မှာ ပြုလုပ်တဲ့နေ့ပဲ တိုက်တိုက်ဆိုင်ဆိုင် မုန်တိုင်းနဲ့ကြုံရလို့ လာစေချင်တဲ့သူတွေက မလာတော့ဘူးလို့

မြန်မာ စာအုပ်များ



ဖုန်းနဲ့အကြောင်းကြားကြတာကြောင့် စိတ်ဓါတ်ကိုအတတ်နိုင်ဆုံး တင်းထားပြီး အဲဒီပွဲလေးပြီးဆုံးအောင် သက်ပြင်းတမမနဲ့တီးပြီး စင်အောက်ကိုဆင်း ပရိတ်သတ်ကို နှုတ်ဆက်ချိန်..(ပွဲကအခမဲ့ Show ပါ..) ရှေ့ဆုံးနားက ထိုင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ကျွန်တော့်ကို စကားလာပြောပါတယ်။

ကျွန်တော်လဲနှစ်နာရီနီးပါး တစ်ယောက်ထဲတီးနေရလို့ မောပေမယ့် သူ့စကားကိုအာရုံစိုက်ပြီး နားထောင်လိုက်တော့.. 'ကိုနိုင်ဇော်ရဲ့ ဂီတအနုပညာကို လွတ်လွတ်လပ်လပ် ဖန်တီးတဲ့စိတ်ကို ကြိုက်လို့.. ကျွန်တော့်အယ်ဒီတာကြီးကို ညှိလိုက်တော့ သူ့ဘက်က သဘောတူလိုက်ပြီ..ဒါကြောင့် ကျွန်တော် 'ကိုနိုင်ဇော်ရဲ့ဘဝ' ကို 'News Watch' ဂျာနယ်မှာ အပါတ်စဉ်ရေးမလို့ ဆိုပြီး ပြောလာတာကြောင့်..

ကျွန်တော်လဲမထင်မှတ်ဘဲ သူ့စကား ကြားလိုက်ရုံနဲ့ လန့်ဖြန့်ပြီး 'ဟာ..ဒီလို ကျွန်တော့်ဘဝအကြောင်း အတ္ထုပ္ပတ္တိဆန်ဆန်ရေးဖို့ ကျွန်တော်ကဘာမှလဲ မဖြစ်သေး၊ နာမည်ကြီးလည်းမဟုတ်.. နိုင်ငံ့ခေါင်းဆောင်တွေလို လူသိထင်ရှား သူတွေသာ စာအုပ်ထုတ်ရတာ။ ကျွန်တော့်အကြောင်း သွားရေးရင် လူရီစရာ အမြင်ကတ်စရာဖြစ်နေ ပါ့မယ်..မလုပ်ပါနဲ့ဗျာ..' လို့ ငြင်းလိုက်မိပါတယ်။

အဲဒီပုဂ္ဂိုလ်က စကားတစ်ခွန်းပဲထပ်ပြောလိုက်ပြီး ပွဲသိမ်းလိုက်ပါတယ်။ သူ့စကားကလက်ရှိအခြေအနေနဲ့လဲကိုက်ညီ ကျွန်တော်ကိုယ်တိုင်လဲ သူပြောတာလက်ခံတာကြောင့် သူ့စကားတစ်ခွန်းထဲနဲ့ မငြင်းနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ သူက..'ကျွန်တော်ရေးမှာ အတ္ထုပ္ပတ္တိလိုရေးမှာ မဟုတ်ပါဘူး.. ဘောလုံးသမားတွေအကြောင်း စာအုပ်ထုတ်သလို (ရွှန်နေးတို့လမ်းပါတ်တို့လို) ဘောလုံးပရိတ်သတ်တွေ ဖတ်ကြတဲ့ပုံစံမျိုး

the bookhouse
we bring your future

မြန်မာ စာအုပ်များ




ပေါ့ပေါ့ပါးပါး ရေးမှာပါ'.. လို့ ပြောသံကြားလိုက်တာနဲ့ သူ့စကားက အဟုတ်သားပဲ လက်ရှိအင်္ဂလန်ဘောလုံးသမားတွေ စာအုပ်တစ်အုပ်ပြီး တစ်အုပ်ထွက်နေကြတာပဲ.. ကျွန်တော်ကိုယ်တိုင်လဲ (အဲ့ရစ်ဆင်ရဲ့အတွေး အခေါ်) စာအုပ်ကို အရမ်းကြိုက်မိလို့.. သူပြောတာ ဖြစ်နိုင်တယ်လို့ ဆုံးဖြတ်ပြီးလက်ခံခဲ့ပါတယ်။

အဲဒီမှာပဲ.. သူနဲ့ကျွန်တော်နဲ့အပါတ်စဉ်လိုလိုတွေ့ 'ကျွန်တော့် ဘဝကိုသူ့ကိုချပြ.. သူကရေးလိုက်..ဂျာနယ်ထွက်မှ တစ်ချို့အလွဲတွေ တွေ့လို့ ပြင်ပြန်ပြောလိုက်နဲ့ စခန်းသွားကြရပါတယ်..ဥပမာ..ကျွန်တော် အကြိုက်ဆုံးဘောလုံးအသင်း 'ချယ်လ်ဆီး'ကို လီဗာပူးလ်ဆိုပြီး ရေးတာမျိုးက အစ ညှိနှိုင်းတိုင်ပင်ကြရင်းနဲ့ စိတ်ရှည် လက်ရှည် ချိန်းပြီးစကားပြောကြ ရပါတယ်။

ပြောတဲ့နေရာတွေကလည်း ညနေခင်းလမ်းဘေး လက်ဖက်ရည် ဆိုင် (၃၉လမ်းနဲ့ဗိုလ်ချုပ်လမ်းထိပ်) ကန်တော်ကြီး မျှော်စင်ကျွန်း ညပိုင်းအတွဲတွေကြားထဲ ကျွန်တော်တို့နှစ်ယောက် တဲလေးနဲ့ဆိုင်မှာ ဝင်ထိုင်တော့ အခြောက်တွေလို့ အထင်ခံရမှာတောင် ခပ်ကြောက်ကြောက်၊ တစ်ခါတစ်ခါ.. ဗိုလ်တစ်ထောင် ကမ်းနား (အဲဒီမှာလည်း အတွဲတွေ အပြည့်ကြားမှာ ကက်ဆက်ကိုဖွင့်ပြီး အင်တာဗျူးလုပ်ရပါရဲ့..) တစ်ခါကညနေခင်းမှာတော့ ကားပြင်ရင်း ရေကျော် ဝတ်ကျောင်းလမ်းနဲ့ မြောင်းကြီးလမ်းထောင့်မှာ ခုံပုလေး နှစ်လုံးချ၊ အကြော်ဝယ်၊ ရေနွေးကြမ်း အိုးနဲ့ လမ်းဘေးအင်တာဗျူးလဲ လုပ်ဖူးပါရဲ့။..

တစ်ခါကလဲ ခရစ်လမ်း (ဗိုလ်မြတ်ထွန်းလမ်း) အောက်လမ်းမှာ ကားရပ်ပြီး ကက်ဆက်ကိုကွယ်၊ မတ်တပ်ရပ်ရင်း လေညင်းခံ အင်တာဗျူးလုပ်



the bookhouse

မြန်မာ စာအုပ်များ





စသဖြင့်.. ပုံစံမျိုးစုံနေအောင် အချိန်လု နေရာလုနဲ့ အခက်အခဲတွေကြားက ဒီဆောင်းပါးတွေ အသက်ဝင်ဖို့ ကြိုးစားခဲ့ကြရပါတယ်။

ဒီလိုကြိုးစားခဲ့မှုရဲ့ ရလဒ်ပဲဆိုရမလား မသိပါဘူး.. သင်္ဘောသား သူငယ်ချင်းတစ်ယောက်က သူတို့သင်္ဘောရဲ့ နံရံမှာ 'ဂစ်တာတစ်လုံးတိုက်ပွဲ' ဆောင်းပါးကပ်ထားပြီး လူငယ်တွေ စိတ်ဓါတ် မြှင့်တင်တယ်လို့ ကြားရတော့ ဘာရယ်မသိ ဝမ်းသာမိသလို ထိုင်းနိုင်ငံအပြန် ထိုင်းအဲယား ဝေးလေယာဉ် ပေါ်မှာ သင်္ဘောသားအဖွဲ့ကလည်း အဲဒီ 'ဂစ်တာတစ်လုံးတိုက်ပွဲ' ကိုပဲ သင်္ဘောချင်းဂျာနယ်လဲဖတ်ရတာကြိုက်မိလို့ သိမ်းထားကြပါတယ်လို့ ပြောလာလို့.. အမောပြေခဲ့ရပါတယ်။ (ပြောရတဲ့သူတောင်အမောပြေရင်.. စာရေးဆရာ ဆိုပိုပျော်မှာပါ..)

တစ်ချို့ကလဲ ဒီဆောင်းပါးတွေ ကျွန်တော်ပဲရေးတယ်၊ ကလောင် ခွဲထားတယ်ထင်ကြလို့ လုံးဝမဟုတ်ရပါကြောင်း ရှင်းပြရပါသေးတယ်။ စာရေးသူခများမှာလဲ ကျွန်တော့်အကြောင်းပိုပြီးသိချင်လို့.. ကျွန်တော့် အမအရင်း၊ အစ်ကိုအရင်းတွေဆီ အင်တာဗျူးသွားလုပ်ရာမှာ သူတို့က တကယ့်ဝန်ထမ်းတွေဖြစ်နေလို့ စာထဲဘာတစ်ခုမှ ထည့်ရေးလို့ရအောင် မဖြေနိုင်ကြလို့ သူ့ခင်ဗျာ စိတ်ပျက်လက်ပျက် ကျွန်တော့်ကိုပြောတာလည်း ကြားဖူးပါတယ် တကယ်တမ်း ဒီစာစုလေးတွေ တစ်ဝက်ကျော်ကျော်ရချိန်မှာ သူလဲစိတ်ညစ်လာပုံရပါတယ်။

ကျွန်တော့်စာစုတွေပြီးရင်.. နောက်တစ်ယောက်မလုပ်တော့ ဘူးလို့ပြောတော့.. သူရတဲ့စာမူခနဲ့ သူပင်ပန်းတာ အချိန်ကုန်တာ၊ ကားခကုန်တာ ဖုန်းဆက်ပြီး ကျွန်တော့်ကိုလိုက်ဖမ်းရတာတွေကို သနားမိပါ သေးတယ်။ တစ်ခါ ကျွန်တော် အမေရိကားကို ဥလလောက် သွားရမှာမို့..

the bookhouse
we bring your future


မြန်မာ စာအုပ်များ



# ၁၂

သူ့ဂျာနယ်အတွက် အခန်းများများရအောင် ကြာကြာပြောပေးပါဆိုလို့ ပန်းဆိုးတန်းအောက်လမ်းမှာ ည ၁၀နာရီအထိ လက်ဘက်ရည် ဆိုင်ထိုင်ရင်း လည်း ပြောဖြစ်ပါသေးတယ်။

သူနဲ့ကျွန်တော် အင်တာဗျူးလုပ်ရင်း ကျွန်တော်က စာရေးတဲ့ အတွေ့အကြုံလည်းရှိသူပီပီ ဘယ်လိုအဆုံးသတ် မှာလဲလို့ စပ်စုမိပါတယ်။ (တကယ်တော့. . ကိုယ့်အဖြစ်တွေ သူ့ကိုပြောပြပြီး သူ့ကိုဘယ်လို ဆုံးမှာလဲ ပြန်မေးရတာ ရယ်စရာကြီးပါ. . ) သူက. . 'ကျွန်တော်မစဉ်းစားရသေးဘူး'လို့ ပြောလာတာကြောင့် သူ့အဆုံးသတ်မဲ့ပုံစံကို စိတ်ဝင်တစား စောင့်ကြည့်မိ ပါတယ်။ တစ်ကယ်လဲ သူ့အဆုံးသတ် ရေးထားပုံလေးက ကျွန်တော်ထင် မထားသလိုပါဘဲ။ တကယ့်ဘဝထဲမှာရှိနေသူက စာထဲကရှိနေသူကို ပြန်ကြည့်နေရတာ. . ပိုခက်ခဲမှန်း အခုမှသိခဲ့ရပါတယ်။



တကယ်တမ်းအဆုံးသတ်ပြီလို့ သိလိုက်ရချိန် သူရော ကျွန်တော် ရော တာဝန်ကြီးတစ်ခုပြီးသွားလို့ လွတ်လပ်ပေါ့ပါးသွားတာကြောင့် ဝမ်းသာမယ်မှ မကြံသေးဘူး။ အဲဒီစာစုလေးကို စာအုပ်အဖြစ် စုစုစည်းစည်း ထုတ်ချင်းတဲ့ သူ့ဆန္ဒကို သဘောတူရင်း ထုတ်ဝေသူရှာပေးခဲ့မိပါတယ်။

ကျွန်တော်နဲ့ခင်မင်သူ ('အဆိုတော် ကိုတူးတူး' ရဲ့ မိတ်ဆက် ပေးမှုကြောင့် ခင်ခဲ့ရသူ) ကိုမိုးသန်းချစ်က ထုတ်ဝေမယ်ဆုံးဖြတ်လိုက် တာကြောင့် ကျွန်တော့်တာဝန်ပြီးပြီလို့ ဆုံးဖြတ်ချက်ချအပြီး၊ ခရီးမပြတ်သွား၊ စတိတ်ရှိုးတွေတီးနေရတဲ့ကာလ၊ ဖေဖော်ဝါရီ လမှာ သူနဲ့ကိုမိုးသန်းချစ်က မျက်နှာဖုံးပန်းချီ 'ကိုယ်တိုင်ရေးပုံတူ' ဆွဲပေးမယ်လို့. . ကျွန်တော်တစ်ခါက ပြောထားခဲ့ ဘူးတဲ့စကားအတိုင်း အမြန်ဆုံးဆွဲပေးပါ ရုံးတင်ရတော့မယ်ဆိုပြီး ဖုန်းဆက်တာကြောင့် ဂစ်တာတီး၊ စာရေးရာကနေ ပန်းချီဆရာဘဝကို နှစ်

မြန်မာ စာအုပ်များ





၃၀ လောက်ကြာမှ တစ်ခါပြန်ရောက်ရပြန်ပါတယ်။

ဒါနဲ့လဲ မပြီးသေးဘဲ ဆရာသမားနှစ်ယောက်က ကိုယ်ရေးရာဇဝင်အကျဉ်းနဲ့ အမှာစာရေးပေးပါဦးလို့ ထပ်ပြီး (ဒီတစ်ခါတော့ နောက်ဆုံးတောင်းဆိုတာဖြစ်မှာပါ..) တောင်းဆိုလို့ အမှာစာလဲ ကြိုးစားရေးရပါတော့တယ်..။ ကျွန်တော့်အမှာစာ ရေးတာကြိုက်တဲ့ပရိတ်သတ်သက်သက်ရှိတယ်နော်..ဟဲ..ဟဲ.. အခုလဲ ဒီစာအုပ်အတွက် အမှာစာရေးပြီးပါပြီ.. ကျွန်တော့်အကြောင်းရေးတဲ့ ကိုယ်တိုင်ရေးပုံတူလဲ ဆွဲပြီးပါပြီ။

စာရေးသူ ရဲမွန်ထောက News Watch ဂျာနယ်အယ်ဒီတာပါ။ သူ့ရဲ့လက်ရာကို စာဖတ်ပရိတ်သတ်တွေ ခံစားကြည့်ကြပါ။ ဖတ်လို့ကောင်းခဲ့ရင် သူ့ကိုချီးမွမ်းကြပါ.. ဖတ်ပြီးမှ မကျေနပ်သေးရင် လူ့ဘဝဆိုတာလျှောက်ရမယ့်ခရီးတွေ အများကြီးကျန်သေးလို့ ဒီလိုစာအုပ်မျိုးတွေအများကြီးထပ်ပြီးရေးနိုင်အောင် သူ့ကိုပြောပြနိုင်အောင် (ကျွန်တော့်ကိုအသက်ရာကျော်ရှည်ပါစေလို့) ဝိုင်းပြီးဆုတောင်းပေးကြပါလို့ပဲ..သားရွှေအိုးထမ်းတဲ့ဆုတောင်းနည်းနဲ့ အမှာစာရေးပေးလိုက်ရပါတယ်။ လူတိုင်းအောင်မြင်မှုရဲ့လျှို့ဝှက်ချက်တွေ ပိုင်ဆိုင်နိုင်ကြပါစေ။

**နိုင်ဇော်**
**လေးဇီးကလပ်**

the bookhouse
we bring your future

မြန်မာ စာအုပ်များ



## ရဲမွန်ထောနှင့်နိုင်ဇော် (လေးဇီးကလပ်)

## ကျွန်တော်နှင့်ရဲလင်းထိန်

ကျွန်တော့်တွင် သားနှစ်ယောက်ရှိသည်။ အငယ်မှာ ရဲလင်းထိန် ဖြစ်သည်။ ကျွန်တော့်သားတွေ မမွေးဖွားမီကတည်းက ကျွန်တော်ဝတ္ထုတွေ ရေးနေခဲ့ပြီ။ စာရေးဆရာဖြစ်သောကြောင့် ကျွန်တော်စာအုပ်တွေနှင့် ဘဝတစ်လျှောက်လုံး နေထိုင်ခဲ့သည်။ စာဖတ်ခြင်းနှင့်စာရေးခြင်းသည် ကျွန်တော့်ဘဝဖြစ်ခဲ့ပါသည်။

ကျွန်တော့်သားတွေ မွေးဖွားလာတော့ စာအုပ်တွေနှင့်ပက်ပင်း တွေ့ကြရသည်။ သူတို့ဆော့ကစားဖို့ ကစားစရာတွေထက် စာအုပ်တွေက ပိုများခဲ့သည်။ သို့တိုင် ကျွန်တော်သည် ကျွန်တော့်သားတွေကို ထိန်းကျောင်း ပေးသည်မှလွဲ၍ ပုံသွင်းခြင်း မပြုလုပ်ခဲ့။ ပညာတတ်ဖြစ်စေ ချင်သော်လည်း ခေါက်ရိုးကျိုးနေသည့် ပညာတတ်မျိုးမဖြစ်စေချင်၊ လွတ်လပ်ပွင့်လင်းသော၊

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အသိဉာဏ်ရှိသော၊ ဆင်ခြင်တုံတရားနှင့် စဉ်းစားတွေးခေါ်တတ်သော၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သည့် လူငယ်တွေသာ ဖြစ်စေချင်ခဲ့သည်။

ကျွန်တော့်သားနှစ်ယောက်လုံးကို ကျွန်တော့်တွင်ရှိနေသော စာအုပ်တွေထဲမှ ဘာစာအုပ်တွေဖတ်၊ ဘယ်စာအုပ်မဖတ်နှင့်ဟု ဘယ်တုန်းကမှ ကျွန်တော်ကျုံးသွင်းခြင်းမပြုလုပ်ခဲ့။ သို့တိုင် တံငါနား နီးတံငါ၊ သူတို့စာဖတ်တတ်သည့်အရွယ်တွင် ကျွန်တော့်စာအုပ်တွေကို သူတို့သဘောနှင့် သူတို့ဖတ်ခဲ့ကြလေသည်။

## ရဲလင်းထိန် မှ ရဲမွန်ထော

သားတွေအရွယ်ရောက်စတွင် ကျွန်တော်သည်ဝန်ထမ်းအလုပ်မှထွက်ခါ စားသောက်ဆိုင်ဖွင့်ခဲ့သည်။ မိသားစုဆိုင်သဘောမျိုးဖြစ်သည့်အတွက် သားတွေမှာကျောင်းတဖက်နှင့် မိဘလုပ်ငန်းကို ကူခဲ့ကြရသည်။ ကျွန်တော့်မှာလည်း စာရေးဆရာတစ်ပိုင်း၊ ဈေးသည်တစ်ပိုင်း၊ ဈေးသည်စစ်စစ်မဟုတ်။ အမှန်အတိုင်းပြောရလျှင် စာဖတ်စာရေးတာကလွဲ၍ အခြားအလုပ်ကို ကျွန်တော်စိတ်မဝင်စား။ သားတွေကလည်း ကျွန်တော့်လိုပဲ စိတ်မဝင်စားဘူးထင်သည်။ သို့အတွက် ဈေးသည်လုပ်ငန်းမှာ မအောင်မြင်။

ရဲလင်းထိန် ဘွဲ့ရပြီး၊ ဒီပလိုမာ တစ်ခုတက်ပြီးသည်အထိ ကျွန်တော်တို့ဈေးသည်ဘဝထဲမှာ ရှိသေးသည်။ထိုစဉ်က လက်ဖက်ရည်ဆိုင်ဖွင့်နေသေးသည်။ နေ့တစ်ဝ ဆိုင်လုပ်ငန်းဝင်ကျင်ထဲမှာ အောင်းနေရတာကိုကြာတော့ ရဲလင်းထိန်သည်းမခံနိုင်တော့။ သားတွေက ကမ္ဘာမြေကြီးကို ဖွင့်ကြည့်ချင်သည်။ စကြဝဠာကြီးထဲ ပျံသန်းချင်ကြသည်။ ကျွန်တော်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



သည်လိုနားလည်သည်။ သားအကြီးက ကျောင်းဆက်တက်နေရင်း (မဟာသိပ္ပံ၊ မဟာသုတေသန၊ ပါရဂူတန်း) ကျူရှင်ဆရာဘဝထဲ ကျင်လည်သည်သည်။

သည်အချိန်မှာ မိတ်ဆွေ၊ စာပေမိသားစုပမာဖြစ်သော ကိုချစ်မောင် (အဝကျွန်း) မတင်တင်ဦးတို့က ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း လုပ်နေရာမှ ဂျာနယ်ရေစီးကြောင်းထဲ ဝင်ဖို့ကြံနေသည်။ ကျွန်တော့်ကို ဖွင့်ဟတိုင်ပင်တာ ရှိသည်။

ထိုစဉ်က သတင်းဆောင်းပါးမျိုး အပတ်စဉ် ရေးပေးမည်ဟု ကတိထားခဲ့ပေမယ့် ပုံမှန်မရေးဖြစ်။ သူတို့စတင်ဂျာနယ်တည်တော့ သတင်းစာဆရာဟောင်း ဆရာဦးသာဘန်းနှင့် လုပ်ဖြစ်သည်ထင်သည်။ ထိုအခါ ကိုချစ်မောင်မှာလည်း သတင်းထောက်၊ အယ်ဒီတာ စသည်ဖြင့် လိုအပ်လာသည်။ သို့နှင့်ရဲလင်းထိန်ကို လုပ်ကြည့်မလားဟု ကျွန်တော် မေးသည်။ သူကကမ္ဘာ့အပြင်ဘက် ထွက်ချင်နေသူဆိုတော့ ခေါင်းညိတ်သည်။

ကျွန်တော့်သားကို ကိုချစ်မောင်ဆီခေါ်သွားသည်။ ကျွန်တော့်သား သုံးကြည့်၊ ကြိုက်ရင်ဆက်သုံး၊ မကြိုက် ရင်ဖြုတ်လိုက်၊ ကျွန်တော် စိတ်မဆိုးဘူးဟု ကိုချစ်မောင်ကိုပြောဖြစ်သည်။ သူက ကျွန်တော့်သားကို မေးသည်။ မင်းစာရေးတာ ဝါသနာပါလား။ မပါဘူးဟုပြောသည်။ ဒီလိုဆို မင်းဒီကို ဘာလာလုပ်တာလဲ။ ကျွန်တော် ဘာပဲလုပ်ရ လုပ်ရ လုပ်ပါမယ်ဟု သားကဖြေခဲ့သည်။

ဆရာဦးသာဘန်း၊ ဆရာမောင်ချစ်စုတို့ထံ ကျွန်တော့်သားကို ကျွန်တော် ကိုယ်တိုင်အပ်သည်။ သင်ပေးပါ။ လိုအပ်တာရှိရင် ဆုံးမကြပါ။ ဆရာတို့က သတင်းခေါင်းကြီးရေးနည်း၊ သတင်းထုတ်နည်း၊ ဘာသာပြန်နည်း၊ သတင်းသဘောတရား စသည်စသည် ရဲလင်းထိန်ကို သင်ပေးခဲ့ကြပါသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



(ကျွန်တော့်သားကို ဆုံးမသွန်သင်ခဲ့ကြသော ဂျာနယ်လစ် ပညာပေးခဲ့ကြသော ဆရာများ ကိုချစ်မောင်မှအစ ကျေးဇူးတင်ပါကြောင်း ဤနေရာမှ မှတ်တမ်းတင်အပ်ပါသည်။)

ရဲလင်းထိန်က သူရဲ့ပထမဆုံးသတင်းဘာသာပြန် ရေးထားတာကို ကျွန်တော့်အားပြခဲ့ဖူးသည်။ နည်းနည်းပါးပါး ကျွန်တော်နှုတ်ဖြင့် သူ့ကိုပြင်ခိုင်းခဲ့သည်မှအပ သူရေးတာသားတာ ဘာသာပြန်တာ ကျွန်တော် ဝင်ရောက် မစွက်ဖက်ခဲ့။

စတင်လမ်းလျှောက်ကာစ ကလေးကတော့ ယိုင်မည် လဲမည် ဒူးကွဲ နဖူးပြဲ ဖြစ်ချင်ဖြစ်မည်။ နောက်တော့ ကိုယ့်ခြေထောက်ပေါ်ကိုယ် မတ်မတ်ရပ်နိုင်သွားမည်။ သူယိုင်တာလဲတာကို ကျွန်တော်မထူ။ သူ့ဘာသာ သူ ကုန်းထစေခဲ့သည်။

သူ့အဖိုးက မွန်တိုင်းရင်းသာစစ်စစ်။ မုဒုံမွန်။ သို့နှင့် သူကလောင်အမည်ယူတော့ သူ့ခန္ဓာကိုယ်ထဲရှိ မွန်တိုင်းရင်းသားသွေးကို သူပြန်ရှိသေခဲ့သည်။ ရဲမွန်ထော။ သူ့ဘာသာသူရွေးချယ်ပြီး သူ့ဘာသာသူပေးခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း News Watch ဂျာနယ်ထဲက ရဲမွန်ထော၏ နိုင်ငံတကာဘာသာပြန်သတင်းတွေ၊ ပြည်တွင်းသတင်း ဆောင်းပါးအချို့ကို မပြတ် ကျွန်တော်စောင့်ကြည့်ဖတ်ခဲ့သည်။ ကျွန်တော်ကျေနပ်ဝမ်းသာခဲ့သည်။

စာရေးတာ ဝါသနာမပါသောသူ။ သူ့မှာ နေ့စဉ်တကုတ်ကုတ် ရေးနေတာတွေ့ရတော့ ကျွန်တော်ပြုံးမိသည်။သားကိုယ်တွင်းမှာ ကျွန်တော့်ရဲ့သွေးတွေ အမှန်တကယ်ရှိခဲ့တာပဲ။ သူ့ဆရာများ၏ကျေးဇူး၊ သူ၏လုံ့လတွေကြောင့် တစ်နှစ်အကြာ ရဲမွန်ထောသည် သူ့ခြေထောက်ပေါ် သူရပ်နိုင်သွားပါသည်။ သုံးနှစ်အကြာမှာ သူအယ်ဒီတာဖြစ်ခဲ့သည်။ သူမြင်တာ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



တွေးတာ ရေးတာ လုပ်တာကိုင်တာ တောက်ပလင်းလက်လာတာတွေ့ရတော့ ကျွန်တော်ကျေနပ်သည်။

တစ်ခါတော့ ကိုချစ်မောင်က ကျွန်တော့်ကိုပြောသည် "ခင်ဗျားသားက ခင်ဗျားထက်တော်တယ်" တဲ့။ တော်ရမှာပေါ့ သားက ဖအေထက်တော်မှ ကျွန်တော်တို့တိုင်းပြည်တိုးတက်မှာပေါ့ဟု ကျွန်တော် ကျေနပ်စွာ ပြန်ပြောခဲ့ပါသည်။

## နိုင်ဇော် (လေးဖီးကလပ်) နှင့် ရဲမွန်ထော

ရဲမွန်ထော ဂျာနယ်မှာလုပ်နေတော့ ဟိုပွဲ၊ သည်ပွဲလေးတွေ သွားရတာရှိသည်။ အဲသည်မှာ နိုင်ဇော်နှင့် သိကျွမ်းခဲ့တာဖြစ်မည်။ မနှစ် ၂၀၀၉ခုနှစ်ထဲမှာ ထင်သည်။ သူနိုင်ဇော်ရဲ့အကြောင်းကို ရေးမည်ဟု ကျွန်တော့်ကို ပြောသည်။ အတ္ထုပ္ပတ္တိရေးမှာလား၊ ဝတ္ထုရေးမှာလားဆိုတော့ အားကစား ဂျာနယ်တွေတွင် ဘာသာပြန်နေကြသော ဘက်ခမ်း၊ စီရော်နယ်ဒို၊ ဝိန်းရူးနီတို့၏ အတ္ထုပ္ပတ္တိ၊ ဝတ္ထု၊ ပုံသဏ္ဌာန်မျိုး ရေးမည်ဟုဆိုသည်။

ကာယကံရှင်က ပြန်ပြောနေဟန် အရေးအသားမျိုး။ ကောင်းတယ်။ ပေါ့ပေါ့ပါးပါး။ ဒီခေတ်ဂျာနယ်ဖတ် ပရိသတ်အကြိုက် အရေးအသားမျိုး။ တစ်ရက် နိုင်ဇော်နှင့်ကျွန်တော် စောင့်ကြည့်ဂျာနယ်တိုက် အောက်ထပ်ပလက်ဖောင်း ကဖီးစားပွဲဝိုင်းမှာ တွေ့လိုက်သည်။ ရည်မွန် ဖော်ရွေသော လူငယ်တစ်ယောက်။ အနုပညာသမား။ သည်ကနေ့ ဂီတလောက၏ ဂီတလမ်းကြောင်းမျိုးစုံမှာ နိုင်ဇော်ကလည်း သူ့လမ်း ကြောင်းပေါ်မှာ တောက်ပနေသောကြယ်တစ်ပွင့်။ သည်နောက်ပိုင်း ရက်များ၏ည ညတွေမှာ ရဲမွန်ထောသည် ရီကော်ဒါကလေးတစ်လုံးနှင့်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အိပ်ယာ ကုတင်ပေါ်မှာ မှောက်လိုက် လှန်လိုက်။ ပြီးတော့ ညဥ့်နက်သန်းခေါင်တကုတ်ကုတ်။ မီးမလာလျှင် ဖယောင်းတိုင် မီးနှင့်ဆက်လျှောက်သည်။

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်သူ့လောက်ဇွဲမခတ်နိုင်။ မျက်စေ့ကလည်းမှုန်တော့ မီးမလာလျှင် စာမဖတ် စာမရေး။ အိပ်ရေးပျက်လည်း မခံ။ ကျွန်တော့်ဘဝတစ်လျှောက်လုံးလိုလို ကျွန်တော်က နေ့ဘက်မှာပဲ စာရေးစာဖတ်ခဲ့သည်။

ရဲမွန်ထောရေးပြီးသား လက်ရေးစာမူတွေ ကျွန်တော့်မပြ။ ဂျာနယ်မှာ ပုံနှိပ်ပါလာပြီးမှ အဖေဖတ်ကြည့်ပါအုန်းဟု သူပြောတတ်သည်။ ကျွန်တော်ဖတ်ကြည့်ပြီး အံ့သြသွားသည်။

ရဲမွန်ထောက သတင်းဘာသာပြန်ရေးတာများတဲ့သူ။ ဝတ္ထုပုံသဏ္ဌာန်လို အဖွဲ့အနွဲ့၊ အချိတ်အဆက်၊ အဖိအဖော့၊ အလင်းအမှောင်၊ ရစ်သမ် သဘောတွေ၊ အနိမ့်အမြင့် လှိုင်းသဘောတွေ သူနားလည်နေလိမ့်မယ်မထင်ထားခဲ့။ အတ္ထုပ္ပတ္တိ ဝတ္ထု အက်ဆေး ဆိုသည်မှာ အနုပညာသဘောတွေ ပါဝင်သော အနုပညာစာပေ တစ်ရပ်သာဖြစ်သည်။

ကျွန်တော့်သားကို ကျွန်တော်ချီးမွမ်းတာထက် အခြားစာဖတ်သူများကပြောလျှင် ပိုကောင်းပါမည်။ သို့တိုင် ကျွန်တော်ဝမ်းသာမိသည်။ ဝမ်းသာမိရတာက မျိုးဆက်ကို တွေးတောမိသောကြောင့်ဖြစ်ပါသည်။

**မောင်တင်ဆင့်**
**၂၁-ဖေဖော်ဝါရီ-၂၀၀၀**

the bookhouse
we bring your future

## ကျွန်မသိသောရဲလင်းထိန်

"ကျွန်တော့်ကို ကဗျာဘာကြောင့် ရေးသလဲလို့မေးကြတယ်။ ကျွန်တော်က ကဗျာကိုပျင်းလို့ရေးတာပါ။ ပျင်းတော့ စက္ကူပေါ်မှာ ဘောပင်လေးနဲ့တောင်ခြစ် မြောက်ခြစ် ခြစ်ရင်း ကဗျာရေးဖြစ်သွားတာ" ဟု တစ်ခါက ဗိုလ်ဆွန်ပက်လမ်းက ဂျူပီတာလက်ဖက်ရည်ဆိုင်တွင် ဆရာနှင့်အတူ လက်ဖက်ရည်သောက်ရင်း (ထိုနေ့က ဆရာက မုန့်ဟင်းခါးစားပါသည်) ဆရာဦးတင်မိုးက ပြောပါသည်။ သူက ရယ်စရာပြောခြင်းဖြစ်ပါသည်။ သူရယ်စရာပြောလျှင် ခပ်တည်တည်နှင့်ပြောတတ်ပါသည်။

တကယ်တော့ ကဗျာတစ်ပုဒ် စာတစ်ပုဒ်ရေးဖို့ဆိုသည်မှာ အချိန်အားရမည်။ အချိန်အားတာထက် စဉ်းစားချိန်ရှိရမည်။ စာရေးဖို့ ကဗျာရေးဖို့ စဉ်းစားနေလျှင်လည်း စိတ်ကဘယ်မှမရောက်၊ ဘာကိုမှ သတိမမူမိတော့ပဲ ကိုယ်ရေးလိုသောအကြောင်းအရာဆီသို့သာ ရောက်နေတတ်ပါသည်။ ဆရာဇော်ဂျီကို တစ်ခါက လူတစ်ယောက်က "ဆရာ တရားမထိုင်ဘူးလား" ဟုမေးသည့်အခါ ဆရာက ကျွန်တော်ကဗျာ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရေးနေတာလဲ တရားထိုင်တာနဲ့ အတူတူပါပဲဟု ဖြေလိုက်သည်တဲ့။

ဘာပဲဖြစ်ဖြစ် စာရေးသူတစ်ယောက်သည် စာတစ်ပုဒ်ရေးထုတ်နိုင်ရန် အချိန်အားလပ်ရမည်။ စိတ်အားလပ်ရမည်။ စိတ်အားလပ်ရမည်ဆိုသည်မှာ မိမိရေးလိုသောအကြောင်းအရာထက် တခြားဘာကိုမှ မစဉ်းစားနိုင်တော့ပါ။ ထို့ကြောင့် ထိုသို့ စိတ်အားလပ်ချိန်ရှိရပါမည်။

ယခု ရဲလင်းထိန် (ကလောင်အမည် ရဲမွန်ထော)မှာ ဂီတဆရာ နိုင်ဇော်၏အတ္ထုပ္ပတ္တိကို ရသဆန်ဆန် ရေးသားပြီးသွားခဲ့သည်။ သူစတင်ရေးစဉ်က News Watch (စောင့်ကြည့်) ဂျာနယ်တွင် တစ်ပတ်နှစ်ပတ် စောင့်ဖတ်သည်။ နိုင်ဇော်အကြောင်း နိုင်ဇော်ရေးသည်ဆိုတော့ တကယ် နိုင်ဇော်ကိုယ်တိုင် စာစီကုံးရေးသားပြီး သူ့ကိုလာပေးသည်ဟုထင်သည်။

သူ့ကိုမေးကြည့်တော့မှ "နိုင်ဇော်က သူ့အကြောင်းကို ပြောပြတာ၊ ကျွန်တော်က အဲဒါကို ဝတ္ထုတစ်ပုဒ်လိုစာနဲ့ရေးတာ ကက်ဆက်မှာ အသံသွင်းပြီးရေးတယ်။ တစ်ခါတစ်လေ ကက်ဆက်အခက်အခဲရှိလို့ စိတ်နဲ့မှတ်ပြီး လက်နဲ့ရေးတယ်၊ ရေးပြီးတဲ့ဟာတွေကို ကိုနိုင်ဇော်ကိုသွားပြတော့ သူပြောတာတွေနဲ့ တစ်ထပ်တည်းကျတယ် အဲဒီလိုနဲ့ အခက်အခဲကြားက ရေးဖြစ်သွားတာ" ဟု ဆိုပါသည်။

ရဲလင်းထိန်မှာ အခက်အခဲတွေထဲမှာ အခက်အခဲအကြီးမားဆုံးကတော့ အချိန်ပင်။ သူ့မှာ တစ်ရက်မျှ တစ်ချက်မျှ နားရသည်ဟုမရှိပါ။ News Watch (စောင့်ကြည့်) ဂျာနယ်စတင်စဉ်ကတည်းက နိုင်ငံခြားသတင်းများကို ဘာသာပြန်ရသည်နှင့် ပြည်တွင်းက လူများစိတ်ဝင်စားမည့်ဖတ်သင့်သည့် နိုင်ငံခြား သတင်းများကို အင်တာနက်မှာ ရှာဖွေရသည်နှင့်

the
bookhouse
we bring your future

မြန်မာ စာအုပ်များ



စာပေစိစစ်ရေးကို ပြေးရသည်နှင့် ကွန်ပျူတာစာစီသည့်ကောင်မလေး အနားမှာပင် လက်ရေးညှံ့ညှံ့တွေကို မမှားအောင်ခေါ်ပေးနေရသည်နှင့် အယ်ဒီတာတစ်ယောက်၏ အလုပ်တွေနှင့်ပိနေပါသည်။ ဒီကြားထဲမှာ ဘယ်လို လုပ်ပြီး ရသဆန်သော အတ္ထုပ္ပတ္တိမျိုး ပရိသတ်စိတ်ဝင်စားသည့် စာပေမျိုးကို သူရေးနိုင်ပါသလဲ။

အဓိကကတော့ စိတ်ဓါတ်ဟုပင်ဆိုချင်ပါသည်။ စိတ်မှာ တကယ် စွဲစွဲလန်းလန်း အမြစ်တွယ်နေလျှင် ပျောက်ပျက်မသွားတတ်ပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အကောင်အထည်ဖေါ်လာတတ်ပါသည်။ လုပ်ချင်စိတ်အမြစ် တွယ်နေလျှင် အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ပါသည်။ စာရေးချင် သူသည် သူရေးချင်သောစာကိုသာ ရေးနေရလို့ကတော့ ပင်ပန်းသည်ဟု ဘယ်အခါမှမအောင့်မေ့တတ်၊ အခက်အခဲ ရှိသည်ဟုလည်း ဘယ်အခါမှ မယူဆတတ်ပါ။ ဒါက စာရေးဆရာတိုင်း၏ သဘာဝစိတ်ဓါတ်ပါပဲ။

ထို့ကြောင့် ဂျာနယ်နှင့်နေ့စဉ် နပမ်းလုံးရင်းနှင့် တကယ့် စာတစ်ပုဒ်ထွက်နိုင်ခဲ့သောကြောင့် စာရေးသူမှာ အလွန်ဝမ်းသာအားရ ရှိပါသည်။ သူက စာရေးသူကို အမှာစာရေးပေးပါဟု တောင်းပါသည်။ သူ့အမှာစာ ရေးခိုင်းသော စာရေးသူမှာလည်း မည်သို့မျှထင်ရှား လူကြိုက် များသော စာရေးဆရာမဟုတ်ပါ။ သူ့ထက်အသက်ကြီးသည် ကလွဲ၍ မည်သည့်စာပေဩဇာမျှရှိသူမဟုတ်ပါ။ စာရေးချင်သူ အချင်းချင်း ကိုယ်ချင်း စာနာစိတ်ရှိခြင်းနှင့် တစ်ဦးကိုတစ်ဦး နားလည်သဘောပေါက်ခြင်းသာ ရှိပါသည်။

စာရေးဆရာ ဦးတင်ဆင့်၏သား ဖြစ်သောကြောင့်လည်း ရဲလင်းထိန်မှာ ငယ်စဉ်ကပင် စာအုပ်ပုံ၌ ကြီးပြင်းလာသူဟု ဆိုရမည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



သူသည် လူငယ်ဘဝမှသည် လူလတ်၊ လူကြီးဖြစ်လာသောအခါဘဝ အတွေ့အကြုံတွေလည်း ဒီထက်ပိုရှိလာမည်။ စာဖတ်အားလည်း ရှိထားသူမို့ နောင်အခါ သူ့ဘဝအတွေ့အကြုံနှင့် သူ့စာဖတ်အားတို့ ပေါင်းကာ မြန်မာစာဖတ်ပရိတ်သတ်တွေအတွက် အားကိုးအားထား လောက်သည့် စာရေးဆရာ သတင်းစာဆရာ တစ်ဦးဖြစ်လာ လိမ့်မည်ဟုကား စာရေးသူ မှချယုံကြည်ထားပါသည်။

**အားလုံးကိုလေးစားလျက်**
**တင်တင်ဦး**
**၂၁-ဖေဖော်ဝါရီ-၂၀၁၀**

the bookhouse
we bring your future

မြန်မာ စာအုပ်များ



## နိုင်ဖော် (သို့မဟုတ်) သုခုမစက်ရုပ်

ဒီနေ့မနက် ကျွန်တော်အိပ်ရာကနိုးတော့ အပြင်ကိုလှမ်းကြည့်မိသည်။ မိုးတွေက တဖွဲဖွဲကျနေသည်။ အိပ်ရာကထပြီး ဝရန်တာကို ထွက်လိုက်သည်။ ကောင်းကင်မှာ တိမ်လိပ်မည်းမည်းတွေက အစုလိုက်၊ အစုလိုက် ရွေ့လျားနေသည်။ မိုးကောင်းကင်ကို မော့ကြည့်ကာ ဘာမှန်းတော့ မသိ လေပူတစ်ချက်မှုတ်ထုတ်မိသည်။

အခန်းထဲပြန်ဝင်လာတော့ ဇနီးနဲ့သမီးလေးတို့ နိုးကာစပင် ရှိသေးသည်။ သမီးကိုကျွန်တော် တစ်ချက်ငုံနမ်းလိုက်သည်။ သမီးလေး အပြုံးကိုမြင်ရတော့ စိတ်ထဲမှာအနည်းငယ်ပေါ့သလို ရှိသွားသည်။ ကျွန်တော့်ဇနီးက ဒီနေ့ပွဲကို သူမလိုက်ဖြစ်တော့ကြောင်း နေ့လယ်ကျရင် သမီးကို ကျောင်းပို့စရာရှိကြောင်း ရာသီဥတုအခြေအနေကလည်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ



စိုးရိမ်ရကြောင်း မုန်တိုင်းဝင်ဦးမယ်လို့ ကြားနေရကြောင်းတို့ကို တစ်ခုပြီး တစ်ခု ပြောပြနေသည်။ ကျွန်တော်ကလည်း ဒီနေ့ပွဲအတွက် စိတ်စော နေမိကြောင်း၊ ရာသီဥတုကြောင့် ပရိသတ်တွေမလာနိုင်မှာကို စိုးရိမ်မိကြောင်း၊ ပြောပြမိသည်။

ကျွန်တော်အိမ်ကထွက်တော့ လမ်းပေါ်မှာ လူရှင်းနေတာ သတိပြုမိသည်။ မိုးကလည်း တဖြေးဖြေးနဲ့ ပိုသည်းလာနေသည်။ ကားမောင်းရင်းနဲ့ ကျွန်တော့်စိတ်ကို ကျွန်တော်တည်ငြိမ်အောင် ကြိုးစားရသည်။ ဒီလိုနဲ့ ကျွန်တော် မင်္ဂလာပန်းခြံထဲက ဟက်ပီးဝေါလ်ဆီ ကျွန်တော်တို့ချီတက်ကြသည်။ ကျွန်တော့်ပွဲအတွက် ကူညီဖြည့်ဆည်းပေးဖို့ ကိုအောင်အောင်နဲ့ ကိုစိန်ပီတာတို့လည်း ကျွန်တော်နှင့်အတူပါလာသည်။

ဟက်ပီးဝေါလ်အဝင်မှာတော့ 'နိုင်ဇော် (သို့) သုခမစက်ရုပ်' အောက်တိုဘာ (၂၆)ရက်၊ တနင်္ဂနွေနေ့ နေ့လယ် (၁၂:၃၀)မှ ညနေ (၅)နာရီထိ ဆိုတဲ့ ကျွန်တော့်ရုပ်ပုံပါ ကြော်ငြာဘုတ်ကို မိုးရေတွေအောက်မှာ တွေ့နေရသည်။ ကျွန်တော့်ဘဝမှာ အခက်အခဲတွေကို အများကြီးကြုံတွေ့ဖူးသည်။ ကျွန်တော့်ကိုကျွန်တော် ယုံကြည်ပါတယ်လို့ထင်ထားတဲ့ ကျွန်တော်က ဒီနေ့ပွဲအတွက် စိုးရိမ်စိတ် တွေက မိုးရေတွေနဲ့အပြိုင် သဲသဲမဲမဲ ရွာချနေသည်။

ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းတွေက ဒီနေ့ပွဲကို ရာသီဥတုကြောင့် မလာဖြစ်တော့ကြောင်း ကျွန်တော့်ဆီကို ဖုန်းဆက်ပြီးပြောလာကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ပရိသတ်တွေအတွက် ကျွန်တော့်ဘက်က တာဝန်ကျေချင်သည်။ ပရိသတ်ဘယ်နှစ်ယောက်ပဲ လာလာ အစွမ်းကုန် ဖျော်ဖြေသွားမယ်လို့ ဆုံးဖြတ်ထားသည်။ နယ်မှာရှိတဲ့ ပရိသတ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



တွေကလည်း ဒီပွဲကို လာကြည့်ချင်ပေမယ့် ရန်ကုန်လာဖို့ စရိတ်မတတ်နိုင်ကြောင်း ကျွန်တော့်ဆီ ဖုန်းဆက်ကြသည်။ သူတို့အတွက် တစ်ခုခုလုပ်ပေးပါလို့ တောင်းဆိုလာကြသည်။ ကျွန်တော်သူတို့တွေအတွက် တကယ်စိတ်မကောင်းဖြစ်မိသည်။

နယ်ကဂီတသမားတွေအတွက် ရန်ကုန်ဆိုတာ အလှမ်းဝေးနေဆဲဆိုတာ ကျွန်တော်သိလိုက်ရသည်။ သူတို့တွေအတွက် ကျွန်တော့်ဘက်က ဖြည့်ဆည်းပေးဖို့ ကြိုးစားရသည်။ ကျွန်တော့်မှာရှိတဲ့ ကင်မရာတွေနဲ့ မှတ်တမ်းရိုက်ဖို့ စီစဉ်ထားသည်။ ဒါတွေကို သူတို့လက်ထဲအရောက် လက်ဆောင်အဖြစ်ပေးနိုင်ရင် လိုအပ်တဲ့ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ကျွန်တော်ယူဆလိုက်သည်။

ဟက်ပီးဝေါလ်ကို ကျွန်တော်တို့ရောက်လာတော့ အခြားအဖွဲ့သားတွေ ဘယ်သူမှရောက်မလာသေးတာ တွေ့ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားစရာရှိတာတွေကို လုပ်ထားလိုက်သည်။ အဲဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်း နေသစ်မိုးက ဖုန်းလှမ်းဆက်သည်။ ဒီနေ့ပွဲ ဖြစ်ရဲ့လား၊ မြို့ထဲမှာလူနည်းမိုးသည်းနေတယ်လို့ ပြောလာသည်။ ကျွန်တော့်ပွဲကို လာကြည့်ကြပါ့မလားလို့ မေးသည်။ ကျွန်တော်တို့ဖြစ်ပါတယ်။ လာသာလာခဲ့ပါလို့ ပြောလိုက်သည်။

စိတ်ထဲမှာတော့ အားငယ်နေမိသည်။ ကျွန်တော်ကတော့ ကျွန်တော့်ကိုယုံကြည်လို့လာတဲ့သူ ဆယ်ယောက်ပဲရှိတယ်ဆိုရင်တောင် ကျွန်တော့်ရဲ့ဖျော်ဖြေမှုကို အပြည့်အဝပေးဆပ်ဖို့ သန္နိဋ္ဌာန်ချထားသည်။ ဒီလိုနဲ့ပဲ ပွဲစဖို့အချိန်က တဖြည်းဖြည်း နီးကပ်လာသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အဲဒီမှာ ကျွန်တော့်ကိုအားရှိစေမည့် အကြောင်းတစ်ခုပေါ်လာသည်။ ကျွန်တော့်သူငယ်ချင်းဒါရိုက်တာဇာကြီးက သူ့ကင်မရာအကောင်းစားနဲ့ ကျွန်တော့်ကိုမှတ်တမ်းတင်ရိုက်ပေးဖို့ ထွက်လာမယ့်အကြောင်း လှမ်းပြောသည်။ ကျွန်တော်အရမ်းအားရှိသွားသည်။ နယ်ကဂီတသမားတွေ ပရိသတ်တွေအတွက် အကောင်းဆုံးလုပ်ပေးနိုင်တော့မယ့် အခွင့်အလမ်းလို့ မြင်မိသည်။ အပြင်မှာတော့ မိုးကရွာကောင်းဆဲပင် ရှိနေသည်။

အချိန်တွေ တရွေ့ရွေ့ကုန်နေသလို ကျွန်တော့်စိတ်တွေလည်း တရှိန်ရှိန် တက်နေသည်။ ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းတွေက စိတ်တည်ငြိမ်အောင် အနားယူနေဖို့ တိုက်တွန်းကြသည်။ ကျွန်တော် ရုံးခန်းထဲဝင်ပြီး ထိုင်နေတုန်းမှာ MRTV-4 က အင်တာဗျူးလာလုပ်သည်။ ကျွန်တော့်စိတ်တင်းကျပ်မှုကို အတတ်နိုင်ဆုံးလျှော့ချပြီး သူတို့မေးတာကို တောက်လျှောက်ဖြေနေမိသည်။

ပရိသတ်အပေါ် ကျွန်တော့်စေတနာကို ပြောပြမိသည်။ ဒီလိုအချိန်မှာ ကိုစိန်ပီတာရောက်လာပြီး အထဲမှာ လူပြည့်နေသည်။ ပွဲစတော့မလားလို့ မေးလာသည်။ နာရီကိုကြည့်လိုက်တော့ နေ့လယ်တစ်နာရီနီးနီးရှိနေသည်။ ကျွန်တော့်ကိုယုံကြည်လို့ မိုးရေတွေကြားထဲက ရောက်လာတဲ့ ပရိသတ်ကို ကျွန်တော်လေးစားသွားသည်။

ဒီဟာ အနုပညာသမားတစ်ယောက်အပေါ် သူတို့ထားတဲ့ ချစ်ခင်မှုပဲဖြစ်သည်။ သူတို့ရဲ့ချစ်ခင်မှုကို အသိအမှတ်ပြုဖို့ ကျွန်တော့် ဖျော်ဖြေမှုကို စတင်လိုက်သည်။ ဒီလိုအခက်အခဲ တွေကြားက ကျွန်တော့်ပွဲကို အစီအစဉ်အတိုင်း အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ကျွန်တော့်ပင်ပန်းရကျိုးနပ်သည်။ နောက်လုပ်မယ့်ပွဲတွေအတွက်လည်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ယုံကြည်မှုအင်အားတွေ ပိုတိုးလာသလို ခံစားရသည်။ သုခုမစက်ရုပ်တစ်ရုပ်က စမ်းသပ်မှုတစ်ခုကို အစမ်းသပ်ခံနိုင်ခြင်းလည်းဖြစ်သည်။

တစ်နေ့လုံးပင်ပန်းမှုတွေက ညနေရောက်တော့ ပျောက်ကွယ်သွားသည်။ ကျွန်တော့်ကိုကူညီခဲ့ကြတဲ့ အပေါင်းအသင်းတွေကို အထိမ်းအမှတ်ပွဲလေးနဲ့ဧည့်ခံဖြစ်သည်။ နေ့လယ်က အဖြစ်အပျက်တွေကို ပြန်ပြောမိကြသည်။ နာရီကိုကြည့်မိတော့ ည(၈)နာရီကျော်ပြီဆိုတာတွေ့ရသည်။ ကိုးနာရီမထိုးခင် အားလုံးပြန်ဖို့ ပြင်ဆင်ကြသည်။

ကျွန်တော့်ခေါင်းထဲကိုလည်း ချဲလ်ဆီ-လီဗာပူးပွဲအကြောင်းရောက် လာသည်။ ဒီနှစ်သင်းဘယ်လို ကန်နေကြသလဲ၊ ဘယ်လိုအခြေအနေရှိနေသလဲဆိုတာ သိချင်လာသည်။ ကျွန်တော်ဆိုင်အပြင်ရောက်တော့ မိုးစက်တွေက လမ်းမကြီးအပေါ် ခုန်ဆင်းနေတာတွေ့ရသည်။ အိမ်အမြန်ရောက်ဖို့ ကားကို ခပ်မြန်မြန်မောင်းလိုက်သည်။ ကျွန်တော့်ဇနီးက ကျွန်တော်ပြန်အလာကို စောင့်နေမယ်ဆိုတာကို သတိရလိုက်သည်။

ကျွန်တော့်အခန်းရှေ့ရပ်လိုက်တော့ ကျွန်တော့်ဇနီးက တံခါးလာဖွင့်ပေးသည်။ ကျွန်တော်ကိုပြုံးပြပြီး အားလုံးအိုကေလားလို့မေးသည်။ ကျွန်တော်ကလည်း အိုကေလို့ဖြေလိုက်သည်။ ကျွန်တော်ပြန်လာတိုင်းသူမက အပြုံးနဲ့နှုတ်ဆက်တတ်သည်။သူမရဲ့အပြုံးတွေက ကျွန်တော်ဘဝအတွက် မရှိမဖြစ်လိုအပ်ချက်လို့ ကျွန်တော်ထင်မိသည်။

သမီးလေးနဲ့သားလေးကတော့ အခုလေးပင်အိပ်သွားကြောင်းပြောပြီး ကျွန်တော်လဲဖို့ အဝတ်တွေယူလာသည်။ ကျွန်တော်အဝတ်လဲပြီး ဘောလုံးပွဲကြည့်ဖို့ လုံးပန်းလိုက်သည်။ တီဗွီဖွင့်လိုက်တော့ လီဗာပူးက

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ချဲလ်ဆီးကို တစ်လုံးသွင်းထားတာ တွေ့ရသည်။ ချဲလ်ဆီး ပရိတ်သတ်အနေနဲ့ ကျွန်တော်အလွန်ဝမ်းနည်းသွားသည်။ ပွဲပြီးခါနီးမှာ တစ်နေလုံးလှုပ်ရှားထားတဲ့ဒဏ်တွေက အသက်ဝင်လာသည်။

ကျွန်တော်မှေးခနဲ ဖြစ်သွားသည်။ မျက်စိဖွင့်ကြည့်လိုက်တော့ လမ်းပတ်လည်းမဟုတ်၊ ဂျရတ်လည်းမဟုတ်၊ တယ်ရီလည်းမဟုတ် အလွန်ဆိုလည်းမဟုတ်၊ ကောင်လေးတစ်ယောက် လမ်းပေါ်မှာ ဘောလုံးကန်နေတာ တွေ့ရသည်။ ကျွန်တော်သူ့ကိုကြည့်နေတုန်းမှာ ကောင်လေးက ကျွန်တော့်ကို ရယ်ပြသည်။ ကျွန်တော်လည်း ပြန်ပြုံးပြမိသည်။

ကောင်လေးရဲ့နောက် ခပ်လှမ်းလှမ်းမှာ အမျိုးသမီးတစ်ယောက်ရဲ့အရိပ်တစ်ခုက တဖြည်းဖြည်းပေါ်လာသည်။ ပြီးတော့ အသံပေါ်လာသည်။ သားလေးနိုင်ဇော် ကစားတာတော်လောက်ပြီတဲ့ ကျွန်တော်လန့်ဖျပ်သွားသည်။ ကျွန်တော့်ဆံပင်တွေအားလုံး ထောင်သွားသည်လို့ပင် ခံစားလိုက်ရသည်။

ကျွန်တော်ကြည့်နေစဉ်မှာပင် သူတို့နှစ်ယောက်က တဖြည်းဖြည်းနဲ့ကွယ်ပျောက်သွားသည်။ ကျွန်တော်မျက်စိမှိတ်လိုက်တော့ ကျွန်တော့် အာရုံတွေက လွန်ခဲ့တဲ့ ဆယ်စုနှစ်လေးခုကျော်ကို ပြန်ရွေ့သွားသည်။

■

the bookhouse

မြန်မာ စာအုပ်များ



၃၀

## နိုင်ဇော်ဖြစ်တည်မှု

ကျွန်တော့်ကို ၁၉၆၉၊ ဩဂုတ်လ ၃၀ရက် စနေနေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ကျွန်တော့်ဖေဖေက ဦးခင်ထွန်း၊ မေမေက ဒေါ်မြစန်း ကျွန်တော်မမွေးခင်ကပင် ကျွန်တော်မိဘတွေ၌ သား တစ်ယောက်၊ သမီးလေးယောက် ရရှိပြီးဖြစ်သည်။ ကျွန်တော့်မေမေက ကျွန်တော့်ကို နောက်ဆုံးမွေးခဲ့ခြင်းဖြစ်သည်။

ကျွန်တော်မွေးတဲ့နေ့က အိမ်မှာကျန်ခဲ့တဲ့ ကျွန်တော့်အစ်မတွေက မိန်းကလေးမွေးလာဖို့ အိမ်ရှေ့က ဒန်းလေးမှာ စုပြီး ဆုတောင်းကြကြောင်း ဖေဖေပြန်ပြောတာကို မှတ်မိနေသေးသည်။ ကျွန်တော်လူ့လောကထဲ ရောက်လာပုံက ထူးခြားတဲ့ဖြစ်ရပ်နဲ့ ရောက်ရှိလာသည်ဟု ပြောကြသည်။ ဒါဟာ တိုက်ဆိုင်မှုတစ်ရပ်လို့ ဆိုနိုင်ပေမယ့် လူကြီးတွေအားလုံးကတော့ ထူးခြားတယ်လို့ သတ်မှတ်ကြသည်။

ကျွန်တော့်မေမေက ကျွန်တော့်ကို ၅၂လမ်းဆေးရုံတွင် မွေးဖွားပေးခဲ့သည်။ ကျွန်တော့်ကိုမီးဖွားဖို့ မွေးခန်းထဲမှာ ကြိုးစား ရုံးကန်နေစဉ် ဆေးရုံတစ်ခုလုံး မှောင်အတိဖြစ်သွားသည်။ လျှပ်စစ်မီးတွေ ပြတ်တောက်သွားသည်။ အဲဒီအချိန်မှာ ကျွန်တော့်ကိုမွေးလိုက်သည်။ ပြီးတော့ အားလုံးပြန်လင်းလာသည်။ အရာရာကို ရှင်းရှင်းလင်းလင်း ပြန်မြင်ရသည်။ အလင်းတွေနဲ့အတူ အူဝဲဆိုတဲ့ ကျွန်တော့် ငိုသံက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။ ကလေးငယ်တစ်ယောက် လူ့လောကထဲ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရောက်လာပုံကို ဆေးရုံကဆရာမတွေက အထူးအဆန်းတစ်ရပ်အဖြစ် ဝိုင်းကြည့်ကြသည်။ ကလေးတစ်ယောက်မွေးဖွားခြင်းသည် ဆရာမတွေ သားဖွားသူနာပြုတွေအတွက် နေ့စဉ်လိုလို တွေ့ကြုံနေရတဲ့ အဖြစ်အပျက် ဆိုပေမယ့် ကျွန်တော်မွေးလာပုံကို ထူးထူးခြားခြားအဖြစ် အသိအမှတ် ပြုကြသည်။

ကျွန်တော့်ကိုလည်း မောင်နေလင်း နာမည်မျိုးပေးသင့်သည်ဟု အကြံပြုကြသည်။ ဒါပေမယ့် ကျွန်တော့်ဖေဖေကတော့ သူတတ်ကျွမ်းတဲ့ ဗေဒင်ပညာနဲ့ နိုင်ဇော်ဆိုသောအမည်ကိုပေးခဲ့သည်။ နိုင်ဇော်ဆိုသော အမည်ကသာ ကျွန်တော့်အတွက် အသင့်တော်ဆုံးဟု ဖေဖေကယူဆခဲ့သည်။ ကျွန်တော့်ဘဝကိုလည်း ဖေဖေပေးခဲ့သည့်နာမည်အတိုင်း လက်ရှိအခြေအနေ အထိ ပြောင်းလဲရောက်ရှိလာရသည်ဟု ကျွန်တော်တွေးမိသည်။

နိုင်ဇော်အဖြစ် ကျွန်တော်ဖြစ်တည်လာခြင်းသည် ကျွန်တော့် ဖေဖေအတွက် ဘဝမှာအချိုးအကွေ့ကြီး ဖြစ်ခဲ့လာရသည်။ ဗေဒင်ပညာအရ ကျွန်တော့်ဇာတာသည် ဖေဖေအပေါ် များစွာ ထိခိုက်စေ ခဲ့သည်။ အဲဒီတုန်းက ဒါတွေကို ဖယ်ရှားပစ်နိုင်ဖို့ ကလေးအပေါ် ဓါးထမ်းပြီး ကျော်ပေးလိုက်ရန် ကျွန်တော့်ဖေဖေကို ဝိုင်းပြီးပြောခဲ့ကြသည်။ ဒီအကြောင်းအရာပေါ် ဘယ်လိုလုပ်ရမလဲဆိုတာ ဖေဖေက သိပြီးသားဖြစ်သည်။

ဘာမှမသိသေးတဲ့ကလေးလေး ဖြူဖြူစင်စင်ရှိနေတဲ့ ကလေးလေး တစ်ယောက်အပေါ် ဓါးထမ်းကျော်လိုက်ခြင်းသည် ဒီကလေးဘဝကို အစမှာပင် ချိုးဖျက်ရာရောက်သွားပြီး တစ်ဘဝလုံးတုံးသွားမယ့်အဖြစ်မျိုးကို ဖေဖေကလက်မခံနိုင်ခြင်းဖြစ်သည်။ သမီးတွေအပေါ် မိဘတွေက မေတ္တာအပြည့်ထားရှိကြတယ်ဆိုပေမယ့် ကျွန်တော့်အပေါ် ဖေဖေထားခဲ့

မြန်မာ စာအုပ်များ





တဲ့မေတ္တာဟာ အလွန်ကြီးမားကြောင်းကို မိဘနေရာရောက်လာတဲ့ အချိန်မှာတော့ ကျွန်တော်ပိုပြီးနားလည်လာရသည်။ ပြောလာသမျှ စကားတွေကို ငြင်းပယ်ပြီး အနစ်နာခံစရာရှိရင်လည်းခံရမည်ဟု ဖေဖေ ကိုယ်တိုင်က ဆုံးဖြတ်လိုက်သည်။



သားသမီးတွေအတွက် မိဘတွေကသာ တာဝန်ယူရမည်။ ဒါမှသာ မိဘဝတ္တရားကျေမည်ဆိုသော စိတ်ဓါတ်က ကျွန်တော့်အပေါ် ဖေဖေထားရှိသည့် ဖြူစင်သော မေတ္တာတရားပင်ဖြစ်ပါလိမ့်မည်။ အကျိုးဆက်ကတော့ ဖေဖေသည် သူ့ရဲ့လက်ရှိရာထူး (လက်ထောက်ညွှန်ကြားရေးမှူး) ရာထူးမှ ဦးစီးမှူးရာထူးဖြင့် စစ်ကိုင်းတိုင်း နာဂတောင်တန်းပေါ်သို့ ပြောင်းရွှေ့သွားရသည်။ ဖေဖေကတော့ သူရဲ့ရိုးသားမှုကို ဆက်လက်ဆုပ်ကိုင်ထားသည်။

နံနက်နေထွက် ညနေနေဝင် ပြီးတော့ နောက်တစ်နေ့ကို ပြောင်း၊ ပြီးတော့ နွေမိုး၊ဆောင်း တစ်ခုပြီးတစ်ခုဖြစ် အားလုံးအားလုံး သူ့တာဝန်နှင့်သူ တစ်ရွေ့ရွေ့ သွားနေကြသည်။ နိုင်ဇော်ဆိုတဲ့ ကလေးလေး ကျွန်တော်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကလည်း တစ်ဖြည်းဖြည်းနဲ့ လူလားမြောက်လာသည်။ ဖေဖေကတော့ သူ့တာဝန်ကျရာ နာဂတောင်တန်းကို သွားလိုက် ရန်ကုန်ပြန်လိုက်နဲ့ အလုပ်ကိုရိုးသားစွာလုပ်ရင်း ကျွန်တော်တို့မိသားစုဘဝကို ဖြူဖြူစင်စင် ဖြစ်အောင် ပုံဖော်ပေးခဲ့သည်။ ကျွန်တော့်ဖေဖေသည် ပညာတတ် တစ်ယောက်ပီသစွာ ရိုးသားမှုဖြင့် သူ့ရဲ့ဘဝကို တည်ဆောက်ခဲ့သည်။

ဘဝတစ်လျှောက်လုံးမှာ ဖြူစင်ရိုးသားမှုကိုသာ လက်ကိုင်ပြု ကျင့်သုံးသွားခဲ့သည်။ ရတဲ့လစာက မိသားစုအားလုံး မလုံလောက်ပေမယ့် ဖေဖေကတော့ ရိုးသားတဲ့ဝန်ထမ်းဘဝကိုသာ လျှောက်လှမ်းခဲ့သည်။ ကျွန်တော်သိတတ်စအရွယ်တုန်းက အထုပ်အပိုးတွေနဲ့ အိမ်ပြန်လာတဲ့ ဖေဖေရဲ့ပုံရိပ်လွှာကို ကျွန်တော်မှတ်မိနေသေးသည်။ ဖေဖေပြန်လာတိုင်း ကျွန်တော့်အစ်ကို အစ်မတွေက ဝမ်းသာအားရ ပြေးကြိုတတ်ကြသည်။ သားသမီးတွေ မျက်နှာမြင်ရရင် အားလုံးပြည့်စုံတယ်လို့ အိမ်ပြန်လာတိုင်း ပြောတတ်တဲ့ ဖေဖေရဲ့စကားကိုလည်း ကျွန်တော် မှတ်မိနေသေးသည်။

ကျွန်တော်ကျောင်းနေရမဲ့အရွယ်ရောက်လာတော့ သားသမီး တွေနဲ့အတူ နီးနီးကပ်ကပ်နေချင်တဲ့ ဖေဖေသည် ပင်စင်ယူကာ ရန်ကုန်သို့ ပြန်လာခဲ့သည်။ ဝန်ထမ်းဘဝတစ်လျှောက်လုံး ရိုးရိုးသားသား နေထိုင်ခဲ့သည့် ကျွန်တော့်ဖေဖေသည် ပင်စင်ယူချိန်၌ ကြီးကြီးမားမား စုဆောင်းမိသည့် ငွေကြေးဆိုတာမရှိသလောက် ဖြစ်နေသည်။ မိသားစုအတွက် သူတတ်ကျွမ်း သည့်စာရင်းကိုင်ပညာဖြင့် အချိန်ပိုင်းအလုပ်များကိုလုပ်ကာ ကျွန်တော်တို့ကို ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ကျွန်တော့်မေမေကလည်း သူ့ရဲ့ဘဝကို ဖြူစင်စွာ နေထိုင်သွားခဲ့သည်။ ဘယ်သူတွေ ဘယ်လောက်ပဲ အားနာအားနာ ကျွန်တော့်မေမေကိုတော့ ဘယ်လိုမှ မမီနိုင်ဖူးလို့ ကျွန်တော်ထင်မိသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော့်မေမေရဲ့ သူတစ်ပါးအပေါ် သည်းခံနိုင်မှုကတော့ လက်ဖျားခါရ လောက်အောင်ပင် ဖြစ်သည်။ အိမ်မှာပဲဖြစ်ဖြစ် လမ်းမှာပဲဖြစ်ဖြစ် ဈေးမှာပဲဖြစ်ဖြစ် တစ်ယောက်ယောက်က စကားလာပြောရင် မေမေသည် ဘယ်တုန်းကမှ ငြင်းသည်ကို မတွေ့ဘူးပါ။ ပြောလာသမျှ စကားတွေကို ပြောလို့ပြီးတဲ့အချိန်အထိ သည်းခံပြီး နားထောင်ပေးနိုင်တဲ့နေရာမှာ မေမေ့ကို မီတဲ့သူမရှိနိုင်ဟု ကျွန်တော်ထင်သည်။

ဒါပေမယ့် ဖေဖေကတော့ မေမေနဲ့ ပြောင်းပြန်ဖြစ်သည်။ သူကိုယ်တိုင်ကမဟုတ်တာမပြောသလို အခြားတစ်ယောက်ယောက် လာပြောရင်လည်း သည်းမခံတတ်တာ ဖေဖေရဲ့အကျင့်ဖြစ်သည်။ ကျွန်တော်မှတ်မိတာကတော့ လမ်းထဲကလူတစ်ယောက်က အိမ်မှာလာပြီးစကားပြောသည်။ အဲဒီသူပြောတဲ့စကားတွေမှာ အမှားတွေကများနေသည်။

ဒါကိုသိတဲ့ဖေဖေက "ဟေ့ကောင် မင်းငါ့အိမ်ပေါ်က ဆင်းသွားနောက်ဒီလိုစကားတွေ လာမပြောနဲ့" လို့ အိမ်ပေါ်မှ မောင်းထုတ်ဖူးသည်။ ကျွန်တော်တို့မောင်နှမတွေကိုလည်း မမှန်တဲ့စကားမပြောဖို့ အမြဲလိုလို ဆုံးမတတ်သည်။

ကျွန်တော် ၆နှစ် ၇နှစ်အရွယ်မှာ ကျွန်တော့်အစ်မကြီးက မိသားစုကို ဦးဆုံးစွန့်ခွာသွားခဲ့သည်။ ပြီးတော့ ကျွန်တော့်မေမေ။ အဆုတ်ဝေဒနာခံစားနေတဲ့ မေမေသည် ကျွန်တော်လေးတန်းနှစ်မှာပင် အားလုံးကို စွန့်ခွာသွားပြန်သည်။ ကျွန်တော့်မေမေနှင့်အစ်မသည် ကျွန်တော့် ဘဝရဲ့ အစောပိုင်းနှစ်တွေမှာ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာ သွားကြသည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ



## နိုင်ဇော်နှင့်ကလေးဘဝ

ကျွန်တော့်ဘဝမှာ မေမေမရှိတဲ့နောက် အရာအားလုံးက ဖေဖေရဲ့ပံ့ပိုးမှုနဲ့ ဖြတ်သန်းခဲ့ရသည်။ ကျွန်တော့်ဘဝတစ်လျှောက်လုံး သေသေသပ်သပ် နေထိုင်တတ်အောင် ကလေးဘဝကပင် ဖေဖေက ပုံစံချပေးခဲ့သည်။ ကိုယ့်ဘဝကို တိုးတတ်အောင် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားတတ်အောင် ကိုယ်ဖြစ်ချင်တာကို ဘယ်လိုကြိုးစားရမယ်ဆိုတာတွေကို သွန်သင်ပြပေး သွားခဲ့သည်။

ဖေဖေသည်အရာရာကို စည်းကမ်းတကျလုပ်တတ်သူပီပီ ကျွန်တော်တို့ မောင်နှမတွေကိုလည်း သူ့စည်းကမ်း နှင့်ညီအောင် ပြုလုပ်နိုင်သူ ဖြစ်သည်။ ဘဝမှာ ဘယ်အရာမှလွယ်လွယ်မရဘူးဆိုတာကို သက်သေပြ သွားခဲ့သည်။ ကျွန်တော်တို့ မောင်နှမတွေမှာ မေမေမရှိတော့ ဖေဖေသာလျှင် အမိ၊ ဖေဖေသာလျှင် အဖ ဖြစ်ခဲ့ရသည်။

မေမေရှိစဉ်က သားသမီးတွေရဲ့ လိုအင်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြည့်ဆည်းပေးတတ်ပေမယ့် ဖေဖေကတော့ စည်းကမ်းနဲ့သာလုပ်ပေး တတ်သည်။ကျွန်တော့်ဖေဖေသည် ရှိတာကိုရောင်းပြီး လိုချင်တာဝယ်ပေး တာမျိုးကို ဘယ်တုန်းကမှ မလုပ်ပေးခဲ့ဘူးတာသေချာသည်။ ကျွန်တော်တို့ဘာလိုချင်လဲ လိုချင်တာကို ပိုက်ဆံစုပြီးဝယ်တတ်အောင် လေ့ကျင့်ပေးခဲ့သည်။



မြန်မာ စာအုပ်များ



အဝတ်အစားလိုချင်လား၊ လိုချင်ရင်ပေးထားတဲ့ မုန့်ဖိုးကိုစု၊ အပျော်အပါးလုပ်ချင်သလား၊ လုပ်ချင်ရင် ပိုက်ဆံကြိုစု၊ သူနေရာနှင့်သူ အသုံးချတတ်ရန် ညွှန်ပြပေးခဲ့သည်။ ကျွန်တော်တို့နေထိုင်ကြီးပြင်းရာ ပုစွန်တောင်ရေကျော်တွင် သီတင်းကျွတ်၊ တန်ဆောင်တိုင်ဆိုလျှင် အလွန်စည်ကားလှသည်။



မှတ်မှတ်ရရ တစ်နှစ်မှာတော့ တောင်လွန်းပျံရပ်ကွက်ထိပ်က အကြည်တော်ဇာတ်ရုံမှာ ဝင်လာမယ့် ဇာတ်တစ်ဇာတ်ကို ကြည့်ဖို့အတွက် ကျွန်တော်တို့ မောင်နှမတွေ အားလုံး ကိုယ်ရတဲ့ မုန့်ဖိုးကို တစ်နှစ်လောက်က တည်းက တဖြည်းဖြည်းစုခဲ့ကြရသည်။

ကလေးဘဝက ဒီလိုအခြေအနေတွေကို မွန်းကြပ်တယ်ထင်ခဲ့ပေမယ့် ကျွန်တော်ကိုယ်တိုင် မိဘနေရာရောက်လာတော့ သားသမီးတွေအပေါ် ဖေဖေထားရှိခဲ့တဲ့ စေတနာတွေကို ကိုယ်ချင်းစာတတ်လာသည်။ ကျွန်တော့်မှာ မေမေမရှိတော့ပေမယ့် အစ်မတွေက မေမေ့ကိုယ်စား ပြုစုစောင့်ရှောက်ပေးခဲ့ကြသည်။ အထူးသဖြင့် ကျွန်တော့်အစ်မအလတ်သည် ကျွန်တော့်အပေါ် အနွံနာ ခံလုပ်ပေးတတ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စအားလုံးကို ဒိုင်ခံလုပ်ပေးခဲ့သည်။ စာမေးပွဲဖြေစရာရှိလျှင်တောင် အိပ်ရေးပျက်ခံပြီး စာကိုကျက်ပေးတတ်သည်။ ကျွန်တော့်အစ်ကိုကြီးကတော့ မောင်နှမတွေထဲမှာ အကြီးဆုံးဖြစ်သလို ကျွန်တော်နှင့်လည်းအသက်ကွာလှသည်။

ကျွန်တော်ငယ်ငယ်ကပင် အစ်ကိုကြီးသည် အထက်တန်းကျောင်းသားဘဝသို့ ရောက်ရှိနေပြီဖြစ်သည်။ သူတို့ကျောင်းကဘင်ခရာတီးဝိုင်းမှာ အစ်ကိုကြီးလည်း ပါဝင်သည်။ တစ်ခါတစ်လေ ကျောင်းပိတ်ရက်မှာ အစ်ကိုကြီးက သူငယ်ချင်းတွေနဲ့အတူ အိမ်မှာစုပြီး လေ့ကျင့်တာကို မှတ်မိနေသေးသည်။ ကျွန်တော်ကတော့ ကလေးပီပီ သူတို့တီးမှုတ်နေတာကို သွားရှုပ်တတ်သည်။

ဒီလိုအခြေအနေတွေ ပတ်ဝန်းကျင်တို့ကပင် ကျွန်တော့်ရဲ့ဂီတမျိုးစေ့ သန္ဓေတည်လာတာ ဖြစ်နိုင်သည်။ နောက်တစ်ခုက ကျွန်တော့်ဖေဖေရဲ့ ဗီဇတွေ ကျွန်တော့်ဆီကို အလုံးအရင်းနဲ့ ရောက်ရှိလာပုံရသည်။ ဖေဖေက ရေဒီယိုကို အလွန်ကြိုက်သူဖြစ်သည်။ ကျွန်တော်ငယ်ငယ်တုန်းက အိပ်ရာနိုးလို့နားထဲမှာ အရင်ဆုံးကြားရတာက ရေဒီယိုသီချင်းများပင် ဖြစ်သည်။ ကျွန်တော်တို့ မောင်နှမတွေအားလုံး ကလေးဘဝကပင် ရေဒီယိုသီချင်းအားလုံးလိုလို အလွတ်ရကြသည်။ ကလေးဘဝတစ်လျှောက်လုံး ရေဒီယိုသီချင်းများကြားတွင် ကြီးပြင်းခဲ့ရသည်။

ပြီးတော့ ဖေဖေရဲ့ "မယ်ဒလင်" တေးသွားများပင် ဖြစ်သည်။ ကျွန်တော့်ဖေဖေသည် ပင်စင်ယူပြီးနောက် သူဝါသနာပါသည့် မယ်ဒလင်တီးခြင်းကို တစ်စိုက်မတ်မတ် တီးခတ်ခဲ့သည်။ ကျွန်တော်တို့မောင်နှမတွေအတွက် ဖေဖေပေးခဲ့တဲ့ နောက်ထပ်အမွေတစ်ခုလည်း ရှိသေးသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဒါကတော့ စာဖတ်ခြင်း အလေ့အထပင်ဖြစ်သည်။ ကျွန်တော်တို့အားလုံး အတွက် ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်အားလုံး စီစဉ်ပေးထားသည်။ စာဖတ်တဲ့သူက အသိဉာဏ်ဗဟုသုတပိုကြွယ်ဝပြီး ဆင်ခြင်တုံတရား ပိုရှိတယ်လို့ ဖေဖေက အမြဲပြောတတ်သည်။ ကလေးဘဝက ဖေဖေပြောတာတွေကို ဝေဝေဝါးဝါး မှတ်သားခဲ့ပေမယ့် ကိုယ့်ဘဝကိုယ်လျှောက်လှမ်းရတဲ့ အချိန်မှာတော့ မရှိတော့တဲ့ဖေဖေ့ကို ပိုပြီးနားလည်လာခဲ့သည်။ သားသမီးတွေ ရှေ့ရေးကို မျှော်တွေးတတ်တဲ့နေရာမှာ ကျွန်တော့်ဖေဖေက ထိပ်ဆုံးကရှိနေမယ်လို့ ကျွန်တော်ထင်မိသည်။

ကျွန်တော့်ကို ဖေဖေမလုပ်စေချင်သည့် အကြောင်းသုံးရပ်လည်းရှိသည်။ အရက်မသောက်ရ၊ ဆေးမှင်ကြောင်မထိုးရ၊ ဘောလုံးမကန်ရလို့ တားမြစ်ထားသည်။ ကျွန်တော့်ကလည်း ဖေဖေ့ကိုပေးနိုင်တဲ့ ကတိနှစ်ခုပဲရှိသည်။ အရက်မသောက်သလို ဆေးမှင်ကြောင်လည်း မထိုးပါ။ ဒါပေမယ့် ဘောလုံးကန်ခြင်းကိုတော့ တစ်စိုက်မတ်မတ်လုပ်ခဲ့သည်။ ဘောလုံးကန်တာကို ဖေဖေက ဘာရည်ရွယ်ချက်နဲ့ မုန်းတယ်ဆိုတာ ကျွန်တော်မသိပါ။ ဘယ်လိုပဲကန်ကန် ဖေဖေမကြိုက်တာတော့ သေချာသည်။

မှတ်မှတ်ရရ ကျွန်တော်လေးတန်းကျောင်းသားဘဝက ဖြစ်သည်။ ပုစွန်တောင်မြို့နယ် မူလတန်းအဆင့် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲအတွက် လူရွေးတုန်းက ဖြစ်သည်။ ကျောင်းမှာလူရွေးမယ်ဆိုတော့ ဖေဖေ့စိတ်ကို သိထားတဲ့ ကျွန်တော်ကမဝင့်မရဲနဲ့ စာရင်းပေးလိုက်သည်။

နေ့လယ်လောက်ရောက်တော့ လူရွေးပွဲအတွက် ကွင်းထဲမှာ လူစုကြသည်။ ပြီးတော့ လူခွဲပြီးကန်တာကို ဆရာတွေက လိုက်မှတ်ကြသည်။ ဘယ်နေရာအတွက် ဘယ်သူ့ကိုရွေးမယ်။ ဘယ်သူနဲ့ ဘယ်နေရာက

the bookhouse
we bring your future

မြန်မာ စာအုပ်များ



သင့်တော်မယ်၊ ဘယ်သူကတော့ အရည်အချင်းရှိတယ် စသဖြင့် ရွေးထုတ်ကြသည်။ ကျွန်တော်ကလည်း ဖေဖေလစ်ရင် ရပ်ကွက်ထဲမှာ ကန်နေကျဆိုတော့ ကိုယ့်မှာရှိတဲ့ အရည်အချင်းတွေကို ထုတ်ပြပါတော့သည်။ ဘောလုံးလာရင် ဟိုလိုက်သည်လိုက် ကိုယ့်ဆီရောက်ရင် သိမ်းကြုံးကန်ဘာကစားကွက်မှ မသိပေမယ့် တိုးရင်းတိုးရင်းနဲ့ ကျွန်တော့်ကို ရွေးလိုက်သည်။

ကျောင်းလက်ရွေးစင်မှာ ကျွန်တော့်ကိုရွေးလိုက်တယ်ဆိုတော့ တော်တော်လေးကို မြှောက်သွားသည်။ ကိုယ့်အတန်းထဲမှာ ကိုယ့်လောက်တော်တဲ့သူမရှိလို့ ကလေးလိုတွေးမိသည်။ ကျောင်းလွှတ်လို့အိမ်ပြန်လာတော့လည်း လမ်းလျှောက်ရတာကိုပင် အရင်နေ့တွေထက် အဓိပ္ပာယ်ပိုရှိနေသလို ခံစားရသည်။ အိမ်ပြန်ရောက်တော့ ဖေဖေ့ကိုကြွားပစ်မယ်ဟု တွေးလာသည်။

ဖေဖေမကြိုက်မှန်းသိပေမယ့် ဒီကိစ္စကတော့ မပြောလို့ မဖြစ်တဲ့အကြောင်း ဖြစ်သည်။ အိမ်ရှေ့ရောက်တော့ အိမ်ပေါ်မှာစာဖတ်နေတဲ့ ဖေဖေ့ကို တွေ့ရသည်။ ကျွန်တော်လည်းဝမ်းသာအားရနဲ့ အိမ်ပေါ် ပြေးတက်သွားသည်။ ရေအိုးဆီသွားပြီး အားတင်းတဲ့အနေနဲ့ ရေတစ်ခွက်ခပ်သောက်ပစ်လိုက်သည်။ ပြီးတော့ ဖေဖေ့ဆီကိုသွားပြီး ကျောင်းဘောလုံးအသင်းအတွက် ကျွန်တော့်ကိုရွေးတဲ့အကြောင်း ပြောလိုက်သည်။ အဲဒီမှာ အဖေအပြင်းအထန်တုန့်ပြန်မှုကို ကြုံရပါတော့သည်။

ကျောင်းဘောလုံးအသင်းမှာ ကျွန်တော့်ကိုရွေးချယ်တဲ့အကြောင်း ပြောပြီးတဲ့အချိန်မှာ ဖေဖေဆီကတုန့်ပြန်မှုကတော့ အရင်အတိုင်း မပြောင်းလဲတဲ့အဖြေသာဖြစ်ပါသည်။ ဖေဖေက ကျွန်တော့်ကို အခွင့်အရေးတစ်ရပ်သာ ပေးပါသည်။ ကျောင်းဆက်တက်မလား၊ ဘောလုံးကန်မလားလို့မေးခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဆိုလိုတာကတော့ ကျောင်းဆက်တက်ချင်ရင်ဘောလုံးမကန်ဆိုတဲ့ အဓိပ္ပာယ်ပဲဖြစ်သည်။ ဘောလုံးကန်ချင်တဲ့ ကျွန်တော့်ဆန္ဒတွေကတော့ ကျွန်တော့်ကို ခပ်မြန်မြန်ပင် နှုတ်ဆက်ကာလမ်းခွဲသွားပါတော့သည်။ အဲဒီညက အိပ်မက်ထဲမှာတော့ နောက်တန်းကစားသမားလေး ကျွန်တော်ကတစ်ဖက်အသင်းဂိုးပေါက်ထဲကို နှစ်ကြိမ်တိုင်တိုင် ခေါင်းတိုက်ဂိုး သွင်းခဲ့သည်။ နောက်တစ်ကြိမ်ဂိုးသွင်းရာမှာတော့ ကျွန်တော့်ဖက်ခေါင်းအုံးက ခြင်ထောင်အပြင်ဘက်ကို ရောက်သွားခဲ့သည်။

နောက်တစ်နေ့ ကျောင်းကိုရောက်ရောက်ချင်းချင်း ဘောလုံးကန်မယ့်ကျောင်းသားလေးတွေကို ရွေးချယ်တဲ့ဆရာ့ဆီကို ကျွန်တော်မကန်ဖြစ်တော့ကြောင်း ကျွန်တော့်အိမ်က သဘောမတူတဲ့အကြောင်းသွားပြောလိုက်သည်။ ဆရာကတော့ ကျွန်တော်နှုတ်ထွက်ပုံကို တအံ့တသြဖြစ်နေသည်။ ဒါပေမယ့် သူလည်း ဘယ်လိုမှမတတ်နိုင်တဲ့အတွက် ကျွန်တော့်အပေါ် နှစ်သိမ့်မှုသာပေးနိုင်ခဲ့သည်။ ကျွန်တော် မှတ်မိနေသေးသည်။ ကျွန်တော်တို့ကျောင်းရဲ့ ဘောလုံးဝတ်စုံက အပြာရောင်ပေါ်မှာ လိမ္မော်ရောင်အစင်းလေးတွေ ဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်နည်းနည်းကြီးလာတော့ ဖေဖေ့စကားကို မသိအောင် တစ်မျိုး၊ သိအောင် တစ်မျိုး ချိုးဖောက်ပါတော့သည်။ ရပ်ကွက်ထဲကလမ်းတွေက ကျွန်တော်တို့အတွက် ဘောလုံးကွင်းများပင်ဖြစ်နေတတ်သည်။ ဘောလုံးကန်ဖို့ဆိုရင် ဘယ်နေရာဖြစ်ဖြစ် ကျွန်တော်ကန်သည်။ ဘယ်တော့မှ နေရာမရွေးပါ။ အဲဒီလိုပဲ ဘောလုံးကန်ရင်း ဘယ်သူနဲ့ဖြစ်ဖြစ် ရန်ဖြစ်ရတာကိုလည်း ဘယ်တုန်းကမှ ကျွန်တော်မငြင်းဆန်ခဲ့ပါ။ ဘယ်နေရာရောက်ရောက် ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်နေတတ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ဒါပေမယ့် ကျွန်တော်ကစပြီး သူများအပေါ် မတရားမလုပ်ခဲ့တာလည်း သေချာသည်။ ကျွန်တော့်ကို ခြေထိုး ခံမယ်။ သက်သက်မဲ့ သိမ်းကျုံးကန်ရင်တော့ ကျွန်တော့်မခံချင်စိတ်က ခပ်မြင့်မြင့်လေး ခုန်တက်သွားတတ်သည်။ ကလေးဘဝမှာ ဘောလုံးကြောင့် ရန်ဖြစ်ရတာ အတော်လေးများခဲ့သည်။ ကျွန်တော်နိုင်တာရှိသလို ခံရတာတွေလည်း ရှိခဲ့သည်။ ဒီနေ့ဒီအရွယ်မှာကိုယ်တိုင် ဘောလုံးကန်ဖို့ မဖြစ်နိုင်တော့ပေမယ့် ဘောလုံးပွဲကိုတော့ ကျွန်တော်နှစ်ခြိုက်စွာ ကြည့်နေမိသေးသည်။

ကျွန်တော်ငယ်ငယ်က ဘောလုံးကန်ရတာကို နှစ်သက်သလို ပန်းချီဆွဲရတာကိုလည်း အရူးအမူး ဖြစ်ခဲ့သည်။ ဒီအချိန်မှာ ပန်းချီဆွဲ တာကို ထလုပ်မိရင် ဂီတသမားတစ်ယောက်က ပေါ်ပြူလာဖြစ်ချင်လို့ ပြောကြလိမ့်မည်။ ဘယ်လိုပဲပြောပြော ပန်းချီအပေါ် ကျွန်တော်ရူးသွပ်ခဲ့တာကတော့ သေချာသည်။ ဆေးခွက်တွေ၊ စုတ်တံတွေနဲ့ ပုံဖော်ရခြင်းကို အရမ်းအရသာရှိတယ်လို့ ကျွန်တော်ခံစားရဆဲရှိသည်။ ဖေဖေကတော့ ကျွန်တော့်ပန်းချီဝါသနာကိုတော့ ကန့်ကွက်ခြင်းမရှိခဲ့ပါ။ ကျောင်းမှာလုပ်တဲ့ ဘယ်ပြိုင်ပွဲမဆို ကျွန်တော်ဝင်ပြိုင်ခဲ့သည်။ အတော်အတန်လည်း ခရီးရောက်ခဲ့သည်။

ပုဇွန်တောင်မြို့နယ် ကျောင်းပေါင်းစုံပြိုင်ပွဲမှာ ကျွန်တော် ပထမရခဲ့ဖူးသည်။ တိုင်းအဆင့် ပြိုင်ပွဲမှာတော့ ကျွန်တော့်အတွက် နေရာက အတော်ပင်ကျဉ်းခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ပန်းချီအပေါ် စွဲလမ်းမှုက ယခုတိုင် နုပျိုဆဲပင် ရှိနေသည်။ ကလေးဘဝကကြီးလာရင် ပန်းချီဆရာတစ်ယောက် ဖြစ်ချင်ခဲ့ပေမယ့် တကယ်တမ်းကျတော့ ဂီတသမားတစ်ယောက် ဖြစ်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် အနုပညာကိုဖန်တီးရတာချင်း အတူတူပင် ဖြစ်တယ်လို့ ကျွန်တော်ယူဆထားသည်။ ဂီတသမားဖြစ်လာဖို့အကြောင်း ပါလာတဲ့ ကျွန်တော့်အစောပိုင်း ပုံရိပ်တွေကတော့ အတော်ပင် မှုန်မှုန်ဝါးဝါး ရှိခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော် ၈တန်း၊ ၉တန်း ကျောင်းသားဘဝမှာ ဂစ်တာကို စကိုင်ခဲ့သည်။ အဲဒီအချိန်က ဂစ်တာဆိုတာ လမ်းပေါ်မှာ မူးရူးနေတဲ့ လမ်းသရဲတွေအလုပ်လို့ ယူဆထားကြပေမယ့် ဒီအချိန်မှာတော့ ဒီယူဆချက်တွေက ခပ်ပါးပါးသာ ကျန်ရှိတော့သည်။ ဂီတကိုမြတ်နိုးတဲ့ ကျွန်တော် ဂစ်တာသမားဖြစ်ချင်တဲ့ ကျွန်တော့်အတွက် ဂစ်တာဆိုတာ မရှိမဖြစ် ရှိနေရမယ့် အရာတစ်ခုဖြစ်သည်။ ဒါပေမယ့် ကိုယ်ပိုင်ဂစ်တာတစ်လုံး ပိုင်ဆိုင်ရဖို့အတွက်တော့ ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရသည်။ အဲဒီအချိန်က ဂစ်တာအသစ်ဆိုတာ အတော်ပင်မြင်ရခဲသည်။ တစ်ယောက်ဆီက တစ်ယောက် ပြန်ဝယ်သုံးကြတာများသည်။

တစ်နေ့မှာ ကျွန်တော့်အိမ်ဘေးက အစ်ကိုကြီးက ဂစ်တာတစ်လုံး လိုချင်ကြောင်း ကျွန်တော့်ကိုပြောလာသည်။ ကျွန်တော်လည်း သူလိုချင်တဲ့ဈေးနဲ့ သင့်တော်မယ့် ဂစ်တာတစ်လုံးကို မရရအောင် လိုက်ဝယ်ပေးခဲ့သည်။ ဝယ်လာတဲ့ ဂစ်တာကိုလည်း ကျွန်တော့်ဆီမှာပင် ထားရမည့်အကြောင်း ဖြစ်လာသည်။ သူတို့အိမ်က လူရှုပ်တဲ့အတွက် ဒီဂစ်တာကို ကျွန်တော် ယူထားပေးရန် ပြောလာချိန်မှာ ဂစ်တာအလွန်တီးချင်တဲ့ ကျွန်တော်က ပေးလာတဲ့အခွင့်အရေးကို အပြည့်အဝအသုံးချပါတော့သည်။

ဂစ်တာလေးကို ကျွန်တော့်ရည်းစားတစ်ယောက်လို အချိန်ပြည့် နီးနီး ပွေ့ဖက်ထားမိသည်။ ကျောင်းတက်ချိန်ကလွဲပြီး ကျန်တဲ့အချိန် အတော်များများကို ဂစ်တာလေးအတွက် ကျွန်တော်ပေးအပ်ထားသည်။ ဒါပေမယ့် အချိန်တိုလေးအတွင်းမှာ ကျွန်တော့်ချစ်သူဂစ်တာလေးက ကျွန်တော့်ကိုခွဲခွာသွားသည်။ ပိုင်ရှင်အစစ် မဟုတ်တော့လည်း ကျွန်တော့်မှာ ကြေကွဲရုံကလွဲပြီး ဘာမှမတတ်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ဒီဂစ်တာလေးရှိနေတုန်းက ကျွန်တော့်အတွက်အတော်ဟန်ကျခဲ့သည်။ ဂစ်တာနဲ့ပတ်သတ်တဲ့

the bookhouse
we bring your future

မြန်မာ စာအုပ်များ



တီးခတ်နည်းစာအုပ်တွေကို ဝယ်ယူလေ့ကျင့်ဖြစ်သည်။ ဖေဖေကတော့ သူ့မျက်စိရှေ့မှာ ကျွန်တော်ရှိနေလို့လားမသိပါ။ ဂစ်တာတီးခြင်းအပေါ် ကန့်ကွက်ခြင်းလည်း မရှိခဲ့ပေမယ့်။ ကျွန်တော်တို့ရဲ့ မဟာလက်သံတွေကိုတော့ သူ့အနေနဲ့ ခံစားလို့မရဖြစ်နေသည်ကတော့ တကယ်သေချာခဲ့သည်။ မင်းတို့ဂစ်တာသံက တဖြန်းဖြန်းနဲ့ ဘာမှမထူးခြားဘူးလို့ ပြောတတ်သည်။ သူ့မယ်ဒလင်အသံနဲ့ ယှဉ်ပြီးခံစားရင်တော့ ကျွန်တော်တို့တီးတဲ့ ရစ်သမ်က သူ့အတွက် အတော်နားညည်းနေပုံရသည်။

ဒါပေမယ့် တစ်နေ့မှာတော့ ကျွန်တော်အတီးလေ့ကျင့်နေတုန်း အိပ်နေတဲ့ဖေဖေကထလာပြီး မင်းဒါတီးတာတော့ ကောင်းတယ်။ အလုံးပီပြင်တယ်။ ဒါဆိုရင်တော့ ကြိုက်တယ်လို့ ကျွန်တော့်ကိုပြောလိုက်သည်။ ဖေဖေက ကျွန်တော့်ကိုပြောလိုက်သည်။ ဖေဖေက ကျွန်တော်ကျင့်နေတဲ့ လိဒ်တီးလုံးတွေကို လူကြီးအမြင်နဲ့ အလုံးပီပြင်တယ်လို့ ပြောလိုက်ခြင်းဖြစ်သည်။ ဒီလိုအခြေအနေမျိုးမှာ ဂစ်တာလက်မဲ့ဖြစ်သွားရတော့ ကျွန်တော့်မှာအတော်ပင် နေရထိုင်ရခက်ခဲသွားသည်။

အဲဒီမှာ ကျွန်တော်ဘာဆက်လုပ်ရသလဲဆိုတော့ ချမ်းသာတဲ့ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်နဲ့ အပေးအယူလုပ်ရသည်။ သူက ဂစ်တာ တီးတတ်ချင်တယ်။ သူ့အမေက ငွေရှိတယ်။ ကျွန်တော်က ပညာရှိတယ်။ သူဂစ်တာတီးတတ်အောင် ကျွန်တော်ကသင်ပေးရမယ်။ သူတီးတတ်သွားရင် ကျွန်တော်ကအဲဒီဂစ်တာကို အပိုင်ရမယ်လို့ ညှိလိုက်ကြသည်။

ကျွန်တော်ကလည်း ကိုယ်ပိုင်ဂစ်တာလိုချင်တဲ့အတွက် သူ့ကို သင်ပေးမယ်။ ဂစ်တာအသစ်ဝယ်ဖို့ ကျွန်တော်မုန့်ဖိုးကို အသေအကြေ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



စုတောင်မှ တစ်ဝက်လောက်တော့ရမယ်။ စုလို့ရတဲ့ ပိုက်ဆံကို သူ့ကိုပေးမယ် လို့လည်း သဘောတူလိုက်ကြသည်။ အဲဒီလိုနဲ့ ကျွန်တော့်မှာရှိတဲ့ ကျွန်တော်သိထားတဲ့ အရာတွေကို မကြွင်းမကျန်သင်ပေးလိုက်သည်။ သူ့အိမ်ကို ကျွန်တော်နေ့တိုင်းသွားပြီး သင်ပေးရသည်။ တစ်ချိန်မှာ ကျွန်တော့်ကိုယ်ပိုင်ဖြစ်လာမယ့် ဂစ်တာအသစ်လေးကို တသသနဲ့ ရှိနေမိသည်။ သူကလည်း နှစ်ယောက်အတူ တွဲတီးနိုင်တဲ့ အခြေအနေသို့ ရောက်ရှိလာသည်။

မကြာခင် ဒီဂစ်တာလေးကို ကျွန်တော်ပိုင်ရမယ့် အချိန်မှာတော့ သူနဲ့ကျွန်တော် ကလေးသဘာဝ အတိုင်း စိတ်ကောက်ပြီး စကားမပြောတဲ့ အဖြစ်မျိုး ရောက်ရှိသွားသည်။ အဲဒီမှာ သူနဲ့ကျွန်တော်တို့ရဲ့ အငြင်းပွားစရာ ဂစ်တာပိုင်ဆိုင်မှု ပြဿနာက ကြီးမားတဲ့ မီးတောက်တစ်ခုလို ဖြစ်လာခဲ့သည်။

■

## ဂစ်တာတစ်လုံးတိုက်ပွဲ

ဂစ်တာတစ်လုံးအတွက် သူပိုင်ကိုယ်ပိုင် အငြင်းပွားခဲ့ရတဲ့ ဖြစ်ပျက်ပုံက ဒီအချိန်ပြန်တွေးကြည့်တော့ ဟာသဝတ္ထုတစ်အုပ်ကို ဖတ်ရသလို ရယ်စရာကောင်းလှသည်။ ကလေးဘဝမှာတော့ ကလေးအတွေး ကလေး လုပ်ရပ်များဖြင့်သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်သူငယ်ချင်းကို ဂစ်တာသင်စဉ်က တစ်ယောက်နဲ့တစ်ယောက်ကြားမှာ တိကျသေချာတဲ့ သဘောတူညီချက်တွေ ရေရေရာရာမရှိခဲ့ တာကြောင့်လည်းဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်ကြားက နားလည်မှုကို သူ့မိဘတွေကပဲ နားမလည်တာလား၊ ကျွန်တော့်သူငယ်ချင်းကပဲ မသေချာတာလား၊ ဘာမှန်းတော့ မသိခဲ့ပါ။ သေချာတာကတော့ ကျွန်တော် ပေးတဲ့ပိုက်ဆံကို သူသုံးလိုက်သည်။ ဂစ်တာဝယ်ပေးတဲ့ သူ့အမေကတော့ ဒါကိုသိချင်မှသိမည်။ သူသိတာက သူ့သားအတွက် သူဝယ်ပေးတဲ့ဂစ်တာကို သားရဲ့ဂစ်တာသာဖြစ်သည်။ ကျွန်တော်သိတာကလည်း ဒီဂစ်တာလေး အတွက် ပိုက်ဆံတစ်ဝက်၊ ပညာတစ်ဝက်ပေါင်းစပ်ထားတဲ့ ကျွန်တော် ပိုင်ဆိုင်ရမယ့်ဂစ်တာဖြစ်သည်။ ဒီလိုနဲ့ ဂစ်တာတစ်လုံး တိုက်ပွဲဝင်ခဲ့ကြသည်။

ကျွန်တော့်သူငယ်ချင်းက သူ့အိမ်နဲ့အဆင်မပြေချိန်မှာ ဂစ်တာနဲ့ အတူ ကျွန်တော်တို့အိမ်ကို ရောက်လာခဲ့သည်။ သူနဲ့ ကျွန်တော်ရန်ဖြစ်တာ မဟုတ်ပေမယ့် သဘောထားချင်း မတိုက်ဆိုင်ချိန်မှာ ကလေးသဘာဝအတိုင်း စိတ်ဆိုးစိတ်ကောက်ကြသည်။ ပြီးတော့ သူအိမ်ပြန်သွားသည်။ ပြီးတော့ သူ့အမေကျွန်တော့်အိမ်ကိုရောက်လာသည်။ အိမ်ကိုရောက်လာတဲ့ သူ့အမေက ဒီဂစ်တာလေးကို သူ့သားအတွက် ပြန်လာယူသည်။ကျွန်တော်တို့ ကလည်း သူ့အမေရောက်လာတဲ့အချိန်မှာ သူငယ်ချင်းတွေစုပြီး ဂစ်တာသုံး လုံးနဲ့ ပျော်ပျော်ရွှင်ရွှင်တီးနေတဲ့အချိန်ဖြစ်သည်။

အဲဒီမှာ မဟုတ်တာ မတရားတာမကြိုက်တဲ့ ကျွန်တော့်ဖေဖေက သူများဂစ်တာကို ကျွန်တော်ကမတရားယူထားတယ်လို့ ယူဆလိုက်သည်။ ကျွန်တော့်ဘက်က သေချာတဲ့အထောက်အထားကို ထုတ်မပြနိုင်ခဲ့ တာကြောင့်ဖြစ်သည်။ ဒါပေမယ့် ကျွန်တော်နဲ့အတူရှိနေတဲ့ သူငယ်ချင်း တွေက ကျွန်တော်တို့နှစ်ယောက်ကြားက ရှုပ်ထုပ်ကို ရှင်းပြကြသည်။ ဒီကိစ္စမှာ ကျွန်တော့်ဘက်က အမှန်ဖြစ်သည်။ မမှန်တာက သူ့အိမ်ပြန် ရောက်နေတဲ့ ကျွန်တော့်သူငယ်ချင်းလို့ ပြောကြသည်။ ဘယ်လိုပဲပြောပြော

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော့်ဖေဖေကတော့ ဥပဒေပညာကို သင်ယူလာတဲ့ သူပီပီ အထောက်အထားမခိုင်လုံတဲ့ ကျွန်တော့်ကိုသာ အပြစ်ပေးလိုက်သည်။ အရှုံးပေးရမယ့် ကျွန်တော်က ဂစ်တာပြန်ပေးလိုက်ရသည်။ ကျွန်တော့် သူငယ်ချင်းကလည်း ကျွန်တော့်အပေါ် ယုတ်မာတာမဟုတ်ပေမယ့် ကျွန်တော့်လက်ထဲရောက်နေတဲ့ ဒီဂစ်တာလေးကိုသာ ပြန်လိုချင်တယ်လို့ သူ့အမေကိုပြောလိုက်သည်။ သူ့အမေကလည်း ဂစ်တာပြန်ပေးလိုက်ပါ။ ကျွန်တော်ပေးတဲ့ ပိုက်ဆံကိုလည်း တစ်ရက်၊ နှစ်ရက်နေရင်လာပေးမယ်လို့ ပြောသွားသည်။

ဒီလိုအခြေအနေက ကျွန်တော့်ချစ်သူတစ်ယောက်ကို အခြားတစ်ယောက်ကလာပြီး လုသွားသလိုမျိုး ကျွန်တော်ခံစားလိုက်ရသည်။ ဘယ်အရာမဆိုစောင့် ရတဲ့သူအတွက်အချိန်တွေက ကြာလွန်းလှသည်။ နာရီ၊ စက္ကန့်၊ မိနစ်၊ နေ့၊ ရက်၊ အချိန်တိုင်းအတွက် ကျွန်တော်တို့မှာ မျှော်တလင့်လင့်ဖြစ်နေခဲ့သည်။ တစ်ပတ်ကျော်လာတော့ ကျွန်တော်တို့ရဲ့ သည်းခံပြီးစောင့်ခဲ့ရတဲ့ စိတ်တွေကပရမ်းပတာ ပေါက်ကွဲလွင့်စဉ်ခဲ့ရသည်။

ဖေဖေကတော့ လူကြီးတစ်ယောက်အနေနဲ့ ဖြည့်ပြီးစဉ်းစားပေးနိုင်ပေမယ့် ကျွန်တော့်တို့ ကလေးတွေအတွက် ဒါဟာမဟာပေါက်ကွဲမှုကြီးကို ဖြစ်စေတဲ့အကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့သည်။ ကျွန်တော်တို့ လှည့်စားခံရတယ်လို့ ယူဆလိုက်ကြသည်။ ဂစ်တာတစ်လုံးအတွက် တိုက်ပွဲဝင်ရမယ်။ တိုက်ကိုတိုက်ရမယ်လို့ ဆုံးဖြတ်လိုက်ကြသည်။ ဒီစစ်ဆင်ရေးကို ကျွန်တော်ကပဲ ဦးဆောင်ကာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲလိုက်သည်။ ကျွန်တော်တို့ အုပ်စုထဲကတစ်ယောက်ကို ဂစ်တာပြန်ယူသွားတဲ့ ကျွန်တော့်သူငယ်ချင်းဆီကို သူလျှိုအဖြစ်လွှတ်လိုက်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော်လွှတ်လိုက်တဲ့ သူငယ်ချင်းကလည်း သူ့တာဝန်အတိုင်း ပီပီပြင်ပြင် လုပ်ဆောင်ခဲ့သည်။ သူ့ကိုယ်သူ ကျွန်တော်တို့အုပ်စုနဲ့ လမ်းခွဲလိုက်ကြောင်း၊ ကျွန်တော်တို့အုပ်စုကမကောင်းလို့ ကျွန်တော်တို့နဲ့ မပေါင်းတော့ကြောင်းကိုပြောပြီး ဂစ်တာပြန်ယူလိုက်တဲ့ သူငယ်ချင်းကို အယုံသွင်းပါတော့သည်။ နှစ်ရက်၊ သုံးရက်နေတော့ ကျွန်တော့်ရဲ့ထောက်လှမ်းရေးမှူးချုပ်က အစီရင်ခံစာကို ဖွင့်ပြခဲ့သည်။ ကျွန်တော်ကိုဂစ်တာပြန်မပေးတော့သလို သူ့အမေကလည်း ပိုက်ဆံလာပေးမှာမဟုတ်ကြောင်း သိလိုက်ရသည်။

ဒီလိုနဲ့ ကျွန်တော်တို့ရဲ့ဂစ်တာပြန်ယူရေး စစ်ဆင်ရေးကြီးကို မကြာမီမှာပဲ စတင်လိုက်သည်။ နေရာ၊ အချိန်၊ ကိုယ်လုပ်ရမယ့်တာဝန်တွေကို သေချာညှိလိုက်ကြသည်။ ကျွန်တော့်သူငယ်ချင်း သူလျှိုကလည်း ဒီစစ်ဆင်ရေးမှာ အဓိကကျတဲ့နေရာက ပါဝင်ရမည့်သူဖြစ်သည်။ ဂစ်တာပြန်သိမ်းထားတဲ့ သူငယ်ချင်းအိမ်ကို သတ်မှတ်ထားတဲ့အချိန်မရောက်မီ အရောက်သွားပြီး ကျွန်တော်တို့အုပ်စု အိမ်ရှေ့ကဖြတ်ပြီးချိန်မှာ သူအယုံသွင်းထားတဲ့ ကျွန်တော့်သူငယ်ချင်းကို တစ်ပတ်ရိုက်ပြီး ဂစ်တာကိုတစ်ခါတည်း ယူလာဖို့ဖြစ်သည်။ ကျွန်တော်တို့ခေါင်းထဲမှာ ဂစ်တာကိုပြန်ရဖို့ သာရှိပြီး တခြားဘာကိုမှ မတွေးထားပါ။ ကိုယ်လုပ်တာကိုယ်မှန်တယ်လို့ ယူဆခဲ့ကြသည်။

ကျွန်တော်တို့ရဲ့စစ်ဆင်ရေးကတော့ အထစ်အငေါ့မရှိ အောင်အောင်မြင်မြင် ပြီးဆုံးသွားသည်။ အဲဒီညမှာ ကျွန်တော်တို့တွေ စုပြီး အောင်ပွဲခံခဲ့ကြသည်။ နောက်တစ်နေ့မှာ ကျွန်တော့်သူငယ်ချင်း အမေက ကျွန်တော်တို့အိမ်ကိုရောက်လာပြီး ဖေဖေ့ကိုတိုင်ပါတော့ သည်။ ဒီကိစ္စအပေါ် ဖေဖေက ကျွန်တော့်တို့ကိုတော်တော်ပင် ဒေါသဖြစ်ခဲ့သည်။ မင်းတို့လုပ်ရပ်က

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရာဇဝတ်မှု၊ ဒီဂစ်တာကို အိမ်ထဲကနေခိုးသွားတယ်လို့ တိုင်လိုက်ရင် မင်းတို့အားလုံး ဒုက္ခရောက်ကုန်မယ်လို့ ပြောခဲ့သည်။ ကျွန်တော်တို့ကလည်း ပိုက်ဆံလာမပေးလို့ ဒီလိုလုပ်ရကြောင်း ရဲရဲတင်းတင်းပင် ပြန်ပြောလိုက်သည်။



အဲဒီတော့မှ ကျွန်တော့်ကိုပြန်ပေးရမယ့် ဂစ်တာဖိုးကို ထုတ်ပေးပါတော့သည်။ ကျွန်တော်တို့ကလည်း ပိုက်ဆံပြန်ရပေမယ့် စွန့်စွန့်စားစား ပြန်ယူလာရတဲ့အတွက် ဒီဂစ်တာလေးကို ပြန်ပေးရချိန်မှာ တကယ့်ကို ခံစားကြရသည်။ ကျွန်တော်တို့ရဲ့ လက်နက်တွေကိုချ၊ မျက်ရည်တွေနဲ့ ဂစ်တာပြန်ပို့ခန်းကို ကခဲ့ကြရသည်။

ကျွန်တော်တို့ရဲ့အပြစ်ကို တွေ့ရတဲ့ ဖေဖေကဒီအတိုင်း လွှတ်ထားရင် အခြေအနေတွေ ဒီထက်ဆိုးလာမှာကို စိုးရိမ်ပြီး ကျွန်တော့်အတွက် ငါးသုံးလုံးဂစ်တာဆိုင်က ထင်းရှူးဂစ်တာအသစ်လေးတစ်လုံးကို ဝယ်ပေးခဲ့သည်။ ဒီဂစ်တာသစ်လေးကတော့ ကျွန်တော့်ဘဝရဲ့ ပထမဆုံး ပိုင်ဆိုင်ရတဲ့ ကိုယ်ပိုင်ဂစ်တာလေးတစ်လုံး ဖြစ်လာခဲ့သည်။ ကျွန်တော့်ဘဝရဲ့

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပထမဆုံးကိုယ်ပိုင်ဂစ်တာလေးတစ်လုံး ရရှိလာချိန်မှာ ဂီတနဲ့ပတ်သက်လို့ ကျွန်တော့်အတွက် လေ့လာစရာ သင်ယူစရာ လေ့ကျင့်စရာတွေ ပိုမိုများပြားလာခဲ့သည်။ ကျွန်တော့်ရဲ့အချိန်တွေကို ဂစ်တာနဲ့အတူကုန်လွန်စေခဲ့သည်။

အကျိုးအမြတ်အဖြစ် ၁၀တန်းစာမေးပွဲမှာ ကျရှုံးခဲ့သည်။ ကျွန်တော်မှတ်မိသေးသည်။ အောင်စာရင်းထွက်မည့်နေ့အတွက် ကျွန်တော်တို့တွေ ညလုံးပေါက် ကြိုဆိုကြသည်။ မိုးမလင်းခင် အောင်စာရင်းကပ်တဲ့ ကောင်စီရုံးမှာ သွားကြည့်ကြသည်။ ကပ်ထားတဲ့စာရွက်တွေပေါ်က ကျွန်တော့်နာမည်၊ ကျွန်တော့်ခုံနံပါတ်ကို ကြိုးစားရှာကြည့်သည်။ တစ်ခေါက်ရှာလည်း မတွေ့၊ နှစ်ခေါက်ရှာလည်းမတွေ့၊ သုံးခေါက်ရှာလည်း မတွေ့၊ ဘယ်လို ရှာရှာမတွေ့ဘဲဖြစ်နေသည်။ ဒါဆိုရင်တော့ သေချာသည်။ ကျွန်တော် ၁၀တန်းစာမေးပွဲကျတာ တကယ်သေချာသည်။

ကိုယ့်ကိုယ်ကိုယ် အရမ်းကြီး မမျှော်မှန်းပေမယ့် အောင်စာရင်းထွက်ချိန်မှာတော့ အခြားသူတွေလို အောင်စာရင်းကြည့်ပြီး ရင်လေးကော့ကာ လက်မထောင် ချင်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျရှုံးခြင်းကိုတော့ ကျွန်တော်လက်ခံ လိုက်သည်။ စာမေးပွဲကျတဲ့ ကျောင်းသားတွေရဲ့ထုံးစံအတိုင်း မျက်နှာငယ်တဲ့ပုံစံနဲ့ ကျွန်တော်အိမ်ပြန်ခဲ့သည်။

လမ်းမှာတွေ့တဲ့သူက အောင်လားလို့မေးရင်တော့ ကျတဲ့အကြောင်း ခပ်ပြုံးပြုံးလေးပင် ပြန်ဖြေခဲ့သည်။ အဲဒီအချိန်က ဟန်ဆောင်ပြုံးတာလည်း ဖြစ်နိုင်သလို တကယ်ပြုံးတာလည်း ဖြစ်ချင်ဖြစ်လိမ့်မည်။ ကျွန်တော့်ခေါင်းထဲမှာတော့ နောက်တစ်နှစ်ကျောင်းပြန်တက်ရမှာကို စိတ်မပါသလို စိတ်လေသလိုဖြစ်မိသည်။ အိမ်ရှေ့ရောက်တော့ အိမ်ပေါက်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဝမှာ ဖေဖေရယ်စောင့်နေတာကို တွေ့ရသည်။ ကျွန်တော့်မျက်နှာကိုလည်း အညှိုး ငယ်ဆုံးဖြစ်အောင်ထားလိုက်သည်။ ကျွန်တော်ထင်ထားတာက ပညာကိုတန်ဖိုးထားတဲ့ ဖေဖေက ကျွန်တော်စာမေးပွဲကျခြင်းကို ဒေါသတကြီးနဲ့ ဆူပူကြိမ်းမောင်းတော့မယ်လို့ တွက်ထားသည်။ ဒါပေမယ့် ဖေဖေရှေ့ ရောက်ချိန်မှာတော့ ကျွန်တော်ထင်ထားတာတွေက အားလုံး ပြောင်းပြန် ဖြစ်သွားသည်။

ကျွန်တော်စာမေးပွဲကျတဲ့အကြောင်း ဖေဖေ့ကိုပြောလိုက်ချိန်မှာ ဒေါသကြီးတတ်တဲ့ ဖေဖေက ကျွန်တော့်ကိုပြုံးပြပြီး နှစ်သိမ့်ပေးခဲ့သည်။ ဒီနှစ်မအောင်လည်း နောင်တစ်နှစ်အောင်အောင် ကြိုးစားပါတဲ့၊ ငါ့သားအတွက် လူသစ် စိတ်သစ်ဖြစ်အောင် ဖေဖေပံ့ပိုးပေးမယ်လို့ ပြောခဲ့သည်။

ကျွန်တော်ကျောင်းပြန်တက်တော့ လွယ်အိတ်၊ ပုဆိုး၊ အင်္ကျီ အားလုံး အားလုံးကို အသစ်ဖြစ်အောင် ဖေဖေကလုပ်ပေးခဲ့သည်။ ကျွန်တော့်ကို ဆူပူကြိမ်းမောင်းရမဲ့အစား ညင်ညင်သာသာ ကိုင်တွယ်လိုက်တဲ့ ဖေဖေရဲ့ လုပ်ရပ်အပေါ် အံ့ဩရသလို ကျွန်တော့်အပြစ်တွေအတွက် ကျွန်တော် အရမ်းခံစားလိုက်ရသည်။

အမှတ်စာရင်းထုတ်ကြည့်တော့ တစ်ဘာသာကျပြီး အောင်မှတ်အတွက် လေးငါးမှတ်သာလိုကြောင်းတွေ့ရတော့ နောက်တစ်ကြိမ် ခံစားရပြန်သည်။ ဒီအမှတ်လေးသာရလိုက်ရင် ခုချိန်မှာသူများတွေလို တက္ကသိုလ်သွားဖို့ ပြင်နေရပြီလို့ ခံစားရသည်။ ဒီလိုနဲ့ပဲ ကျွန်တော်ရဲ့ ၁၀တန်းဒုတိယနှစ်ကို ကြိုးကြိုးစားစား ဖြတ်သန်းခဲ့သည်။ ပညာဆိုတာ လူတစ်ယောက်ရဲ့ဘဝအတွက် မရှိမဖြစ် အရေးပါသောတန်ဖိုးထားရမယ့် အရာအဖြစ် တဖြည်းဖြည်း နားလည်ခဲ့ရသည်။ ဒုတိယအကြိမ် ကျောင်းပြန်

the bookhouse
we bring your future

မြန်မာ စာအုပ်များ




တက်ရတယ်ဆိုပေမယ့် သင်ယူရတဲ့စာတွေက အားလုံးလိုလိုအသစ်တွေ ဖြစ်နေသည်။ စနစ်သစ်မှာ ပြဋ္ဌာန်းစာအုပ်တွေက အားလုံးနီးပါး အင်္ဂလိပ်လိုပင်ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီတစ်ကြိမ်မှာ အောင်အောင်မြင်မြင် ဖြစ်လာဖို့ ကျွန်တော်ဆုံးဖြတ်ထားသည်။

လိုအပ်မယ်ထင်တဲ့ ဘာသာရပ်တွေအတွက်လည်း အပြင်မှာ ကျူရှင်ယူပြီး သေချာလုပ်ခဲ့သည်။ ကျူရှင်တက်တယ်ဆိုပေမယ့် တစ်ခါတစ်ခါမှာ ကျူရှင်လခပေးဖို့ အခက်အခဲတွေလဲရှိခဲ့သည်။ ဒါပေမယ့် သင်္ချာဆရာဦးမင်းဇော်က ကျွန်တော့်အပေါ် အတော်ပင်နားလည်ပေးခဲ့သည်။ ပေးဖို့လခမရှိလည်း သူ့ဆီမှာဆက်တက်ဖို့သာ အားပေးခဲ့သည်။

ကျွန်တော်ဘက်ကလည်း ဆရာထားတဲ့ စေတနာအပေါ် ကြိုးစားမှုနဲ့ တုန့်ပြန်ခဲ့သည်။ ရလဒ်ကတော့ စာမေးပွဲကို သက်တောင့်သက်သာ ဖြတ်သန်းနိုင်ခဲ့သည်။ တက္ကသိုလ်ကျောင်းသား ဖြစ်ချင်တဲ့စိတ်နဲ့ တစ်နှစ်လုံးလိုလို ကျောင်းစာအပေါ် အချိန်ပေးခဲ့ရတဲ့ ကျွန်တော့်မှာ ဂစ်တာနဲ့ပင် အနည်းငယ်အလှမ်းဝေးခဲ့ရသည်။ စာမေးပွဲဖြေပြီးချိန်မှာတော့ အခိုက်အတန့်ခွဲခွာခဲ့ရတဲ့ ကျွန်တော့်ဂစ်တာလေးကို ကျွန်တော့်ရင်ခွင်ထဲမှာ ပြန်လည်ထွေးပွေ့ထားလိုက်သည်။

■



the bookhouse
we bring your future

မြန်မာ စာအုပ်များ



## ဗေဒင်ပညာနှင့် ကျွန်တော့် အစ်ကို

စာမေးပွဲအောင်ဖို့ ကျွန်တော်ကြိုးစားနေချိန်မှာ ကျွန်တော့် အစ်ကိုကြီးနှင့်ပတ်သက်လို့ မှတ်မှတ်ရရဖြစ်ခဲ့ရတာကိုတော့ ကျွန်တော် ဘယ်လိုမှမေ့မရနိုင်သေးတဲ့ကိစ္စတစ်ခုဖြစ်သည်။ ဗေဒင်ပညာအပေါ် ကျွန်တော့်အနေနဲ့ အပြည့်အဝလက်ခံမထားပေမယ့် ဒီအဖြစ်အပျက်ကတော့ မယုံနိုင်စရာ ကောင်းလောက်အောင် မှန်ကန်လှသည်။ စာမေးပွဲအောင်ချင်တဲ့ ကျွန်တော် တက္ကသိုလ်ကျောင်းသားဖြစ်ချင်တဲ့ ကျွန်တော့်ကိုကြည့်ပြီး တစ်နေ့မှာ အစ်ကိုကြီးက မယုံနိုင်စရာစကားတစ်ခုကို ပြောလာသည်။

နိုင်ဇော် မင်းကိုကြည့်ရတာ အရမ်းပင်ပန်းနေသလိုပဲ စာကျက်တာကို နည်းနည်းလျှော့လိုက်ပါလား။ မင်းဒီအတိုင်းဆက်သွားနေရင် စာမေးပွဲဖြေချိန်အထိ ခံနိုင်မှာမဟုတ်ဘူးလို့ပြောလာသည်။ မင်းခုံနံပါတ် နာမည်၊ မွေးသက္ကရာဇ်တွေကို ငါတွက်ပြီးပြီ။ မင်းဒီနှစ်မှာ စာမေးပွဲ အောင်မှာလို့ ပြောခဲ့သည်။

အဲဒီမှာ ကိုယ့်ကိုယ်ကိုသာ ယုံကြည်မှုရှိတဲ့ ကျွန်တော့်အတွက် ဝေခွဲမရခက်သွားသည်။ ဒါဟာ ဘယ်လိုဖြစ်နိုင်သလဲလို့ စဉ်းစားမိသည်။ ဒါပေမယ့် ကျွန်တော့်အစ်ကိုကြီး စိတ်ချမ်းသာအောင် ကျွန်တော့်ရဲ့ လုပ်အားနှုန်းကို လျှော့ချခဲ့သည်။ အောင်စာရင်းထွက်လာတော့ သမိုင်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဂုဏ်ထူးနဲ့ ကျွန်တော်အောင်မြင်ခဲ့သည်။ ဒါဟာ ကြိုးစားမှုရဲ့ ရလဒ်အဖြစ် ကျွန်တော့်ဘဝမှာ သင်ခန်းစာတစ်ရပ် ရရှိခဲ့သည်။ စာမေးပွဲအောင်ပြီဆိုတော့ အောင်မြင်သူတို့ရဲ့ ထုံးစံအတိုင်း အပျိုး တွေက မျက်နှာအပြည့် မိုးမလင်းခင် အိမ်ပြန်ပြေးလာတော့ အိမ်ကလူကြီးတွေက အိပ်နေတုန်း အိမ်ရှေ့ကိုရောက် တံခါးကိုခေါက် အသံကျယ်ကျယ်နဲ့နိုးလိုက်သည်။

အရင်ဆုံးနိုးလာတာက အစ်ကိုကြီး ပြီးတော့ ကျွန်တော့်ကို ကြည့်ပြီး မင်းဘာမှမပြောနဲ့ဦး မင်းကို ငါပြစရာရှိတယ်လို့ပြောပြီး သူ့ဒိုင်ယာရီစာအုပ်ကိုယူလာသည်။ ဒိုင်ယာရီစာအုပ်ရဲ့ စာမျက်နှာတွေကို လှန်နေတဲ့ အစ်ကိုကြီးလက်ကိုကြည့်ပြီး ကျွန်တော်အထူးအဆန်း ဖြစ်နေသည်။ စာမျက်နှာတစ်ခုအရောက်မှာတော့ သူ့ရဲ့လက်တွေရပ်ပြီး စာအုပ်ကို ကျွန်တော့်ရှေ့ထိုးပေးလိုက်သည်။

စာမျက်နှာပေါ်မှာ ကျွန်တော့်နာမည်၊ ခုံနံပါတ်ရဲ့ဘေးမှာ ဂုဏ်ထူးနဲ့အောင်မည်ဟု ရေးသားထားသည်။ အခြားသူတွေရဲ့နာမည်နဲ့ ခုံနံပါတ်တွေကိုလည်း တွေ့ရသည်။ ဗေဒင်ပညာကို ဘယ်လိုမှသဘော မထားခဲ့ပေမယ့် ဒီလိုအချိန်မှာတော့ ကျွန်တော့်အစ်ကိုကြီးရဲ့ပညာကို လေးစားသွားသည်။ လက်ခံလိုက်ရသည်။ ငါ့အစ်ကိုလောက်တော်တဲ့ ဗေဒင်ဆရာ ဘယ်သူမှ မရှိနိုင်ဘူးလို့ပင် ကလေးအတွေးနဲ့ သတ်မှတ်ခဲ့သည်။

ဒါပေမယ့် တကယ်တွေးကြည့်လိုက်ရင် ကျွန်တော့်ဘဝ အတွက် အဆိုးအကောင်းအတော်များများကို ကျွန်တော့်အစ်ကိုကသာ ညွှန်ပြပေး ခဲ့သည်။ ကျွန်တော့်အနေနဲ့ ဗေဒင်ပညာကို လက်ခံတယ်ဆိုပေမယ့် ဒီနေ့အချိန်အထိ ဗေဒင်ဟောခန်းတွေကို သွားခဲ့တာမျိုး မလုပ်ခဲ့သလို အစ်ကိုဆီမှာလည်း လက်ဖြန့်ပြီး ဗေဒင်ဟောပေးပါလို့ ဘယ်တုန်းကမှ

the bookhouse
we enlop your future

မပြောခဲ့ဘူးတာ သေချာသည်။ ငယ်ငယ်က ကျွန်တော့်သူငယ်ချင်းတွေ အိမ်ကိုခဏခဏ လာကြသည်။ ဒါပေမယ့် သူတို့လာတာက ကျွန်တော့်ဆီ မဟုတ်ဘဲ အစ်ကိုကြီးဆီ ဖြစ်နေတတ်သည်။

ကျွန်တော် ဗေဒင်ဆရာအစ်ကိုတစ်ယောက်ကို ပိုင်ဆိုင်ထား ပေမယ့် သူတို့လောက် အစွဲအလန်းမရှိဟု ထင်မိသည်။ ကျွန်တော် သိထားတာက ဗေဒင်ဆိုတာ တစ်ခါမေးပြီးရင် အချိန်တော်ကြာကြာအထိ အကျုံးဝင်တယ်လို့ ယူဆထားသည်။

ဒါပေမယ့် ကျွန်တော့် သူငယ်ချင်းတွေကတော့ တစ်လကို လေးငါးခါမက လာမေးတတ်သည်။ အဲဒီထက်လည်း ပိုရင်ပိုတတ်သေးသည်။ တစ်ခါတစ်လေ ကျွန်တော်အိပ်ယာက မထသေးခင် သူတို့တွေ ရောက်လာ တတ်သည်။ ပြီးတော့ အစ်ကိုကြီးဆီမှာ ဗေဒင် မေးကြသည်။ သူတို့လုပ်ချင်တဲ့ အလုပ်တွေအတွက် အသေးစိတ်မေးကြခြင်း ဖြစ်သည်။ ကျွန်တော့်အစ်ကိုကြီး တွက်ချက်ပေးတာအားလုံးကိုလည်း တသွေမတိမ်း လုပ်ဆောင်တတ်ကြ သည်။ ကျွန်တော့်အစ်ကိုက သူတို့အတွက် အားထားစရာ ဖြစ်လာခဲ့သည်။ အစ်ကိုကြီးကလည်း သူတို့အတွက် လိုအပ်တာအားလုံးကို အသေးစိတ် လုပ်ပေးတတ်သည်။

အစ်ကိုကြီးဟောပေးလိုက်တဲ့လူတွေမှာ မှန်တာ၊ မှားတာ၊ တိုက်ဆိုင်တာ၊ လွဲချော်တာတွေရှိခဲ့ပေမယ့် အများစုကတော့ အဆင်ပြေ သွားကြသည်။ ကျွန်တော့်ဘဝမှာလည်း အစ်ကိုကြီး ဟောကိန်းထုတ်တဲ့ အတိုင်း မှန်ကန်ခဲ့တဲ့၊ အောင်မြင်သွားတဲ့အချက်တွေက အတော်များများ ရှိခဲ့သည်။ အစ်ကိုကြီးအနေနဲ့ ဗေဒင်ဆရာတစ်ယောက် ဖြစ်လာရတာကလည်း ဖေဖေ့ဆီက အမွေရလာတယ်လို့ ဆိုနိုင်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော့်ဖေဖေမှာလည်း ထူးခြားတာတွေရှိတယ်လို့ ကျွန်တော် ထင်မိသည်။ ကျွန်တော်ကလေးဘဝက ဖေဖေသည် ဗဟိုစာရင်းစစ်ရုံးတွင် လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သည်။ ဒါပေမယ့် ဗေဒင်ပညာကို စာအုပ်တွေအားကိုးပြီး ကျွမ်းကျင်အောင် လေ့လာသည်။ အစ်ကိုကြီးကိုလည်း တနင်္လာသား အဓိပတိဖြစ်တဲ့အတွက် အဟောအပြောမှာ အောင်မြင်နိုင်တယ်လို့ တွက်ပေးခဲ့သည်။

ကျွန်တော်မှတ်မိသလောက် အဲဒီအချိန်က ဖေဖေစုဆောင်းခဲ့တဲ့ ဗေဒင်စာအုပ် အတော်များများရှိခဲ့သည်။ ပြီးတော့ ပင်စင်ယူချိန်မှာ ဘာမျိုးဆက်မှမရှိဘဲ မယ်ဒလင်ကိုစာအုပ်တွေကြည့်ပြီး လေ့လာတီးခတ်ခဲ့သည်။ ကျွန်တော့်ဖေဖေမှာ နောက်ထပ်ထူးခြားတာက အမှန်တရားအတွက် အချက်ကျကျ တုန့်ပြန်နိုင်ခြင်းဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် အစ်ကိုကြီးကတော့ ဖေဖေ့အမွေတစ်ခုကို ရရှိခဲ့သည်။

မောင်နှမငါးယောက်ထဲမှာ အကြီးဆုံးဖြစ်တဲ့ ကျွန်တော့် အစ်ကိုက ကျွန်တော်တို့မောင်နှမတွေအားလုံးအတွက် အနစ်နာခံမှုတွေ၊ ပေးဆပ်မှုတွေ အတော်များများကိုလည်း လုပ်ဆောင်ပေးခဲ့သည်။ ဗဟို ပုံနှိပ်တိုက်မှာ ဝန်ထမ်းလုပ်ရင်း ဗေဒင်ဟောတဲ့အလုပ်ကို တစိုက်မတ်မတ် လုပ်ခဲ့သည်။ ကျွန်တော်တို့မောင်နှမတွေရဲ့ စရိတ်တွေကို အစ်ကိုကြီး တစ်ယောက်အနေနဲ့ ဖြည့်စည်းပေးခဲ့ရသည်။

ကျွန်တော် ကျောင်းသားဘဝက အစ်ကိုကြီးဗေဒင်ဟောခန်းကို အိမ်မှာဖွင့်ထားသည်။ ကျွန်တော်စာကျက်ရတဲ့ နေရာကလည်း ဗေဒင်ဟောတဲ့ နေရာမှာပင်ဖြစ်သည်။ တစ်ခါတစ်လေ အစ်ကိုကြီးမရှိတဲ့အချိန်မှာ ဗေဒင် မေးဖို့လာတဲ့ သူတွေကို ဧည့်ခံစကားပြောထားရတာကလည်း ကျွန်တော်

မြန်မာ စာအုပ်များ



ဖြစ်နေတတ်သည်။ ဒီနေ့အချိန်မှာ ဟိုတုန်းကအခြေအနေ တွေကို စဉ်းစားမိတိုင်း အမှတ်တရပုံရိပ်တွေအဖြစ် သတိရနေမိသည်။ ကျွန်တော် ကျောင်းတက် နေစဉ်က ကျောင်းစာကလွဲရင် လုပ်စရာဆိုတာ ဂစ်တာတီးတဲ့အလုပ်ပဲ ရှိခဲ့သည်။ ပိုက်ဆံရမယ့် အလုပ်ကိုမလုပ်နိုင်သေးတဲ့ ကျွန်တော့်အတွက် ဝင်ငွေဆိုတာ အိမ်ကပေးတဲ့ ကျောင်းစားရိတ်သာရှိခဲ့သည်။

ကျွန်တော့်အစ်မပျှော့ကလည်း သူတို့ကျောင်းစားရိတ်ကို ဝန်ထမ်းလခနဲ့လောက်ငှအောင် သုံးနေရသည်။ အစ်ကိုကြီးဆီမှာ ပေဒင်လာမေးကြတဲ့ ကျွန်တော့်သူငယ်ချင်းတွေကတော့ မုန့်ဖိုးများများပေးနိုင်တဲ့ မိဘတွေကို ပိုင်ဆိုင်ထားကြသည်။ အစ်ကို၊ အစ်မတွေဆီမှာ မုန့်ဖိုးထပ်တောင်းဖို့အရွယ်ရောက်လာတဲ့ ကျွန်တော့်အတွက် အခက်အခဲတွေက ရှိနေခဲ့သည်။ မိသားစုဝင်ငွေကို သူတို့အားလုံးက ကြိုးကြိုးစားစားရှာဖွေနေကြရတယ်ဆိုတာ ကျွန်တော်သိထားသည်။

ဒီလိုနဲ့ မနက်လက်ဖက်ရည်ဖိုး မရှိတဲ့ရက်တွေမှာ နေမြင့်တဲ့အထိ အိပ်နေတတ်တဲ့အကျင့်တစ်ခု ရလာခဲ့သည်။ မနက်စောစော နိုးနေရင်တောင် အိပ်ယာကမထဘဲ ၁၀ နာရီ၊ ၁၁ နာရီ လောက်အထိ ခွေနေတတ်သည်။ ထမင်းစားချိန်နီးမှ အိပ်ယာကထ၊ အိမ်မှာရှိတဲ့ ထမင်းနဲ့ဟင်းကိုစားပြီး အပြင်ထွက်သည်။ ကျွန်တော်အိပ်ယာထချိန်မှာ ကျွန်တော့်အစ်ကို၊ အစ်မတွေက အလုပ်ရှိတဲ့နေရာကို ရောက်နေကြပြီဖြစ်သည်။

အိမ်မှာ သူတို့ရှိနေရင်တောင် ကျွန်တော့်ကျောင်းစားရိတ်အတွက် ငွေရှာနေရတဲ့ သူတို့ဆီမှာ လက်ဖြန့်ပြီး ဒုက္ခပေးသလို ဖြစ်နေမယ်လို့ ကျွန်တော်ယူဆခဲ့သည်။ ဒါပေမယ့် မကြာခဏ ပေဒင်မေးတတ်တဲ့ ကျွန်တော့်သူငယ်ချင်းတွေကြောင့် လက်ဖက်ရည်ဆိုင်ကို ရောက်ရောက်သွားတတ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





မနက်စောစော အိမ်ကိုရောက်လာတတ်တဲ့ သူငယ်ချင်းတွေ အသံကို အိပ်ယာထဲကကြားလိုက်ရင် ကျွန်တော်ပျော်ခဲ့ရသည်။ သူတို့ လာတာက အစ်ကိုကြီးဆီဖြစ်ပေမယ့် ကျွန်တော့်ကိုနှိုးပြီး လက်ဖက်ရည် ဆိုင်ကိုသွားတတ်ကြသည်။ ဗေဒင်ကို ကျွန်တော့်ထက်ပိုယုံကြည်ကြတဲ့ ကျွန်တော့်အစ်ကိုကြီးကို ကျွန်တော့်ထက်ပိုယုံကြတဲ့ သူငယ်ချင်းတွေက အိမ်ကိုအလှည့်ကျ ရောက်လာတတ်သည်။

ဘယ်သူပဲလာလာ ကျွန်တော့်အတွက်တော့ အဆင်ပြေခဲ့ရသည်။ တကယ်တော့ အဲဒီအချိန်က လက်ဖက် ရည်ဆိုင် ထိုင်ချင်ခဲ့ရတာက လက်ဖက်ရည်သောက်ဖို့ထက် ကက်ဆက် နားထောင်ဖို့ဖြစ်သည်။ အဲဒီအချိန်က ကိုယ်ပိုင်ကက်ဆက်ဝယ်နိုင်ဖို့ဆိုတာ စိတ်ကူးယဉ်မှုတစ်ခုသာ ဖြစ်ခဲ့သည်။ တစ်ခါတလေ လက်ဖက်ရည်တစ်ခွက်ကို နှစ်ယောက်သောက်ပြီး ထိုင်ခဲ့ရတာမျိုးလည်း လုပ်ခဲ့ဖူးသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အတွက် ကက်ဆက်နားထောင်ဖို့က အဓိကဖြစ်ခဲ့သည်။

ဒါပေမယ့် ကျွန်တော့်မှာ အကျင့်တစ်ခုရှိသည်။ လက်ဖက်ရည်ဖိုး မရှိရင် ဘယ်သူ့ကိုမှ လက်ဖက်ရည်တိုက်ပါလို့ မပြောခြင်းဖြစ်သည်။ အဲဒီအချိန်က ကျွန်တော့်အစ်ကိုဆီ နေ့တိုင်းလိုလို ဗေဒင်လာမေးကြတဲ့ ကျွန်တော့်သူငယ်ချင်းတွေကိုလည်း အံ့သြမိသည်။ မကြာခဏ အစ်ကိုကြီးဆီ လာမေးတတ်တဲ့သူတို့ကို ကျွန်တော်ကပြန်မေးမိသည်။

မင်းတို့ ဗေဒင်မေးတာက တစ်ခါ၊ နှစ်ခါဆိုရင် မရဘူးလား။ မင်းတို့မေးချင်တာတွေ မကုန်တော့ဘူးလားလို့ မေးခဲ့မိသည်။ သူတို့လုပ်ချင်တဲ့ ကိစ္စတွေအတွက် အဝတ်အစား၊ အရောင်တွေကအစ သိချင်ကြခြင်း ဖြစ်သည်။ ကျွန်တော် ကတော့ ဗေဒင်ဆရာအစ်ကိုတစ်ယောက်နဲ့

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အတူရှိနေပေမယ့် အဲဒီလိုမျိုး မတွေးခဲ့ဘူးတာသေချာသည်။ ကျွန်တော်နားလည်ထားတာက တစ်နှစ်စာမေးပြီးရင် ဆောင်ရန်ရှောင်ရန်တွေအတိုင်း နေသွားဖို့သိထားခဲ့သည်။ ဒီနေ့အချိန်အထိလည်း ကျွန်တော့်အစ်ကိုကြီးက တစ်နှစ်တစ်ခါ ထူးခြားတာတွေကို ကျွန်တော့်အတွက် တွက်ချက်ပေးတတ်သည်။

မှတ်မှတ်ရရ ၂၀၀၀ပြည့်နှစ်လောက်ကဖြစ်သည်။ကျွန်တော့်အနေနဲ့ အဲဒီအချိန်က ဂီတလောကမှာ နာမည်မရသေးတဲ့ လူသိနည်းတဲ့ ဂစ်တာသမား ဖြစ်နေသေးသည်။ ဒါပေမယ့် အစ်ကိုကြီးကကျွန်တော့်ကိုတစ်နှစ်တည်းမှာ နိုင်ငံခြားသုံးခေါက်ရောက်လိမ့်မယ်လို့ ကြိုပြောလိုက်သည်။ ဒီလိုနဲ့ Juck Box အဖွဲ့နဲ့အတူ တာချီလိတ်ကို သွားတီးခဲ့ကြသည်။

ပြီးတော့ နယ်စပ်ကိုကျော်ပြီး ထိုင်းနိုင်ငံထဲက မယ်ဆိုင်ကိုရောက်သွားခဲ့သည်။ နောက်သုံးလလောက်အကြာမှာလည်း Lazy Club ရဲ့ ပထမဆုံး မူဆယ်ခရီးစဉ်ကို သွားဖြစ်ခဲ့ပြန်သည်။ အဲဒီမှာလည်း တရုတ်ပြည်ဘက်က ရွှေလီကို ရောက်ရှိခဲ့သည်။ အစ်ကိုကြီးပြောသလိုဖြစ်လာခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်အနေနဲ့ အဲဒီအချိန်က နိုင်ငံခြားကို လုံးဝမရောက်ဖူးသေးတဲ့လူတစ်ယောက်ဖြစ်သည်။ အဲဒီအချိန်က နိုင်ငံခြားသွားဖို့ဆိုတာကလည်း ဒီနေ့အချိန်လိုလွယ်ကူတဲ့အလုပ်မဟုတ်ဘူးဆိုတာ အားလုံးသိထားကြသည်။ တစ်နှစ်တည်းမှာ နိုင်ငံခြားသုံးခေါက်သွားရမယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်ခဲ့သည်။ ကျွန်တော့်အစ်ကိုကြီးကတော့ တစ်နှစ်တည်းသုံးခေါက်သွားဖြစ်မှာ သေချာတယ်လို့ အခိုင်အမာ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဆိုခဲ့သည်။ အမှန်တကယ်လည်း အစ်ကိုကြီးပြောသလိုဖြစ်ခဲ့သည်။ Lazy Club နဲ့အတူ စင်ကာပူမှာ သွားတီးဖြစ်ခဲ့တာက အစ်ကိုကြီးတွက်ထားသလို မှန်ကန်ခဲ့ခြင်းဖြစ်သည်။

နေရာမတူတဲ့ နိုင်ငံခြားတိုင်းပြည်မြေပေါ်ကို သုံးခေါက်တိတိ ကျွန်တော်နင်းဖြစ်ခဲ့သည်။ ကျွန်တော့်အစ်ကိုကြီးကို ကျွန်တော်ယုံတယ်လို့ မပြောချင်သလို တခြားလူတွေကိုလည်း ယုံပါလို့ မတိုက်တွန်းချင်ပေမယ့် ကျွန်တော့်ဘဝမှာ သူပြောတဲ့အတိုင်းမှန်ခဲ့တဲ့ အကြောင်းအရာတွေက အတော်လေးများခဲ့သည်။ ကျွန်တော်တက္ကသိုလ်နောက်ဆုံးနှစ်မှာ ရည်းစားတစ်ယောက်ရလိမ့်မယ်လို့ နှစ်စကပင် ကြိုပြောခဲ့သည်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း မဖြစ်နိုင်ဘူးလို့ ပြောခဲ့မိသည်။ ဒါပေမယ့် လက်တွေ့မှာ တကယ်ဖြစ်ခဲ့ရသည်။

ပြီးတော့ ကျွန်တော်အိမ်ထောင်ကျမယ့် အချိန်ကိုလည်း ကြိုပြောခဲ့သည်။ ကျွန်တော့်သားလေးမွေးလာတော့လည်း ပါးချိုင့်ပါလိမ့်မယ်လို့ ပြောခဲ့သည်။ ကလေးကိုမမြင်ရသေးခင် ပြောလာတဲ့ စကားကြောင့် အစ်ကိုကြီးကို နည်းနည်းလွန်သွားပြီလို့ ကျွန်တော်ထင်ခဲ့မိသည်။ ကျွန်တော်တို့ဇနီးမောင်နှံမှာ ဘယ်သူမှ ပါးချိုင့်မရှိတဲ့အတွက် ဒါဟာမဖြစ်နိုင်တဲ့ကိစ္စလို့ ထင်မိခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် လေးငါးခြောက်ရက်လောက်မှာ ပါးချိုင့်လေးက ကလေးပါးတစ်ဘက်မှာ ပေါ်လာခဲ့သည်။

ဗေဒင်ပညာနဲ့ပတ်သက်လို့ ကျွန်တော်မသိနိုင်တာတွေ ရှိနေတယ်ဆိုတာ သိလိုက်ရသည်။ ကျွန်တော့်အစ်ကိုကြီးရဲ့ပညာကိုလည်း တကယ်လေးစားသွားသည်။ ကျွန်တော်မသိနိုင်တာတွေကို သူက

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကြိုးသိနေခြင်းကြောင့်ဖြစ်သည်။ ကျွန်တော့်အစ်ကိုအရင်းဖြစ်နေလို့ တခြားသူတွေကို ယုံပါလို့မပြောချင်ပေမယ့် ကျွန်တော့်ကိုယ်တွေ့အရ အမှန်တွေကို ကျွန်တော့်ဘဝမှာ ကြုံတွေ့ခဲ့ရသည်။ နောက်ထပ်တွေ့ကြုံရမယ့် အရာတွေကိုလည်း ကျွန်တော့်အစ်ကိုကြီးက အမှန်အတိုင်း ချပြပေးဦးမယ် ဆိုတာကိုလည်း ကျွန်တော်တွေးနေမိသည်။

■

## ပထမဘဝစာမျက်နှာ

ဆယ်တန်းစာမေးပွဲကို ဒုတိယအကြိမ်ဖြေဆိုပြီးတဲ့အချိန်ထိ ဂစ်တာနဲ့ပတ်သက်လို့ စနစ်တကျသင်ပြပေးမယ့်ဆရာဆိုတာ ကျွန်တော့်မှာ မရှိသေးဘဲဖြစ်နေသည်။ ကျောင်းကဘင်ခရာအဖွဲ့မှာ သင်ခဲ့ရတဲ့နှုတ်အခြေခံ တွေနဲ့သာ ကိုယ့်အားကိုယ်ကိုးပြီး လေ့လာနေခြင်းဖြစ်သည်။ နည်းစနစ်ကျကျ မသိပေမယ့် ဂစ်တာအပေါ်မှာ ကျွန်တော့်လက်တွေကတော့ သွားချင်သလို သွားနေနိုင်သည်။

ဒီလိုနဲ့ပဲ ၈၆ နွေရာသီအပူရှိန်က တဖြည်းဖြည်းမြင့်တက် လာသည်။ ပြီးတော့ နွေနဲ့အတူတွဲပြီး သင်္ကြန်သင်္ကေတတွေက တဖြည်းဖြည်း အရောင်ရင့်လာသည်။ တစ်ရက်မှာတော့ ကျောက်မြောင်းက ကျွန်တော့် သူငယ်ချင်းတစ်ယောက်က သယ်န်းကျွန်းကထွက်တဲ့ ပြည်တော်ဝန်သင်္ကြန်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကားမှာ လိုက်တီးမလားလို့ မေးလာသည်။ အီလက်ထရောနစ်ဂစ်တာကို မကိုင်ဖူးတဲ့ကျွန်တော် မတီးဖူးတဲ့ကျွန်တော့်အတွက် မဟာအခွင့်အရေး ဖြစ်လာသည်။

အဲဒီမှာ ကျွန်တော့်ဘဝရဲ့ပထမဆုံးဆရာဖြစ်လာတဲ့ ဆရာ ခိုင်ကျော်ကို စတင်ရင်းနှီးခွင့်ရခဲ့သည်။ ကျွန်တော်ကလိဒ်ဂစ်တာတီး ကျွန်တော့်သူငယ်ချင်းက ဘေ့စ်တီးပြီး သူကတော့ ဒရမ်တီးခဲ့သည်။ သင်္ကြန်ကားအတွက် သီချင်းတွေတိုက်၊ အတူစား၊ အတူအိပ်နဲ့ အချိန်တို လေးအတွင်းမှာ ကျွန်တော်နှင့်သူ အတော်ရင်းနှီးသွားသည်။

ကျွန်တော် တီးတာကိုကြည့်ပြီး မင်းလက်ကမဆိုးဘူး။ ဒါပေမယ့် မင်းတီးတာက ဂစ်တာကို မယ်ဒလင်လိုတီးနေတဲ့အတွက် ဂစ်တာအရသာ မပေါ်သေးဘူး။ မင်းကိုစနစ်တကျလေ့ကျင့်ပေးရင် ဂစ်တာသမားတစ်ယောက် ဖြစ်လာ နိုင်တယ်လို့ ပြောခဲ့သည်။ သင်္ကြန်ပြီးတော့ သူ့အိမ်ကိုသွားပြီး ကျွန်တော် လိုချင်တာတွေ မသိတာတွေကို စပြီးသင်ယူဖြစ်သည်။

ဒီလိုအချိန်အထိ ဘာအလုပ်မကိုင်မှမရှိ။ ဝင်ငွေကလည်း အိမ်က ပေးတဲ့ မုန့်ဖိုးလောက်သာရှိခဲ့သည်။ ဒီတော့ ကျောက်မြောင်းကိုသွားရတဲ့ နေ့စဉ်ခရီးကို ပညာလိုချင်စိတ်နဲ့ အပင်ပန်းခံခဲ့ရသည်။ နံနက်အိမ်က ထွက် လမ်းလျှောက် ထမင်းစာချိန် အိမ်ပြန်လမ်းလျှောက်၊ ညနေပြန်ရင် လမ်းလျှောက် ဘတ်စ်ကားကိုတော့ တစ်နေ့တစ်ချိန်သာ စီးနိုင်ခဲ့သည်။

တစ်ခါတရံ ဆရာတိုက်တဲ့ လက်ဖက်ရည်ကို လိုက်သောက်ခဲ့ပြီး တစ်ခါ တစ်လေမှာတော့ ရှားရှားပါးပါး ကျွန်တော့်မုန့်ဖိုးလေးနဲ့ ဆရာ့ကို ပြန်တိုက်ဖြစ်ခဲ့သည်။ သေချာတာကတော့ သူ့ဆီကသာ ကျွန်တော် သောက်ခဲ့တာများပြီး ကျွန်တော်ကတော့ ပြန်မတိုက်နိုင်ခဲ့တာ များခဲ့သည်။



the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဆရာတပည့်လို၊ သားအဖလို၊ ညီအစ်ကိုလို၊ ဆက်ဆံရေးမျိုး ရှိခဲ့ကြသည်။ ကျွန်တော့်ရဲ့နေ့စဉ်အခက်အခဲတွေကို ကျွန်တော့်ဖေဖေနဲ့မောင်နှမတွေက သေချာမသိခဲ့ကြပါ။ ကျွန်တော့်ဘက်ကလည်း ဘာမှအသိပေး ထားတာမရှိခဲ့ဘဲ ကိုယ့်အခက်အခဲကို ကိုယ့်ဖာသာ ဖြေရှင်းခဲ့ရသည်။ အခက်အခဲတွေ ဘယ်လိုရှိရှိ ကျွန်တော်လိုချင်တဲ့အရာအတွက် အပင်ပန်းခံရပေမယ့် ကျွန်တော်ကျေနပ်သည်။ ဒါဟာ ဘဝဘဲဆိုတာ ကျွန်တော်ပိုပြီး သဘောပေါက်ခဲ့ရသည်။

အချိန်တွေက တရွေ့ရွေ့သွားနေသလို ကျွန်တော်ဘဝကလည်း တဖြည်းဖြည်း ရွေ့တိုးလာသည်။ အလုပ်အကိုင် မည်မည်ရရမရှိတဲ့ ကျွန်တော့်ရဲ့နေ့စဉ်ဘဝမှာ မထင်မှတ်ထားတဲ့ အကြောင်းအရာက ရုတ်တရက် ရောက်ရှိလာသည်။ လူငယ်တွေရဲ့ထုံးစံအတိုင်း အချိန်အားတိုင်း အပြင်



the bookhouse
we bring your future

မြန်မာ စာအုပ်များ



ထွက်တဲ့အထဲမှာ ကျွန်တော်လည်းပါဝင်ခဲ့သည်။ ညနေတိုင်းလိုလို ကျွန်တော်တို့သူငယ်ချင်းတွေစုပြီး အပြင်ထွက်တတ်ကြသည်။ ကျွန်တော် အပြင်သွားခါနီး ဖေဖေ့ကိုအသိပေးကာ သူငယ်ချင်းတွေနဲ့ မြို့ထဲဘက်ကို ထွက်လာခဲ့သည်။ ဟိုသွားဒီသွား ဟိုပြော ဒီပြောနဲ့ အချိန်တွေကို သုံးပစ်လိုက်သည်။ ပြီးတော့ အိမ်ပြန်ကြသည်။

အိမ်ရှေ့ကိုရောက်ခါနီး အိမ်မှာလူတွေများနေတာကို လှမ်းတွေ့ လိုက် သည်။ သိချင်ဇောနဲ့ အိမ်ကိုပြေးသည်။ အိမ်ပေါ်ရောက်တော့ ဖေဖေကို ဝိုင်းပြီး ပြုစုနေတာတွေ့သည်။ ကျွန်တော့်အစ်မတွေက မိန်းကလေးတွေပီပီ မျက်ရည်တွေကြားမှာ နစ်မြုပ်နေသည်။ ဒီလိုနဲ့ပဲ ကျွန်တော်တို့ မောင်နှမ တွေကို ဖေဖေအပြီးတိုင် နှုတ်ဆက်ထွက်ခွာသွားချိန်မှာတော့ ကျွန်တော့် ဘဝကလည်း မထင်မှတ်တဲ့ အချိုးအကွေ့ထဲကို ရောက်ရှိသွားခဲ့ရသည်။ ဖေဖေမရှိတော့တဲ့နောက် ကျွန်တော့်ဘဝက အချိုးအကွေ့ကြီးတစ်ခုကို ရုတ်တရက် လက်ခံလိုက်ရသလိုဖြစ်ခဲ့ရသည်။

ကျွန်တော့်အတွက် အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှုတွေ ပြန်မတွေ့ နိုင်တော့တဲ့ ဖေဖေ့ရဲ့ရုပ်ပုံလွှာ နောက်ထပ်မရနိုင်တော့တဲ့ ဖေဖေရဲ့ ချစ်ခြင်းမေတ္တာတွေကို လက်မခံချင်ပေမယ့် လက်ခံလိုက်သည်။ မိဘမဲ့ လူသားတစ်ယောက်ရဲ့အဖြစ်ကို ကိုယ်တိုင်ကြုံတွေ့ချိန်မှာတော့ ဝမ်း နည်းအားငယ်မှုက ဟန်မဆောင်နိုင်လောက်အောင် ပြုဆင်းခဲ့ရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အကိုအစ်မတွေက ကျွန်တော့် ဘဝအတွက် အကောင်းဆုံးဖြစ်အောင် ကူညီဖေးမပေးခဲ့ကြသည်။ ကျွန်တော် တို့မောင်နှမတွေကကြားမှာ ဘဝကပေးလာတဲ့ အခြေအနေတွေပေါ်မှာ အနစ်နာခံမှု ယုံကြည်မှုတွေကို တည်ဆောက်နိုင်ခဲ့ကြသည်။



the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဖေဖေမဆုံးခင်က ကျွန်တော့်အကိုအစ်မတွေကို ကျွန်တော် လျှောက်လှမ်းရမယ့် ကြိုတင်ညွှန်ပြပေးခဲ့သည်။ နိုင်ဇော်ကို မဖြစ်မနေ တက္ကသိုလ်တက်နိုင်အောင်လုပ်ပေးပါ။ တက္ကသိုလ်ရောက်မှ သူဖြစ်ချင်တဲ့ ဂစ်တာသမားဘဝကို ရောက်နိုင်မယ်။ သူလုပ်ချင်တဲ့ အနုပညာကို လုပ်နိုင် လိမ့်မယ်။ အပြင်ထွက်ပြီး အလုပ်လုပ်ရင် အလုပ်သမားပဲ ဖြစ်သွားမယ် လို့ပြောခဲ့သည်။ ကျွန်တော့်အကိုနဲ့အစ်မတွေကလည်း ဖေဖေမှာခဲ့တဲ့ စကားအတိုင်း အငယ်ဆုံးဖြစ်တဲ့ကျွန်တော့်ကို ချို့တဲ့တဲ့ကြားကပင် တက္ကသိုလ် တက်ခိုင်းခဲ့ကြသည်။

ဒီလိုနဲ့ အာစီတူးလို့သိကြတဲ့ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)ကို ကျွန်တော်ခြေချနိုင်ခဲ့သည်။ တက္ကသိုလ်မြေကို ခြေချနိုင်တယ်ဆိုပေမယ့် ကျွန်တော့်ဘဝကတော့ အခြားကျောင်းသားတွေလို တောက်ပမှုမရှိခဲ့တာ သေချာလှသည်။ ကျွန်တော့်ဘဝရဲ့အစောပိုင်း တက္ကသိုလ်ကျောင်းသား နေ့ရက်တွေကတော့ အတော်ပင် အရောင်မှိန်ခဲ့သည်။

အရောင်တွေစုံလှတဲ့ တက္ကသိုလ်နယ်မြေမှာ ကျွန်တော်ကတော့ ခပ်လှမ်းလှမ်းထောင့်လေးက အစက်အပျောက်လေးတစ်ခုအဖြစ် တည်ရှိ ခဲ့သည်။ ဒီလိုအခြေအနေတွေကို အမိတက္ကသိုလ်က နည်းလည်မှုပေးခဲ့သည်။ လူနည်းစုအတွက်သာ သတ်မှတ်ထားတဲ့ ပညာသင်ထောက်ပံ့ကြေးကို ကျွန်တော့်ကိုလည်းပေးခဲ့သည်။

ကျောင်းကပေးတဲ့ထောက်ပံ့ကြေး၊ ရပ်ကွက်ထဲမှာ ဂစ်တာ သင်တန်းပေးတဲ့ မလောက်မငှငွေလေးနဲ့ တက္ကသိုလ်ကျောင်းသားဘဝကို ကျွန်တော်စတင်ခဲ့ရသည်။ ငွေကြေးချို့တဲ့တဲ့ကျောင်းသား တွေရဲ့ ထုံးစံအတိုင်း သူငယ်ချင်းတွေဆိုတာလည်း ချို့တဲ့ခဲ့သည်။ ကျွန်တော့်ရဲ့ဂစ်တာသမား

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဖြစ်ချင်တဲ့ဆန္ဒကြောင့်သာ တက္ကသိုလ်ကို မရောက်ရောက်အောင် လှမ်းခဲ့ပေမယ့် လက်တွေ့အခြေအနေကတော့ ခပ်ဝေးဝေးကိုထွက်ပြေးချင်လောက်အောင် ဖြစ်ခဲ့ရသည်။

ဒီလိုနဲ့ပဲ အတန်းထဲမှာ မထင်မှတ်တဲ့ သူငယ်ချင်းတစ်ယောက်ကို ရရှိခဲ့သည်။ ထူးခြားစွာပင် သူကလည်း ကျွန်တော်တို့ ပုဇွန်တောင်ရေကျော်ကပင်ဖြစ်သည်။ ငယ်ငယ်ကမသိခဲ့ပေမယ့် ဒီလိုအခြေအနေမှာတော့ အလွယ်တကူပင် သူငယ်ချင်းဖြစ်ခဲ့ကြသည်။ သူငယ်ချင်းဆိုပေမယ့် သွားတာလာတာ စားတာသောက်တာ အားလုံးလိုလိုသူကပင် အကုန်ခံခဲ့သည်။ ပြီးတော့ သူ့အဖေရဲ့ဆောက်လုပ်ရေးလုပ်ငန်းမှာ စတိုထိန်းစာရင်းကိုင်အဖြစ်လုပ်နိုင်အောင် ကူညီပေးခဲ့သည်။

ဖေဖေမရှိတော့တဲ့နောက်ပိုင်း အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နိုင်အောင်ရည်ရွယ်ခဲ့တဲ့ ကျွန်တော့်အတွက် အခွင့်အရေးတစ်ရပ်ဖြစ်လာခဲ့သည်။ မနက်ကျောင်းရှိရင် ညနေအလုပ်သွား၊ ညနေကျောင်းရှိရင် မနက်အလုပ်ဝင်ခဲ့ရသည်။ *ကျောင်းသားတစ်ပိုင်း အလုပ်သမားတစ်ပိုင်းအဖြစ်* ဘဝကိုခပ်ကြမ်းကြမ်းဖြတ်သန်းနေပေမယ့် ဂစ်တာသမားဖြစ်ချင်တဲ့ ကျွန်တော့်ရည်ရွယ်ချက်ကိုတော့ ပျောက်မသွားအောင် ဆုပ်ကိုင်ထားခဲ့သည်။

အော်သံ၊ ဟစ်သံ၊ တူထုသံတွေကြားမှာ ကျောင်းစာကိုကျက်ခဲ့ရသလို အုတ်၊ သဲ၊ မဆလာသယ်တဲ့ ပုံရိပ်တွေကြားမှာလည်း ဂစ်တာကို စွဲစွဲမြဲမြဲ တီးခတ်ပစ်ခဲ့သည်။ အုတ်ကျိုးပုံ၊ ဆောက်လက်စတိုက်ခေါင်မိုးတွေက ကျွန်တော့်ရဲ့လေ့ကျင့်ကွင်းတွေ ဖြစ်ခဲ့သည်။ ဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော်အလုပ်ကို ခပ်စောစောသွားခဲ့သည်။ ကျွန်တော်ရောက်ပြီးမကြာခင်မှာ ကျွန်တော့်ဆရာခိုင်ကျော် နဲ့ပတ်သက်ပြီး

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရင်းနှီးခဲ့ရတဲ့လက်တွဲခဲ့ဖူးတဲ့ ကိုတော်မီကျော်နိုင် ရောက်လာသည်။ အဲဒီအချိန်မှာ နှင်းတွေမကွဲသေးတာတော့ သတိပြုမိခဲ့သည်။ ကိုတော်မီက တောင်ငူမှာ လွတ်လပ်ရေးနေ့အတွက် ပွဲကြီးတစ်ပွဲသွားတီးစရာရှိကြောင်း သူတို့ဝိုင်းမှာတီးနေကြသူက အကြောင်းကြောင်းကြောင့် မလိုက်ဖြစ်တော့ ကြောင်းဖြစ်နိုင်ရင် မင်းလိုက်တီးမလားလို့ မေးလာသည်။ သူ့စကားကို ကြားကြားချင်း ကျွန်တော်အရမ်းပျော်သွားသည်။

ရပ်ကွက်ထဲ စတိတ်ရှိုးမှာတီးနေကြဆိုပေမယ့် ဒီလိုပွဲမျိုးကိုတော့ ဘယ်လိုမှမျှော်လင့်မထားမိခဲ့၊ ဒါဟာငါ့အတွက် အခွင့်အရေးဆိုတာ သိလိုက်သည်။ ဘဝရပ်တည်မှုအတွက် အလုပ်ကတစ်ဖက် ဂစ်တာတီးချင်တဲ့ စိတ်နှစ်ခုကြားမှာ အနည်းငယ်တော့ တွေဝေသွားခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ရလာတဲ့အခွင့်အရေးကို အမိအရဆုပ်ကိုင် လိုက်သည်။ ကျွန်တော်ယုံကြည် စိတ်ချတဲ့အလုပ်ထဲက လူတစ်ယောက်ကို မှာစရာရှိတာမှာ နိုင်ဇော်ကတော့ ဂစ်တာတီးချင်လွန်းလို့ တောင်ငူကို လိုက်သွားကြောင်း အလုပ်ရှင်ကိုပြောပေးဖို့မှာခဲ့ပြီး ကိုတော်မီခေါ်ရာကို ချက်ချင်းလိုက်သွားခဲ့သည်။

ကိုတော်မီကလည်း ကျွန်တော့်ကို ဖေးဖေးမမနဲ့လက်တွဲ ခေါ်သွားသည်။ စင်ပေါ်မှာ အားလုံးအပေးအယူမျှစွာ ဖျော်ဖြေနိုင်ခဲ့သည်။ ဒီပွဲကို အဲဒီအချိန်က နာမည်ကြီးအဆိုတော်တွေဖြစ်တဲ့ ခိုင်ထူး၊ စိုးသူ၊ ရန်အောင်စသဖြင့် အားလုံး ၁၅ယောက် အယောက်၂၀လောက် သီဆို ခဲ့ကြသည်။ လက်စွမ်းပြချင်တဲ့ကျွန်တော်ကလည်း ကြိုးကြိုးစားစား လုပ်ပြ ခဲ့သည်။ အကျိုးဆက်အနေနဲ့ နာမည်ရအဆိုတော်တွေက ကျွန်တော်အပေါ် အသိအမှတ်ပြုခဲ့ကြသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အနုပညာနဲ့ပတ်သက်လို့ သတ်သတ်မှတ်မှတ်ငွေကြေးကို မရပေမယ့် ကျွန်တော်အလွန်ပျော်ခဲ့တာကတော့ သေချာသည်။ ဒီလို ပရော်ဖက်ရှင်နယ်တွေကြားမှာ ဝင်ဆံ့နိုင်ဖို့ ကျွန်တော့်ကိုပထမဆုံး ပွဲထုတ်ခဲ့တဲ့ ကိုတော်မီကျေးဇူးကိုတော့ ဒီနေ့အချိန်အထိ မမေ့နိုင်သေးဘဲ ရှိနေသည်။ ကောင်းကင်ဘုံမှာရှိရှိ သူ့ကျေးဇူးကို ကျွန်တော်မမေ့သေးကြောင်း သူသိစေချင်သည်။

တောင်ငူကနေ ရန်ကုန်ပြန်ရောက်ရောက်ချင်း အလုပ်ထဲကို ကျွန်တော်တန်းသွားသည်။ စိတ်ထဲမှာလည်း ငါ့ကိုတော့အလုပ်ရှင်က အပြစ်တင်တော့မယ်လို့ စိုးရိမ်နေမိသည်။ ဆိုက်ဒ်ထဲကိုရောက်သွားတော့ အလုပ်သမားတွေကိုညွှန်ကြားနေတဲ့ ကျွန်တော့်အလုပ်ရှင်ကို တွေ့ရသည်။

ကျွန်တော့်ကိုမြင်တော့ နိုင်ဇော်မင်းပြန်လာပြီလား မင်းပင်ပန်း လာတဲ့အတွက် ဒီနေတော့အိမ်ပြန်နားလိုက်ပါ။ အလုပ်အပေါ်မှာ သံယော ဇဉ်ရှိတဲ့ မင်းကိုငါနားလည်တယ်။ နောက်တစ်ခါတီးဖို့ ပွဲရှိရင်လည်း သွားတီးနိုင်တယ်လို့ ပြောခဲ့သည်။ ဒီလိုနဲ့ နောက်ထပ်ရှိုးပွဲတွေကို အဆိုတော်တွေ ယုံကြည်မှုရှိတဲ့ ဂစ်တာသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဂီတနဲ့ပတ်သက်လို့ အနည်းငယ်ရပ်တည်နိုင်ခဲ့ပေမဲ့ ဘဝ ရပ်တည်မှုကတော့ တဖြည်းဖြည်းလျော့ကြလာခဲ့သည်။

ကျွန်တော်လုပ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းက အချိန်ကာလ တစ်ခုအတွင်းမှာ ရပ်နားလိုက်သည်။ ကျွန်တော်လည်းအလုပ်လက်မဲ့ဖြစ် သွားခဲ့သည်။ ၈၈-၈၉ ခုနှစ်တွေက ကျွန်တော်တို့အတွက် ခပ်ဖျော့ဖျော့ နေ့ရက်တွေအဖြစ် ကုန်လွန်သွားခဲ့သည်။ ကျွန်တော်ဒုတိယနှစ် ကျောင်းပြန် တက်ချိန်မှာ အရောင် မှိန်ခဲ့တဲ့ ကျွန်တော့်ဘဝက နောက်ထပ်အချိုးအကွေ့ တစ်ခုမှာပြန်လည် တောက်ပလာခဲ့သည်။

■

မြန်မာ စာအုပ်များ



## ဒုတိယဘဝစာမျက်နှာ

လူ့ဘဝမှာ မြင့်လိုက်၊ နိမ့်လိုက်၊ ဖြစ်တတ်တာက ဓမ္မတာဖြစ်သည်။ လူသားတစ်ယောက်ဖြစ်တဲ့ ကျွန်တော်အတွက်လည်း ဒီလှိုင်းလုံးကြားမှာ မြုပ်တစ်ချီ၊ ပေါ်တစ်လှည့်နဲ့ ကြိုးကြိုးစားစား ကူးခပ်ခဲ့ရသည်။ ပထမနှစ်ကျောင်းသားဘဝက ဆောက်လုပ်ရေးလုပ်ငန်းများမှာ ဝင်လုပ်ရင်း ကုန်လွန်သွားခဲ့သည်။ ဒီလုပ်ငန်းရပ်ဆိုင်း သွားချိန်မှာတော့ ကျွန်တော့်ဘဝရပ်တည်မှုက ငွေကြေးအနည်းငယ်သာရရှိတဲ့ ဂစ်တာသင်တန်းအပေါ်မှာသာ ရပ်တည်ခဲ့ရသည်။

လူ့ဘဝဆိုတာဘာလဲလို့ လက်တွေ့ကျကျ သိခွင့်ရရှိခဲ့သည်။ ချို့ချို့တဲ့တဲ့ ကျောင်းတက်ရတဲ့ ကျောင်းသားတစ်ယောက်အတွက် အပေါင်းအသင်းဆိုတာ မရှိသလောက်နည်းခဲ့သည်။ ပိုက်ဆံမရှိလို့ သိမ်ငယ်တဲ့စိတ်က ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ခြောက်လန့်နေတာလည်း ဖြစ်ချင်ဖြစ်မည်။ သေချာတာကတော့ ဆင်းဆင်းရဲရဲဘဝမှာ ကျောင်းက အနုပညာအသိုင်းအဝိုင်းမှာ လူမဝင်ဆံ့၊ ဘယ်သူကမှ အထင်မကြီး မရှိခဲ့တဲ့ လူမသိသူမသိ ဂစ်တာသမားတစ်ယောက်အဖြစ် ဖြတ်သန်းခဲ့ရသည်။

ဒီလိုနဲ့ ကျွန်တော့်ဆီမှာ ဂစ်တာလာသင်နေတဲ့ ဗိုလ်ချုပ်ဈေးက ညီညီက တစ်နေ့မှာ စကားတစ်ခွန်းပြောလာသည်။ ကိုနိုင်ဇော် စားသောက်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဆိုင်မှာ ဂစ်တာသမားတစ်ယောက်လိုနိုင်တယ်။ ကိုဇော်နိုင်တီးပေးနိုင်မလားလို့ မေးလာသည်။ ဂစ်တာသင်တန်းတစ်ခုတည်း ရပ်တည်နေရတဲ့ ကျွန်တော့်အတွက် ဒါဟာဘဝရပ်တည်မှုတစ်ခုဆိုတာ နားလည်လိုက်သည်။ ပြီးတော့ စားသောက်ဆိုင်မှာ ဂစ်တာတီးဖို့ ကျွန်တော်ချက်ချင်း ဆုံးဖြတ်လိုက်သည်။

ညီညီရဲ့ကျေးဇူးကြောင့် စားသောက်ဆိုင်ကို ကျွန်တော်ရောက်သွားပြီးနောက် ကျွန်တော်ရဲ့ကျောင်းသားဘဝ၊ ဂစ်တာသမားဘဝက အရောင်ပြောင်းသွားခဲ့သည်။ တစ်လကိုလခလေးထောင်ရတယ်ဆိုပေမယ့် အဲဒီအချိန်က ကျွန်တော့်လိုကျောင်းသားတစ်ယောက်အတွက် လုံလောက်တဲ့ ငွေကြေးတစ်ရပ် ဖြစ်ခဲ့သည်။ စားသောက်ဆိုင်တွေရဲ့ ထုံးစံအတိုင်း တစ်ခါတစ်ရံ လစာငွေနှင့် ညီမျှတဲ့တန်ဖိုးကို တစ်ညတည်းနဲ့လည်း ရရှိတတ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ဘဝရပ်တည်မှုက ခိုင်ခိုင်မာမာ ဖြစ်ခဲ့သည်။ တစ်နေကုန် ကျောင်းတက်၊ ညနေ ဂစ်တာသွားတီး၊ ညဘက် အိမ်ပြန်၊ မနက်ကျောင်းသွား၊ ဒီလိုနဲ့ ဘဝရပ်တည်မှု ပုံစံသစ်တစ်ခုကို စတင်လိုက်သည်။ အရင်က ခပ်မှိုင်းမှိုင်းပုံစံနဲ့ ကျောင်းတက်ခဲ့ရတဲ့ဘဝ၊ ပိုက်ဆံမရှိလို့ စိတ်ညစ်ခဲ့ရတဲ့အဖြစ်တွေကို ခပ်ဝေးဝေးသို့ ကန်ထုတ်ပစ်လိုက်သည်။

အရောင်စိုလာတဲ့ ကျွန်တော့်ပုံစံကြောင့်လား၊ သိမ်ငယ်စိတ်မရှိတော့တဲ့ ကျွန်တော့်စိတ်ကြောင့်လား၊ ဘာမှန်းတော့မသိပေမယ့် လူဝင်ဆံ့ပြီး သူငယ်ချင်းတွေ များလာခဲ့သည်။ သူငယ်ချင်းတွေကြားမှာ ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်သူအဖြစ် လက်မထောင်နိုင်ခဲ့သည်။ကျောင်းသားတစ်ပိုင်း ကြေးစားဂစ်တာသမားတစ်ပိုင်းအဖြစ် လျှောက်လှမ်းရင်း ရွှေသံစဉ်ကို

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော်ရောက်သွားသည်။ ကိုဝင်းမော်က သူတို့ဝိုင်းမှာ Second လိဒ်ဝင်တီးဖို့လာခေါ်ခဲ့ခြင်းဖြစ်သည်။ ရွှေသံစဉ် ရောက်ပြီးချိန်မှာ ကျွန်တော်ရဲ့ဂစ်တာသမားဘဝက ပီပြင်လာသည်။

အဲဒီအချိန်က နာမည်ကြီးအဆိုတော်တွေရဲ့အခွေတွေကိုတီးရင်း တကယ့် ဂစ်တာသမားတစ်ယောက် ဖြစ်လာခဲ့သည်။ ဒါပေမယ့် ကျောင်းထဲမှာတော့ ကျွန်တော်ဂစ်တာသမားဆိုတာ ကျွန်တော့်သူငယ်ချင်းတွေကလွဲပြီး အများစုကမသိကြဘဲရှိနေခဲ့သည်။ ကျွန်တော်ကိုယ်တိုင်ကလည်း တက္ကသိုလ် အသိုင်းအဝိုင်းကတစ်ဆင့် အနုပညာနယ်ထဲကို ဝင်မယ်လို့ စိတ်ကူးခဲ့ပေမယ့် တကယ့်လက်တွေ့မှာ ကျွန်တော်တွေးမထားတဲ့ပုံစံနဲ့ အနုပညာနယ်ထဲကို ခြေချနိုင်ခဲ့သည်။

ဒီလိုအခြေအနေမျိုးမှာ ကျွန်တော့်အနေနဲ့ကျောင်းက အနုပညာအသိုင်းအဝိုင်းထက် အပြင်ကပရော်ဖက်ရှင်နယ်အလုပ်ကိုသာ စိတ်ဝင်စားခဲ့သည်။ ဒါပေမယ့် အနုပညာနဲ့ပတ်သက်ပြီး တက္ကသိုလ်က အမှတ်တရ အဖြစ်အပျက်တွေကိုတော့ သတိတရ ရှိနေမိသည်။ ဥပဒေကျောင်းသားအဖြစ် ဒုတိယနှစ်ကို ကျွန်တော်တက်ရောက်နေချိန်က ဖြစ်သည်။ ဆရာကန်တော့ပွဲမှာ တီးကြဆိုကြဖို့အတွက် ကျောင်းသားတွေ ပြင်ဆင်နေချိန်ဖြစ်သည်။

အဲဒီအချိန်က ကျွန်တော်တို့မေဂျာမှာ လူသိများတဲ့တီးဝိုင်းတစ်ခုရှိသည်။ ဒရမ်ကို ဂရေဟမ်၊ ဘေ့စ်ကို အောင်အောင် (ရှော့ခ်မုဆိုး)၊ ကီးဘုတ်ကို သဉ္ဇာက အဲဗစ်ကိုကိုနဲ့ လိဒ်ကိုတော့ တစ်ခြားမေဂျာတစ်ခုက ကျောင်းသားတစ်ယောက်တီးခြင်းဖြစ်သည်။ သူတို့တွေကို ကျောင်းသားအများစုက ပလေယာတွေအဖြစ် ခပ်စောစောကပင် အသိအမှတ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပြုထားကြသည်။ ကျွန်တော့်အကြောင်းကို သိတဲ့သူငယ်ချင်းတွေကလည်း ဥပဒေမေဂျာပွဲမှာ ဥပဒေကျောင်းသားဖြစ်တဲ့ ကျွန်တော့်ကိုတီးစေချင်ကြသည်။ တိုက်တွန်းကြသည်။ ကျွန်တော်ကလည်း မခံချင်စိတ်နဲ့ သူတို့ကျေနပ်အောင် ကိုယ့်မေဂျာပွဲမှာဝင်တီးဖို့ ဆုံးဖြတ်လိုက်သည်။

ကျွန်တော်တို့ကသာ ဒီလိုဆုံးဖြတ်လိုက်ပေမယ့် ဌာနက ဆရာတွေက ကျွန်တော်ဂစ်တာတီးဖို့ ဆုံးဖြတ်ချက်ကိုမပေးနိုင်ဘဲ ဖြစ်နေသည်။ သူတို့အနေနဲ့ဆုံးဖြတ်လို့ မဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ် (ပင်မ) မှာရှိတဲ့ အနုပညာအသင်း ဥက္ကဋ္ဌ ဒုပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့ဆီကို လွှတ်လိုက်သည်။ ကျွန်တော်တို့သူငယ်ချင်းတစ်အုပ်ကလည်း ဆရာမကြီးဆီကို အင်အားအပြည့်နဲ့ ချီတက်သွားကြသည်။ ကျွန်တော်တို့ဥပဒေဌာနက ရာမညဆောင်ရဲ့ ဒုတိယထပ်မှာဖြစ်သည်။

ဆရာမကြီးအခန်းကိုရောက်တော့ အင်အားအပြည့်နဲ့ ရောက်လာတဲ့ ကျွန်တော်တို့အုပ်စုကိုကြည့်ပြီး ဆရာမကြီးကတအံ့တသြဖြစ်နေသည်။ ဘာဖြစ်လာကြတာလဲလို့ မေးလာသည်။ ကျွန်တော့်သူငယ်ချင်းတွေကလည်း အကြောင်းစုံကို ဖွင့်ချပြသည်။ ဆရာမကြီးက မင်းတို့ပြောတဲ့နိုင်ဇော်ဆိုတာ ဆရာမကြီးလည်းမသိကြောင်း သူဂစ်တာသမားဖြစ်တယ်ဆိုတာလည်း မသိကြောင်း တကယ်ဂစ်တာသမားဖြစ်တယ်ဆိုရင်တောင် ဥပဒေအရ သက်သေပြစရာရှိရမယ်လို့ ပြောလာသည်။

ကျွန်တော့်သူငယ်ချင်းတွေကလည်း ဥပဒေမေဂျာအတွက် ဥပဒေကျောင်းသားကသာ တီးသင့်တယ်လို့ပြောကြသည်။ ကျွန်တော့်ကိုလည်း မင်းတကယ်တီးတဘ်တယ်ဆိုတာ ဆရာကြီးတို့အနေနဲ့ မင်းလောက်သိနိုင်မှာ မဟုတ်ကြောင်း ဒီနှစ်ဒဲဘွက် အခြားမေဂျာကျောင်းသားကိုလည်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ခေါ်ထားပြီဖြစ်လို့ မလွယ်ကူတော့ကြောင်း တကယ်တီးချင်တယ်ဆိုရင်တောင် မင်းဆိုမယ့် သီချင်းတွေအတွက် တီးနိုင်တယ်လို့ ပြောလာသည်။

ဒါပေမယ့် သီချင်းဆိုဖို့အတွက် အသံမစစ်ရသေးတာက ပြဿနာတစ်ခု ဖြစ်လာသည်။ ဆရာမကြီးက ဥပဒေသမားတွေအတွက် ဥပဒေနှင့်အညီဖြစ်အောင် လုပ်ဆောင်ခဲ့သည်။ ဥပဒေဆိုတာ စာအုပ်ထဲမှာသာ ရှိနေရမယ့်အရာမဟုတ်ကြောင်း သက်သေပြခဲ့သည်။ တခြားကျောင်းသားတွေနဲ့တစ်ပြေးညီဖြစ်အောင် ဆရာမကြီးကိုယ်တိုင် ကျွန်တော်သီချင်းဆိုဖို့အတွက် စစ်ဆေးခဲ့သည်။ သာမန်ကျောင်းသားတွေအတွက် လူအများရှေ့မှာ သီချင်းဆိုဖို့ အခက်အခဲရှိ နိုင်ပေမယ့် ကျွန်တော့်အတွက်က အလုပ်သဘောမျှသာ ဖြစ်နေသည်။ အားလုံးရှေ့မှာ အရှက်အကြောက်မရှိတဲ့ပုံစံနဲ့ ဂစ်တာမပါခုံကိုခေါက်ပြီး အသံကုန်ဟစ်ပစ်လိုက်သည်။ ကျွန်တော့်ပုံစံကိုကြည့်ပြီး ဆရာမကြီးက မီးစိမ်းပြလိုက်သည်။




the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဒီလိုနဲ့ ဆရာမကြီးခွင့်ပြုချက်အရ နောက်တစ်နေ့မှာ သီချင်းတိုက်ဖို့ ကျွန်တော်ရောက်သွားသည်။ ဒါပေမယ့် အဲဒီအချိန်က ကျွန်တော့်အကြောင်းကို ကြားထားတဲ့ အောင်အောင်တို့အုပ်စုက ကျွန်တော့်အပေါ် အမြင်ကြည်လင်မှုမရှိ ဖြစ်နေသည်။ ကျွန်တော်ကလည်း သူတို့အုပ်စုကို ပထမဆုံးစတွေ့ခြင်းဖြစ်ပြီး သူတို့ကလည်း ကျွန်တော့်ကို မသိကြဘဲဖြစ်နေသည်။ သူတို့စိတ်ထဲမှာ တစ်မျိုးဖြစ်နေတာကတော့ သေချာလှသည်။ ဘယ်လိုဘဲဖြစ်ဖြစ် အလုပ်သဘောအရ လုပ်ခဲ့ကြသည်။

ဒီလိုနဲ့ ဆရာကန်တော့ပွဲနေ့မှာ ကျွန်တော့်အလှည့်ရောက်တော့ စင်ပေါ်ကို ကျွန်တော်တက်သွားသည်။ လူငယ်တို့ထုံးစံအတိုင်း လူငယ်စိတ်နဲ့ အများရှေ့မှာ ပညာကုန်ထုတ်သုံးလိုက်သည်။ ကျွန်တော့်လုပ်ရပ်ကိုကြည့်ပြီး ကဲ့ရဲ့သူတွေရှိသလို လက်ခုပ်တီးကြတဲ့သူတွေလည်း ရှိခဲ့သည်။ ကဲ့ရဲ့သူတွေက ဒါဟာ အခြားဂစ်တာသမားအပေါ် ပညာပြခြင်းလို့ သတ်မှတ်ကြသည်။

ကျွန်တော်ကတော့ ဒီလိုပြိုင်ဆိုင်မှုမျိုးကို တမင်တကာရည်ရွယ် လုပ်ဆောင်ခဲ့ခြင်း မဟုတ်တာသေချာသည်။ လူငယ်တစ်ယောက်ရဲ့စိတ် လူသားတစ်ယောက်ရဲ့ အတ္တဗဟိုပြုမှုက စေ့ဆော်လိုက်ခြင်းကြောင့်သာ ဖြစ်သည်။ အဲဒီအချိန်က မစဉ်းမစားပြုမူခဲ့ပေမယ့် ဒီနေ့လိုအချိန်မျိုး မှာတော့ ဒီဟာမှားယွင်းတဲ့ အပြုအမူလို့ ကျွန်တော်နားလည်လာသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းထဲမှာတော့ ကျွန်တော့်ကိုဂစ်တာ သမားတစ်ယောက်အဖြစ် သိသွားကြသည်။ တိုက်ပွဲမဟုတ်တဲ့ တိုက်ပွဲတစ်ခုကို ကျွန်တော်နိုင်လိုက်ခြင်းလည်း ဖြစ်သည်။ ကျွန်တော့်အနေနဲ့ ဒုတိယနှစ် ဆရာကန်တော့ပွဲမှာ ဂစ်တာသမားအဖြစ် သက်သေပြလိုက်နိုင်ပြီး ဒေါက်တာဒေါ်သန်းနွဲ့ရဲ့ ယုံကြည်မှုကို ရရှိလိုက်သည်။ အကျိုးဆက်အဖြစ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



နောက်တစ်နှစ်မှာ ဥပဒေမေဂျာတီးဝိုင်းရဲ့ ဂီတမှူးတစ်ယောက်ဖြစ်လာခဲ့သည်။ ဥပဒေတီးဝိုင်းမှာ တရားဝင် လိဒ်ဂစ်တာသမားတစ်ယောက်အဖြစ် ရပ်တည်လိုက်နိုင်သည်။ ဒါပေမယ့် ဂရေဟာမ်တို့အုပ်စုက ဆရာမကြီးကြောင့်သာ ကျွန်တော်နဲ့ဆက်ဆံရပေမယ့် ခပ်တန်းတန်းသာ ရှိနေသည်။ သူတို့ဝိုင်းအတွက် လူသစ်ဖြစ်တဲ့ ကျွန်တော့် အပေါ် မှုန်ဝါးဝါးသာမြင်နေကြသည်။

ကိုယ့်မေဂျာတွင်းပွဲတွေမှာ ကျွန်တော်တို့အတူတီးခဲ့ပေမယ့် အခြားမေဂျာပွဲတွေမှာတော့ ကျွန်တော်ပါဝင်ခြင်းမရှိဘဲ သူတို့အုပ်စုနဲ့သူတို့ တီးကြခြင်းဖြစ်သည်။ ကျွန်တော်တို့ကျောင်းသားဘဝမှာ ရန်ကုန်တက္ကသိုလ်ဆိုတာ ကျောင်းသားတိုင်းလိုလို ခြေချချင်တဲ့နေရာတစ်ခုဖြစ်သည်။ တက္ကသိုလ်ရဲ့အနှစ်သာရကို အပြည့်အဝခံစားနိုင်တဲ့အချိန်လည်းဖြစ်ခဲ့သည်။ သင်ယူစရာ ပျော်စရာ လွမ်းမောစရာတွေကလည်း နေရာတိုင်းမှာ အသင့်



the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရှိနေတက်သည်။ စိန်ပန်းပင်၊ ဂျပ်ဆင်၊ သစ်ပုပ်ပင်၊ ကျောင်းသားရေးရာဌာန၊ ဘွဲ့နှင်းသဘင်၊ အင်းယား၊ ဟိုအဆောင်သည်အဆောင်၊ နေရာအတော်များများကို ကျွန်တော်တို့ ခြေချခဲ့ကြသည်။ တက္ကသိုလ်ရဲ့မှတ်မှတ်ရရ ပုံရိပ်တွေက ကျွန်တော့်ရင်ထဲမှာ ဒီနေ့အထိ ထင်ကျန်နေဆဲဖြစ်သည်။

ဒေါက်တာဒေါ်သန်းနွဲ့သည် အဲဒီအချိန်က သီရိဆောင်လို့ ခေါ်တဲ့ အမျိုးသမီးအဆောင်ရဲ့ အဆောင်မှူးဖြစ်သည်။ တက္ကသိုလ်တွေရဲ့ ထုံးစံအတိုင်း အဆောင်တွေမှာ အမှတ်တရပွဲတွေက အမြဲလိုလို ကျင်းပကြသည်။ သီရိဆောင်က သူတို့ရဲ့ညစာစားပွဲမှာ ဥပဒေမေဂျာတီးဝိုင်းနဲ့ ဖျော်ဖြေဖို့ စီစဉ်ထားခဲ့သည်။ ဥပဒေတီးဝိုင်းဆိုပေမယ့် ကျွန်တော်ပါဝင်ခြင်းမရှိဘဲ တီးဝိုင်းဖြစ်သည်။ မေဂျာပြင်ပပွဲတွေမှာ ကျွန်တော်ကအပြင်လူတစ်ယောက်သာ ဖြစ်နေသည်။

တီးဝိုင်းမှာ ကျွန်တော်မပါပေမယ့် ဆရာမကြီးက သူ့အဆောင်ပွဲမှာ ကျွန်တော်ဆိုတဲ့သီချင်းကို ကျွန်တော်ကိုယ်တိုင်တီးဖို့ ပြောလာသည်။ ဒေါ်သန်းနွဲ့စကားကြောင့် သီချင်းနှစ်ပုဒ်ကို ကျွန်တော် ရွေးလိုက်သည်။ ဗဒင်ရဲ့ နောင်တ ကိုညီထွဋ်ရဲ့ အသည်းကွဲရေဒီယိုတို့ဖြစ်သည်။ အဆိုတော် မဟုတ်ပေမယ့် အကောင်းဆုံးသီဆိုနိုင်ဖို့ ကျွန်တော် ပြင်ဆင်ထားလိုက်သည်။

နောက်တစ်နေ့ ဥပဒေမေဂျာပွဲမှာ ပလေယာအဖြစ် ကျွန်တော် တီးရမှာဖြစ်ပေမယ့် သီရိဆောင်ပွဲမှာတော့ သီဆိုသူအဖြစ်သာ စင်ပေါ်တက်ဖို့ ဖြစ်လာသည်။ ကျွန်တော်ဆိုရမယ့်အလှည့်ကလည်း ည ၉နာရီလောက်မှ ဖြစ်သည်။ တစ်နေကုန်ကျောင်းတက်သီချင်းတိုက်ပြီးတော့ ကျွန်တော် အလုပ်ရှိရာ စားသောက်ဆိုင်ပြေးရသည်။ စားသောက်ဆိုင်မှာ ဂစ်တာတီးတယ်ဆိုပေမယ့် တစ်ခါတစ်ရံ ကီးဘုတ်လည်းဝင်တီးရသည်။ ဆိုင်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



မန်နေဂျာကိုလည်း ညကျရင်ကျောင်းမှာ သီချင်းဆိုရမယ့်အကြောင်း ကြိုပြောထားသည်။

စားသောက်ဆိုင်မှာ ကျွန်တော်တီးရတဲ့အချိန်က ည ၆နာရီကနေ ၁၀နာရီအထိ ဖြစ်သည်။ ဒီလိုနဲ့ ည ၇နာရီလောက်မှာ ဆိုင်ရှေ့ကို ကားတစ်စီး ထိုးရပ်လာသည်။ ကားပေါ်က လူလေးငါးယောက် ပြေးဆင်းလာသည်။ ဆိုင်ထဲကိုရောက်လာတဲ့ ကျောင်းသားလို့ထင်ရတဲ့ သူတို့အုပ်စုကို စင်ပေါ်ကနေ ကျွန်တော်မြင်နေရသည်။

ပြီးတော့ ကျွန်တော့်ဆီကို ခပ်သုတ်သုတ် ပြေးလာကြသည်။ ဆရာမကြီးက လိုက်ခဲ့ပါတဲ့ အရေးပေါ်အခြေအနေလို့ ပြောလာကြသည်။ ကျောင်းမှာ ကျွန်တော် စင်ပေါ်တက်ရမှာက ည ၉နာရီလို့ သိထားပြီး ဖြစ်သည်။ ဒါပေမယ့် အဲဒီအချိန်ထိ ဂစ်တာသမားကရောက်မလာ အဆက်အသွယ်မရ ဂရေဟမ်တို့အုပ်စုကလည်း ကျွန်တော်ရှိရင်အားလုံးအဆင်ပြေနိုင်တဲ့အတွက် ကျွန်တော်ကိုခေါ်ဖို့ ဆရာမကြီးအားပြောကြသည်။

ကျွန်တော့်မေဂျာတီးဝိုင်းအတွက် အစွမ်းကုန်ကူညီဖို့ ကျွန်တော်ဆုံးဖြတ် လိုက်သည်။ သီရိဆောင်ကိုရောက်သွားတော့ ကျွန်တော်နဲ့ခပ်စိမ်းစိမ်းဖြစ်နေတဲ့ ဂရေဟမ်တို့အုပ်စုကို ကျွန်တော့်ကိုဝမ်းသာအားရ ကြိုဆိုကြသည်။ ကျောင်းသားစိတ်ဓါတ် အနုပညာသမားတစ်ယောက်စိတ်ဓါတ်နဲ့ သူတို့အခက်အခဲကို ကူညီလိုက်သည်။

သူတို့နဲ့ ကျွန်တော့်အကြားက ဘာမှန်းမသိတဲ့ တံတိုင်းကြီးကို ပြိုလဲပစ်လိုက်သည်။ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှု ရှိသွားကြသည်။ ရလဒ်ကတော့ ကျွန်တော်တို့အစွမ်းရှိသလောက် ဖျော်ဖြေ နိုင်ခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ဒီလိုနဲ့ သီရိဆောင်ညစာစားပွဲက ကျွန်တော့်အတွက် ကျောင်းသားဘဝမှာ ပထမဆုံးပွဲချိန်ပြည့် တီးခွင့်ရတဲ့ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ဥပဒေမေဂျာတီးဝိုင်းမှာလည်း အမြဲတမ်းပါဝင်တဲ့ ဂစ်တာသမားတစ်ယောက်ဖြစ်လာသည်။ အောင်အောင်၊ ဂရေဟမ်တို့နဲ့အတူ ရန်ကုန်တက္ကသိုလ်ရဲ့ ညတွေကို ကျောင်းပြီးတဲ့အချိန်အထိ အလှပဆုံးဖြစ်အောင် ပုံဖော်ခဲ့ကြသည်။

တက္ကသိုလ်မှာ ကျောင်းသားတွေလက်ခံတဲ့ ဂစ်တာသမားအပြင် အနုပညာအသိုင်းအဝိုင်းမှာ အများသိတဲ့ ပရော်ဖက်ရှင်နယ်ဂစ်တာသမား ဖြစ်လာခဲ့သည်။ စတိတ်စင်ပေါ်မှာ အစွမ်းရှိသလောက် တီးခွင့်ရလာသည်။ ကျွန်တော့်ဘဝမှာ ဒီလိုတီးခွင့်ရလာပေမယ့် တီးခွင့်မရတဲ့ အချိန်တွေကိုလည်း ဖြတ်သန်းခဲ့ရဖူးသည်။

■

## မမေ့နိုင်တဲ့ သင်္ကြန်ပုံရိပ်

တက္ကသိုလ်စတက်တဲ့နှစ်မှာ ကျွန်တော့်ဘဝကယောင်လည် လည်ပင်ရှိနေသေးသည်။ အချိန်ကာလတစ်ခုကိုဖြတ်သန်းရင်း ကျောင်းဖွင့်ရက်ကို မျှော်နေချိန်ကဖြစ်သည်။ ကျွန်တော်တို့ရေကျော်မှာ သင်္ကြန်ဆိုရင် တီးဝိုင်းတွေက နှစ်စဉ်လိုလိုရှိကြသည်။ ဒါပေမယ့် ၈၉ သင်္ကြန်မှာတော့ ကျွန်တော်တို့တီးဝိုင်းသာ ရှိခဲ့သည်။ သင်္ကြန်မှာ တီးချင်စိတ်နဲ့ SCS ဆိုတဲ့ တီးဝိုင်းကလေးကို ကျွန်တော်တို့ ဖွဲ့လိုက်သည်။ တီးဝိုင်းတစ်ခုမှာ ခေါင်းဆောင်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



လုပ်ချင်ပေမယ့် ပရော်ဖက်ရှင်နယ်မဟုတ်သေးတဲ့ ကျွန်တော့်အတွက် အခက်အခဲတွေ အများအပြားကြုံတွေ့ရသည်။

ကျွန်တော်တို့ SCS ဝိုင်းမှာ ကျွန်တော့်ကိုဂစ်တာစသင်ပေးတဲ့ ကျွန်တော့်သူငယ်ချင်းက ကျွန်တော်နှင့်အတူ အမာခံအဖြစ်ပူးပေါင်းခဲ့သည်။ SCS အတွက် ရစ်သမ်ကိုလည်း သူကပင်တီးပေးခဲ့သည်။ ဘေ့စ်ကို ခုတ်လျှံဟုန်း (ဆေးတက္ကသိုလ်- ၁ မှာ လက်ရှိ အင်္ဂလိပ်စာနည်းပြ)၊ ကီးဘုတ်ကို မောရစ်မျိုးဝင်း (မြေအောက်ကကြိုး၊ သိပ္ပံခေတ်ရဲ့ သားကောင်အခွေတွေအတွက် ကျွန်တော်နှင့်အတူ ပူးပေါင်းခဲ့တဲ့ ထုတ်လုပ်သူ) တို့က တီးပေးကြသည်။

ကျွန်တော်တို့တီးဝိုင်းအတွက် အဓိကကျတဲ့ နောက်တစ်ယောက်က ကိုဝိုင်းမော် (ရုပ်ရှင်ဒါရိုက်တာ အောဝမ်းဦးကြည်အေးသား) ဖြစ်သည်။ သူကဒရမ်တီးပြီး ကျွန်တော့်ဆရာတစ်ယောက်လည်းဖြစ်သည်။ဝိုင်းခေါင်းဆောင်လုပ်ချင်တဲ့ ကျွန်တော့်ကိုရှိသင့်ရှိထိုက်တဲ့ စိတ်ဓါတ် သိသင့်သိထိုက်တဲ့အရာတွေကို ညွှန်ပြပေးခဲ့သည်။

သူရဲ့ညွှန်ပြမှု နည်းလမ်းတွေကကျွန်တော့်ကို ဒီနေ့ဒီအချိန်အထိ ရောက်လာအောင် တန်ဖိုးရှိခဲ့သည်။ တီးဝိုင်းတစ်ခုကို ဘယ်လိုဦးဆောင်ရမှန်း မသိသေးခင် ဝိုင်းခေါင်းဆောင်လုပ်ခဲ့တာက ပြန်တွေးကြည့်ရင် ရယ်စရာတော့ ကောင်းလှသည်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ခြားဝိုင်းတွေ မရှိတဲ့နှစ်မှာ ကျွန်တော်တို့ကို လူအများကသတိထားမိသွားသည်။ သူများတွေ မထင်မှတ်တဲ့အချိန်မှာ ကျွန်တော်တို့ကထလုပ်ခဲ့ခြင်းဖြစ်သည်။

ဒါပေမယ့် သင်္ကြန်အလယ်တစ်ရက်သာ ကျွန်တော်တို့ တီးလိုက်ကြသည်။ တီးဝိုင်းပစ္စည်းခပေးဖို့ အားလုံးစုထားတဲ့ပိုက်ဆံက

the bookhouse
we bring your future

မြန်မာ စာအုပ်များ





တစ်ရက်စာသာရှိခြင်းကြောင့်ဖြစ်သည်။ လူသိသွားတဲ့ ကျွန်တော်တို့ ဝိုင်းနဲ့အတူ ကျွန်တော့်ကိုလည်းဂစ်တာသမားတစ်ယောက်အဖြစ် အနည်းငယ် သိသွားကြသည်။ အဲဒီအချိန်က ကျွန်တော့်ရဲ့လုပ်ဆောင်မှုအပေါ် ကျွန်တော် ကျေနပ်နေမိသည်။ နောက်တစ်နှစ်မှာလည်း အခြားဝိုင်းတွေနဲ့အတူ ရေကျော် သင်္ကြန်ကို ဖြတ်ကျော်ခဲ့သည်။ ဒါပေမယ့် ၉၁ခုနှစ် သင်္ကြန်ကတော့ ကျွန်တော့် အတွက် အမှတ်ရစရာကြေကွဲစရာ ဖြစ်ခဲ့ရသည်။

၉၁ ခုနှစ်မှာ ကျွန်တော်တို့ SCS ဝိုင်းရဲ့ အဓိကပလေယာတွေကို အခြားဝိုင်းတစ်ခုက လာခေါ်သွားသည်။ တီးဝိုင်းလည်း ပျက်စီးသွားသည်။ တီးဖို့လူမရှိသလို ပိုက်ဆံလည်းမရှိ၊ ကျွန်တော်ကိုလည်း ဂစ်တာတီးဖို့ ဘယ်သူကမှလာမခေါ်တဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့ရတော့သည်။ လူအများကို ဂစ်တာတီးဖို့ ဘယ်သူကမှလာမခေါ်တဲ့အဖြစ်မျိုးနဲ့ ကြုံတွေ့ရတော့သည်။ လူအများကို ဂစ်တာတီးပြချင်တဲ့ ကျွန်တော့်အတွက် ခံစားမှုကတော့ မြင့်တက်လာသည်။

ကျွန်တော့်ခံစားမှုတွေကို ကျောက်မြောင်းက ဆရာခိုင်ကျော် ဆီသယ်ဆောင်သွားမိသည်။ ဆရာခိုင်ကျော်က ကျွန်တော့်ဘဝအတွက် အကောင်းဆုံးပုံစံတစ်ခုကို ချပြခဲ့သည်။

နိုင်ဇော်ဂစ်တာသမားဘဝကို ရေကျော်မှာပဲမြုပ်နှံတော့မှာလား အောင်မြင်တဲ့ဂစ်တာသမားဖြစ်ချင်ရင် ခပ်ဝေးဝေးကိုကြည့်တတ်အောင် ကြိုးစားပါ။ မင်းတို့ဝိုင်းကိုလည်း ဖျက်ပစ်လိုက်လို့ပြောခဲ့သည်။ မင်းက ပရော်ဖက်ရှင်နယ်ဖြစ်ချင်ပေမယ့် အခြားသူတွေ အပျော်အတွက်လုပ် နေကြလို့ မင်းအပေါ် လူမုန်းသွားတာကလွဲပြီး ဘာအကျိုးမှရှိလာမှာလည်း မဟုတ်ဘူး ရေကျော်မှာ တီးဝိုင်းထောင်ချင်တဲ့ မင်းရဲ့ဆန္ဒကို သော့ခတ်ထား

the bookhouse
we bring your future

မြန်မာ စာအုပ်များ



လိုက်ပါလို့ပြောခဲ့သည်။ ဆရာခိုင်ကျော်ရဲ့စကားအတိုင်း ကျွန်တော်ရဲ့ဆန္ဒတွေကို ဖိသိပ်ထားလိုက်သည်။

၉၁ သင်္ကြန်ရက်တွေမှာ ကျွန်တော်ရဲ့စိတ်တွေက သင်္ကြန်ရေတွေနဲ့အတူ စီးမျောသွားခဲ့သည်။ ရေကျော်လမ်းမကြီးပေါ်မှာ အားလုံးလိုလို ပျော်နေကြပေမယ့် ကျွန်တော်ကတော့ ကိုယ့်ခံစားမှုနဲ့ကိုယ် ရှိနေခဲ့သည်။ သင်္ကြန်မဏ္ဍပ်ရှေ့မှာရပ် စတိတ်စင်ပေါ်က ဂစ်တာသမားတွေကိုကြည့်ပြီး တီးခွင့်မရတဲ့အဖြစ်ကို မမြိုသိပ်နိုင်လောက်အောင် ကြေကွဲခဲ့ရသည်။

သင်္ကြန်ရက်တွေ မြန်မြန်ကုန်ပါစေလို့ ဆုတောင်းနေမိသည်။ ဒီလိုနဲ့ သင်္ကြန်နောက်ဆုံးနေ့မှာ ကျွန်တော့်စိတ်တွေက ဘယ်လိုမှထိန်းချုပ်လို့ မရအောင် ဖြစ်လာခဲ့သည်။ သင်္ကြန်သီချင်း သင်္ကြန်ရနံ့ သင်္ကြန်သင်္ကေတတွေကို ရှောင်ရှားပစ်ချင်ပေမယ့် နေရာတိုင်းမှာ သူတို့တွေက နေရာအပြည့် ယူထားကြသည်။

ကျွန်တော့်အတွက် ကျွန်တော့်ပတ်ဝန်းကျင်မှာ နေရာမရှိတော့သလို ခံစားလာရသည်။ အားလုံးနဲ့ဝေးအောင် တစ်နေရာမှာသွားနေဖို့ ကျွန်တော်ဆုံးဖြတ်လိုက်သည်။ ပိုက်ဆံလက်ကျန်လေးကို အိတ်ကပ်ထဲကိုထည့်ပြီး မြို့ထဲဘက်ကို ထွက်လာမိသည်။

ဘူတာကြီးရှေ့ကိုရောက်တော့ ကိုညီထွဋ်တို့ အင်ပါယာအဖွဲ့က ပရိသတ်တွေနဲ့အတူ ကုန်ဆုံးတော့မယ့် သင်္ကြန်အချိန်တွေကို ဖြတ်ကျော်နေတာကို တွေ့ရသည်။ စင်ပေါ်မှာ လက်စွမ်းပြနေတဲ့ ကိုဇော်မျိုးထွဋ်ကို ကြည့်ပြီး ကျွန်တော်အားကျနေမိသည်။ သီချင်းတစ်ပုဒ် ဆုံးသွားချိန်မှာတော့ ကျွန်တော့်ရဲ့စိတ်တွေက လက်ရှိအခြေအနေကို ပြန်ရောက်သွားသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော့်ကိုယ် ကျွန်တော်ရှက်မိသွားသည်။ ပျော်နေတဲ့သူတွေကြားက ကျွန်တော်ထွက်လိုက်သည်။ ဘယ်နေရာကိုကြည့်လိုက်ကြည့်လိုက် လူတွေအားလုံးက ပျော်နေကြသည်။ အော်ဟစ်သံတွေကြားမှာ ဖြတ်လျှောက်ရင်း သူတို့နဲ့ဝေးရာကို ကျွန်တော်သွားနေမိသည်။ ပပဝင်းရုံရှေ့ရောက်တော့ ချတ်နောရစ်ဇာတ်ကား ကြော်ငြာထားတာကို တွေ့ရသည်။

ဒီလိုအချိန်မှာ လူတွေနဲ့ဝေးနေဖို့ ရုပ်ရှင်ရုံက ကျွန်တော့်အတွက် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။ ကျွန်တော့်ခြေလှမ်းတွေကလည်း အလိုလိုပင် ရုပ်ရှင်ရုံထဲကို ရောက်သွားသည်။ ရှည်ကြာတယ်လို့ထင်ရတဲ့ သင်္ကြန်အချိန်တွေကို ရုပ်ရှင်ရုံထဲမှာ ကုန်ဆုံးပစ်လိုက်သည်။

ရုပ်ရှင်ပြီးလို့ ပြန်ထွက်လာချိန်မှာ နေလုံးကြီးက အနောက်ဘက် ခပ်ဝေးဝေးမှာ မှေးတင်နေသည်။ ကျွန်တော်ကုန်ဆုံးချင်တဲ့သင်္ကြန်က ပြီးဆုံးသွားပြီဖြစ်သည်။ သင်္ကြန်မိုးဇာတ်ကားကို ကြည့်မိတိုင်း ကိုဇင်ဝိုင်းရဲ့ ဇာတ်ဝင်ခန်းတစ်ခုက ကျွန်တော်ဖြတ်သန်းရတဲ့ ၉၁ သင်္ကြန်ပုံရိပ်တွေကို ပြန်မြင်ယောင်မိနေသည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ





## ကျွန်တော်နှင့်အနုပညာမူပိုင်ခွင့်

ကျွန်တော့်ဘဝမှာ ဂစ်တာမတီးရလို့ ကြေကွဲရတဲ့အချိန်တွေရှိသလို ပျော်ရွှင်ခဲ့ရတဲ့အချိန်တွေလည်းရှိခဲ့ဖူးသည်။ အဲဒီအချိန်က ကျွန်တော့်ရဲ့တက္ကသိုလ်ကျောင်းသား နောက်ဆုံးနှစ်နှုတ်ဆက်ပွဲဖြစ်သည်။ ကျွန်တော်တို့ရဲ့အနုပညာအသင်း ဥက္ကဋ္ဌဒေါက်တာဒေါ်သန်းနွဲ့က ကျွန်တော်တို့နောက်ဆုံးနှစ် ကျောင်းသားတွေရဲ့နှုတ်ဆက်ပွဲမှာ ထူးထူးခြားခြား အစီအစဉ်လေးတစ်ခုကို တင်ဆက်ဖို့စီစဉ်ထားသည်။

ရန်ကုန်တက္ကသိုလ်ထဲမှာ ဥပဒေတီးဝိုင်းက ပလေယာနှစ်ယောက်ဖြစ်တဲ့ ကျွန်တော်နှင့်အောင်အောင်တို့ကို မြန်မာသံစဉ်ဖျော်ဖြေမှုအစီအစဉ်မှာ ဝင်ရောက်သီဆိုပေးဖို့ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်ကလည်း ဒီအစီအစဉ်ကို ပျော်ပျော်ရွှင်ရွှင် လက်ခံလိုက်သည်။

တက္ကသိုလ်ကိုဂုဏ်ပြုတဲ့အနေနဲ့ ဆရာမကြီးရဲ့စီစဉ်မှုကြောင့် ကျွန်တော်တို့နှစ်ယောက် မြန်မာသံစဉ်သီချင်းတစ်ပုဒ်စီ သီဆိုဖြစ်ခဲ့သည်။ ကျွန်တော်က "မုန်းရစ်လေဦး" အောင်အောင်က "ဆောင်းရယ်၊ နှင်းရယ်၊ ကိုယ့်ချစ်သူရယ်" သီချင်းတို့ဆိုခဲ့ကြသည်။ ကျွန်တော်တို့ဆိုတာကောင်းလို့လား၊ ကျွန်တော်တို့ပုံစံကြောင့်လား၊ ဘာမှန်းမသိပေမယ့် ကျောင်းသားတွေကတော့ ကျွန်တော်တို့ရဲ့သီဆိုမှုကို အတော်ပင်အားပေးခဲ့ကြသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





အဲဒီအချိန်က ကျွန်တော်တို့ပုံစံတွေကလည်း သီဆိုတဲ့သီချင်းနဲ့ ပြောင်းပြန်ဖြစ်နေသည်။ ကျွန်တော်တို့ကလည်း ဖျော်ဖြေလက်စွမ်းပြရမှာ ဖြစ်တဲ့အတွက် ဝတ်လာတဲ့အဝတ်အစားတွေက မြန်မာသံစဉ်သီဆိုသူ ပုံစံမျိုးမရှိဘဲ ဖြစ်နေသည်။ ဂျင်းအင်္ကျီ၊ ဂျင်း ဘောင်းဘီ၊ လက်စည်း၊ ဆံပင်အရှည်တွေနဲ့ဖြစ်သည်။ ဘယ်လိုပဲကြည့်ကြည့် မလိုက်မဖက်နဲ့ မြင်ရသူတွေအတွက် ရယ်စရာပင်ဖြစ်နေသည်။ အဲဒီအချိန်လေးက ဂစ်တာ မတီးရပေမယ့် ကျွန်တော်တို့အတွက် တကယ်ပျော်ရွှင်ရတဲ့အချိန်လေး ဖြစ်ခဲ့ရသည်။

ဒီလိုနဲ့ နောက်ဆုံးနှစ်စာမေးပွဲကလည်း တဖြည်းဖြည်းနီး လာသည်။ စာမေးပွဲနီးလာရင် ကျောင်းသားတွေလည်း ထုံးစံအတိုင်း ရင်ခုန်သံတွေမြန်လာသည်။ တစ်နှစ်လုံးလိုလို ကျောင်းတက်နေပေမယ့် စာကြည့်ချိန်နည်းနေတဲ့ ကျွန်တော်လည်းသူများနည်းတူ ရင်ခုန်သံတွေက မြန်လာသည်။ ကျွန်တော့်သူငယ်ချင်းတွေကလည်း ကျွန်တော့်အတွက် အကြံကောင်းတွေကို ပေးကြသည်။

နိုင်ဇော် မင်းကိုယ့်မေဂျာအတွက် တစ်နှစ်လုံးလုပ်ပေးခဲ့တဲ့ အတွက် စာမေးပွဲကိုအောင်သင့်တယ်။ ဆရာမကြီးဆီ သွားသင့်တယ်လို့ ပြောကြသည်။ သူတို့ပေးတဲ့အကြံက သူတို့တွေအတွက် အကျိုးရှိလာမည့် မေးခွန်းကိစ္စဖြစ်သည်။ ကျွန်တော်ကလည်း သူတို့ပေးတဲ့အကြံအတိုင်း ဆရာမကြီးဆီကို ရဲရဲဝံ့ဝံ့ပင် ချီတက်သွားသည်။

ဆရာမကြီးဆီရောက်တော့ သူငယ်ချင်းတွေပေးတဲ့အကြံ အတိုင်းစကားလုံးတွေက အစီအရီပင် ပါးစပ်ဖျားမှာထွက်ကျလာသည်။ ကျွန်တော့်စကားမဆုံးခင်မှာပင် ကျွန်တော့်ရဲ့အကြံအစည်ကို ဆရာမ

the
bookhouse
we bring your future

မြန်မာ စာအုပ်များ



ကြီးကသိပြီးဖြစ်နေသည်။ ဆရာမကြီးက ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေသည်။ နိုင်ဇော် မင်းဆရာမကြီးဆီမှာ မေးခွန်းလာတောင်း နေတာလား၊ မင်းက ကိုယ့်အနုပညာအသင်းအတွက် လုပ်ပေးထားပေမယ့် စာမေးပွဲမေးခွန်း ကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။

ဒါပေမယ့် မင်းကျက်နိုင်သလောက်ကျက် ဖြေနိုင်သလောက်ဖြေ မင်းမှာစာမေးပွဲဖြေနိုင်တဲ့ အစွမ်းတော့ကျန်ပါ သေးတယ်။ မင်းဝီရိယနဲ့ မင်းလုပ်နိုင် သလောက်လုပ်ပါ။ မင်းကိုအခန်း၀မှာ စောင့်နေတဲ့သူငယ်ချင်း တွေ ပါလာတယ်ဆိုတာ ဆရာမကြီးသိတယ်လို့ ပြောလိုက်သည်။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးနှစ်စာမေးပွဲကိုတော့ အောင်မြင်စွာ ကျွန်တော်ဖြတ် ကျော်နိုင်လိုက်သည်။ ဒါပေမယ့် ကျွန်တော်တို့ဥပဒေ ကျောင်းသားတွေအတွက် ဘွဲ့ရရှိရေးမှာ Thesis တစ်ဆောင်တင်သွင်းပြီးမှ



the bookhouse
we bring your future

မြန်မာ စာအုပ်များ



အဆုံးသတ်သည်။ Thesis တင်ဖို့အတွက်က ဂစ်တာသမားအဖြစ်ရပ်တည်မယ့် ကျွန်တော့်ကိုအနုပညာမှုပိုင်ခွင့်ဆိုင်ရာ စာတမ်းတင်ဖို့ ဆရာမကြီးက အကြံပေးသည်။

အဲဒီအချိန်က အနုပညာမှုပိုင်ခွင့် ဥပဒေဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အတော်ပင်အလှမ်းဝေးနေသေးသည်။ ခပ်စိမ်းစိမ်းပင်ရှိနေသည်။ လူသိနည်းသေးတဲ့ ဒီဥပဒေအတွက် ကထိကဒေါ်မြင့်သူမြိုင်ကလိုအပ်တဲ့ လမ်းညွှန်တွေကိုမှု ပေးခဲ့သည်။ စာကျက်ရတာကိုပျင်းပေမယ့် ဒီလို လက်တွေ့ကျကျ ကိုယ်တိုင်လေ့လာရတဲ့ကိစ္စကိုတော့ ကြိုးကြိုးစားစားပင် ပြုလုပ်ခဲ့သည်။

ကျွန်တော်ကျင်လည်ရမယ့် ပတ်ဝန်းကျင်အတွက် မရှိမဖြစ် လိုအပ်လာမယ့်အရာတစ်ခုအဖြစ် ကျွန်တော်သိခဲ့ရသည်။ စာတမ်းအတွက် လူတွေ စစ်ဆေးမှုကိုလည်း အခက်အခဲမရှိ ကျော်ဖြတ်နိုင်ခဲ့သည်။ ကျွန်တော့် စာတမ်းအပေါ် စစ်ဆေးခဲ့ကြတဲ့ ဆရာမကြီးစိတ်တိုင်းကျ ရှင်းပြနိုင်ခဲ့သည်။

၁၉၉၆ ရဲ့ နေ့တစ်နေ့မှာ ရန်ကုန်တက္ကသိုလ်ကပေးအပ်တဲ့ ဥပဒေဘွဲ့ကို ရရှိခဲ့သည်။ ဒါပေမယ့် အခြားကျောင်းသားတွေလို ကျွန်တော့် ဘေးမှာ မိဘနှစ်ပါးရှိမနေနိုင်တာကိုတော့ ဝမ်းနည်းနေရုံကလွဲပြီး ဘာမှမတတ်နိုင်တဲ့ အခြေအနေအဖြစ် လက်ခံခဲ့ရသည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ





## တတိယဘဝစာမျက်နှာ

ဥပဒေပညာကိုသင် ဥပဒေဘွဲ့ကို ကျွန်တော်ရခဲ့ပေမယ့် တကယ်တမ်း ကျွန်တော်ဖြစ်ချင်တာက အများလက်ခံတဲ့ ဂစ်တာသမား တစ်ယောက် ဖြစ်သည်။ ဂစ်တာသမားဘဝကို မက်မောခဲ့တဲ့အတွက် အနုပညာလမ်းကို ဆက်ပြီးလျှောက်လှမ်းခဲ့သည်။ ကျွန်တော်ကျောင်း မပြီးခင်က လက်တွဲခဲ့တဲ့ ရွှေသံစဉ်တီးဝိုင်းနဲ့ပဲ ဆက်ပြီးလက်တွဲခဲ့သည်။


ရွှေသံစဉ်ကို ကျွန်တော်စရောက်ခဲ့တာက ၁၉၉၃ခုနှစ် ဖြစ်သည်။ ၉၃ သင်္ကြန်မတိုင်ခင် နေ့တစ်နေ့မှာ ကျွန်တော့်အိမ်ရှေ့ကို ကားတစ်စီး ထိုးရပ်လာသည်။ ကားပေါ်က ကျွန်တော်မသိတဲ့လူနှစ်ယောက်ဆင်းလာ ခဲ့သည်။ ပြီးတော့ ကျွန်တော့်နာမည်ကိုမေးကြသည်။ ကျွန်တော့်ကို တွေ့ချင်ကြောင်း ပြောကြသည်။

သူတို့နှစ်ယောက်က ရွှေသံစဉ်မှာ ဘေ့စ်တီးတဲ့ ကိုဝင်းဇော်နဲ့ ဒရမ်တီးတဲ့ ကိုဝင်းတင် (လက်ရှိ ဒီနာမည်နဲ့ အနုပညာသတင်းများ ရေးနေသူ) တို့ ဖြစ်ကြသည်။ ရေကျော်မှာ ဂစ်တာတကယ်တီးနိုင်တဲ့ နိုင်ဇော်ကို သူတို့ဝိုင်းကလက်ခံထားတဲ့ သင်္ကြန်မဏ္ဍပ်မှာ လိုက်တီးပေးဖို့ လာခေါ်ကြခြင်း ဖြစ်သည်။ ဘာမှမဟုတ်သေးတဲ့ ကျွန်တော့်အတွက် ရင်ခုန်စရာအခွင့် အရေးတစ်ရပ်ပင် ဖြစ်သည်။ မှတ်မှတ်ရရ ကျွန်တော်လိုက်တီးပေးရတဲ့

the bookhouse
we bring your future

မြန်မာ စာအုပ်များ





သကြီန်မဏ္ဍပ်က စမိုင် မြို့ဟေဝန်ပန်းခြံရှေ့ကမဏ္ဍပ်ဖြစ်သည်။ သင်္ကြန်ပြီးတော့ ကိုဝင်းဇော်က ရွှေသံစဉ်တီးဝိုင်းခေါင်းဆောင် သူ့ရဲ့အစ်ကို ကိုဝင်းမော်ကို ကျွန်တော်နဲ့တွဲတီးရတာ အဆင်ပြေကြောင်းပြောပြခဲ့သည်။

ကိုဝင်းမော်ကလည်း အဲဒီအချိန်က ရွှေသံစဉ်မှာခေါင်းဆောင်တစ်ယောက်ဖြစ်သလို အခြားနာမည်ကြီး တီးဝိုင်းမှာလည်း ပလေယာတစ်ယောက်ဖြစ်သည်။ သူတို့ဝိုင်းအတွက် လီဒ်ဂစ်တာသမားတစ်ယောက် လိုနေချိန်လည်းဖြစ်သည်။

ဒီလိုနဲ့ ရွှေသံစဉ်ကို ကျွန်တော်ရောက်သွားခဲ့ပြီး ရွှေသံစဉ်နဲ့အတူ တေးစီးရီးအများအပြားကို တီးခတ်ခဲ့သည်။ စတိတ်ရှိုးပွဲတွေကိုလည်း အတော်ပင်တီးခဲ့ရသည်။ ဒါပေမယ့် အဲဒီအချိန်က ရွှေသံစဉ်ရဲ့ရုပ်မြင်သံကြားရိုက်ကူးရေးအစီအစဉ်များမှာ အခြေအနေတစ်ခုကြောင့် ပါဝင် ရိုက်ကူးခြင်း မရှိဘဲ ရုပ်သံလွှင့်အစီအစဉ်အားလုံးလိုလိုမှာ ကျွန်တော့်ရဲ့ရုပ်ပုံတွေ မရှိခဲ့ရခြင်းဖြစ်သည်။


ရွှေသံစဉ်ရဲ့ ရုပ်မြင်သံကြားရိုက်ကူးရေးအစီအစဉ်တွေမှာ ပါဝင်ခြင်း မရှိတာကလည်း ကျွန်တော့်ဆီမှာခိုင်လုံတဲ့အကြောင်းတစ်ခု ရှိခဲ့သည်။ အဲဒီအကြောင်းက ကျွန်တော့်ရဲ့ဆံပင်ပုံစံကြောင့် ဖြစ်သည်။ အဲဒီအချိန်က လူငယ်တစ်ယောက်အနေနဲ့ ဆံပင်အရှည်ကို မြတ်မြတ်နိုးနိုးထားဖြစ်ခဲ့သည်။ ကျောလယ်လောက်ရှိနေတဲ့ ကျွန်တော့် ဆံပင်တွေက ရုပ်မြင်သံကြားရိုက်ကူးဖို့အတွက်တော့ အခက်အခဲ ဖြစ်နေခဲ့သည်။ ဒီလိုနဲ့ ရွှေသံစဉ်နဲ့တေးဂီတရိုက်ကူးရေး အစီအစဉ်တွေမှာ ကျွန်တော့်ပုံရိပ်တွေ မရှိခဲ့ခြင်းဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရိုက်ကူးရေးအစီအစဉ်တွေအားလုံးကို လူကြီးတစ်ယောက်ဖြစ်တဲ့ ကိုဝင်းမော်ကသာ တာဝန်ယူတီးပေးခဲ့သည်။ ရွှေသံစဉ်မှာ ကျွန်တော် တီးရတာက Second လိဒ်ဖြစ်ပေမယ့် ကိုဝင်းမော်က လူကြီးတစ်ယောက် အဖြစ် ကျွန်တော့်ကိုနေရာပေးခဲ့သည်။ မှတ်မှတ်ရရရွှေသံစဉ်ကို ကျွန်တော် စရောက်တုန်းကဖြစ်သည်။



ကျွန်တော့်ရဲ့ဂစ်တာ သမားဘဝကလည်း ပရော်ဖက်ရှင်နယ် မဖြစ် သေးတဲ့အချိန်ဖြစ်သည်။ နေ့လယ် ကျောင်းတက်၊ ညဘက်စားသောက်ဆိုင်မှာ တီးနေရတဲ့ ကာလလေး လည်းဖြစ်သည်။

ရွှေသံစဉ်အတွက် ကျွန်တော်ပထမဦးဆုံး စတီးပေးရတာက သွယ်မိုး ဖြူရဲ့ စီးရီးဖြစ်သည်။ ကျွန်တော်မှတ်မိနေသေး သည်။ အဲဒီနေ့က စား သောက်ဆိုင်မှာတီးပြီး ခင်စံပယ်ဦးစတူဒီယိုကို သွားခဲ့သည်။ ကျွန်တော် ရောက်တဲ့အချိန်မှာ လူတွေအားလုံး စုံနေတာကို တွေ့ရသည်။ ကိုဝင်းမော်၊ ကိုဝင်းဇော်၊ အဆိုတော်နဲ့ အခြားအဖွဲ့သားတွေ ရောက်နေကြသည်။ Recording အတွေ့အကြုံမရှိသေးတဲ့ ကျွန်တော့်ကိုဝိုင်းခေါင်းဆောင်ဖြစ်တဲ့

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကိုဝင်းမော်က တီးရမယ့်ပုံစံတွေကို လက်တွေ့ကျကျ ညွှန်ပြပေးခဲ့သည်။ သွယ်မိုးဖြူရဲ့ စီးရီးတစ်ခွေလုံးကိုလည်း ယုံယုံ ကြည်ကြည်နဲ့ပင် ပေးတီးခဲ့သည်။

အတွေ့အကြုံနုသေးတဲ့ ကျွန်တော့်အတွက် ညလုံးပေါက်တီးခဲ့ ရတာတွေလည်းရှိခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ်ပင်ပန်းပေမယ့် ကျွန်တော်က တော့ ဝီရိယထားပြီး လုပ်ခဲ့ရသည်။ ဒီလိုနဲ့ အဲဒီအချိန်က လူကြိုက်များတဲ့ စီးရီးတွေကို ကျွန်တော်တီးခွင့်ရ ခဲ့သည်။ ဇာလီနိုင်၊ အိအိ၊ သီရိကိုကို တို့ ရဲ့ "မြားသုံးစင်း၊ -၁" ပိုးဒါလီသိန်းတန်ရဲ့ "တစ်ခါတုန်းကတက္က သိုလ်" ပြီးတော့ မီမီဝင်းဖေရဲ့ စီးရီးတွေကို ကျွန်တော်တီးခဲ့ရသည်။ အခြားအောင်မြင်တဲ့ အမျိုး သမီးအဆိုတော် အတော်များများအတွက်လည်း တီးပေးခဲ့ရသည်။

ရွှေသံစဉ်နဲ့အတူ အောင်မြင်တဲ့စီးရီးတွေတီးရင်း ကျွန်တော် ဖြစ်ချင်တဲ့ ဂစ်တာသမားဘဝကို တဖြည်းဖြည်းလျှောက် လှမ်းခဲ့သည်။ ရွှေသံစဉ်နဲ့အတူ ကျွန်တော်ဖြတ်သန်းနေချိန်မှာ အခက်အခဲတွေလည်း အများအပြားရှိခဲ့သည်။ ပင်ပန်းမှု၊ ပေးဆပ်မှု၊ ရိုးသားမှု၊ နှိမ့်ချခံရမှုတွေလည်း ရှိခဲ့သည်။ အဲဒီအချိန်က ကျွန်တော့်ဘဝကလည်း ကိုယ့်စိတ်ကြိုက်ရွေးချယ် ခွင့်မရ မရွေးချယ်နိုင်တဲ့ အခြေအနေဖြစ်သည်။

အချိန်၊ နေ့ ရက်၊ လူပုဂ္ဂိုလ် ဘယ်အရာကိုမှ ရွေးချယ်ပိုင်ခွင့်မရှိ၊ ဂစ်တာတီးရဖို့အတွက်သာ အဓိကဖြစ်ခဲ့သည်။ တကယ်ရုန်းကန်ရတဲ့ ကာလတွေမှာ ပင်ပန်းဆင်းရဲ တာတွေကို ပြန်စဉ်းစားရင် ကျွန်တော့်ဘဝက အတော်ပင်မှောင်မည်းခဲ့သည်။ အဲဒီခေတ်က စီးရီးတစ်ခွေကို သုံးလေးရက်နဲ့ အပြတ်တီးရတဲ့ခေတ်ဖြစ်သည်။ Recording ကို နံနက် ၁၁နာရီ လောက်မှ စဝင်ပြီး တစ်နေကုန် Barking တီးရသည်။ မကျွမ်းကျင်သေးတဲ့အတွက် သီချင်းတစ်ပုဒ်ကို နာရီအတော်ကြာ တီးရတွေလည်းရှိခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



သူမှားလိုက် ကိုယ်မှားလိုက် အဆိုတော်တွေနဲ့ညှိလိုက်နဲ့အမှားတွေကို အချိန်မီအောင် အားစိုက်ကြိုးပမ်းခဲ့ရသည်။ စတူဒီယိုမှာတစ်နေကုန် အလုပ်လုပ် ညနေရောက်ရင် စားသောက်ဆိုင်ကိုပြေး ညဘက်ရောက်ရင် စတူဒီယိုကိုပြန်လာပြီး တစ်ညလုံးလိုလို တီးခဲ့ရသည်။



ကျွန်တော် အိမ်ပြန်ရောက်ချိန်က တစ်ခြားသူတွေ အိပ်ရာထတဲ့ အချိန် နံနက်၆နာရီလောက် ဖြစ်နေသည်။ အမြဲလိုလိုမဟုတ်ပေမယ့် ဒီလိုနေ့ရက်တော်တော်များများကို ကျွန်တော်ဖြတ်သန်းခဲ့ရသည်။

စတူဒီယိုမှာ၊ တီးဝိုင်းအပေါ်မှာ အဆိုတော်အပေါ်မှာ ဘာမှ ငြင်းပိုင်ခွင့်မရ၊ ရွေးချယ်ခွင့်မရှိ အားလုံးအားလုံးကို ကန့်သတ်ချက်တွေကြားမှာ ရွေ့လျားခဲ့ရသည်။ တစ်ခါတစ်လေ ကော်ပီသီချင်းတစ်ပုဒ်ကို တစ်ရက်၊ နှစ်ရက်လောက် တီးခဲ့ရတွေလည်းရှိခဲ့သည်။ သဘောထားတွေမှာ

the bookhouse
we bring your future

မြန်မာ စာအုပ်များ





မတူတာ၊ တူတာတွေရှိပေမယ့် ဘယ်သူကိုမှ ငြင်းဆန်ဖို့အခွင့်အရေးလည်း မရှိဘဲ ဖြစ်ခဲ့ရသည်။

အဆိုတော်တွေက တစ်ခါတစ်လေမှာ ဒီသီချင်းကတော့ နာမည်ကြီး တီးဝိုင်းကတီးထားလို့ တူအောင်တီးပေးပါလို့ ပြောကြသည်။ ကျွန်တော်တို့အပေါ် အထင်သေးပြီး ပြောခဲ့ကြသည်။ နာမည်ကြီးတီးဝိုင်းက တီးထားလို့ တူအောင်မတီးနိုင်ဘူးလို့ ဆိုလိုကြခြင်းဖြစ်သည်။

ကျွန်တော့် မှာမခံချင်စိတ်ရှိပေမယ့် ရွေးချယ်ခွင့်မရတဲ့အချိန်မှာ အထင်သေးတဲ့ လူတွေရဲ့ဒဏ်ကို ကြံ့ကြံ့ခံပြီး ရွှေသံစဉ်နဲ့အတူ ကျော်ဖြတ်လာခဲ့ရသည့် ရွှေသံစဉ်မှာ ကျွန်တော်တီးနေရင်း နှစ်တစ်နှစ်ရဲ့သင်္ကြန်တစ်ခုမှာ ကိုဝင်းမော်ရဲ့စီစဉ်မှုနဲ့ တီးဝိုင်းနာမည်တစ်ခုတည်းကိုနေရာနှစ်နေရာမှာ တီးခဲ့ကြသည်။ ရွှေသံစဉ် နာမည်ခံထားပေမယ့် Section ပလေယာတွေကို ခေါ်တီးခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်မပါတဲ့ အခြားတစ်နေရာကမဏ္ဍပ်မှာ ဒီနေ့လူငယ်တွေ အားပေးတဲ့ အဆိုတော်မျိုးကြီးလည်း ဂစ်တာသမားအဖြစ်လည်း ပါဝင်ခဲ့သည်။ အဲဒီအချိန်မှာ မျိုးကြီးကအဆိုတော်မဟုတ်သေးဘဲ Ghost Rider ရဲ့ ဂစ်တာသမားတစ်ယောက်အဖြစ်သာရှိသည်။ ကျွန်တော်တို့ ရွှေသံစဉ်နဲ့ မျိုးမျိုးရဲ့ Ghost Rider ဝိုင်းကလည်း တစ်ခါတစ်လေပူးပေါင်းပြီး တီးခဲ့ရတာတွေလည်း ရှိခဲ့သည်။

မျိုးကြီးက ဂစ်တာသမားတစ်ယောက်အဖြစ်နဲ့ သူသီချင်းဆိုရင် လွတ်လွတ်လပ်လပ်ရှိအောင် ဂစ်တာမတီးဘဲဆိုတတ်သည်။ သူဆိုနေရင် သူ့နေရာမှာ ကျွန်တော်ကဝင်တီးပေးခဲ့ရသည်။ ဒီနေ့လိုအချိန်မှာ ကျွန်တော်နဲ့

the bookhouse
we bring your future

မြန်မာ စာအုပ်များ





မျိုးကြီးတို့ မတွဲဖြစ်တော့ပေမယ့် တစ်ချိန်ကတော့ ဂစ်တာ သမားအချင်းချင်း အပြန်အလှန်ကူညီပေးခဲ့သည်။

ဒီလိုနဲ့နေ့တစ်နေ့ရဲ့ ညတစ်ခုမှာ ကျွန်တော်တီးနေတဲ့ စားသောက်ဆိုင်ကို လူနှစ်ယောက်ရောက်လာသည်။ စားသောက်ဆိုင်က စားပွဲထိုးလေးတစ်ယောက်က ဧည့်သည်နှစ်ယောက်ရောက်လာကြောင်း ကျွန်တော့်ကိုလာပြောသည်။ ကျွန်တော်ထွက်လာတော့ ရွှေသံစဉ်မှာ ကျွန်တော်နဲ့အတူ တွဲတီးခဲ့တဲ့ ကျွန်တော့်သူငယ်ချင်း ကီးဘုတ်သမားနဲ့ Aces မှာ ဘေ့စ်တီးနေတဲ့ ကိုဂျင်ပိတို့ကို တွေ့ရသည်။

ကျွန်တော့်သူငယ်ချင်းက သူနဲ့အတူ ကိုဂျင်ပိ၊ ကိုမရခိုင်တို့ ပေါင်းပြီး Lazy Club ဆိုတဲ့ဝိုင်းကို ထောင်ထားကြောင်း ကျွန်တော့်ကိုလည်း သူတို့နဲ့အတူ ပူးပေါင်းနိုင်မလားလို့မေးလာသည်။ ကီးဘုတ်တီးတဲ့ ကျွန်တော့်သူငယ်ချင်းကို ရွှေသံစဉ်မှာတွဲခဲ့လို့ သံယောဇဉ်ရှိပြီးဖြစ်သလို ကိုဂျင်ပိနဲ့ကိုမရခိုင်တို့ကလည်း အဲဒီအချိန်က နာမည်ကြီးတဲ့ စလိုင်း ဇာဇာလျှမ်း (ဘေ့စ်) အော်စကာ သန်းတင် (ဒရမ်) တို့ရဲ့တပည့်တွေ ဖြစ်နေကြသည်။

ဒီလိုနာမည်ရှိပြီးသား ဂီတသမားတွေရဲ့တပည့် တကယ် လုပ်နိုင်တဲ့သူတွေနဲ့ တွဲခွင့်ရမယ်ဆိုတော့ ကျွန်တော့်အတွက် အခွင့်အရေး တစ်ရပ်ဖြစ်သည်။ ကျွန်တော်ကည်း အဲဒီအချိန်က နာမည်မရှိသေးတဲ့ ဂစ်တာသမားလေး တစ်ယောက်အဖြစ်သာ ရှိနေသေးသည်။ ဒီလို အချိန်တွေမှာ သူတို့နဲ့တကယ်တွဲပြီး တီးချင်ခဲ့သည်။ သူတို့နဲ့ ပူးပေါင်းဖို့လည်း ချက်ချင်းကတိပေးလိုက်သည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ



## လေးဇီးကလပ်စတင်ခြင်း

လေးဇီးကလပ်မှာ သူတို့နဲ့ပေါင်းဖို့ ကတိပေးလိုက်တဲ့ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ကို ကျွန်တော့်သူငယ်ချင်းနဲ့ ကိုဂျင်ပိတို့က ကျေကျေနပ်နပ် ကြိုဆိုကြသည်။ ပြီးတော့ Lazy Club အဖွဲ့သားအဖြစ် အသိအမှတ်ပြုတဲ့အနေနဲ့အဖွဲ့တံဆိပ်ပါတဲ့ တီရှပ်အဖြူကို ကျွန်တော့် အတွက် ပေးခဲ့သည်။ သူတို့နဲ့လက်တွဲဖို့ ကတိပေးလိုက်ပေမယ့် အဲဒီအချိန်က ဂစ်တာသမားအဖြစ် ကျွန်တော့်ဘဝရပ်တည်မှုက ရွှေသံစဉ်နဲ့အတူ ရှိနေဆဲပင်ဖြစ်သည်။

ဒါပေမယ့် သိပ်မကြာတဲ့ အချိန်ကာလတစ်ခုအတွင်းမှာ ရွှေသံစဉ်နဲ့ အလိုလိုလမ်းခွဲလိုက်ရတဲ့ အကြောင်းတစ်ခုဖြစ်လာသည်။ တစ်ခြား Section ပလေယာတွေနဲ့အတူ သကြ်န်မဏ္ဍပ်ကြီးတစ်ခုမှာ ကျွန်တော် တီးခဲ့ရတာက ရွှေသံစဉ်အတွက်နောက်ဆုံးဖြစ်ခဲ့သည်။

ကိုဝင်းမော်ဦးက ရွှေသံစဉ်ကို ဦးဆောင်ပေးခဲ့ပေမယ့် တစ်ချို့ပွဲတွေမှာ ကျွန်တော့်ကိုတာဝန်ပေး တီးခိုင်းတာမျိုးလည်းရှိခဲ့သည်။ သူမရှိတဲ့ အချိန်မှာ အားလုံးအဆင်ပြေဖို့ ကျွန်တော့်ဘက်က တတ်နိုင်သလောက်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကြိုးကြိုးစားစား လုပ်ပေးခဲ့သည်။ လူကြီးတစ်ယောက်မရှိလို့ အလုပ်မဖြစ်ဘူး၊ မလုပ်နိုင်ဖူးဆိုတာမျိုးကို ပြောင်းပြန်ဖြစ်သွားအောင်လည်း ကျွန်တော် လုပ်ပေးခဲ့သည်။ ဒါပေမယ့် အဲဒီသကြံန်မဏ္ဍပ် တာဝန်ခံအမျိုးသမီးက ကိုဝင်းမော်ရောက်လာတဲ့အချိန်မှာ ကျွန်တော်ခံစားရမယ့်စကားမျိုး ကျွန်တော့်ရှေ့မှာ ပြောလာသည်။ သူတို့က ရွေ့သံစဉ်ကို ကိုဝင်းမော်ကြောင့် ခေါ်ခဲ့တာ ဖြစ်ကြောင်း၊ ကိုဝင်းမော်မရှိရင် အဓိပ္ပါယ်မဲ့ပြီး အသက် မပါတဲ့ပွဲတစ်ခုလို ဖြစ်နေတယ်လို့ ကျွန်တော့်ရှေ့မှာ ပြောကြသည်။

ကိုဝင်းမော်မရှိတဲ့အချိန်မှာ တာဝန်ခံလုပ်ပေးနေတဲ့ ကျွန်တော့် အတွက် ဒီစကားတွေကခံစားမှုကို အမြင့်ဆုံးသို့တွန်းပို့လိုက်သည်။ ကိုယ့်ဘက်က ပင်ပင်ပန်းပန်း ကြိုးစားထားပေမယ့်ရလဒ်ကတော့ သုည ဖြစ်ခဲ့သည်။ ကျွန်တော့်ရင်ထဲက စကားတွေက အလိုလိုထွက်ကျလာသည်။ ဒီနေ့လိုအချိန်မှာ ကိုယ့်စိတ်ကိုထိန်းချုပ်နိုင်ပေမယ့် အဲဒီအချိန်ကတော့



the bookhouse
we bring your future

မြန်မာ စာအုပ်များ



လူငယ်တစ်ယောက်အနေနဲ့ မြန်မြန်ဆန်ဆန် တုံ့ပြန်မိခဲ့သည်။ ဒီလိုနဲ့ သကြန်အပြီးမှာ ကျွန်တော် ၃-၄ နှစ် လက်တွဲခဲ့တဲ့ ရွှေသံစဉ်နဲ့ အလိုလို လက်တွဲပြုတ်သလို ဖြစ်သွားခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ရွှေသံစဉ်မှာ ကျွန်တော့်အတွက် အတွေ့အကြုံကောင်းတွေကို ရရှိခဲ့တာကတော့ ဘယ်လိုမှငြင်းလို့မဖြစ်နိုင်တဲ့ အမှန်တရားများ ဖြစ်ခဲ့သည်။ Lazy Club နဲ့ ကျွန်တော်ပထမဆုံး တီးခဲ့တဲ့အခွေက အဆိုတော်အိုင်ဒီးရဲ့အခွေဖြစ်သည်။ ပြီးတော့ လူမောင်ဆေး၁ စီစဉ်တဲ့ 'မြှားသုံးစင်း-၂' တို့ကို တီးဖြစ်ခဲ့သည်။ တကယ်တမ်း ကျွန်တော်တို့ရဲ့ Lazy Club အဖွဲ့ကို ပရိသတ်တကယ်သိသွားတာက 'ခရီးသွား ငါးယောက်' အခွေဖြစ်သည်။

အဲဒီအချိန်က ခရီးသွားငါးယောက်ရဲ့ အောင်မြင်မှုအရှိန်က အတော်ပင်ပြင်းထန်သည်။ ဒီအခွေကိုစီစဉ်တဲ့ တေးရေးအဆိုတော် အပါအဝင် ပတ်သက်သူအားလုံးလိုလို အောင်မြင်ခဲ့ကြသည်။ ဘယ်နေရာကို ရောက်ရောက် ခရီးသွားငါးယောက်ရဲ့အသံတွေကို ကြားနေရသည်။ သီချင်းခွေမှာပါဝင်တဲ့အဆိုတော်တွေ အောင်မြင်မှုရခဲ့သလို ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ခဲ့တဲ့ဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်သူတွေလည်း အောင်မြင်ခဲ့ကြသည်။

ကျွန်တော်တို့ အဖွဲ့အတွက်လည်း မှတ်တိုင်တစ်ခုကို ခိုင်ခိုင်မာမာ စိုက်ထူနိုင်ခဲ့သည်။ ခရီးသွားငါးယောက်အခွေအောင်မြင်ပြီး မရှေးမနှောင်းမှာ နောက်ထပ်အောင်မြင်တဲ့အခွေတစ်ခုကိုလည်း ကျွန်တော်တို့ မွေးဖွားပေးနိုင်ခဲ့သည်။ အဲဒီအခွေက ယူနိုက်တက်စတူဒီယိုမှာ အသံသွင်းခဲ့တဲ့ အဲလက်စ်၊ ဘိုဘို၊ ထွဏ်းထွဏ်း၊ စည်သူလွင်တို့သီဆိုတဲ့ "တံခါးသစ် ဖွင့်လှစ်ခြင်း" ဖြစ်သည်။

the
bookhouse
we bring your future

ပရိသတ်လက်ခံအားပေးတဲ့ ဒီလိုအခွေတွေကို ဖန်တီးရင်းနဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ အရှိန်ကလည်း တဖြည်းဖြည်း မြင့်တက်လာသည်။ ပြီးတော့ အဲလက်စ်+ထွန်းအိန္ဒြာဗိုတို့ရဲ့ "ဆုံနိုင်ခွင့်" "အဲလက်စ်နှင့်သူ၏ သီချင်းများ" အခွေတွေနဲ့ Lazy Club နဲ့ အောင်မြင်မှုမှတ်တိုင်တွေကို တစ်ခုပြီးတစ်ခု စိုက်ထူခဲ့ကြသည်။ အဲလက်စ်နှင့်သူ၏သီချင်းများအခွေအတွက် MTV ကိုလည်း အဲလက်စ် နှင့်အတူ ကျွန်တော်တို့တစ်ဖွဲ့လုံး ပါဝင်သရုပ်ဆောင်ခဲ့ကြသည်။ MTV ထွက်လာတော့လည်း ပရိသတ်ရဲ့အားပေးမှုက မျှော်လင့်ထားတာထက် ပိုများလာသည်။

ကျွန်တော်တို့ Lazy Club နဲ့ အဲလက်စ်ကိုလည်း ပရိသတ်က အတူတွဲပြီး မြင်လာကြသည်။ အဲလက်စ်ကိုယ်တိုင်လည်း ကျွန်တော်တို့အဖွဲ့နဲ့ အမြဲလက်တွဲဖို့ ဆုံးဖြတ်လိုက်ပြီး Lazy Club ဘက်မှာ ပြတ်ပြတ်သားသား ရပ်တည်လိုက်သည်။ ဒီလိုနဲ့ အဲလက်စ်၊ စည်သူလွင်၊ မျိုးကျော့မြိုင်နဲ့



the bookhouse
we bring your future

မြန်မာ စာအုပ်များ



အောင်မြင်နေတဲ့ တေးရေး/တေးဆို အဆိုတော်တို့နဲ့အတူ Lazy Club ဆိုတဲ့ ခေတ်ကို စတင်တည်ထောင်ခဲ့ကြသည်။ ကလေးဘဝကတည်းက ဂစ်တာသမားအဖြစ်ရပ်တည်ချင်တဲ့ ကျွန်တော့်ရည်ရွယ်ချက်တွေလည်း အောင်မြင်လာခဲ့သည်။

ဒီလိုပရိသတ်လက်ခံနိုင်တဲ့ ဂစ်တာသမားအဖြစ် ရပ်တည်နိုင်ဖို့ အချိန်ကာလတစ်ခုကို ကြိုးကြိုးစားစား ဖြတ်ကျော်ခဲ့ရသလို ဒီလမ်းကို လျှောက်လှမ်းဖို့အတွက် ကျွန်တော့်ဘဝမှာ ပြတ်ပြတ်သားသားဆုံးဖြတ် ခဲ့ရတဲ့ ပုံရိပ်ကားချပ်တစ်ခုလည်း ရှိခဲ့ဖူးသည်။

အဲဒီအချိန်က တက္ကသိုလ်မတက်ရသေးတဲ့ အချိန်လည်း ဖြစ်သည်။ တက္ကသိုလ်ကို အလုပ်တစ်ခုလုပ်ရင်းဖြတ်သန်းဖို့ ကြိုးစားနေရချိန်လည်း ဖြစ်သည်။ ဒီလိုနဲ့ဂစ်တာသမားတစ်ယောက်အဖြစ် ရပ်တည်ချင်တဲ့ ကျွန်တော့်အတွက်အလုပ်တစ်ခုကို တွေ့ခဲ့သည်။

ဥဒနဆိုင်ရာတီးဝိုင်းတစ်ခုဖြစ်ပေမယ့် အပြင်မှာလည်း လူသိများတဲ့တီးဝိုင်းတစ်ခုဖြစ်သည်။ ကျွန်တော်လုပ်ရမဲ့ အလုပ်အတွက် တာဝန်ရှိတဲ့သူတွေနဲ့သွားတွေ့ခဲ့သည်။ သူတို့ကလည်း ကျွန်တော့်ဘက်က သေချာတဲ့အတွက် သူတို့ကိုယ်တိုင် စစ်ဆေးခဲ့သည်။

ကျွန်တော်ကလည်း ဘဝရပ်တည်မှုနဲ့ ဂစ်တာသမားဘဝကို တွဲပြီးလုပ်နိုင်တဲ့အတွက် သူတို့ကျေနပ်အောင် ကြိုးစားပြခဲ့သည်။ ကျွန်တော့်ကြိုးစားမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ တရားဝင်အလုပ်ခန့်ထားဖို့ နောက်တစ်ကြိမ်ထပ်သွားခဲ့သည်။ ကျွန်တော်ရောက်သွားချိန်မှာ ကျွန်တော်တွေ့ရမယ့်တာဝန်ရှိသူတွေက အရေးတကြီးကိစ္စတစ်ခုကြောင့် အခြားနေရာကို

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရောက်နေကြသည်။ သူတို့ကိုစောင့်ရင်း မွန်းတည့်၁၂နာရီကို ရောက်လာသည်။ အလုပ်အကိုင်မရှိသေးတဲ့ ကျွန်တော့်မှာပိုက်ဆံအပိုမရှိ လမ်းစရိတ်နဲ့ လက်ဖက်ရည်ဖိုးလောက်သာ ရှိခဲ့သည်။ ဆာလောင်မှုကို မေ့ထားရင်း သူတို့အလာကို ဆက်စောင့်နေရသည်။

ဒီလိုစောင့်နေရင်း တီးဝိုင်းဝန်ထမ်းတစ်ယောက်နဲ့ ကျွန်တော် စကားပြောဖြစ်သွားသည်။ သူက အဲဒီတီးဝိုင်းရဲ့အဆိုတော်တစ်ယောက်လည်း ဖြစ်သည်။ ကျွန်တော့်ကိုလည်း သူတို့ဝိုင်းထဲဝင်ဖို့ သေချာစဉ်းစားပါလို့ ပြောလာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ Electric ဂစ်တာ ကိုင်ပြီး တီးရရင် ကျေနပ်ကြောင်း၊ ကျွန်တော့်ဘက်က သေချာဆုံးဖြတ်ထား ပြီးပြီလို့ ပြန်ပြောခဲ့သည်။

ကျွန်တော့်အဖြစ်ကိုကြည့်ရင်း သူကဆက်ပြီး ပြောလာသည်။ ကျွန်တော့်ကိုအပြင်က အနုပညာလောကမှာ လျှောက်လှမ်း စေချင်ကြောင်း အခုလိုအခြေအနေမျိုး မဖြစ်မိအောင် စေတနာနဲ့ပြောတဲ့ အတွက် ကျွန်တော့်ဆုံးဖြတ်ချက်ကို ပြန်ပြင်ဖို့ထပ်ပြောလာသည်။

အဲဒီအချိန်ကသာ ကျွန်တော့်ဆုံးဖြတ်ချက် ရွေးချယ်ချက်တွေ မမှန်ကန်ခဲ့ရင်တော့ ပရိသတ်ရှေ့ကိုလည်း နိုင်ဇော် ရောက်လာနိုင်မှာ မဟုတ်ဘူးဆိုတာသေချာသည်။ ကျွန်တော့်ဘဝအတွက် မှန်ကန်တဲ့ အသိတရားတစ်ခု ပေးခဲ့တဲ့သူကို ကျွန်တော်ဘယ်လိုမှ မမေ့ခဲ့တာကတော့ ဒီနေ့အချိန်ထိဖြစ်သည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ





## လူတစ်ယောက် ဂီတနှစ်မျိုး

ကျွန်တော့်ဘဝမှာ Lazy Club အဖွဲ့သားတွေနဲ့ လက်တွဲချိန်ကစပြီး ကျွန်တော်ဖြစ်ချင်ခဲ့တဲ့ ဂစ်တာသမားဘဝကို တဖြည်းဖြည်း ပိုင်ဆိုင်လာခဲ့သည်။ ပရိသတ်ရဲ့ အသိအမှတ်ပြုမှု လက်ခံမှုကိုလည်း ရရှိလာသည်။ Lazy Club အဖွဲ့နဲ့ အောင်မြင်လာသလို ကျွန်တော့်ကိုယ်ပိုင်ဘဝကလည်း အိပ်မက်ကနေလက်တွေ့ဘဝကို ကူးပြောင်းရောက်ရှိခဲ့သည်။ စိတ်ကူးနဲ့ရှုးခဲ့ရတာတွေကို လက်တွေ့ကျကျ ပုံဖော်နိုင်တဲ့အခြေအနေကို ရလာခဲ့သည်။

ဘဝရဲ့ခါးသီးမှု ရှုံးနိမ့်မှုတွေကြားက ရှေ့ကိုလှမ်းတက်နိုင်တဲ့ခြေတစ်စုံကို ရရှိခဲ့သည်။ ကျွန်တော်ရောက်ချင်တဲ့ နေရာတစ်ခုကို တည့်တည့်မတ်မတ် လျှောက်လှမ်းနိုင်ဖို့ အားအင်တွေလည်း တိုးလာခဲ့သည်။ ကျွန်တော်ဖန်တီးချင်တဲ့ အနုပညာကိုလည်း လွတ်လွတ် လပ်လပ်လုပ်ခွင့်ရလာခဲ့သည်။

Lazy Club အဖွဲ့နဲ့အတူ ပရိသတ်တွေ နှစ်သက်လက်ခံတဲ့အခွေတွေကို ဖန်တီးနိုင်ခဲ့သည်။ ဒါပေမယ့် ကျွန်တော်တို့အဖွဲ့ကို ပရိသတ်အများစုက Pop ဂီတဖန်တီးသူတွေအဖြစ် သိထားကြသည်။ အသိအမှတ်ပြုထားကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်စိတ်ထဲမှာတော့ ဂီတနဲ့

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပတ်သက်ပြီး အားလုံးကိုလက်ခံထားသည်။ ဂီတမှန်ရင် ကျွန်တော့်အတွက် အနုပညာဖြစ်တယ်လို့ ခံယူထားသည်။ ပေါ့ဂီတလမ်းကြောင်းကိုရောက်လာပေမယ့် ရော့ခ်ဂီတလမ်းပေါ်ကိုလည်း လျှောက်လှမ်းဖြစ်ခဲ့သည်။

ကျွန်တော်ကျောင်းပြီးတဲ့အချိန်လောက်မှာ Lazy Club ကို ရောက်ရှိခဲ့တဲ့ ကျောင်းသားဘဝက ကျောင်းမှာအတူလက်တွဲခဲ့တဲ့ ကျွန်တော့်သူငယ်ချင်း အောင်အောင်ကလည်း သူရဲ့ကိုယ်ပိုင်အခွေ တစ်ခွေကို ကျွန်တော်နဲ့အတူတီးဖို့ စီစဉ်ခဲ့သည်။ အခွေနာမည်ကိုလည်း ရော့ခ်မုဆိုးလို့ ပေးခဲ့သည်။ ကျွန်တော်က ဂစ်တာနဲ့ကီးဘုတ်တီးပြီး သူကတော့ ဘေ့စ်နဲ့ ဒရမ်ကိုတီးခဲ့သည်။

အဲဒီတုန်းက စတူဒီယိုအသံဖမ်း စက်ကို 32 track နဲ့ စတင်တဲ့ အချိန်လည်းဖြစ်သည်။ ရော့ခ်ဂီတနောက်ကို သည်းသည်းမည်းမည်း



the bookhouse
we bring your future

မြန်မာ စာအုပ်များ





လိုက်ဖို့ရည်ရွယ်ချက်နဲ့ ရော့ခ် မှဆိုးအခွေကို ကျွန်တော်တို့ ဖန်တီးခဲ့သည်။ စတူဒီယိုမှာ ကျွန်တော်တို့နှစ်ယောက်တည်းနဲ့တီးလို့ရပေမယ့် စတိတ်ပေါ်မှာ တီးဖို့အတွက် အခက်အခဲဖြစ်လာသည်။

ဒီအခက်အခဲကို ဖြေရှင်းနိုင်ဖို့ ကျွန်တော့် သူငယ်ချင်းတွေကို အကူအညီ တောင်းခဲ့ရသည်။ အရင်ဆုံးလက်တွဲဖြစ်ခဲ့တာက ကျွန်တော့် သူငယ်ချင်း မြင့်ဇော်ဦးဖြစ်သည်။ သူက ဘေ့စ်ကိုတီးပေးခဲ့သည်။ နောက်ထပ် သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ဇော်နိုင်ကလည်း ကျွန်တော်တို့ကိုကူညီ ပေးခဲ့သည်။

ဒါပေမယ့် သူ့အခွေတီးဝိုင်းနာမည်ကိုတော့ Guitar Guns ဆိုပြီး သတ်မှတ်လိုက်သည်။ တီးဝိုင်းနာမည်ကို ဘယ်လိုပဲသတ်မှတ်သတ်မှတ် ကျွန်တော်တို့ကတော့တီးဖို့သာ အဓိကအာရုံစိုက်ခဲ့သည်။ ရော့ခ်သီချင်းတွေ အများဆုံးအခြေခံတဲ့ ဇော်နိုင်ရဲ့အပြင်းဆုံးကားကို သူငယ်ချင်းတွေက အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြသည်။

နောက်ထပ်သူငယ်ချင်းတစ်ယောက်ကလည်း သူ့အခွေကို ကျွန်တော်တို့နဲ့တီးပြီး နောက်ထပ်မှာ နာမည်သစ် တစ်ခုကို ပေးခဲ့ပြန်သည်။ ဒီလိုနဲ့ အခွေအသစ်လုပ်တိုင်း ဝိုင်းနာမည်ကလည်း တစ်မျိုးပြီးတစ်မျိုး ပြောင်းဖြစ်ခဲ့သည်။ ကျွန်တော်တို့ သူငယ်ချင်းတွေအတွက် အခွေတစ်ခုပြီး တစ်ခုတီးခဲ့ပေမယ့် နာမည်မရတဲ့ အခြေအနေမျိုးဖြစ်လာသည်။

နောက်ဆုံးမှာ ဒီအခြေအနေကိုရပ်တန့်ဖို့ တီးဝိုင်းနာမည်သစ် တစ်ခုသတ်မှတ်ဖို့ ကျွန်တော်တို့တိုင်ပင်ခဲ့ကြသည်။ နာမည်ရွေးပွဲကို စတူဒီယိုတစ်ခုမှာ လုပ်ခဲ့ကြသည်။ အဘိဓာန်စာအုပ်ထူထူကြီးကိုရှေ့မှာချပြီး

the bookhouse
we bring your future

မြန်မာ စာအုပ်များ



နာမည်ရွေးပွဲကို အားတက်သရောပါဝင် ဆင်နွှဲကြသည်။ နာမည်ပေါင်း သောင်းခြောက်ထောင်ကို အဆိုတင်သွင်းကြ၊ ပယ်ချလိုက်နဲ့ အားလုံးလက်ခံတဲ့ နာမည်တစ်ခုကို ရရှိလာသည်။ တကယ်တော့ ကျွန်တော်တို့အဖွဲ့ကလည်း နာမည်အတည်တကျ မရှိသေးသလို Lazy Club လို ပရော်ဖက်ရှင်နယ် အဖွဲ့မဟုတ်၊ သူငယ်ချင်းတွေ စိတ်တူကိုယ်တူပေါင်းထားတဲ့ အဖွဲ့တစ်ခု အဖြစ်သာရှိသေးသည်။

ကျွန်တော်တို့ရဲ့ကျောင်းနေဖက်သူငယ်ချင်း၊ ရပ်ကွက်ထဲက သူငယ်ချင်း၊ ငယ်သူငယ်ချင်းတွေနဲ့ ဖွဲ့စည်းထားခြင်းသာဖြစ်သည်။ နာမည်မရှိသေးတဲ့ ကျွန်တော်တို့အဖွဲ့ကို အလုပ်လုပ်ဖို့ ဘယ်သူကမှ လာအပ်တာလည်းမရှိ၊ ကျွန်တော်တို့သူငယ်ချင်း အချင်းချင်းသံယောဇဉ်နဲ့ လုပ်နေကြခြင်းဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာ Juke Box ဆိုတဲ့ နာမည်ကို ရွေးခဲ့ကြသည်။ Juke Box ဆိုတာ နိုင်ငံခြားက ကလပ်တွေမှာ ထားတတ်တဲ့ ပိုက်ဆံထည့်ပြီး ကိုယ်လိုချင်တဲ့သီချင်းတွေကို တောင်းဆိုနိုင်တဲ့ သီချင်းတောင်းစက်ဖြစ်သည်။ ကျွန်တော်တို့လည်း ကိုယ့်စိတ်ကူးနဲ့ကိုယ် ဒီနာမည်ကို ရွေးခဲ့ ကြခြင်းဖြစ်သည်။

ကျွန်တော်အနေနဲ့လည်း Lazy Club နဲ့ဆိုရင် ပေါ့ပ်ဂီတကို အများဆုံးအခြေခံပြီး Juke Box နဲ့ဆိုရင် ရော့ခ်ဂီတကို အခြေခံဖို့ ကြိုးစားခဲ့ခြင်းဖြစ်သည်။ လူတစ်ယောက်ဂီတနှစ်မျိုးစနစ်ကို ကျင့်သုံးနိုင်ဖို့ ကြိုးပမ်းခြင်း လည်းဖြစ်သည်။ Juke Box နဲ့အတူ ပွဲဦးထွက်အဖြစ် ဒိုက်ဦးမှာ တီးဖြစ်ခဲ့သည်။ ဒိုက်ဦးဆိုတာ ရန်ကုန်နဲ့သိပ်အဝေးကြီးမဟုတ်ပေမယ့် အဲဒီအချိန်ကတော့ တစ်နေကုန်အောင် ကျွန်တော်တို့သွားခဲ့ရသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



နံနက် ၁၀နာရီလောက် စထွက်ခဲ့ပေမယ့် ဒီလူကိုစောင့် ဟိုလူကို လိုက်ခေါ်နဲ့ ညနေ ၄နာရီကျော်မှ ပဲခူးအလွန်ကို ရောက်လာသည်။ ပြီးတော့ ကားပျက်သွားသည်။ ကျွန်တော်တို့အားလုံး စိတ်ပျက်ပင်ပန်းမှုနဲ့အတူ ဒိုက်ဦးကိုတော့ အချိန်မှီရောက်သွားသည်။ ဒိုက်ဦးကိုရောက်တော့လည်း ပြဿနာကဆီးကြိုနေသည်။ ကီးဘုတ်တီးတဲ့ ကျွန်တော့်သူငယ်ချင်းက ကြိုရောက်ပြီး ကြိုမူးနေသည်။ နောက်သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ မြင့်ဇော်ဦးကလည်းပွဲအရှိန်၊ အဆိုတော်ကြီးတွေရဲ့ အရှိန်နဲ့စင်ရဲ့ခြောက်လန့်မှုကို ခံနေရသည်။

ကျွန်တော်ရည်ရွယ်ထားတာက ကျွန်တော်တို့အဖွဲ့အားလုံး ညီညီညွတ်ညွတ် လက်စွမ်းပြဖို့ဖြစ်သည်။ ဒါပေမယ့် လက်တွေ့အခြေအနေမှာတော့ ကြည့်ကောင်းရုံသာတီးခဲ့ရသည်။ နောက်တစ်လလောက်အကြာမှာ ကျွန်တော်တို့အဖွဲ့အတွက် ညောင်လေးပင်မှာ ဖျော်ဖြေဖို့ဖြစ်လာပြန်သည်။

ဒိုက်ဦးပွဲစီစဉ်သူက ကျွန်တော်တို့ကိုထပ်ငှားခဲ့ခြင်းဖြစ်သည်။ ဒိုက်ဦးပွဲမှာ အစာမကြေခဲ့တဲ့ ကျွန်တော်တို့အတွက် လက်စွမ်းပြဖို့အခွင့်အရေးကြုံလာခြင်းဖြစ်သည်။ ကီးဘုတ်သမားကိုလည်း ပြောင်းထားတဲ့အတွက် ပရိသတ်ကို အစွမ်းကုန်ဖျော်ဖြေဖို့အားခဲထားသည်။ အဲဒီအချိန်က ကျွန်တော်တို့အဖွဲ့နဲ့ လက်တွဲလာတဲ့ ကီးဘုတ်သမားက ဒီနေ့ဓါတ်ပုံဆရာအဖြစ် အောင်မြင်နေတဲ့ ဓါတ်ပုံညဏ (Professional Eye) ဖြစ်သည်။

ဘေ့စ်တီးတဲ့ ကျွန်တော့်သူငယ်ချင်းမြင့်ဇော်ဦးကိုလည်း ဒီပွဲမှာ ကျွန်တော်နဲ့အတူ လက်စွမ်း ပြဖို့ တိုက်တွန်းရသည်။ ဒီလိုနဲ့ ညောင်လေးပင်ပွဲမှာ ကျွန်တော်တို့ Juke Box တစ်ဖွဲ့ သားလုံးလက်တွဲညီညီ အစွမ်းပြနိုင်ခဲ့ကြသည်။ ကျွန်တော်တို့ဝိုင်းနဲ့ အတူဖျော်ဖြေခဲ့တဲ့ မာရဓူကိုယ်တိုင် ကျွန်တော်တို့အဖွဲ့ကိုသဘောကျလက်ခံသွားပြီး နောက်ထပ်ရှိုးပွဲပေါင်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ



များစွာကို သူနဲ့အတူလက်တွဲ ဖြစ်ခဲ့သည်။ သူနဲ့ကျွန်တော်တို့အဖွဲ့အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ကြိုးစားခဲ့ကြသည်။ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်နဲ့ ကိုမာရဇ္ဇအတွက် ဘာမဟုတ်တဲ့စကားလေးတွေကြောင့် အက်ကွဲကြောင်းတစ်ခုပေါ်လာခဲ့ပြီး ကိုယ်ယုံကြည်တဲ့လမ်းကို ကိုယ့်ဘာသာကိုယ်လျှောက်ဖို့ ဆုံးဖြတ်ခဲ့သည်။

ကျွန်တော်တို့ Juke Box အဖွဲ့ရဲ့ ညီညွတ်မှုကြောင့် စတိတ်ရှိုးပွဲတွေကို မြန်မာပြည်အနှံ့ ခြေဆန့်နိုင်ခဲ့သည်။ နာမည်ရပြီးသား အဆိုတော်တွေရဲ့ အခွေတွေကိုတီးခတ်ရသလို အဆိုတော်သစ်တွေအတွက်လည်း တီးပေးခဲ့ရသည်။ Juke Box အတွက် ဒီလိုအခြေအနေမျိုးရောက်ရှိခဲ့ပေမယ့် ပရိသတ်အသိအမှတ်ပြုလက်ခံနိုင်တဲ့ အဖွဲ့တစ်ခုဖြစ်လာဖို့ ကျွန်တော်တို့ ဆက်လက်ကြိုးစားခဲ့ကြသည်။

Juke Box နဲ့ ပတ်သက်ပြီး အောင်မြင်တဲ့မှတ်တိုင်တစ်ခု စိုက်ထူနိုင်ဖို့ရည်ရွယ်ချက်က ကျွန်တော်တို့တစ်ဖွဲ့သားလုံးရဲ့ ဆန္ဒတစ်ခု ဖြစ်လာသည်။ ဒီလိုနဲ့ ကျွန်တော်တို့ဆန္ဒအတိုင်း မှတ်တိုင်တစ်ခု စိုက်ထူနိုင်မယ့် အခြေအနေတစ်ခု ဖြစ်လာခဲ့သည်။ ကျွန်တော်နဲ့ရှိုးပွဲအများအပြားကို ဖျော်ဖြေနေတဲ့ ကိုမာရဇ္ဇရဲ့ တစ်ကိုယ်တော် အခွေသစ်ကိုဖန်တီးဖို့ဖြစ်သည်။ ကိုမာရဇ္ဇနဲ့အတူ အောင်မြင်တဲ့အခွေတစ်ခု ဖန်တီးဖို့ဆန္ဒကလည်း ကျွန်တော့်ရင်ထဲမှာ ရှိနေပြီးဖြစ်သည်။

ကိုမာရဇ္ဇကလည်း ကျွန်တော်တို့နဲ့ လက်တွဲနေပေမယ့် အဲဒီအချိန်က သူ့ရဲ့အခွေတွေကို အခြားနာမည်ကြီး တီးဝိုင်းတစ်ခုနဲ့ အလုပ်လုပ်နေခြင်းဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာ Juke Box နဲ့အတူ အခွေသစ်တစ်ခုကို ဖန်တီးဖြစ်ခဲ့သည်။ အဲဒီအခွေက "မျှော်လင့်ခြင်းလမင်း" ဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အဲဒီအခွေကို အဲဒီအချိန်က တေးရေးအသစ်တစ်ယောက် ဖြစ်တဲ့ လင်းမောင်မောင်ရဲ့ သီချင်းတွေကို နာမည်မရသေးတဲ့ Juke Box လို ဝိုင်းအသစ်တစ်ခုနဲ့ ပုံဖော်ပေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ ကလည်း Juke Box အတွက်မှတ်တိုင်တစ်ခုစိုက်နိုင်ဖို့ ဒီအခွေကို အားကြိုးမာန်တက် လုပ်ခဲ့ကြသည်။ လင်းမောင်မောင်ရဲ့ သီချင်းတစ်ပုဒ်ချင်းစီအတွက် ကျွန်တော် စိတ်ကူးထားတဲ့ Arrangement တွေကို စိတ်ကြိုက်စီစဉ်လိုက်သည်။

ပြီးတော့ အသံသွင်းဖို့ အိုအေစစ် စတူဒီယိုကိုသွားခဲ့သည်။ စတူဒီယိုမှာ သီချင်းတစ်ပုဒ်အတွက် နေ့တစ်ဝက်လောက်ကြာခဲ့ရတာကိုတော့ ကျွန်တော် မှတ်မိနေသေးသည်။ ဒီသီချင်း ကလည်း "မျှော်လင့်ခြင်းလမင်း" ရဲ့ လူသိ အများဆုံး "အလွမ်း မိတ်ဆွေ" ဖြစ်သည်။

အလွမ်းမိတ်ဆွေအတွက် ကျွန်တော်ကလည်း ကျွန်တော် လိုချင်တဲ့ Music ပုံစံကို စိတ်ကူးထားသည်။ ကိုမာရဇ္ဇကလည်း သူလိုချင်တဲ့ ပုံစံတစ်ခုကို စိတ်ကူးထားသည်။ ဒီလိုနဲ့ ကျွန်တော်တို့ရဲ့ ထပ်တူမကျတဲ့ စိတ်ကူးတွေကို အလျှော့အတင်းလုပ်ပြီး ညှိယူခဲ့ကြသည်။

ဘယ်နေရာမဆို အမြင်မတူနိုင်တဲ့ လူသားတွေအတွက် အသိဉာဏ်ရှိရှိ စိတ်သဘောထားကြီးကြီး ညှိယူခဲ့ကြမယ်ဆိုရင် အားလုံး အတွက် အကောင်းဆုံးအဖြေတစ်ခုကို ရယူနိုင်တယ်ဆိုတာ အားလုံးညှိပြီးတဲ့ နောက်မှာ ဒီအခွေအတွက် ပထမဆုံး သီချင်းအဖြစ် အောင်အောင်မြင်မြင် အသံသွင်းလိုက်နိုင်သည်။

ကျွန်တော်တို့ Juke Box အဖွဲ့သားအားလုံးက ဒီအခွေကို ပရိသတ်လက်ခံနိုင်ဖို့ အားခဲထားကြသည်။ မာရဇ္ဇကိုယ်တိုင်ကလည်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော်တို့အဖွဲ့အပေါ် ယုံယုံကြည်ကြည် လက်တွဲလာခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် ထင်မှတ်မထားတဲ့အကြောင်းတစ်ခု ပေါ်လာခဲ့သည်။ ဒီအခွေအတွက် ထုတ်လုပ်သူက ကျွန်တော်တို့အဖွဲ့ကို မယုံကြည်တဲ့အတွက် အခြားထုတ်လုပ်သူတစ်ယောက်ကို လက်လွှဲရောင်းလိုက်ခြင်းဖြစ်သည်။

ကျွန်တော်တို့ကဂီတသမားအဖြစ် ချဉ်းကပ်ခဲ့ခြင်းဖြစ်ပြီး သူကတော့ စီးပွားရေးသမားအနေနဲ့ ရှုမြင်ခဲ့သည်။ ကျွန်တော်တို့မသိတဲ့ ရှုထောင့် တစ်ခုကနေပြီး ကြည့်လိုက်ခြင်းဖြစ်သည်။ ဒီအခြေအနေက စီးရီးအတွက် အခွေကြမ်းတစ်ခုအဖြစ်သာ ပုံဖော်ရသေးတဲ့အတွက် ကျွန်တော်တို့အတွက် စိတ်ဓါတ်ကျစရာဖြစ်ခဲ့ရသည်။

ကျွန်တော်တို့အပေါ် မယုံကြည်တဲ့သူတွေအတွက် ကျွန်တော်တို့ဘက်က ပိုကြိုးစားပြခဲ့သည်။ ဒီအခွေကို မကောင်းမချင်းတီးကြမယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်သည်။ သီချင်းတိုင်းကို အကောင်းဆုံးဖြစ်အောင် ကြိုးစားဖန်တီးကြသည်။ နောက်ဆုံးရလဒ်ကတော့ ပရိသတ်တွေလက်ခံနိုင်တဲ့အခွေအဖြစ် အောင်မြင်ခဲ့သည်။

ကျွန်တော်တို့ Juke Box အတွက် အခွေတစ်ခွေတည်းနဲ့ လူတွေသိတဲ့အဖွဲ့တစ်ခုဖြစ်ခဲ့သည်။ ဒီစီးရီးကြောင့် ကျွန်တော်တို့အဖွဲ့ကို ပရိသတ်သိခဲ့သလို ကိုမာရဇ္ဇနဲ့ကျွန်တော်တို့လည်း အလိုလိုလက်တွဲဖြုတ်လိုက်သလို ဖြစ်ခဲ့သည်။ တကယ်တော့ ဒီအဖြစ်အပျက် အားလုံးအတွက် အပြစ်ရှိသူက ကျွန်တော်ကိုယ်တိုင်ပင်ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့အတွက် မှားယွင်းတဲ့လမ်းကြောင်းတစ်ခုကို ဆွဲခေါ်သွားခဲ့ခြင်းဖြစ်သည်။ အဲဒီအချိန်က သည်းမခံနိုင်တဲ့စိတ်၊ မရင့်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျက်တဲ့စိတ်တွေနဲ့ မလုပ်သင့်တဲ့အရာတွေကို လုပ်ဆောင်ခဲ့သည်။ မျှော်လင့်ခြင်းလမင်းနဲ့ပတ်သက်ပြီး အင်တာဗျူးတစ်ခုပါလာတဲ့ အကြောင်းအရာအပေါ် ကျွန်တော့်ဘက်ကလက်မခံနိုင်ဘဲ မိုက်မဲစွာပြုမူခဲ့ခြင်းဖြစ်သည်။ ကိုမာရဇ္ဇကလည်း သူ့အခွေမှာ သူ့ရဲ့အားထုတ်မှုတွေက အမှန်ပင်ဖြစ်ခဲ့သည်။ စီးရီးတစ်ခွေအတွက် သူနဲ့ကျွန်တော် အကြိတ်အနယ်စကားတွေ ပြောခဲ့ရသည်။

ကျွန်တော်ရဲ့မှားယွင်းတဲ့လုပ်ရပ်က Juck Box အဖွဲ့အပေါ် နောက်ထပ်အောင်မြင်တဲ့ ခြေလှမ်းတွေကို ဆက်ပြီးမလှမ်းနိုင်အောင် လုပ်လိုက်သလို ဖြစ်သွားခဲ့သည်။ အကျိုးဆက်အဖြစ် ကျွန်တော်နဲ့အမြဲလက်တွဲလာတဲ့ အောင်အောင်က Juke Box အဖွဲ့သားအဖြစ်မှ ကျောခိုင်းထွက်ခွာသွားသည်။ ဒါပေမယ့် သူငယ်ချင်းတွေဖြစ်တဲ့ ကျွန်တော်တို့ကြားမှာ စိတ်ဆိုးတဲ့အချိန်မှာ မခေါ်ကြပေမယ့် နောက်တော့လည်း ကလေးတွေလို သူငယ်ချင်းအဖြစ် ပြန်လက်တွဲဖြစ်ခဲ့သည်။

ဒီနေ့လိုအချိန်မှာ အောင်အောင်အနေနဲ့ Juke Box မှာ သူတီးခြင်း၊ မတီးခြင်းက ဘာပြဿနာမှမရှိသလို အခြားသူအတွက်လည်း အဆင်ပြေသလို ဆက်သွားခဲ့သည်။ အခြားဝိုင်းတွေလို ပရော်ဖက်ရှင်နယ် မဟုတ်တဲ့ ပေါ့ပေါ့ပါးပါးနဲ့ အလုပ်လုပ်ကြခြင်းဖြစ်သည်။ အောင်အောင်နဲ့ အဆင်သင့်ရင် အောင်အောင်နဲ့တီးကြပြီး သူအဆင်မပြေရင် အခြားတစ်ယောက်နဲ့တီးကြတဲ့ မိသားစုဝိုင်းအဖြစ်နဲ့သာ ဆက်လက်ရပ်တည်ခဲ့ကြခြင်းဖြစ်သည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ



## ကျွန်တော်ဖန်တီးချင်တဲ့ ဂီတ (သို့မဟုတ်) အော်တာနေးတစ်

လေးဇီးကလပ်အဖွဲ့ကို ပရိသတ်တွေလက်ခံထားတာက ပေါ့ပ် ဂီတတစ်ခုဖြစ်သည်။ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာ တခြားဂီတတွေကို ဖန်တီးနိုင်တဲ့အဖွဲ့တစ်ဖွဲ့အဖြစ် ပရိသတ်ကို သိစေချင်ခဲ့သည်။ Lazy Club ရဲ့ အောင်မြင်မှု၊ ကျရှုံးမှုဆိုတာ ကျွန်တော်ဘဝရဲ့ အတက်၊ အကျအဖြစ် လက်ခံထားသည်။ ကျွန်တော်တို့တစ်ဖွဲ့လုံး အောင်မြင်ခြင်းသည် ကျွန်တော့် အတွက်လည်း အောင်မြင်ခြင်းဖြစ်သည်။

ပရိသတ်ကြားမှာအောင်မြင်တဲ့ ဂီတဝိုင်းတစ်ခုအဖြစ်ရပ်တည် ဖို့က ကျွန်တော်တို့ရဲ့ကြိုးစားမှု၊ ပရိသတ်ရဲ့ လက်ခံနိုင်မှုအပေါ်မှာ မူတည်နေသည်။ ပြီးတော့ ကျွန်တော်တို့နဲ့လက်တွဲကြတဲ့ အဆိုတော်တွေ ဖြစ်သည်။ ဂီတဝိုင်းတစ်ခုရဲ့ အဆိုတော်တွေဆိုတာ အပြန်အလှန်မှီခို နေတယ်လို့ ကျွန်တော်ယူဆထားသည်။ အဆိုရှင်တွေကို ကျွန်တော်တို့ ဘက်က ပံ့ပိုးရသလို သူတို့ကြောင့်လည်း ကျွန်တော်တို့ဖန်တီးချင်တဲ့ အနုပညာကို လုပ်ခွင့်ရခဲ့ကြသည်။

ကျွန်တော်တို့ Lazy Club နဲ့အတူ ပရိသတ်ကြားမှာအောင်မြင် လာတဲ့ အဆိုတော်အများအပြားရှိခဲ့သည်။ ဒီထဲမှာ အဲလက်စ်လည်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ





အပါအဝင်ဖြစ်သည်။ အဲလက်စ်ရဲ့ ဆုံနိုင်ခွင့်အခွေမှာ ကျွန်တော်တို့စတင် လက်တွဲခဲ့ကြသည်။ ပြီးတော့ "မင်းအနားမှာ" "အဲလက်စ်နှင့် သူ၏သီချင်းများ" အခွေတွေကိုလည်း အောင်မြင်တဲ့ တေးစီးရီးတွေအဖြစ် ဖန်တီးခဲ့ကြသည်။ ပရိသတ်တွေကလည်း အဲလက်စ်နဲ့ကျွန်တော်တို့ကို ပေါ့ပ်ဂီတသမားတွေ အဖြစ် လက်ခံခဲ့ကြသည်။ အဲလက်စ်နဲ့ အစောပိုင်းသီချင်းအားလုံးလိုလို ကလည်း ပေါ့ပ်သီချင်းများဖြစ်သည်။

အဲဒီအချိန်က ကျွန်တော်တို့ရဲ့ ပေါ့ပ်ဂီတကွင်းထဲမှာ အဲလက်စ် အပါအဝင် အခြားနာမည်ကြီး အဆိုတော်တွေလည်း ပါဝင်ခြေစွမ်းပြခဲ့သည်။ သူတို့အားလုံးက ပထမတန်းစား တိုက်စစ်မှူးတွေဖြစ်ခဲ့သည်။ ဂိုးသွင်းတဲ့ နေရာမှာလည်း တစ်ယောက်တစ်မျိုး ကောင်းကြသူများဖြစ်သည်။ သူတို့နဲ့ အတူ ကျွန်တော်တို့ Lazy Club ကလည်း ချန်ပီယံဖလားတွေကို တစ်ခုပြီး တစ်ခု သိမ်းပိုက်နိုင်ခဲ့သည်။

ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်နဲ့အဲလက်စ်တို့ ရင်ခုန်သံတွေ ထပ်တူကျခဲ့ကြသည်။ အဲဒီအချိန်က ကျွန်တော်တို့ဆီမှာ အော်တာနေးတစ် ဂီတကို အကျွမ်းတဝင်မရှိ သူစိမ်းဆန်ဆန်ဖြစ်နေသည်။ ကျွန်တော်တို့ Lazy Club ရဲ့ သူရဲကောင်းတွေလည်း ပေါ့ပ် သီချင်းအများစုကို သီဆိုသူများ ဖြစ်သည်။ ပေါ့ပ်ဂီတမှာ အဓိကအခြေခံတာက ကီးဘုတ်ဖြစ်သည်။ ပေါ့ပ်သီချင်းတွေလုပဖို့အတွက် ကီးဘုတ်သမားအပေါ်မှာ မူတည်သည်။

ကျွန်တော်တို့လို ဂစ်တာသမားတွေအတွက် ပေါ့ပေါ့ပါးပါး တီးရတဲ့ ပုံစံမျိုးဖြစ်သည်။ ရော့ခ်နဲ့အော်တာနေးတစ်တို့ကတော့ ဂစ်တာကို အခြေခံတဲ့ ဂီတများဖြစ်သည်။ ဂစ်တာသမားတစ်ယောက်အနေနဲ့ ပေါ့ပ်ဂီတမှာ အောင်မြင်ပြီး တခြားဂီတတွေမှာ မအောင်မြင်ရင် ဒီဂစ်တာ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



သမားအတွက် ကောင်းတဲ့လက္ခဏာမဟုတ်ဘူးလို့ ကျွန်တော်ခံယူထားသည်။ Lazy Club ကိုလည်း ဘက်စုံထောင့်စုံတီးနိုင်တဲ့ အဖွဲ့တစ်ဖွဲ့အဖြစ် ဖြစ်စေချင်သည်။ ဂစ်တာကို အခြေခံတဲ့ အော်တာနေးတစ်နဲ့ ရော့ခ်ဂီတတွေကို Lazy Club က မတီးနိုင်ဘူးဆိုရင် ဂစ်တာသမားရဲ့ ညံ့ဖျင်းမှုကြောင့်ဖြစ်သည်။ ဒါဟာ ကျွန်တော့်ရဲ့ညံ့ဖျင်းမှုလည်းဖြစ်သည်။



ဒီလိုနဲ့ နည်းပါးတဲ့ ကျွန်တော့် အရည်အချင်းတွေကို မြေမြှုပ်ပစ်ဖို့ ကြိုးစားခဲ့သည်။ ကျွန်တော်တို့ဆီမှာ လူသိနည်းတဲ့ အော်တာနေးတစ်ကို ဖန်တီးပြနိုင်ဖို့ ကြိုးစားခဲ့ကြသည်။

ဒီလိုအခြေအနေ မှာ အဲလက်စ်ကလည်း အော်တာနေးတစ်အခွေတစ်ခွေလုပ်ဖို့ စိတ်ကူးလိုက်သည်။ ပြီးတော့ ကျွန်တော်တို့ရဲ့အဖွဲ့နဲ့ တိုင်ပင်သည်။ အဲလက်စ်ရဲ့စိတ်ကူးကိုသိရတဲ့အချိန်မှာ ကျွန်တော် အရမ်းပျော်သွားသည်။ကျွန်တော် ဖန်တီးချင်တဲ့ ဂီတတစ်ခုကို လုပ်ခွင့်ရလာခြင်းကြောင့် ဖြစ်သည်။ တီးခွင့်ရတဲ့ အခွေမှာ မကောင်းရင်တော့ ကျွန်တော် ညံ့တာသေချာသည်။ အော်တာနေးတစ်ကို ကျွန်တော်မပိုင်လို့ဘဲ ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော် လေ့လာထားတာတွေကို အသုံးချနိုင်မယ်လို့ ယူဆထားသည်။ ဒါပေမဲ့ အော်တာနေးတစ်နဲ့ပတ်သက်လို့ ကျွန်တော့်မှာ အခက်အခဲလေး တစ်ခုရှိနေသည်။ အော်တာနေးတစ်မှာ Backing Card တွေကို အဓိကထားပြီး Solo ပိုင်းကို ကွယ်ဖျောက်ထားသည်။ ကျွန်တော်က Solo ကိုအားသန်သူ တစ်ယောက်ဖြစ်သည်။

သီချင်းတစ်ပုဒ်က Solo မပါဘဲ မဖန်တီးချင်တာ ကျွန်တော့်ဆန္ဒဖြစ်သည်။ ဒီလိုအခက်အခဲကို ကျော်လွှားနိုင်ဖို့ အော်တာ နေးတစ် Solo တစ်ခုနှစ်ခုကိုသာ တွေ့ရသည်။ ကျွန်တော်တွေ့ရသလောက်ကို မှတ်ထားလိုက်ပြီး သူတို့အငွေ့အသက်ကို လိုအပ်တဲ့နေရာမှာ အသုံးချဖို့စိတ်ကူးလိုက်သည်။

အဲလက်စ်ရဲ့ အော်တာနေးတစ်အခွေကို ကိုဝေထွန်းရှိတဲ့ နဝရတ်စတူဒီယိုမှာ အသံလွှင့်ဖို့ သတ်မှတ်လိုက်သည်။ ပြီးတော့ စတူဒီယို ရက်ချိန်းယူပြီး ကျွန်တော်တို့နဲ့ဆုံမယ့်အချိန်ကို ချိန်းလိုက် ကြသည်။ ဒါပေမယ့် ချိန်းထားတဲ့အချိန်ကို ကျွန်တော်မရောက်ဘဲ ဖြစ်ခဲ့သည်။ ကားဘီးပေါက်ကိုပြင်ပြီး စတူဒီယိုကို ကျွန်တော်ရောက်တဲ့အချိန်မှာ ဘယ်သူမှ မရှိတာတွေ့ရသည်။ တီးဖို့အစီအစဉ်လည်း ပျက်သွားတာသိလိုက်ရသည်။ အဲဒီအခွေအတွက် စိတ်ကူးထားတဲ့ အဲလက်စ်ရဲ့စိတ်ကူးတွေ ပျက်စီးသွားကြောင်းသိရသည်။

ကျွန်တော်တို့အဖွဲ့မှာ လူကြီးတစ်ယောက်ဖြစ်တဲ့ ကိုဝေထွန်းက အဲလက်စ်ကို နဂိုသီချင်းပုံစံတွေ လုပ်စေချင်သည်။ အဲလက်စ်ကလည်း အော်တာနေးတစ်သီးသန့်သာလုပ်ချင်သည်။ ကိုဝေထွန်းက အဲလက်စ်သီချင်းတွေကို လူကြီးတစ်ယောက်အနေနဲ့ ကြမ်းတယ်လို့ယူဆထားသည်။

မြန်မာ စာအုပ်များ





ကျွန်တော်ရှိနေရင်တော့ ဒီလိုအခြေအနေမျိုးမဖြစ်အောင် ညှိပေးလို့ရမှာ သေချာသည်။ သူ့ယုံကြည်မှုကိုချပြနိုင်ဖို့ စိတ်ကူးထားတဲ့ အဲလက်စ်ကလည်း စိတ်ပျက်ပြီး ပြန်သွားသည်။ ကျွန်တော်တို့အားလုံး ပြန်ဆုံတဲ့အချိန်မှာ လင်းစတူဒီယိုကို ပြောင်းမယ်လို့ အဲလက်စ်ကပြောလာသည်။

ကျန်တဲ့သူတွေအတွက် အခက်အခဲမရှိပေမယ့် ဒရမ်တီးဖို့အတွက် ဒရမ်မာတစ်ယောက်လိုလာသည်။ နဝရတ်မှာတီးရင် ကိုဝေထွန်းရှိပေမယ့် လင်းမှာတီးဖို့အတွက် အခြားတစ်ယောက်က လိုလာပြန်သည်။ ဒီလိုနဲ့ကိုမရခိုင်ကို အဲလက်စ်က အကူအညီတောင်းလိုက်သည်။ ကိုမရခိုင်လည်း ခရီးသွားငါးယောက်အခွေမှာ Lazy Club ကို ခေတ္တခွဲသွားပေမယ့် အဲလက်စ်အခွေအတွက် ကျွန်တော်တို့နဲ့အတူ ပြန်လက်တွဲခဲ့သည်။ အော်တာနေးတစ်နဲ့ ပတ်သက်ပြီး ပီပီပြင်ပြင်တီးပေးခဲ့သည်။

ကျွန်တော့်ဘက်ကလည်း သီချင်းတိုင်းအတွက် အားထုတ်ခဲ့ရသလို အခွေနာမည်ကလည်း "စိတ်ကူးသက်သက်များ" ဖြစ်ခဲ့သည်။ စိတ်ကူးသက်သက်များနဲ့ပတ်သက်ပြီး မမေ့နိုင်တဲ့ အဖြစ်အပျက်တွေ ရှိခဲ့သည်။ ဒီအခွေအတွက်အောင်မြင်မယ်လို့ ကျွန်တော်တို့အားလုံးယူဆထားသည်။

ဒါပေမယ့် အော်တာနေးတစ်ကို အဲလက်စ်ပရိသတ်က ကြိုက်နိုင်မလား၊ ကြိုက်ခဲ့ရင်တောင် အော်တာနေးတစ်တီးတဲ့ Lazy Club ကို လက်ခံနိုင် မလားလို့ တွေးခဲ့ကြသည်။ သီချင်းတစ်ပုဒ်ချင်းစီအတွက် ကျွန်တော် ပင်ပင်ပန်းပန်းတီးခဲ့ရသည်။ ကျွန်တော်ဖန်တီးချင်တဲ့ပုံစံတွေကို အဲလက်စ် စိတ်ကူးနဲ့ ထပ်တူကျအောင်လုပ်ခဲ့ရသည်။

အဲဒီအချိန်က ကမ္ဘာမှာခုနှစ်ကြိုးဂစ်တာပေါ်နေပေမယ့်

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော်တို့ဆီမှာ ခြောက်ကြိုးဂစ်တာသာ ရှိနေသေးသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် အဲလက်စ်အခွေအတွက် ခုနှစ်ကြိုးဂစ်တာကို မဖြစ်ဖြစ်အောင် သုံးစွဲခဲ့သည်။ ခုနှစ်ကြိုးဂစ်တာကြိုးတွေကို ဆိုင်တစ်ဆိုင်က ကျွန်တော် ဝယ်ခဲ့သည်။ အဲဒီဆိုင်ကလည်း ဂစ်တာကြိုးတွေသာ ရောင်းဖို့တင်ထားပေမယ့် ကျွန်တော်တို့ဆီမှာ ဒီလိုဂစ်တာမျိုးရှိမရှိကို သူတို့လည်းမသိ ပေါ်နေလို့သာ တင်ရောင်းရခြင်းဖြစ်သည်။ သူတို့ဆိုင်အတွက် ဘယ်လိုဘာလာမှန်း မသိ ပေမယ့် ကျွန်တော့်အတွက်တော့ ဝမ်းသာစရာဖြစ်သည်။

ဆိုင်ကဝယ်လာတဲ့ကြိုးတွေကို ကျွန်တော်မတီးဖြစ်တဲ့ ဂစ်တာတစ်ခုမှာ တပ်လိုက်သည်။ ခြောက်ကြိုးဂစ်တာကို တစ်ကြိုးဖြုတ်ပြီး တပ်ခဲ့ရခြင်းဖြစ်သည်။ ဒီလိုနဲ့ တစ်ကြိုးလျော့တဲ့ဂစ်တာကို အခက်အခဲကြားက အောင်အောင်မြင်မြင်ဖြစ်အောင် စမ်းသပ်နိုင်ခဲ့သည်။ ကျွန်တော်တို့ ကြိုးစားမှုတွေက အခွေထွက်ပြီးပြီးခြင်း မအောင်မြင်ခဲ့ပေမယ့် အချိန်ကာလ တစ်ခုအပြီးမှာ ကျွန်တော်ဖြစ်စေချင်တဲ့ပုံစံတစ်ခုကို ရရှိလာခဲ့သည်။

စိတ်ကူးသက်သက်များ အခွေအောင်မြင်လာခြင်းနှင့်အတူ စတိတ်ရှိုးတွေမှာ ကျွန်တော်တို့ Lazy Club ကလည်း ပိုပြီးအသက် ဝင်လာသည်။ လှုပ်လှုပ်ရှားရှား ပိုဖြစ်လာသည်။ Lazy Club ကို ဘက်စုံ ထောင့်စုံက တီးနိုင်တဲ့အဖွဲ့တစ်ခုဖြစ်စေချင်တဲ့ ကျွန်တော့်ဆန္ဒတွေကလည်း တကယ်ဖြစ်လာသည်။ နောက်ဆုံးတော့လည်း ကျွန်တော်တို့အားလုံး အော်တာနေးတစ်ကို ဖန်တီးနိုင်ခဲ့သည်။ ကျွန်တော်တီးချင်တဲ့ ဂီတပုံစံတစ်ခုကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ပြီး အဲလက်စ်နဲ့ကျွန်တော်တို့ရဲ့ ပူးပေါင်းမှု သမိုင်းမှာ မှတ်တိုင်တစ်ခုစိုက်နိုင်ခဲ့သည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ



## Aces အလှည့်အပြောင်း

ဂစ်တာသမားတစ်ယောက်အဖြစ် ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ လမ်းကြောင်းပေါ်မှာ ရွှေသံစဉ်က အရေးပါခဲ့သလို Aces ကလည်း အဓိကနေရာမှာ ပါဝင်ခဲ့သည်။ ပရော်ဖက်ရှင်နယ် ဂစ်တာသမားအဖြစ် ရွှေသံစဉ်ကို ရောက်လာတဲ့အချိန်မှာ ကျွန်တော်တီးရတာက Second လိဒ်ဖြစ်သည်။ တီးဝိုင်းခေါင်းဆောင် ကိုဝင်းမော်က First လိဒ်တီးသူဖြစ်သည်။

ကိုဝင်းမော်က ရွှေသံစဉ်မှာ ဦးဆောင်သူ တစ်ယောက်ဖြစ်ပြီး Aces မှာလည်း ပင်တိုင်ဂစ်တာသမားတစ်ယောက် ဖြစ်သည်။ အဲဒီအချိန်က Aces အဖွဲ့မှာ အော်စကာသန်းတင် (ဒရမ်) ကိုစိုးတင်သောင်း (ကီးဘုတ်) ကိုဂျင်ပီ (ဘေ့စ်) တို့လည်း ရှိနေသည်။ သူတို့အားလုံးက Aces အဖွဲ့မှာ အဓိက ဝင်တီးပေးခဲ့ရတာမျိုးလည်း ရှိခဲ့ဖူးသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့အားလုံးကြားမှာ ကျွန်တော်က ချာတိတ် တစ်ယောက် ဖြစ်နေသည်။ သူတို့နဲ့တွဲတီးရတဲ့အချိန်မျိုးမှာ လူငယ် တစ်ယောက်အနေနဲ့ စိုးရိမ်ကြောက်လန့်စိတ်တွေလည်းရှိသည်။ ဒီလိုနဲ့ ရွှေသံစဉ်ကနေ Lazy Club ကို ကျွန်တော်ရောက်လာခဲ့သည်။ Lazy Club စတင်ရှင်သန်လာချိန်မှာ ပင်တိုင်ဂစ်တာ သမားက ကိုမောင်မောင်ဖြစ်သည်။ ဘာကြောင့်မှန်းမသိပေမယ့် ဂစ်တာသမားဘဝကို ကိုမောင်မောင်က

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အပြီးတိုင်စွန့်လွှတ်လိုက်သည်။ စွန့်ခွာသွားသည်။ သူ့နေရာမှာ ဝင်တီးပေးဖို့ ကိုဂျင်ပီတို့က ကျွန်တော့်ကို ဆက်သွယ်လာသည်။

ကျွန်တော်ကလည်း သူတို့နဲ့ပူးပေါင်းဖို့ ကတိပေးလိုက်သည်။ သာသနာ့ဘောင်ကို အပြီးကူးပြောင်းသွားတဲ့ ကိုမောင်မောင်က Aces အဖွဲ့မှာလည်း ပါဝင်နေသူတစ်ယောက်ဖြစ်သည်။ ရွှေသံစဉ်မှာ Second လိဒ်သမားတစ်ယောက်အဖြစ် ကျွန်တော်ရပ်တည်ခဲ့ပေမယ့် Lazy Club မှာတော့ ပင်တိုင်အဖြစ် စတင်ခြင်းဖြစ်သည်။

Lazy Club မှာ ကိုမောင်မောင်နေရာကို စတင်တီးခဲ့ရတဲ့ အတွက် Aces အဖွဲ့မှာလည်း အလိုလိုပင် သူ့နေရာကို ဆက်ခံဖြစ်ခဲ့သည်။ Aces မန်နေဂျာဦးစိုးအောင်ကလည်း သူတို့အဖွဲ့မှာ အဖွဲ့သား တစ်ယောက်အဖြစ် ကျွန်တော့်ကိုအလွယ်အကူပင် လက်ခံခဲ့သည်။ Aces အဖွဲ့ကိုလည်း အဲဒီအချိန်က အုပ်စုနှစ်ခုခွဲပြီး တီးကြခြင်းဖြစ်သည်။

ကိုမောင်မောင်က ဒုတိယအဖွဲ့မှာတီးရသူဖြစ်ပြီး ကိုဝင်းမော် ကတော့ ပထမအဖွဲ့မှာ ရပ်တည်နေသူဖြစ်သည်။ ဒါပေမယ့် Lazy Club ကို ကျွန်တော်ရောက်လာပြီး မကြာမီမှာ ကိုဝင်းမော်ရဲ့ အခြေအနေက ဂစ်တာဆက်တီးလို့မရတဲ့ အခြေအနေတစ်ခုကို ရင်ဆိုင်လိုက်ရသည်။ ဂစ်တာသမားတစ်ယောက်ရဲ့ ဘဝရပ်တန့်သွားစေတဲ့ အခြေအနေမျိုး ဖြစ်သည်။

ဒီလိုနဲ့ သူ့နေရာကို ကျွန်တော်ဆက်ခံလိုက်ပြီး Aces မှာ ပင်တိုင်ဂစ်တာသမားဖြစ်လာသည်။ Aces အဖွဲ့နှင့်အတူ ၉၀ပြည့်နှစ် အဆုံးပိုင်းနှစ်တွေမှာ First လိဒ်ဂစ်တာသမားအဖြစ် ဖြတ်သန်းခဲ့ပေမယ့်

the bookhouse
we bring your future

မြန်မာ စာအုပ်များ





Aces နဲ့ ကျွန်တော်တို့ကြားမှာ မထင်မှတ်တဲ့အကြောင်းတစ်ခု ဖြစ်ပေါ်လာသည်။ နှစ်တစ်နှစ်ရဲ့သကြ္ကန်တစ်ခုမှာ ကျွန်တော်တို့အတွက် အကြပ်အတည်းတစ်ခုကို ရင်ဆိုင်ခဲ့ရသည်။

သကြ္ကန်ဆိုရင် Aces အဖွဲ့က စွမ်းအင်ဝန်ကြီးဌာနမှာ အမြဲတီးနေကျဖြစ်သည်။ ကျွန်တော်တို့ Lazy Club ကလည်း ဆက်သွယ်ရေးဝန်ကြီးဌာနမှာ ဖျော်ဖြေပေးဖို့ဖြစ်လာသည်။ အဲဒီအချိန်က ရှားရှားပါးပါးရလာတဲ့ပွဲတစ်ခုလည်းဖြစ် လာသည်။ Aces ကလည်း စွမ်းအင်ဝန်ကြီးဌာနမှာ ကျွန်တော်နဲ့ကိုဂျင်ပိတို့ လာတီးဖို့ ဖြစ်မဖြစ်ကို မေးလာသည်။

ကျွန်တော်နဲ့ ကိုဂျင်ပိမတီးနိုင်ရင် ကျွန်တော်တို့နေရာမှာ အစားထိုးဖို့ဖြစ်လာသည်။ ကျွန်တော်တို့ကလည်း မတီး ဖြစ်တဲ့အကြောင်း ပြန်ပြော လိုက်သည်။ ဒီလိုနဲ့ ကျွန်တော်တို့နေရာမှာ တီးနိုင်မယ့်နှစ်ယောက်ကို အစားထိုးလိုက်သည်။ကျွန်တော်တို့ကတော့ Aces အဖွဲ့မှ နုတ်ထွက်ပေးလိုက်သလို ဖြစ်သွားသည်။ ဒါပေမယ့် သိပ်မကြာခင်မှာ မန်နေဂျာဦးစိုးအောင်က Aces အဖွဲ့ကို သူ့စိတ်ကြိုက်ပုံစံတစ်ခုနဲ့ ခရီးဆက်ဖို့ ရည်ရွယ်လိုက်သည်။

ပြီးတော့ ဦးစိုးအောင် Aces အမည်ကိုထူထောင်လိုက်သည်။ ဒရမ်မာအော်စကာ သန်းတင်ကလည်း နောက်ထပ် Aces အဖွဲ့ကို ဆက်လက်ဦးဆောင်ခဲ့သည်။ ဦးစိုးအောင်ကို ကျွန်တော်တို့က ပါပါးလို့လည်းခေါ်ကြသည်။ ပါပါးဦးဆောင်တဲ့ Aces အဖွဲ့မှာ ဂစ်တာသမားအဖြစ် ကျွန်တော်ပါဝင် တီးခဲ့သည်။

ကိုဂျင်ပိ (ဘေ့စ်)၊ ကိုစန်းချိုလင်း (ဒရမ်)၊ ကိုထင်အောင်ကြည် (ကီးဘုတ်) တို့လည်း ပါဝင်ခဲ့သည်။ ဒီလိုအချိန်မှာ ကျွန်တော်တို့မထင်မှတ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ထားတဲ့ အဖြစ်အပျက်ကြီးတစ်ခုက ကျွန်တော်တို့ကြားကို ရုတ်တရက် ခုန်ချလာသည်။ ပါပါးနဲ့အန်တီမော်လီတို့ ရုတ်တရက်ဆုံးသွားတဲ့သတင်း ဖြစ်သည်။ အန်တီမော်လီက ဆိုက်ဆိုဖုန်းပညာရှင်တစ်ယောက်လည်း ဖြစ်သည်။ "ဝေးသွားတဲ့အခါ" "အသည်းရက်စက်တယ်" တို့လို နာမည်ကြီး သီချင်းမှာ အစွမ်းပြခဲ့သူဖြစ်သည်။ အလှူတစ်ခုကို သွားတဲ့လမ်းမှာ ကားအက်ဆီးဒန့်ဖြစ်ပြီး လင်မယားနှစ်ယောက်ဆုံးသွားခြင်းဖြစ်သည်။

သူတို့မရှိတဲ့နောက်မှာ ဦးဆောင်သူမဲ့သွားတဲ့ ကျွန်တော်တို့ Aces အဖွဲ့ကို ဆက်ပြီးလုပ်သင့်မသင့် ပြဿနာကို ရင်ဆိုင်ရပြန်သည်။ တကယ်တော့ Aces အဖွဲ့ဆိုတာ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ အဖွဲ့တစ်ဖွဲ့မဟုတ် ကျွန်တော်တို့ ထူထောင်ထားတဲ့ အဖွဲ့လည်းမဟုတ်၊ ကျွန်တော်တို့ရှေ့မှာ တီးသွားတဲ့ သူတွေဆီကလက်ဆင့်ကမ်း ဆက်ခံခဲ့ခြင်းဖြစ်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် နောက်ဆုံးမှာ ကျွန်တော်တို့အားလုံး ညှိနှိုင်းဖို့တိုင်ပင်လိုက်သည်။

ကျွန်တော်တို့ဆွေးနွေးပွဲကို ကိုဝေထွန်းရောက်လာပြီး ဦးဆောင် ပေးခဲ့သည်။ Aces အဖွဲ့ကို ဆက်ပြီးရှင်သန်ဖို့ ဆုံးဖြတ်လိုက်သည်။ Aces ကို ဆက်ပြီးလုပ်ရတဲ့အကြောင်းတွေကလည်း ရှိနေသည်။ ပါပါးမဆုံးခင်က လက်ခံခဲ့တဲ့ပွဲတွေရှိသလို Aces နာမည်ကို ပျောက်ကွယ်မသွားအောင် သေမသွားအောင် ရည်ရွယ်လိုက်ခြင်းဖြစ်သည်။

မန်နေဂျာတာဝန်ကို ကိုစန်းချိုလင်းရဲ့ဇနီး ငြိမ်းငြိမ်းအိ (အင်္ဂလန်စိန်)က လွှဲပြောင်းဆက်ခံလိုက်သည်။ ကိုစန်းချိုလင်းကလည်း အဖွဲ့နဲ့ပတ်သက်တဲ့ကိစ္စအားလုံးကိုတာဝန်ယူပြီး လုပ်ဆောင်ဖို့ဆုံးဖြတ် လိုက်သည်။ ကျွန်တော်တို့အားလုံးရဲ့ ဆုံးဖြတ်ချက်က အားလုံးအလုပ်ရဖို့ ရည်ရွယ်သလို ရလာတဲ့အကျိုးအမြတ်ကို ပါပါးတို့အတွက် အလှူဒါနလုပ်ပေး သွားဖို့ဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



Aces အဖွဲ့ကို အားလုံးသဘောတူညီမှု ကိုစန်းချိုလင်းရဲ့ တာဝန်လွှဲပြောင်းယူမှုနဲ့အတူ ဒီကနေ့အထိ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ဒီလို ဆက်လက်ရှင်နေရတာကလည်း Aces အဖွဲ့ကိုစတင်ပေးခဲ့သူတွေရဲ့ ကျေးဇူးကြောင့်ဆိုတာ ကျွန်တော်တို့လက်ခံထားသည်။ သူတို့ကျေးဇူးတွေကို သူတို့အတွက် အလှူဒါနလုပ်ပေးရင်း ပြန်ပေးဆပ်ဖို့ ကျွန်တော်တို့အားလုံး ကြိုးစားခဲ့ကြသည်။

ကျွန်တော်တို့တတ်နိုင်သလောက် အလှူတွေကို လုပ်ပေးခဲ့ပြီး ဖြစ်သလို ယခုလည်း ဆက်လက်လုပ်ဆောင်နေကြသည်။ စီးရီးလောကမှာ Aces နာမည်ကို မတွေ့ရတော့ပေမယ့် ဧည့်ခံပွဲတွေမှာတော့ တည်တည် ငြိမ်ငြိမ် တီးပေးနေတဲ့တီးဝိုင်းတစ်ခုအဖြစ် ရှိနေတာကိုတော့ တွေ့မြင်ရမှာ ဖြစ်သည်။

■

## တီးဝိုင်းနှင့်မန်နေဂျာ

တီးဝိုင်းတစ်ခုအတွက် ပလေယာတွေက အရေးကြီးသလို မန်နေဂျာကလည်း မရှိမဖြစ်လိုအပ်သူတစ်ယောက်ဖြစ်သည်။ တီးဝိုင်း မန်နေဂျာအနေနဲ့ပွဲတွေကို လက်ခံစီစဉ်ပေးရသလို ငွေကြေးကိစ္စတွေ ကိုလည်း ကိုင်တွယ်ဖြေရှင်းပေးရသည်။ Lazy Club ကို ကျွန်တော် စရောက်စဉ်က မန်နေဂျာဆိုတာ သတ်သတ်မှတ်မှတ်မရှိသေးတဲ့ အချိန်ကာလဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော့်ရှေ့မှာ ပလေယာတစ်ယောက်က မန်နေဂျာအဖြစ် လုပ်ခဲ့သည်။ သူမရှိတော့တဲ့အချိန်မှာ ပလေယာတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ကပင် မန်နေဂျာတာဝန်ကို ယူခဲ့ရသည်။ ကျွန်တော်တို့လို ပလေယာတွေအတွက် မန်နေဂျာအလုပ် တွေကို လုပ်ရတာကလည်း ဖိအားတွေနဲ့ရင်ဆိုင်နေရသလို ဖြစ် နေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အဖွဲ့အတွက် အကောင်း ဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားခဲ့သည်။ ဒီလိုနဲ့ မူဆယ်စတိတ်ရှိုးကို ကျွန်တော်တို့အဖွဲ့သွား ခဲ့ကြသည်။ ကျွန်တော်တို့နဲ့အတူ အဲလက်စ်လည်း ပါလာခဲ့သည်။ နယ်စတိတ် ရှိုးတွေသွားတိုင်း ကျွန်တော်တို့ Lazy Club မှာ အလုပ်အရှုပ်ဆုံးက ကျွန်တော်ဖြစ်သည်။ စင်ပေါ်မှာတီးရသလို မန်နေဂျာအလုပ်ကိုလည်း လုပ်ရသည်။

အလုပ်တွေနဲ့လုံးထွေးနေရတဲ့ ကျွန်တော့်ကိုကူညီမယ့်သူ တစ်ယောက်ပေါ်လာသည်။ သူကလည်း ဒီအလုပ်တွေကို စိတ်ဝင်တစား ကူညီခဲ့သည်။ ကျွန်တော်တို့ စင်ပေါ်မှာတီးနေရင် အဆိုတော်တွေအတွက် ဘယ်လိုစီစဉ်ပေးရမယ် ဘယ်အချိန်မှာ ဘာလုပ်ရမယ်ဆိုတဲ့အလုပ်တွေကို ရှင်းပြပေးလိုက်သည်။ ကျွန်တော်သင်ပြပေးတာကို အဆင်ပြေအောင် သူကြိုးစားခဲ့သည်။

အဲဒီလိုသင်ပေးရင်းနဲ့ မန်နေဂျာအလုပ်တွေကို သူသဘော ပေါက်နားလည်သွား သည်။ မူဆယ်ပွဲကိုလည်း အကောင်းဆုံးဖြစ်အောင် သူလုပ်နိုင်ခဲ့သည်။ ရန်ကုန် ပြန်ရောက်တဲ့အချိန်မှာ ကျွန်တော်တို့အားလုံး တိုင်ပင်ပြီး Lazy Club မန်နေဂျာအဖြစ် ခန့်အပ် ဖို့သဘောတူလိုက်သည်။ ကျွန်တော်တို့ဆုံးဖြတ်ချက် ကိုလည်း သူလက်ခံလိုက် သည်။ ဒီလိုနဲ့အဲလက်စ်

မြန်မာ စာအုပ်များ



သူငယ်ချင်းတစ်ယောက် ဖြစ်တဲ့ စိုးနိုင်ထွန်းသည် Lazy Club မန်နေဂျာ ဖြစ်လာခဲ့သည်။ စိုးနိုင်ထွန်းကို မန်နေဂျာအဖြစ် သတ်မှတ်ပေးလိုက်ပေမယ့် သူတာဝန်ယူရတာက စတိတ်ရှိုးအတွက်ဖြစ်သည်။

မင်္ဂလာဆောင်နဲ့ စီးရီးသွင်းတဲ့ကိစ္စတွေကိုတော့ ကျွန်တော်ကပဲ ဆက်လုပ်ခဲ့သည်။ ဒီအလုပ်တွေကို ကျွန်တော်လုပ်ပေးနေရတာကလည်း မန်နေဂျာခရဖို့ လုပ်ခဲ့တာမဟုတ်ဘူးဆိုတာကတော့ သေချာသည်။ ကျွန်တော့်စိတ်ထဲမှာ Lazy Club အတွက် သာရည်ရွယ်ခဲ့သည်။ ကျွန်တော်တို့အဖွဲ့အတွက် အချိန်ပြည့် အလုပ်လုပ်နေခြင်း ဖြစ်သည်။

ဒီလိုနဲ့ ကျွန်တော်တို့အားလုံး လက်တွဲညီညီလုပ်ခဲ့ကြသည်။ ဒါပေမယ့် အလုပ် များလာတဲ့ အဖွဲ့သားတွေကြားမှာ တစ်ခါတစ်လေ အဆင် မပြေတာ တွေရှိခဲ့ကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ဘက်ကတော့



the bookhouse
we bring your future

မြန်မာ စာအုပ်များ



အကောင်းဆုံး ဖြစ်အောင် ကြိုးစားခဲ့သည်။ ဒီလိုအချိန်မှာ မထင်မှတ်ထားတဲ့ မီးပွားလေး တစ်ခုကျရောက်လာသည်။ မင်္ဂလာဆောင် ဖျော်ဖြေပွဲတွေ အတွက် Lazy Club နဲ့ ပတ်သက်တဲ့ကိစ္စအားလုံးကို တာဝန်ယူလုပ်ပေး နေတာက ကျွန်တော်ဖြစ်သည်။

အဆိုတော်ကိစ္စ ဈေးနှုန်းကိစ္စတွေလည်း ပါဝင်ခဲ့သည်။ ဒီလိုနဲ့ မင်္ဂလာဆောင်တွေမှာ အဆိုတော်တွေအတွက် သတ်မှတ်လက်ခံထားတဲ့ ဈေးနှုန်းအပေါ် ပြဿနာဖြစ်လာသည်။ အဆိုတော်တွေရဲ့သတ်မှတ် ဈေးနှုန်းကို ထပ်တိုးသင့်တယ်လို့ ဂီတသမားတစ်ယောက်က ပြောလိုက်သည်။ ဒီစကားတွေက ကျွန်တော်တို့အတွက် မီးပွားတစ်ခုဖြစ်ခဲ့သည်။

အဆိုတော်တွေကလည်း သတ်မှတ်ကြေးကို တိုးယူကြဖို့အသင့် ဖြစ်ခဲ့သည်။ ဒီလိုအခြေအနေက ကျွန်တော်တို့လက်ခံထားတဲ့ မင်္ဂလာဆောင် တွေအတွက် အခက်အခဲဖြစ်ခဲ့ရသည်။ ဒီတာဝန်ကိုယူထားရတဲ့ ကျွန်တော့် အတွက်လည်း အတော်ပင်ခက်ခဲခဲ့သည်။ ရလဒ်ကတော့ မင်္ဂလာဆောင် တွေအတွက်တာဝန်ကိုလည်း စိုးနိုင်ထွန်းကို လွှဲပေးလိုက်သည်။

မင်္ဂလာဆောင်ပွဲတွေကို တာဝန်ယူသူကလည်း စိုးနိုင်ထွန်း ဖြစ်လာပေမယ့် Recording ကိစ္စတွေမှာတော့ သူနဲ့မဆိုင်သလိုဖြစ်နေ ပြန်သည်။ တကယ်တော့ တီးဝိုင်းမန်နေဂျာဆိုတာ တီးဝိုင်းတစ်ခုရဲ့ကိစ္စ အားလုံးကို တာဝန်ယူရသူဖြစ်သည်။ ဒါပေမယ့် စိုးနိုင်ထွန်းကတော့ မန်နေဂျာတာဝန်ကို အပြည့်အဝမယူရသလို ဖြစ်နေသည်။

တီးဝိုင်းတစ်ခု အတွက် အရေးအကြီးဆုံးအပိုင်းမှာ စီးရီးသွင်းတဲ့ ကိစ္စလည်း ပါဝင်နေသည်။ စီးရီးတွေကို လက်ခံတီးပေးရတဲ့အပိုင်းဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ဒီနေရာမှာ မန်နေဂျာတစ်ယောက်အတွက် တာဝန်မရှိဘူးဆိုရင် ဒါဟာ အဓိပ္ပါယ်မဲ့ရာရောက်နေသည်။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာ ကျွန်တော်တို့အားလုံး တိုင်ပင်ပြီး Lazy Club ရဲ့ တကယ့်မန်နေဂျာအဖြစ် စိုးနိုင်ထွန်းကို အပြီးသတ်မှတ်လိုက်သည်။ ဒါပေမယ့် မင်္ဂလာဆောင်အဆိုတော်တွေရဲ့ ဈေးနှုန်းမြင့်တက်လာတဲ့ကိစ္စတွေကို ဖြေရှင်းရင်းမလိုလားအပ်တဲ့ အခက်အခဲတွေကို ရင်ဆိုင်ခဲ့ရသည်။

ပြီးတော့ ကျွန်တော်တာဝန်ယူရတဲ့ မန်နေဂျာအလုပ်တွေကို ကျောခိုင်းစွန့်လွှတ်လိုက်ပြီး ပလေယာတစ်ယောက်အဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ နောက်ပိုင်းမှာလည်း ဒီလိုပြဿနာမျိုးတွေကဆက်ဖြစ်လာခဲ့သည်။



the bookhouse
we bring your future

မြန်မာ စာအုပ်များ



မင်္ဂလာဆောင်အဆိုတော်တွေနဲ့ တီးဝိုင်းကြားမှာ အခက်အခဲတွေဖြစ်ပေါ်ခဲ့သည်။ ကိုယ့်ယူဆချက်နဲ့ကိုယ် ဆက်လျှောက်ခဲ့ကြသည်။ အကျိုးဆက်ကတော့ Lazy Club မှာ အပြောင်းအလဲဖြစ်သွားသည်။

ဒရမ်ကို ကိုမရခိုင်၊ ဘေ့စ်ကို ကိုဂျင်ပီ၊ ဂစ်တာကိုနိုင်ဇော်၊ ကီးဘုတ်ပလေယာအဖြစ် မျိုးဇော်ကို ရွေးချယ်လိုက်သည်။ Lazy Club နဲ့ ပတ်သက်လို့ အခက်အခဲတွေလည်း အများအပြားရှိခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အဖွဲ့ကတော့ ဆက်လက်ချီတက်ဆဲပင်ဖြစ်သည်။

■

## မျဉ်းဖြောင့်တစ်ကြောင်း

ဂစ်တာသမားတစ်ယောက်အနေနဲ့ ကျွန်တော့်ဘဝမှာ အမှတ်တရများစွာရှိခဲ့သည်။ အောင်မြင်တာတွေလည်း ရှိခဲ့သလို ကျရှုံးတာတွေလည်း ရှိခဲ့သည်။ ကဲ့ရဲ့တာတွေလည်း ကြုံတွေ့ခဲ့ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် အနုပညာသမားမှန်ရင် ခံနိုင်ရည်ရှိရမည်။ ကိုယ့်ခံယူချက် ကိုယ်ခံစားချက်ကို ရဲရဲဝံ့ဝံ့ဖော်ထုတ်ရဲရမည်။ ဒါပေမယ့် ကိုယ်လျှောက်တဲ့လမ်းကိုတော့ မျဉ်းဖြောင့်တစ်ကြောင်း ဆွဲထားသင့်သည်။ ကိုယ်ဆွဲထားတဲ့ မျဉ်းကြောင်း



မြန်မာ စာအုပ်များ



အပေါ် တည့်တည့်မတ်မတ် ဆက်လျှောက်နိုင်ဖို့ကတော့ ရေးဆွဲသူရဲ့တာဝန်ဖြစ်သည်။ ပြီးတော့ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကို ပန်းတိုင်အထိဆုပ်ကိုင်ထားရမည်။

လူတိုင်းမှာ ဆန္ဒကိုယ်စီရှိကြသည်။ လူသားတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်မှာလည်း အခြားသူတွေလို ဆန္ဒတစ်ခုရှိခဲ့သည်။ ကျွန်တော့်ဆန္ဒက ပရိသတ်အတွက် Solo Show တွေလုပ်ပေးဖို့ဖြစ်သည်။ ကျွန်တော်တို့ဆီမှာ ပရိသတ်အများစုအားပေးတာက အဆိုတော်တွေရဲ့ဖျော်ဖြေမှုဖြစ်သည်။ ကျွန်တော်တို့လို ဂစ်တာသမားတွေရဲ့ ဖျော်ဖြေမှုကိုတော့ စိတ်ဝင်စားတဲ့ ပရိသတ်က အနည်းစုသာရှိသည်။

ဂစ်တာ Solo Show တွေကို တကယ်စိတ်ဝင်စားတဲ့ပရိသတ်အတွက် ကျွန်တော်တို့တကယ် လုပ်ပေးနိုင်တာလည်း အနည်းငယ်သာရှိခဲ့သည်။ ဒါပေမယ့် Solo Show တွေကို ငွေကြေးမယူဘဲ အခမဲ့ ဖျော်ဖြေခဲ့သည်။ ဒီနေ့အချိန်အထိ ကျွန်တော့်ဘဝမှာဂစ်တာ Solo Show ကို ရှစ်ကြိမ်အထိ ဖျော်ဖြေခဲ့ပြီးဖြစ်သည်။

ပထမဆုံး Solo Show က FMI စင်တာမှာ တီးခဲ့သည်။ Solo Show ဆိုပေမယ့် ပါဝင်တင်ဆက်သူတွေက ကိုယ့်စိတ်ကြိုက်ပုံစံတွေကို ပြသတဲ့ဂစ်တာဝပ်ရှော့ဖြစ်သည်။ ကျွန်တော့်အတွက် အတွေ့အကြုံရခဲ့သလို စိတ်ရှုပ်စရာ၊ စိတ်ပျက်စရာလည်း ကြုံတွေ့ခဲ့သည်။

အဲဒီပွဲကို စီစဉ်သူက ဂစ်တာဆိုင်ပိုင်ရှင်ကိုပေါက်ဖြစ်သည်။ အဲဒီအချိန်က ရှားရှားပါးပါး ဂစ်တာဝပ်ရှော့တစ်ခုကို ဖြစ်မြောက်အောင်သူကစီစဉ်ခဲ့သည်။ တကယ်တော့ ဒီအစီအစဉ်မှာ နောက်ဆုံး

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပါဝင်သူက ကျွန်တော်ဖြစ်သည်။ ကျွန်တော့်ကိုအစားထိုးခေါ်ယူခဲ့ခြင်း ဖြစ်သည်။ ဒီပွဲအတွက် ဂစ်တာသမားသုံးယောက်ကို စီစဉ်ထားသည်။

ဂစ်တာသင်တန်းဆရာတွေဖြစ်တဲ့ ကိုစိုင်း၊ ကိုညီထွေး ပြီးတော့ ကျွန်တော်တို့ဂီတနယ်ထဲက ဂစ်တာသမားတစ်ယောက်ဖြစ်သည်။ ဒါပေမယ့် အဲဒီဂစ်တာသမားက ပွဲလုပ်ခါနီးမှာ ခရီးထွက်သွားသည်။ ဒီလိုနဲ့ ကျွန်တော့်ဆီကို ကိုပေါက်ရောက်လာသည်။ သူ့အစီအစဉ်မှာ ပူးပေါင်းပါဝင်ဖို့ ကျွန်တော့်ကိုကမ်းလှမ်းခဲ့သည်။ သူ့ကမ်းလှမ်းချက်ကို ကျွန်တော်လက်ခံလိုက်ပေမယ့် ဒီပွဲအတွက် တီးရမယ့်တီးလုံးတွေကို ပြင်ဆင်ဖို့အချိန်မရဘဲ တီးခဲ့ရသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီပွဲမှာ ကျွန်တော်ပါဝင်ခဲ့ရတာကို ကျေနပ်ခဲ့သည်။ ဒီလိုဂစ်တာသမားတွေရဲ့ ဂီတဖျော်ဖြေမှုကို လာရောက်တဲ့သူတွေက ဂစ်တာအပေါ် တကယ်ရူးသွပ်တဲ့သူတွေဖြစ်သည်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ ဒီလိုသီးသီးသန့်သန့်ဖြစ်ဖို့ကတော့ လိုနေသေးသည်။ စတိတ်ရှိုးတစ်ခုလို လာကြည့်တဲ့သူတွေရှိသလို ဂစ်တာပြိုင်ပွဲလို သဘောထားသူတွေလည်း ရှိနေတာတွေ့ခဲ့ရသည်။

ဟိုလူကတော်တယ်၊ ဒီလူက မတီးဘူး၊ သူကတော့ ငါ့ဆရာ၊ သူကတော့ အလကားကောင် ဒီလိုအမြင် တွေနဲ့လူတွေကိုလည်း ကြုံခဲ့ရသည်။ နီးနီးကပ်ကပ်ကို ခံစားခဲ့ရသည်။ ကျွန်တော့်ခံယူချက်က ဒီလိုပွဲမျိုးကို တကယ်သိချင်တဲ့လူတွေအတွက် ပညာဝေမျှခြင်းသာဖြစ်သည်။ လက်တွေ့သရုပ်ပြခြင်းသာဖြစ်သည်။

လိုချင်တဲ့သူအတွက် ယူတတ်ရင်ရနိုင်တဲ့ အနေအထားမျိုးဖြစ်သည်။ ပါဝင်တင်ဆက်တဲ့ ဂစ်တာသမားတွေကလည်း ကိုယ့်ပုံစံနဲ့ကိုယ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



တော်ပြကြခြင်းသာဖြစ်သည်။ ကျွန်တော်ကလည်း ကျွန်တော်ရှင်သန်နေရတဲ့ ဂီတပုံစံကို ပြသခဲ့သည်။ ကျွန်တော့်ရှေ့ကတင်ဆက်သွားတဲ့ ဂစ်တာသမား တွေကလည်း သူတို့ကျွမ်းကျင်တဲ့ပုံစံတွေကို ရှင်းလင်းချက်တွေနဲ့အတူ တင်ဆက်ခဲ့သည်။ ဒါပေမယ့် ကျွန်တော့်အလှည့်မှာ နောက်ကနေပြီး နှောင့်ယှက်တဲ့သူ တစ်ယောက်ရှိခဲ့သည်။

သူကဘာရည်ရွယ်ချက်နဲ့ ဒီလို လုပ်ခဲ့တယ်ဆိုတာကတော့ သူကိုယ်တိုင်ပင်သိလိမ့်မည်။ တကယ်ဆိုရင် ဒီလိုပွဲမျိုးက ငွေကြေးမပါတဲ့ ပွဲမျိုးဖြစ်သည်။ ကိုယ်ကြိုက်ရင်လည်း လက်ခံနိုင်သလို မကြိုက်ရင်လည်း ထွက်သွားလို့ရပေမယ့် ဒီလိုအခြေအနေက ကျွန်တော့်အတွက်ခံစားလို့ မရနိုင်တဲ့ ပုံစံတစ်ခုဖြစ်ခဲ့သည်။

ကိုယ့်ရှေ့က တကယ့်ပရိသတ်အတွက်လည်း အနှောင့်အယှက် တစ်ခုဖြစ်ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပွဲကိုအောင်မြင်စွာဖြတ်ကျော်




the bookhouse
we bring your future

မြန်မာ စာအုပ်များ



နိုင်ခဲ့သည်။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ သင်ခန်းစာတစ်ခုရခဲ့သည်။ နောက်ထပ် ဒီလိုပွဲမျိုးကို ကျွန်တော်တစ်ယောက်တည်း ဖျော်ဖြေဖို့ဆုံးဖြတ်လိုက်သည်။

ကိုယ့်အဖွဲ့ကလွဲရင် တခြားသူတွေနဲ့ ပူးပေါင်းတင်ဆက်ဖို့ မဖြစ်နိုင်ကြောင်း သိခဲ့ရသည်။ တကယ်တော့ ပူးတွဲပြီး တင်ဆက်ခဲ့တဲ့သူတွေနဲ့ ပြဿနာမရှိ ပေမယ့် သူတို့နောက်ကပါလာတဲ့ သူကိုတော့ကျွန်တော့်အနေနဲ့ ထိန်းချုပ်နိုင်မှုမဲ့ခဲ့သည်။ နောင်တလည်း ရခဲ့သည်။ လူတိုင်းနဲ့တွဲမတီးဖို့လည်း ဆုံးဖြတ်ခဲ့သည်။

ဒီလိုနဲ့ ဒုတိယမြောက် Solo Show ကို ဒဂုံစင်တာမှာ ဆင်နွှဲဖြစ်ခဲ့သည်။ အလက်ဇန္ဒာနယ်ရဲ့နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့တဲ့ပွဲ ဖြစ်သည်။ ဒီပွဲမှာ ကျွန်တော်နဲ့အတူ ကျွန်တော့်သူငယ်ချင်းတွေက ပူးပေါင်းဖျော်ဖြေခဲ့ကြသည်။ ပျော်ရွှင်စရာကောင်းတဲ့ ပွဲတစ်ပွဲ ဖြစ်ခဲ့သည်။ ကားလို့စ်ဆန်ဒါးနား (Santana) ရဲ့ သီချင်း စပုဒ်ကို တီးဖြစ်ခဲ့သည်။

ကျွန်တော်တို့ဖျော်ဖြေမှုကို နာမည်ကြီးအဆိုတော်တချို့လည်း လာရောက်အားပေးခဲ့သည်။ ပြီးတော့ FMI စင်တာမှာ နောက်ထပ်ပွဲတစ်ခုကို ထပ်မံဆင်နွှဲခဲ့သည်။ ကျွန်တော်ရဲ့ တတိယမြောက် Instrumental အခွေဖြစ်တဲ့ "မြေအောက်ကကြိုး" အတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်ပရိသတ်အတွက် ရည်ရွယ်ခဲ့သည်။ မြေအောက်ကကြိုး အခွေနဲ့အတူ စာအုပ်ကိုလည်းထုတ်ဝေခဲ့သည်။ ဒီအခွေအတွက် ကျွန်တော့်ဖျော်ဖြေမှုကို ရန်ကုန်မှာစတင်ပြီး မန္တလေးမှာလည်း ပြုလုပ်ခဲ့သည်။ Sky

the bookhouse
we bring your future

မြန်မာ စာအုပ်များ



Walk ရှော့ပင်းမောလ်မှာ ပြုလုပ်ခဲ့တဲ့ပွဲကိုတော့ "မြေအောက်ကကြိုးရဲ့လျှို့ဝှက်ချက်" လို့ အမည်ပေးခဲ့သည်။

ကျွန်တော့်ရဲ့ Solo Show တွေထဲမှာ ဝင်ကြေးနဲ့ပြုလုပ်ခဲ့တဲ့ပွဲတစ်ပွဲလည်းရှိခဲ့သည်။ ဒီပွဲကို ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ ကျင်းပခဲ့ခြင်းဖြစ်သည်။ မြေအောက်ကကြိုးအခွေမှ တီးလုံးတွေနဲ့ဖျော်ဖြေခဲ့သည်။ ကျွန်တော်နဲ့အတူ Lazy Club အဖွဲ့သားအားလုံး ပါဝင်ခဲ့သည်။ အခြားဂီတပညာရှင်တွေလည်း ပါဝင်ခဲ့သည်။ ဒီပွဲကို ဝင်ကြေး ၂သောင်းအဖြစ်သတ်မှတ်ခဲ့ပြီး ဝင်ကြေးပေးရတဲ့ ရှားရှားပါးပါး Solo Show တစ်ခုဖြစ်ခဲ့သည်။

ဒီလိုနေရာမျိုးမှာ Instrumental ခံစားတတ်တဲ့ ပရိသတ်တွေရှိနေပေမယ့် နားလည်မှုအားနည်းနေတဲ့ နေရာတွေလည်းရှိခဲ့သည်။ ကျွန်တော်ကြုံတွေ့ခဲ့ရတာက ပြင်ဦးလွင်မှာဖြစ်သည်။ ရုက္ခဗေဒဥယျာဉ်နှစ်၁၀၀ပြည့် အထိမ်းအမှတ်ပွဲအတွက် တီးခဲ့ရခြင်းဖြစ်သည်။ ပွဲစီစဉ်သူကကျွန်တော်တို့ကို ၁နာရီဖျော်ဖြေဖို့ ခေါ်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ဖျော်ဖြေမှုကို စတိတ်ရှိုးနဲ့အတူ တွဲထားခြင်းဖြစ်သည်။

ပရိသတ်ကလည်း အဆိုတော်တွေနဲ့ သီဆိုမှုကိုတောင့်တကြပေမယ့် ကျွန်တော်တို့လို Instrumental တီးတဲ့သူတွေအပေါ် နားလည်ဖို့အဆင်သင့်မရှိတာကို ကြုံခဲ့ရသည်။ ကျွန်တော်တို့ရဲ့ ဒီဖျော်ဖြေမှုကိုလည်းလူသိနည်းခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ရောက်ခဲ့တဲ့နေရာကလွဲခဲ့ပေမယ့် ကျွန်တော့်အတွက် အမှတ်တရ ဖြစ်စေခဲ့သည်။

ကျွန်တော်ဆင်နွှဲခဲ့တဲ့ Solo Show တွေထဲမှာ နောက်ဆုံးပြုလုပ်ခဲ့တာက Happy World မှာ ကျင်းပတဲ့ "သုခုမစက်ရုပ်" ဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



သုခုမစက်ရုပ် Instrumental (တီးလုံးသီးသန့်၊ တီးလုံးဆန်း) အခွေအတွက် ပရိုမိုးရှင်းလုပ်ခဲ့ခြင်းဖြစ်သည်။ ဒီအခွေကို ပရိသတ်လက်ထဲမရောက်ခင် ကြိုတင်မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

တချို့က "သုခုမစက်ရုပ်" ကို ထွက်ရှိပြီးသားအခွေအဖြစ် ထင်ထားကြသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ပရိသတ်အတွက် ဖျော်ဖြေခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပွဲကို မကွေးမှာပြုလုပ်ခဲ့သည်။ ၂၀၀၉ သင်္ကြန်မတိုင်မီကဖြစ်သည်။ ဒီလိုနဲ့ ကျွန်တော့်ဘဝမှာ Solo Show ကို ရှစ်ကြိမ်အထိ ဖျော်ဖြေခဲ့ပြီးဖြစ်သည်။ ကိုးကြိမ်မြောက်ပွဲကိုလည်း "သုခုမစက်ရုပ်" ထွက်ရှိပြီးရင် ထပ်မံဆင်နွှဲဖို့ ကြိုးစားနေသည်။

■

## ဂစ်တာသံ အပိုင်းအစများ

ကျွန်တော်ဖျော်ဖြေတဲ့နောက်ပိုင်း Solo Show တွေမှာ အဓိကတီးဖြစ်ခဲ့တာက ကျွန်တော်ရဲ့ Instrumental အခွေတွေမှ ဖြစ်သည်။ ဒီနေ့အချိန်ထိ Instrumental အခွေအဖြစ် ခုနစ်ကြိုး ဂစ်တာပုံပြင်များ၊ သိပ္ပံခေတ်ရဲ့သားကောင်၊ မြေအောက်ကကြိုးတို့ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ စတုတ္ထအခွေကတော့ သုခုမစက်ရုပ်ဖြစ်သည်။

Instrumental ဆိုတာ တီးလုံးများသာပါရှိတဲ့ သီချင်းများ ဖြစ်သည်။ အဆိုမပါ အတီးသက်သက် ဖြစ်သည်။ ကျွန်တော်တို့နိုင်ငံမှာတော့

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျယ်ပြန့်မှုအားနည်းနေသေးတဲ့ ပုံစံဖြစ်သည်။ ပထမဆုံးလုပ်ဖြစ်ခဲ့တဲ့ "ခုနှစ်ကြိုးဂစ်တာပုံပြင်များ" မှာ တကယ့်ခုနှစ်ကြိုးဂစ်တာကို အခြေခံပြီး ဖန်တီးခဲ့ခြင်းဖြစ်သည်။

အဲဒီအချိန်က ကျွန်တော်တို့ဆီကိုဝင်ရောက်လာတဲ့ ဂစ်တာဆော့ဝဲလ်မှာအသံတွေကို မျက်ဝါးထင်ထင်မြင်လာရသည်။ အရင်က မမြင်ရတဲ့အရာကို လှိုင်းတွေအဖြစ် မြင်လာရသည်။ မျက်စိနဲ့မြင်လာရတဲ့ ဒီအသံလှိုင်းတွေကို ကိုယ့်စိတ်ကူးရှိတဲ့အတိုင်း ဖြတ်၊ ညှပ်၊ ရွှေ့လို့ရလာသည်။

ဒီလိုအခြေအနေမျိုးကို ကျွန်တော့်အနေနဲ့အရမ်းသဘောကျမိသည်။ နိုင်ငံခြားကထွက်လာသမျှ ဆော့ဝဲလ်တွေကို ဝယ်ဖြစ်ခဲ့သည်။ ဒါပေမယ့် သူတို့ဆီမှာအသစ်မထွက်ရင် ကျွန်တော်တို့အတွက် လေ့လာစရာမရှိ ဖြစ်ခဲ့သည်။ ခုနှစ်ကြိုးဂစ်တာကို ကျွန်တော်ဝယ်ခဲ့ပြီးတဲ့အချိန်မှာ စိတ်ကူးတစ်ခုရလာသည်။ သူတို့ဆီက ဂစ်တာဆော့ဝဲလ်တွေလို ကျွန်တော်တို့ဆီမှာ ဖန်တီးဖို့ဖြစ်သည်။

ဒီလိုနဲ့ ခုနှစ်ကြိုးဂစ်တာကိုကိုင်ပြီး ဂစ်တာသံအပိုင်းအစကို ဖန်တီးဖြစ်ခဲ့သည်။ ကျွန်တော့်ရဲ့ဖန်တီးမှုတွေကို ယုံယုံကြည်ကြည်နဲ့ ထုတ်ဝေပေးခဲ့တာက ဒါရိုက်တာဖြစ်လာတဲ့ဇော်ကိုကိုနဲ့နဝရတ်စတူဒီယိုက မန်နေဂျာဟောင်းကိုမျိုးဆွေဖြစ်သည်။ စီးပွားရေးအကျိုးအမြတ်မရခဲ့ပေမယ့် ပြန်လည်အသုံးချနိုင်တဲ့ သူတွေအတွက်တော့ အဆင်ပြေမယ်လို့ ကျွန်တော် ယူဆထားသည်။

ဒီနေ့အောင်မြင်လာတဲ့ ဟစ်ဟော့ပ်အဆိုတော်အချို့က ကျွန်တော့်ဂစ်တာသံအပိုင်းအစတွေကို သူတို့အတွက် ပေးသုံးဖို့ပြောခဲ့တာ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



လည်းရှိခဲ့သည်။ သူတို့အတွက် အဆင်ပြေရင် ကျွန်တော်ကလည်းပေးသုံးခဲ့သည်။ နောက်ထပ်တစ်ခွေဖြစ်တဲ့ "သိပ္ပံခေတ်ရဲ့သားကောင်" ကိုတော့ ကျွန်တော့်သူငယ်ချင်း မောရစ်မျိုးဝင်းနဲ့အတူ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ ရပ်ကွက်ထဲမှာ ငယ်ငယ်ကအတူပေါင်းခဲ့တဲ့ သူငယ်ချင်းဖြစ်သည်။ အနုပညာအလုပ်ကိုဆက်မလုပ်ပေမယ့် ကျွန်တော့်အခွေကိုတော့ ထုတ်ဝေသူအဖြစ် လုပ်ပေးခဲ့သည်။ Instrumental ကို ကျွန်တော်စိတ်ဝင်စားသလို သူကလည်း စိတ်ဝင်စားခဲ့သည်။

"သိပ္ပံခေတ်ရဲ့သားကောင်" ကို ကျွန်တော်တို့ကိုယ်ပိုင် ထုတ်ဝေခဲ့ပေမယ့် ပြည့်ပြည့်စုံစုံ မရှိခဲ့တာကသေချာသည်။ ငွေကြေးအရ အားနည်းနေတဲ့ကျွန်တော်တို့ကို အားလုံးကမေတ္တာဖြင့် ကူညီခဲ့ကြသည်။ Lazy Club၊ မျိုးကျော့မြိုင်၊ ထူးအိမ်သင်၊ ဇော်ဝင်းထွဋ်တို့က ကျွန်တော့်ကိုအကူအညီတွေ ပေးခဲ့သည်။ သူတို့တွေရဲ့အကူအညီကြောင့် "သိပ္ပံခေတ်ရဲ့ သားကောင်"ကို အောင်အောင်မြင်မြင် ဖန်တီးနိုင်ခဲ့သည်။

တတိယအခွေဖြစ်တဲ့ "မြေအောက်ကကြိုး" ကိုတော့ ပိုပီပြင်အောင်လုပ်နိုင်ခဲ့သည်။ အရင်အခွေတွေမှာ မလုပ်နိုင်ခဲ့တာကို လုပ်လာနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုက အဓိကဖြစ်သည်။ ငွေကြေးစိုက်ထုတ်နိုင်မှုက ကျွန်တော့်ရဲ့ဖန်တီးမှုကို ပိုပီပြင်စေခဲ့သည်။ ပလေယာအစစ်တွေတီးတဲ့ Instrumental တွေကို ရရှိလာသည်။

"သိပ္ပံခေတ်ရဲ့သားကောင်" မှာ သီချင်းလေးပုဒ်ကို ပလေယာအစစ်တွေနဲ့တီးခဲ့ရပြီး ကျန်တာတွေကို ပရိုဂရမ်နဲ့သာတီးနိုင်ခဲ့သည်။ ဒါပေမယ့် "မြေအောက်ကကြိုး" မှာ သီချင်းအားလုံးလိုလို အစစ်တွေသုံးခဲ့သည်။ အနုပညာအဆင့်အတန်းကို မြှင့်တင်နိုင်ခဲ့သည်။ ဒီအခွေကိုလည်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ



# ၁၃၂

ကျွန်တော်နဲ့အတူ မောရစ်မျိုးဝင်းက ထပ်မံပူးပေါင်းခဲ့သည်။ "မြေအောက်ကကြိုး" ထွက်ရှိပြီးတဲ့နောက်မှာ ကျွန်တော့်ဘဝရဲ့ ပထမဆုံးစာအုပ်ရေးသားခြင်းကို စတင်ဖြစ်ခဲ့သည်။

ထုတ်ဝေသူတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်မိတ်ဆွေ ကိုတင်မော် (ဓာတု)က ဂစ်တာနဲ့ပတ်သက်တဲ့စာအုပ်ရေးဖို့ တိုက်တွန်းခဲ့သည်။ သူမိတ်ဆက်ပေးမှုကြောင့် ကိုထွန်းဦး (နဂါးစာပေ)နဲ့ ကျွန်တော်တို့ စကားပြောဖြစ်ခဲ့သည်။ ကိုထွန်းဦးက ကျွန်တော့်ကို ဂစ်တာတီးနည်းစာအုပ်ရေးစေချင်သည်။

ဒီလိုနဲ့ ပုံမှန်ဂစ်တာတီးနည်း စာအုပ်တွေနဲ့မတူအောင် ကျွန်တော်ကြိုးစားခဲ့သည်။ ဂစ်တာကိုတကယ်မြတ်နိုးသူတွေအတွက် အကျိုးရှိအောင် လုပ်နိုင်ခဲ့သည်။ စာအုပ်ထဲမှာသီချင်းတစ်ပုဒ်ကို ဘယ်လိုဖန်တီးရမလဲဆိုတဲ့ အတွေးအခေါ်မျိုးကိုလည်းချပြထားသည်။ ပြီးတော့ ဂစ်တာလေ့ကျင့်ခန်း၊ ဂစ်တာရှင်းလင်းချက်၊ ဓါတ်ပုံတွေနဲ့ အနုပညာရသပါဝင်အောင် ရေးခဲ့သည်။

Instrumental ကို သုံးသပ်တင်ပြတဲ့ စာအုပ်တစ်အုပ်ဖြစ်အောင် ကြိုးစား ရေးခဲ့သည်။ စာအုပ်နာမည်ကို "မြေအောက်ကကြိုးရဲ့လျှို့ဝှက်ချက်" လို့ ပေးခဲ့သည်။ ဒီလိုနဲ့ ကျွန်တော့်ဘဝမှာ Instrumental နဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်ကို ပထမဆုံးရေးသားနိုင်ခဲ့သည်။ အမှတ်တရမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်။ ဒီစာအုပ်အတွက် ပရိုမိုးရှင်းကိုလည်း "မြေအောက်ကကြိုး" အခွေနဲ့အတူ ရန်ကုန်နဲ့မန္တလေးမှာ Solo Show လုပ်ပြီး ဖျော်ဖြေခဲ့သည်။

Instrumental အခွေတွေကို ကျွန်တော်ထုတ်ခဲ့တာ ဂီတကို တကယ်မြတ်နိုးသူတွေ ဂစ်တာအပေါ် ရူးသွပ်သူတွေ ကျွန်တော့်ရဲ့အားထုတ်မှုကို တန်ဖိုးထားသူတွေအတွက် ဖြစ်သည်။ Instrumental ကို

the bookhouse
we bring your future

မြန်မာ စာအုပ်များ



နားလည်လက်ခံနိုင်တဲ့သူတွေအတွက် တန်ဖိုးရှိပေမယ့်နားမလည် သူတွေအတွက် အဓိပ္ပာယ်မဲ့နိုင်သည်။ ငွေကြေးအရအမြတ်မရှိပေမယ့် နားမလည်သူတွေလက်ထဲကို ကျွန်တော့်အခွေ ရောက်မသွားဖို့ကိုတော့ ကျွန်တော်ဆုတောင်းမိသည်။

အဓိပ္ပါယ်မဲ့ ပိုက်ဆံကုန်တဲ့အဖြစ်မျိုး မလုပ်မိဖို့ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် စတုတ္ထမြောက်အခွေ "သုခုမစက်ရုပ်" ကို ဆက်လုပ်ခဲ့သည်။ ဒီအခွေကို ပရိသတ်ရင်းနှီးလာအောင် သုခုမစက်ရုပ် နာမည်နဲ့ Instrumental သီးသန့် Solo Show ကို ဟက်ပီးဝေါလ်မှာ အခွေမထွက်ခင်က ပြုလုပ်ခဲ့သည်။ အခွေစထွက်ခဲ့အချိန်မှာ ပရိသတ်တွေအတွက် ရင်းနှီးပြီးသားအခွေတစ်ခုဖြစ်အောင် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

မြေအောက်ကကြိုးရဲ့လျှို့ဝှက်ချက်စာအုပ်မှာ Instrumental နဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို အခြေခံခဲ့ပြီး သိပ္ပံဓေတ်ရဲ့သားကောင်လျှို့ဝှက်ချက်စာအုပ်ကိုလည်း ပထမစာအုပ်လိုထပ်မံရေးသားခဲ့သည်။ ကျွန်တော့်ဘဝမှာ အမှတ်တရဖြစ်စေခဲ့တဲ့ ဒီစာအုပ်နှစ်အုပ်မှာဂီတကို အခြေခံထားခဲ့သည်။

ဂီတနဲ့ပတ်သက်တဲ့ ဖန်တီးမှုတွေကို ရေးခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် နောက်ထပ်ထွက်လာတဲ့ စာအုပ်တွေကတော့ ကျွန်တော်ကျင်လည်ဖြတ်သန်းနေရတဲ့ ကျွန်တော့်ပတ်ဝန်းကျင်က လူတွေအကြောင်း အလွဲတွေအကြောင်းဖြစ်သည်။

ဂစ်တာသမားအဖြစ် ရပ်တည်နေတဲ့ကျွန်တော့်ကို စာရေးသူတစ်ယောက်ဖြစ်နိုင်အောင်လုပ်ပေးခဲ့တာက ကျွန်တော့်ဖေဖေလို့ ထင်မိသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော်တို့ကလေးဘဝက စာအုပ်တွေကိုဖတ်ခွင့်ရအောင် လုပ်ပေးခဲ့တာက ဖေဖေဖြစ်သည်။ ဒီနေ့အချိန်မှာ ကျွန်တော့်ပရိသတ်အတွက် စာရေးနိုင်တာက ဖေဖေ့ရဲ့ကျေးဇူးကြောင့်ပဲ ဖြစ်လိမ့်မည်။

■

## ကျွန်တော်စာရေးဆရာ

နဂါးစာပေအတွက် စာအုပ်နှစ်အုပ်ရေးပြီးတဲ့နောက်မှာ စာရေးရတာကိုကြောက်တဲ့စိတ်က ခပ်ဝေးဝေးတစ်နေရာကို ပြေးထွက်သွားသည်။ ဒါပေမယ့် စာရေးရတာလွယ်ကူတဲ့အလုပ်မဟုတ်ကြောင်း သိခဲ့ရသည်။ စာကိုလူတိုင်းနီးပါးဖတ်တတ်ပေမယ့် လူတိုင်းမရေးတတ်တာကတော့ သေချာသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ အတွေ့အကြုံသစ်တစ်ခုရရှိခဲ့သည်။ အနုပညာစက်ဝိုင်းထဲမှာရှိနေပေမယ့် ဂစ်တာတီးခြင်းနဲ့စာရေးခြင်းက မတူကွဲပြားတဲ့ဘာသာရပ်တွေဖြစ်သည်။ ဂစ်တာကို ပရော်ဖက်ရှင်နယ်အဖြစ်တီးနေတဲ့ ကျွန်တော့်အတွက် စားရေးရတာက ပိုပင်ပန်းသလိုခံစားရသည်။ Instrumental နဲ့ ပတ်သက်ပြီး စာနှစ်အုပ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရေးပြီးတဲ့အချိန်မှာ စာရေးရတာကို မကြောက်တော့ပေမယ့် စိတ်ပင်ပန်းမှု ဒဏ်ကိုတော့ ကြောက်လာသည်။ ဒါပေမယ့် စာရေးဖို့ နောက်ထပ်အကြောင်း တစ်ခုက ဖြစ်လာခဲ့သည်။

၂၀၀၇ခုနှစ် သီတင်းကျွတ်မတိုင်မီကဖြစ်သည်။ အင်္ဂလန်မှာ ဖျော်ဖြေပြီး ပြန်ရောက်စဖြစ်သည်။ ကျွန်တော့်ခရီးစဉ်နဲ့ ပတ်သက်တဲ့ အတွေ့အကြုံကို နံနက်ခင်းဂျာနယ် အယ်ဒီတာကိုခင်မောင်ဆွေက လာမေးခြင်းဖြစ်သည်။ သူနဲ့ကျွန်တော်စကားပြောရင်း ကျွန်တော် တွေ့ကြုံဖူးခဲ့တဲ့ စင်ပေါ်ကဟာသတွေကို ပြောဖြစ်ခဲ့သည်။ ကျွန်တော်ပြောတဲ့ ဟာသတွေကို သူသဘောကျသွားသည်။ ကျွန်တော့်အပြောတွေကို စာအဖြစ် ပြောင်းလဲပေးဖို့ပြောလာသည်။

ဂျာနယ်မှာအပါတ်စဉ်ရေးဖို့ တိုက်တွန်းခဲ့သည်။ ကျွန်တော် ကလည်း အလုပ်များတဲ့အတွက် အပါတ်စဉ်ရေးဖို့ မဖြစ်နိုင်ကြောင်း တွေ့ထိခဲ့ရတဲ့အလွဲလေးတွေကိုတော့ ပြောပေးနိုင်ကြောင်း ကိုယ်တိုင်ရေးပေးဖို့ မဖြစ်နိုင်သေးကြောင်း ရှင်းပြခဲ့သည်။ ဒါပေမယ့် ဂျာနယ်မှာအပါတ်စဉ် ရေးရသူက ကျွန်တော်ပင်ဖြစ်ခဲ့သည်။

ကိုခင်မောင်ဆွေရဲ့ အကြောင်းပြချက်ကလည်း တကယ်ပင် ကောင်းခဲ့သည်။ တကယ်တွေ့ကြုံခဲ့တာ ကျွန်တော်ဖြစ်တဲ့အတွက် ကျွန်တော် ကိုယ်တိုင်ရေးရတာက ပိုကောင်းမယ်လို့ဆိုခဲ့သည်။ ဒီလိုနဲ့ သူတို့ဂျာနယ်မှာ အပါတ်စဉ်ရေးပေးဖို့ လွယ်လွယ်ကူကူနဲ့ကတိပေးလိုက်မိသည်။

တစ်လလောက်ကြာတော့ ကျွန်တော့်ဆီကို သူဖုန်းဆက် လာသည်။ ဂျာနယ်ဖောင်ပိတ်အမီ ရေးပေးဖို့ပြောလာသည်။ သူ့ဆီက ဖုန်းလာချိန်မှာ ကျွန်တော်က ပဲခူးရောက်နေသည်။ Lazy Club နဲ့အတူ


the bookhouse
we bring your future

မြန်မာ စာအုပ်များ



မွန်ပြည်နယ်မှ ပြန်လာခြင်းဖြစ်သည်။ ရန်ကုန်ရောက်လာတော့ စတိတ်ရှိုး တစ်ခုကိုဆက်တီးခဲ့ပြီး အဲဒီညမှာ ကျွန်တော့်ဘဝရဲ့ ပထမဆုံးဆောင်းပါးကို စတင်ရေးဖြစ်ခဲ့သည်။ နောက်တစ်နေ့မှာ "ကျွန်တော်နဲ့ဂျေမောင်မောင်" လို့ ခေါင်းစဉ်တပ်ထားတဲ့ ဆောင်းပါးကို ကိုခင်မောင်ဆွေကို ပေးနိုင်ခဲ့သည်။

ဂျာနယ်မှာ အများဖတ်ဖို့ဆောင်းပါးရေးတယ်ဆိုပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် ထင်မထားတာကတော့သေချာသည်။ အဲဒီ အချိန်ကစာရေးတာနဲ့ပတ်သက်တဲ့တွေ့အကြုံက ကျွန်တော်မှာခပ်နည်း နည်းသာ ရှိခဲ့သည်။ ငယ်ငယ်ကရေးခဲ့တာနဲ့ Instrumental အတွက် စာအုပ်နှစ်အုပ်ရေးခဲ့တဲ့ အတွေ့အကြုံများဖြစ်သည်။ တကယ်တော့ စာရေးသူ တစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တာက စာများများဖတ်ဖို့ဖြစ်သည်။ စာဖတ်အားနည်းခဲ့ရင် စာရေးဖို့လည်း အခက်အခဲရှိနိုင်သည်။




the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော့်ဘဝမှာ စာဖတ်ဝါသနာပါအောင် လုပ်ပေးခဲ့တဲ့ အဓိကတရားခံက ကျွန်တော့်ဖေဖေဖြစ်သည်။ ကျွန်တော်ကလေး ဘဝထဲက စာမျိုးစုံဖတ်ဖြစ်အောင် ဖေဖေကပံ့ပိုးပေးခဲ့သည်။ ဖေဖေ ပျိုးထောင်ပေးခဲ့တဲ့ စာဖတ်တဲ့အလေ့အကျင့်ကို ဒီနေ့အချိန်ထိ ကျွန်တော်ထိန်းသိမ်းခဲ့သည်။ ဒီလိုနဲ့ ဒုတိယမြောက်ဆောင်းပါးအဖြစ် "ကျွန်တော်နဲ့နော်လီဇာ"ကို ရေးဖြစ်ခဲ့သည်။

ကျွန်တော်နဲ့နော်လီဇာကိုရေးပြီး သုံးလေးရက်လောက်မှာ ကျွန်တော်ထင်မထားတဲ့ အဖြစ်အပျက်လေးတစ်ခု ကြုံခဲ့ရသည်။ အဲဒီ အဖြစ်လေးက ဟာသရေးတဲ့ကျွန်တော့်အတွက် ဟာသတစ်ခု ဖြစ်ခဲ့ရသည်။ မင်္ဂလာဆောင်တစ်ခုမှာ ကြုံခဲ့ရခြင်းဖြစ်သည်။

အဲဒီ မင်္ဂလာဆောင်မှာ လူတစ်ယောက်က ကျွန်တော့်ကို နှုတ်ဆက်ခဲ့သည်။ သူကကျွန်တော့်ကိုတွေ့ရတာဝမ်းသာကြောင်း ကျွန်တော့် ပရိသတ်တစ်ယောက်ဖြစ်ကြောင်း မိတ်ဆက်လာသည်။ ကျွန်တော်ကလည်း တွေ့ရတာဝမ်းသာကြောင်း ပြန်ပြောခဲ့သည်။ လူအများကြားထဲမှာထပြီး နှုတ်ဆက်လာတဲ့သူကို ဂစ်တာပရိသတ်အဖြစ် ကျွန်တော်ထင်လိုက်သည်။

ဒါပေမယ့် သူပြောတဲ့ပရိသတ်ဆိုတာ ဂစ်တာမဟုတ်ဘဲ စာဖတ် ပရိသတ်ဖြစ်နေသည်။ ကျွန်တော်ရေးတဲ့ဆောင်းပါးတွေက တကယ် ရယ်ရတယ်လို့ဆိုလာသည်။ သူ့သူငယ်ချင်းတွေကိုတောင် ပြောခဲ့ကြောင်း ဒီလိုစာမျိုးရေးနိုင်တယ်လို့ ထင်မထားကြောင်း ပြောသွားသည်။ သူ့စကား တွေကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် အထင်ကြီးသွားသည်။ တယ်ဟုတ်တဲ့ ငါပါလားလို့ ထင်မိလိုက်သည်။ ငါ့လိုစာရေးဆရာမျိုး ဘယ်ရှိမလဲလို့ တွေးလိုက်မိသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အမှန်တော့ သူစကားတွေက ကျွန်တော့်အတွက် ခွန်အားတွေ ဖြစ်စေခဲ့သည်။ ကျွန်တော့်ဆောင်းပါးတွေကို အရေးတယူဖတ်ကြတဲ့ ပရိသတ်တွေအတွက် ဒီနေ့အထိစာရေးခြင်းကို ဆက်လုပ်နေခဲ့သည်။ သူတို့ ပေးတဲ့ အင်အားတွေက ကျွန်တော်စာရေးရတဲ့ အဓိကမောင်းနှင်အား တစ်ခုဖြစ်လာခဲ့သည်။

ကျွန်တော်ရောက်ခဲ့တဲ့နေရာတွေမှာ ကျွန်တော်စာရေးတာကို အားပေးတဲ့ပရိသတ်တွေကလည်း စာဆက်ရေးဖို့ အားပေးကြသည်။ ဒီလိုနဲ့ စာရေးရတဲ့အရသာကို စွန့်လွှတ်ဖို့ခက်ခဲလာသည်။ ရပ်ပစ်ဖို့လည်း ခက်ခဲလာသည်။ ရပ်ဖို့ခက်လာတဲ့အချိန်ကြောင့် နောက်ဆုံးမှာကျွန်တော် ဆောင်းပါးတွေကိုစုစည်းပြီး စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။

ပထမဆုံးစာအုပ်အဖြစ် "ကျွန်တော်နဲ့ကျွန်တော့်ပတ်ဝန်းကျင်" ကို ထုတ်ဝေခဲ့သည်။ ဒီစာအုပ်ထဲမှာ ကျွန်တော်အပါတ်စဉ်ရေးခဲ့တဲ့ ဂျာနယ်ထဲက ဆောင်းပါး၂၅ပုဒ်ကို စုစည်းထားခြင်းဖြစ်သည်။ နောက်ထပ် ၃အုပ် ဆက်ထုတ်ဖို့လည်း စီစဉ်ထားသည်။ စာအုပ်လေးအုပ်စလုံးကို ကျွန်တော်ကိုယ်ပိုင်စာပေတိုက်မှ ထုတ်ဝေသွားဖို့ ဆုံးဖြတ်ထားသည်။

ကျွန်တော့်စာပေတိုက်ကို အာကာဖြူစင်လို့ နာမည်ပေးထားသည်။ ကျွန်တော့်စာအုပ်တွေကို ကိုယ်တိုင်ထုတ်ဝေဖို့ ဆုံးဖြတ်ခဲ့တာက ကျွန်တော့်ပရိသတ်တွေအတွက်ဖြစ်သည်။ စာအုပ်အားလုံးမှာ ပရိသတ် အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားပြင်ဆင်ထားသည်။ အကျိုး အမြတ်အတွက် စိတ်မပူရပေမယ့် ကုန်ကျစရိတ်ကိုတော့ ဂစ်တာတီးပြီး ရှာခဲ့သည်။ ဂစ်တာတီးလို့ရတဲ့ပိုက်ဆံကို စာအုပ်ထုတ်ဝေရေးမှာ ပြန်သုံး ခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော်နဲ့ကျွန်တော့်ကမ္ဘာ၊ ကျွန်တော်နဲ့ကျွန်တော့အလက်ာ၊ ကျွန်တော်နဲ့ကျွန်တော့်သံစဉ်စာအုပ်တွေကို ကျွန်တော့်ပရိသတ်အတွက် အဆက်ပြတ်မသွားအောင် စီစဉ်ထားသည်။ ကျွန်တော်ရေးခဲ့တဲ့ ဆောင်းပါး အားလုံးမှာ ကျွန်တော်ကျင်လည်နေရတဲ့ပတ်ဝန်းကျင်မှအကြောင်းများ ဖြစ်သည်။

ဂီတလောကမှ လူတွေအကြောင်း၊ ပရိသတ်တွေအကြောင်း၊ အလွဲတွေအကြောင်း၊ စင်ပေါ်ကဟာသတွေအကြောင်း၊ ကန့်လန့်ကာ နောက်ကွယ်မှအမှားတွေကို တင်ပြထားခြင်းဖြစ်သည်။ ဂီတလောကမှာ ရှိနေသေးသရွေ့ စာရေးခြင်းကို ဆက်လုပ်နေမိမယ်လို့လည်း ကျွန်တော် ထင်မိသည်။

■

## အတိုဆုံးလမ်း

ကျွန်တော့်ပရိသတ်အတွက် Solo Show တွေတီးပြီး စာတွေလည်းရေးဖြစ်ခဲ့သလို ဂစ်တာနဲ့ပတ်သက်တဲ့ ပံ့ပိုးမှုတွေကိုလည်း လုပ်ပေးနိုင်ဖို့ ခပ်စောစောကပင် စိတ်ကူးထားခဲ့သည်။ ဂစ်တာကို တကယ် မြတ်နိုးတဲ့ လူငယ်တွေအတွက်ဖြစ်သည်။ ဒီလူငယ်တွေအတွက် ကျွန်တော် ဘာလုပ်ပေးသင့်သလဲလို့ အမြဲလိုလိုစဉ်းစားမိသည်။

မြန်မာ စာအုပ်များ



တကယ်တော့ ဒီနေ့ခေတ်လူငယ်တွေက ဂစ်တာနဲ့ပတ်သက်လို့ အလွယ်တကူ လေ့လာစရာ တွေက အဆင်သင့်ရှိနေသည်။ ကိုယ်တတ်နိုင်ရင် တတ်နိုင်သလို အထောက် အကူပြုပေးမယ့်အရာတွေက ပညာရဲ့တန်ဖိုးကို စျေးဖြတ်ပေးနေသည်။

ဒါပေမယ့် နယ်ကလူငယ်တွေ ချို့တဲ့တဲ့လူငယ်တွေအတွက်တော့ ကျွန်တော့်ဘဝနဲ့နှိုင်းပြီး ကိုယ်ချင်းစာမိသည်။ ကျွန်တော်ငယ်ငယ်က ဂစ်တာပညာကို ချို့ချို့တဲ့တဲ့နဲ့ သင်ခဲ့ရသည်။ ရေကျော်နဲ့ကျောက်မြောင်းကို ကိုယ်ပိုင်ခြေထောက်တွေနဲ့ ဆက်သွယ်ခဲ့ရသည်။ ပညာလိုချင်စိတ်နဲ့ အပင်ပန်း ခံခဲ့ရသည်။ ဒီလိုနဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ကျွန်တော်လုပ်ပေးနိုင် သလောက် လုပ်ပေးသွားဖို့ဆုံးဖြတ်ခဲ့သည်။

ကျွန်တော့်စိတ်ကူးတွေကို အကောင်အထည်ဖော်ဖို့ အခွင့် အရေးတစ်ခုကလည်း MRTV-4 ရဲ့ အစောပိုင်းကာလမှာ ရရှိခဲ့သည်။ အဲဒီအချိန်က MRTV-4 ရဲ့ စမ်းသပ်ကာလအချိန်လည်းဖြစ်သည်။ နေ့တစ်နေ့မှာ အစီအစဉ်တစ်ခုရိုက်ကူးဖို့အတွက် MRTV-4 ကို ကျွန်တော် သွားခဲ့သည်။ ပြီးတော့ တာဝန်ရှိသူတွေနဲ့စကားပြောဖြစ်သည်။ အစီအစဉ်သစ် တစ်ခုလုပ်ချင်ကြောင်း ကျွန်တော်နဲ့ပတ်သက်ပြီး ဘယ်လိုအစီအစဉ် လုပ်လို့ရနိုင်မလဲလို့ မေးလာသည်။

ဒီလိုနဲ့ကျွန်တော့်စိတ်ကူးထဲကပုံရိပ်တစ်ခုကို ချပြလိုက်သည်။ ကျွန်တော့်စိတ်ကူးကို သူတို့တွေကလည်း သဘောတူခဲ့ကြသည်။ MRTV-4 မှာဂစ်တာသင်ခန်းစာ ထုတ်လွှင့်ပေးဖို့ဖြစ်သည်။ လူငယ်တွေအတွက် ဂစ်တာသင်ခန်းစာကို အခမဲ့သင်ပေးဖို့ဖြစ်သည်။ ကျွန်တော်ကူညီ ပေးနိုင်တဲ့အစီအစဉ်ကို သူတို့ကလည်းအားရဝမ်းသာ ကြိုဆိုခဲ့ကြသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပထမဆုံးရိုက်ကူးမှုကို ကျွန်တော်နဲ့စတင်ခဲ့သည်။ ထုတ်လွှင့်နိုင်ခဲ့သည်။ ဒီအစီအစဉ်နဲ့ပတ်သက်ပြီး သဘောကျသူတွေက ကျွန်တော့်ကို အားပေးခဲ့ကြသည်။ နောက်ထပ်ရိုက်ကူးမှုကို ကိုစိုင်းကကူညီပေးခဲ့သည်။ ဒါပေမယ့် နောက်ထပ်ထုတ်လွှင့်မှုမရှိဘဲ ရပ်တန့်သွားခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် နယ်မှာရှိတဲ့လူငယ်တွေက ဒီအစီအစဉ်မျိုးကို မျှော်လင့်နေကြသည်။ သူတို့အတွက် လိုအပ်တဲ့ကွက်လပ်တွေကို ဖြည့်ဆည်းနိုင်ဖို့ ဖြစ်သည်။

ရန်ကုန်လိုနေရာမှာ ကိုယ်လိုချင်တာကို ရှာဖွေနိုင်ပေမယ့် နယ်ကလူငယ်တွေအတွက် အခက်အခဲတွေက ရှိနေဆဲဖြစ်သည်။ ဒီအခက်အခဲကို ဖြည့်ဆည်းနိုင်ဖို့ ထွင့်ခေါင်တေးထုတ်လုပ်ရေးနဲ့ ဂစ်တာ Lesson ခွေရိုက်ကူးထုတ်လုပ်ဖို့ သဘောတူညီမှုရရှိခဲ့သည်။ ဒီအခွေကို 'လျှင်မြန်ရွှေ့လျား ဂစ်တာနည်းစနစ်များ' လို့ နာမည်ပေးခဲ့သည်။

ဂစ်တာသင်ခန်းစာဆိုပေမယ့် ကျွန်တော့်အခွေကို ဖျော်ဖြေရေးဆန်အောင် ကြိုးစားထားသည်။ ဂစ်တာကို ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး တီးသွားနိုင်ဖို့ ရည်ရွယ်သည်။ အနုပညာသမားတစ်ယောက်အနေနဲ့ အနုပညာပါအောင် ကြိုးစားသည်။ ဂစ်တာသင်ခန်းစာအခွေဖြစ်ပေမယ့် တစ်ခြားသူတွေလည်း အလွယ်တကူ ကြည့်လို့ရအောင် ဖန်တီးထားသည်။ ဂစ်တာနည်းစနစ်တွေကို နားမလည်သေးတဲ့ လူငယ်တွေအတွက် အကောင်းဆုံး၊ အရှင်းဆုံး ဖြစ်အောင် စီစဉ်ထားသည်။

ကျွန်တော့်အခွေမှာ ကော့ဒ်တွေ၊ သီအိုရီတွေနဲ့ ခြိမ်းခြောက်တာမျိုးမဖြစ်အောင်လည်း ပုံဖော်ထားသည်။ တကယ်လေ့ကျင့်မယ့်သူတွေအတွက် အတိုဆုံးလမ်းကို ဖေါ်ပြပေးထားသည်။ လေ့ကျင့်ခန်း ၂၀အတွက် ရှင်းရှင်းလင်းလင်း လေ့ကျင့်နိုင်အောင် တီးပြထားသည်။ ကျွန်တော်တီးသလို

the bookhouse
we bring your future

မြန်မာ စာအုပ်များ



လိုက်တီးနိုင်မယ်လို့ ယုံကြည်ထားသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ငယ်ငယ်က အခြေအနေနဲ့ ဒီနေ့အခြေအနေကတော့ တကယ်ကွာခြားသွားပြီ ဖြစ်သည်။

အခြေအနေတွေ ဘယ်လိုပြောင်းပြောင်း မပြောင်းမလဲရှိနေတာ က ပလေယာတွေရဲ့သန့်ရှင်းမှုတွေဖြစ်သည်။ အဆိုတော်၊ တေးရေးဆရာ၊ ထုတ်လုပ်သူတွေအားလုံးနဲ့ ထိတွေ့ဆက်ဆံနေရတဲ့ အခြေအနေပင်ဖြစ်သည်။ ဂီတလောကထဲမှာ ဖြစ်ပျက်နေတဲ့အရာအားလုံးကလည်း အဆိုတော်၊ တေးရေးဆရာ၊ ထုတ်လုပ်သူနဲ့တီးဝိုင်းကြားက ပြဿနာတွေဖြစ်သည်။

ကျွန်တော့်အနေနဲ့ ဒီပြဿနာတွေကို ကြားဝင် ဖြေရှင်းရမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပေမယ့် ရှောင်လွှဲလို့မရတဲ့ အခြေအနေကို ရောက်လာခဲ့သည်။ ဂီတအစည်းအရုံးအနေနဲ့ ဖြေရှင်းရတဲ့ အခြေအနေ ဖြစ်သည်။ ကာလကြာရှည်စွာတည်ရှိခဲ့တဲ့ ဂီတအစည်းအရုံးကို လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက ပြန်လည်ဖွဲ့စည်းခဲ့သည်။

သက်ကြီးကစား သမားတွေနေရာကို လူငယ်ကစားသမားတွေနဲ့ အစားထိုးလိုက်ခြင်းဖြစ်သည်။ အဖွဲ့သစ်လူရွေးပွဲကို ဂီတလောကသား အားလုံးလိုလို တတ်ရောက်ခဲ့ကြသည်။ မြန်မာ့အသံမှာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ တတ်ရောက်လာသူတွေအားလုံးက ကိုယ့်စိတ်ကြိုက်လူကို ရွေးချယ်ရသလို ဝင်ရောက်ရွေးချယ်ခွင့်လည်းရှိခဲ့သည်။

ကျွန်တော့်မိတ်ဆွေသူငယ်ချင်းတွေက ကျွန်တော့်ကို ဝင်အရွေး ခံဖို့ တိုက်တွန်းကြသည်။ ဒီလိုနဲ့လူရွေးပွဲမှာ ကျွန်တော့်နာမည်ကို တင်သွင်း လိုက်သည်။ အရွေးခံရဖို့ မရည်ရွယ်ပေမယ့် ရွေးချယ်ခံခဲ့ရသည်။ ဒီလို

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရွေးချယ်ခံရတာကလည်း လူအများနဲ့ဆက်ဆံနိုင်တဲ့ ကျွန်တော့်ပုံစံကြောင့်လို့ ထင်မိသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဂီတအစည်းအရုံးသစ်အတွက် အမှုဆောင်တစ်ယောက်ဖြစ်လာခဲ့ပေမယ့် ကျွန်တော့်အတွက်တော့ ပေါ့ပေါ့ပါးပါး လုပ်စရာတွေသာ ရှိခဲ့သည်။ ဒါပေမယ့် နောက်ပိုင်းမှာအခြေအနေက တစ်မျိုးပြောင်းလာသည်။ သီချင်းပိုင်ဆိုင်မှု၊ အလွဲသုံးစားလုပ်မှု၊ မူပိုင်ခွင့်စတဲ့ ပြဿနာတွေက တစ်ခုပြီးတစ်ခုဖြစ်လာခဲ့သည်။ တိုင်ကြားတဲ့စာတွေကလည်း ဂီတအစည်းအရုံးကို တစ်ခုပြီးတစ်ခု ရောက်လာခဲ့သည်။

ဂီတအစည်းအရုံးအတွက် ဒီပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲလို့ ဆွေးနွေးခဲ့ကြသည်။ အားလုံးသဘောတူညီမှုအရ "ညှိနှိုင်းဖြေရှင်းရေး အဖွဲ့" ကို ဖွဲ့စည်းခဲ့ကြသည်။ ဒီအဖွဲ့ထဲမှာ ပါဝင်ဆောင်ရွက်ဖို့ ကျွန်တော့်ကို တိုက်တွန်းခဲ့တာက ကိုဝေထွန်း (နဝရတ်)ဖြစ်သည်။

ဒီအဖွဲ့မှာ ကျွန်တော်ပါရင်အဆင်ပြေနိုင်ကြောင်း ကျွန်တော်က ပြောရဲဆိုရဲရှိကြောင်း၊ လူအများနှင့်လည်း ရင်းနှီးကြောင်း၊ ဥပဒေကိုလည်း နားလည်ကြောင်း၊ ကျွန်တော်ဖြေရှင်းပေးရင် အလုပ်ဖြစ်နိုင်ကြောင်း ပြောခဲ့သည်။ တကယ်တော့ ကျွန်တော်တို့လို ပလေယာတွေက ထုတ်လုပ်သူ၊ သီချင်းရေးဆရာ၊ အဆိုတော်တွေနဲ့ လက်တွဲနေကြသူများလည်း ဖြစ်ကြသည်။

သူတို့ကြားက ပြဿနာတွေကို ဖြေရှင်းပေးနိုင်ဖို့အတွက် သူတို့အကြောင်းကို သိနေတဲ့ ကျွန်တော့်အတွက်လည်း အဆင်ပြေမယ်လို့ ယူဆခဲ့သည်။ ဒီလိုနဲ့ညှိနှိုင်း ဖြေရှင်းရေးအဖွဲ့ထဲမှာ ကျွန်တော်ပါဝင်ခဲ့တာက ဒီနေ့အချိန်ထိဖြစ်ပြီး အားလုံးအတွက် အကောင်းဆုံးညှိနှိုင်းမှုများကို ဆောင်ရွက်ပေးနေရဆဲ ဖြစ်သည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ



## မပွင့်သေးတဲ့တံခါးပေါက်

ဘဝမှာ အခက်အခဲအမျိုးမျိုး အန္တရာယ်အမျိုးမျိုး ကြုံတွေ့တတ်ကြသည်။ ကျော်လွှားနိုင်သူတွေရှိသလို နစ်မြုပ်သွားသူလည်း ရှိကြသည်။ တစ်ချို့ကလည်း ကံတရားကြောင့် အသက်ဘေးက လွတ်မြောက်သွားတတ်ကြသည်။ ကျွန်တော့်ဘဝမှာလည်း ကံတရားကြောင့် အသက်ဘေးကလွတ်မြောက်ခဲ့တာတွေလည်း ရှိခဲ့ဖူးသည်။

ကလေးဘဝကကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးတစ်ခုဖြစ်သည်။ အဲဒီအချိန်က ကျွန်တော့်အစ်မသာ မမြင်ခဲ့ရင် နိုင်ဇော်ဆိုတာ ဒီနေ့အထိ ရှိနေဖို့ဆိုတာ မဖြစ်နိုင်တဲ့အရာပင်ဖြစ်သည်။ ကျွန်တော်ငယ်ငယ်က အခြားကလေးတွေလို နို့မှုန့်ကိုအလွန် ကြိုက်ခဲ့သည်။ လူကြီးတွေလစ်ရင် ဘူးထဲက နို့မှုန့်ကိုကော်စားတတ်သည်။

တစ်နေ့မှာ ကျွန်တော့်ဦးလေးနေတဲ့ အပေါ်ထပ်ကထပ်ခိုးပေါ်ကို ကျွန်တော်ရောက်သွားသည်။ အခန်းထောင့်မှာရှိနေတဲ့ ဘူးတစ်ဘူးကို ကျွန်တော်တွေ့လိုက်သည်။ ကျွန်တော့်အသိမှာ ဘူးရှိရင်နို့မှုန့်ရှိတယ်လို့ သိထားသည်။ ဒီလိုနဲ့နို့မှုန့်ရှိမယ်ထင်တဲ့ဘူးကို ကျွန်တော်ဖွင့်လိုက်သည်။ ဒါပေမယ့် ဗူးအဖုံးက ဖွင့်လို့မရဖြစ်နေသည်။ ကျွန်တော်ဘယ်လို ကြိုးစားကြိုးစား ဖွင့်မရဘဲဖြစ်နေသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အဲဒီအချိန်မှာ ကျွန်တော့်အစ်မရောက်လာသည်။ ကျွန်တော်တို့ မောင်နှမတွေထဲမှာ သူကတတိယမြောက်ဖြစ်သည်။ ကျွန်တော့်ထက် အသက်ခြောက်နှစ်ကြီးသူဖြစ်သည်။ ကျွန်တော်က ၇နှစ်၊ ၈နှစ်လောက်သာ ရှိပေမယ့် သူကတော့ ၇တန်း၊ ၈တန်းလောက် ရှိနေသည်။ အင်္ဂလိပ်စာ ကိုလည်း နည်းနည်းလောက်တော့သိနေသည်။

ကျွန်တော်ဖွင့်မရတဲ့ဘူးက အင်္ဂလိပ်စာကို သူနားလည်နေတာ ကလည်း ကျွန်တော့်အတွက် အသက်မသေဖို့ ဖြစ်ခဲ့ရသည်။ ဘူးမှာ ရေးထားတာက Danger ဖြစ်သည်။ ဘူးထဲမှာရှိတဲ့အရာကလည်း လူတွေ အတွက် အန္တရာယ်ပင်ဖြစ်သည်။ ဒီအန္တရာယ်ကို ကျွန်တော့်ဦးလေး ပြန်ရောက်လာမှ သိခဲ့ရသည်။ ဘူးထဲမှာရှိနေတဲ့ နို့မှုန့်လို့ ကျွန်တော်ထင်ထား တာတွေက ကြွက်သတ်ဆေးဖြစ်နေသည်။

ဘယ်လိုပဲဖြစ်ဖြစ် အသက်သေဆုံးနိုင်တဲ့ အခြေအနေတစ်ခုကို ကျွန်တော့်အစ်မကြောင့် လွတ်မြောက်ခဲ့ရသည်။ နောက်ထပ် ဒီလိုအသက် သေနိုင်တဲ့အခြေအနေမျိုးကို လူငယ်ဘဝမှာ ကျွန်တော်ထပ်ပြီးကြုံတွေ့ ခဲ့ရသည်။ ရင်ဆိုင်ခဲ့ရသည်။

ကျွန်တော်ဆယ်တန်းကျောင်းသားနှစ်က ဖြစ်သည်။ မှတ်မှတ်ရရ စာမေးပွဲဖြေခါနီးဖြစ်သည်။ ဆယ်တန်းစာမေးပွဲကို ဒုတိယအကြိမ် ဖြေဆိုမယ့် နှစ်ဖြစ်သည်။ စာမေးပွဲအောင်ချင်စိတ်နဲ့ စာကြိုးစားနေတဲ့အချိန်လည်း ဖြစ်သည်။ ဒီလိုနဲ့ နေ့တစ်နေ့ရဲ့ညတစ်ညမှာ ကျွန်တော့်သူငယ်ချင်းတွေနဲ့ အတူလက်ဖက်ရည်သောက်ဖို့ အိမ်ကထွက်ခဲ့ကြသည်။

အချိန်က ည ၈နာရီလောက်ဖြစ်သည်။ ကျွန်တော်တို့သူငယ်ချင်း လေးယောက်၊ ရေကျော် လမ်းမကြီးကိုဖြတ်ပြီး ဗိုလ်မြတ်ထွန်းလမ်းထဲကို

the bookhouse
we bring your future

မြန်မာ စာအုပ်များ



လျှောက်လာကြသည်။ အ. ထ. က (၃) ကျောင်းရှေ့ကို ရောက်လာကြသည်။ ဗိုလ်မြတ်ထွန်း လမ်းသည် အဲဒီအချိန်ကာလက လူသွားလူလာနည်းတဲ့ နေရာတစ်ခုလည်း ဖြစ်သည်။



စာကြည့်ပြီး ထလာတဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး စကားတပြောပြောနဲ့ ဆက် လျှောက်လာကြသည်။ ဒီလိုနဲ့ အမှောင်ရိပ်ထဲမှာ ရပ်ထားတဲ့ကား တစ်စီးဘေးကို ရောက်လာကြသည်။ ဆူညံဆူညံဖြစ် နေတဲ့ အဲဒီကားကို ကျွန်တော်တို့ ကြည့်လိုက်မိသည်။ ကားထဲမှာ အရက်မူးနေတဲ့လူတွေကို တွေ့လိုက်ရသည်။ ကျွန်တော်တို့က ကြားနေရတဲ့အသံတွေကို သိချင်စိတ်နဲ့ကြည့်လိုက်ပေမယ့် သူတို့ဖက်ကတစ်လွဲ တွေးခဲ့ကြသည်။

ပြီးတော့ ရန်စတဲ့စကားမျိုးကို လှမ်းပြောကြသည်။ ကြမ်းတမ်းတဲ့ စကားလုံးတွေနဲ့ ကျွန်တော်တို့လေးယောက်ကို လှမ်းပေါက်ကြသည်။ သူတို့ စကားလုံးတွေက ကျွန်တော်တို့အပေါ် ခပ်ကြမ်းကြမ်းဖြတ်နင်းသွားသည်။ တိုးဝင်လာတဲ့စကားလုံးအရိုင်းတွေကိုကျော်ပေးရင်း ခပ်လှမ်းလှမ်းကို ကျွန်တော်တို့ရောက်သွားကြသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အဲဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က တော်လှန်ရေးကို စတင်လိုက်သည်။ တန်ပြန်စကားလုံး ကြမ်းကြမ်းတွေနဲ့ ဖောက်ခွဲလိုက်သည်။ သူရဲ့ဖောက်ခွဲမှုအရှိန်ကြောင့် အရက်မူးနေတဲ့ကားထဲက လူတွေက ကျွန်တော်တို့ဆီကိုပြေးလိုက်လာသည်။ ရန်မဖြစ်ဖို့တားနေတဲ့ ကျွန်တော့်လုပ်ရပ်ကလည်း အချည်းနှီးဖြစ်ခဲ့ရသည်။

ပြေးလာတဲ့လူတွေနဲ့ တကယ်ရင်ဆိုင်ခါနီးမှာ ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော်နဲ့ခပ်ဝေးဝေးကို ရောက်သွားကြသည်။ ကျွန်တော်ကလည်း အရက်မူးနေတဲ့လူတွေကိုရင်ဆိုင်ဖို့ ကျွန်တော့်ရဲ့ကိုယ်ပိုင်ခြေထောက်နှစ်ချောင်းကို ခပ်မြန်မြန်ပင်အသုံးချလိုက်သည်။ လူအများရှိတဲ့ လက်ဖက်ရည်ဆိုင်ကို အရောက်ပြေးခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့လက်ထဲက ပြေးမလွတ်တာတော့ သေချာခဲ့သည်။ လက်ဖက်ရည်ဆိုင်ထဲကို အရောက်ပြေးနိုင်ခဲ့ပေမယ့် ကယ်သူမရှိဖြစ်ခဲ့သည်။ ရှောင်လွှဲမရတဲ့အခြေအနေမှာ ကျွန်တော့်ခေါင်းပေါ်ကို တုတ်တစ်ချောင်းက ကျရောက်လာသည်။ မျက်လုံးထဲမှာလင်းသွားသည်။ ပြီးတော့ အားလုံးနဲ့အဆက်အသွယ်ပျက်သွားသည်။

ဆိုင်ထဲမှာရှိတဲ့ ခုံတွေကြားကို ကျွန်တော်ခွေကျသွားသည်။ ကျွန်တော့်ကိုဝိုင်းရိုက်တဲ့ သူတွေက ၄၆လမ်းကဆိုတာကို နောက်ပိုင်းမှ သိခဲ့ရသည်။ ကျွန်တော်မေ့လဲသွားတဲ့အချိန်မှာ သူတို့လက်ထဲပါလာတဲ့ အရက်ပုလင်းကိုခွဲပြီး ကျွန်တော့်အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့ လုပ်ရပ်မျိုးကို ထပ်မံကြံစည်ဖို့ သူတို့ကအားထုတ်ခဲ့ကြသည်။

ဒါပေမယ့် မတရားတဲ့လုပ်ရပ်အပေါ် အမြင် မတော်တဲ့သူတွေက ဝိုင်းပြီးတားဆီးကြသည်။ ကျွန်တော်သတိရလို့ ကြည့်လိုက်ချိန်မှာ ဆေးရုံပေါ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ရောက်နေတာကို တွေ့လိုက်ရသည်။ ကျွန်တော့်သူငယ်ချင်းတင့်လွင်က ကားတစ်စီးငှားပြီး ဆေးရုံကိုခေါ်လာခြင်းဖြစ်သည်။ ဒီလိုနဲ့ပဲ အသက်အန္တရာယ်ကြုံတွေ့နိုင်တဲ့ အခြေအနေတစ်ခုကို ကျော်လွှားနိုင်ခဲ့ပြန်သည်။

နောက်တစ်ချိန် ထပ်ကြုံရတာကလည်း သိပ်မကွာခြားတဲ့ အချိန်ကာလ တစ်ခုမှာဖြစ်သည်။ ဆယ်တန်းအောင်ပြီးတဲ့ အချိန်ကဖြစ်သည်။ ကျောင်းပြန် ရက်တွေ ရှည်ကြာတဲ့အချိန်လည်းဖြစ်သည်။ အဲဒီအချိန်က ဂစ်တာအပေါ် မြတ်မြတ်နိုးနိုး စတင်ရူးသွပ်ချိန်ဖြစ်သည်။ အလုပ်မရှိတဲ့ ကျွန်တော့်အတွက် ဂစ်တာကိုအလုပ်တစ်ခုအဖြစ် သတ်မှတ်ထားသည်။

အချိန်ရှိတိုင်း ဂစ်တာဖလက်တံပေါ်ကို လက်တွေကဖိနှိပ်နေမိသည်။ ဒီလိုနဲ့ဂစ်တာတီးနေတဲ့ညတစ်ညမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရောက်လာသည်။ ကျွန်တော်အိမ်ရှေ့မှာ ဂစ်တာတီးနေတုန်း သူရောက်လာခြင်းဖြစ်သည်။ လမ်းထိပ်အဝင်မှာ ထိုင်နေတဲ့လူတစ်ယောက်က ရန်စလိုက်တယ်လို့ ပြောလာသည်။ သူ့စကားကြောင့် မဟုတ်မခံတတ်တဲ့ ကျွန်တော့်စိတ်တွေက ရုန်းကြွလာသည်။

ကျွန်တော့်အာရုံတွေကို လမ်းထိပ်ဆီကို ရွှေ့ပစ်လိုက်သည်။ ခြေလှမ်းသွက်သွက်တွေကို စတင်လိုက်သည်။ လမ်းထိပ်ရောက်လာတော့ ကျွန်တော့်သူငယ်ချင်းအတွက် တုန့်ပြန်ဖြေရှင်းလိုက်သည်။ ပြီးတော့ ရေကျော်လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို ချီတက်ခဲ့သည်။

ဒါပေမယ့် ကျွန်တော်တို့နောက်ကို သူကလိုက်လာသည်။ ရှောင်လွှဲမရတဲ့အခြေအနေကို ရင်ဆိုင်နိုင်ဖို့ ကျွန်တော်ကလည်းကြိုးစားခဲ့သည်။ ကျွန်တော်တို့လက်တကမ်းကို ရောက်လာတဲ့သူကလည်း သူ့အကြောင်းကို ကျွန်တော်တို့သိသွားအောင် လုပ်ပြလိုက်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ခါတ်တိုင်မီးရောင်အောက်မှာပါလာတဲ့အရာနှစ်ခုကို ဆွဲထုတ်လိုက်သည်။ ကျွန်တော်တို့ထင်မထားတဲ့အရာက မီးရောင်ကြားမှာ လက်ခနဲဖြစ်သွားသည်။ အလွန်နီးကပ်တဲ့အနေအထားမှာ ကျွန်တော်လုပ်နိုင်ခဲ့တာက ဘုရားတမိလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်အသိစိတ်မှာလည်း ဒီအန္တရာယ်က မလွတ်မြောက်နိုင်ဘူးလို့ တွေးလိုက်မိသည်။

ဒါပေမယ့် ကျွန်တော်တို့အတွက် ကူညီမယ့်သူတစ်ယောက် ပေါ်လာသည်။ လမ်းတစ်ဖက်မှာရောက်နေတဲ့ ရပ်ကွက်တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူ့ရဲ့ဟန့်တားမှုကြောင့် အသက်အန္တရာယ်ကို ထိခိုက်နိုင်ခဲ့တဲ့ အဖြစ်မျိုးကို ကျွန်တော်ထပ်ပြီးတော့ လွတ်မြောက်ခဲ့ရပြန်သည်။ မခံချင်နိုင်တဲ့ ဒီအဖြစ်အပျက်ကလည်း ကျွန်တော့် ဘဝအတွက် သင်ခန်းစာတစ်ခုဖြစ်ခဲ့သည်။

ပြဿနာတွေကြားမှာ ကိုယ်တိုင်ပါဝင်ခဲ့လို့ အန္တရာယ်တွေ တွေ့ကြုံဖူးသလို ကံတရားကြောင့်လည်း အသက်ရှင်ကျန်ရစ်ခဲ့တာ ကိုလည်း ကြုံခဲ့ရသည်။ ကျွန်တော်တို့တက်စီးရမယ့်ကားက လမ်းဘေးချောက်ထဲကို ထိုးချကာတိမ်းမှောက် နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်ဘဝရဲ့ အမှတ်တရပုံရိပ်တွေထဲမှာ သံဖြူဇရပ်နဲ့ (၇)မိုင်ကျော်ကျော်လောက်ဝေးတဲ့ ပင္လွာလည်း အပါအဝင်ဖြစ်ခဲ့သည်။ ပင္လွာနဲ့ပတ်သက်ခဲ့တဲ့အကြောင်းတွေက ဒီနေ့အချိန်ထိ မေ့လို့မရတဲ့ အဖြစ်အပျက်တစ်ခုပင်ဖြစ်သည်။

မွန်အဆိုတော်အချို့ရဲ့စီးရီးတွေကို ကျွန်တော်တီးပေးခဲ့ရဖူးသည်။ ကျွန်တော်နဲ့ရင်းနှီးတဲ့ အဆိုတော်တစ်ယောက်က ပင္လွာမှာတီးပေးဖို့အတွက် ကျွန်တော့်ကိုလာငှားခဲ့သည်။ ကျွန်တော်တီးရမှာက ၂ရက်ဖြစ်သည်။ တီးရမယ့်ရက်ကလည်း ကျွန်တော့်အတွက် အဆင်ပြေနိုင်မယ့်ရက်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဖြစ်နေသည်။ အဲဒီပွဲမတိုင်မီ Lazy Club နဲ့အတူ ဘီးလင်းနားက အလူးလေးရွာမှာ တီးရမယ့်ပွဲလည်း ရှိနေသည်။ ဒီလိုနဲ့ ပင္ဍရွာပွဲကို လက်ခံလိုက်သည်။ Lazy Club နဲ့တီးပြီးရင် ပင္ဍရွာကို ခရီးဆက်ဖို့ဖြစ်သည်။

ဆားချက်လုပ်ငန်း အများအပြားရှိနေတဲ့ ပင္ဍရွာက အတော် စည်ကားသည့်နေရာ တစ်နေရာလည်းဖြစ်သည်။ သွားရမယ့်ခရီးအတွက် အစီအစဉ်ကို မွန်အဆိုတော်ကပင် စီစဉ်ပေးထားသည်။ အဝေးပြေးဂိတ်က ကားဂိတ်တစ်ခုမှာ ကျွန်တော်တို့အတွက် ကားလက်မှတ်တွေကို ကြိုတင် မှာထားခဲ့သည်။ တကယ်တော့ မွန်ပြည်နယ်ထဲမှာတီးရမယ့်ပွဲက လေးနေရာ ဖြစ်သည်။

အလူးလေး၊ ပင္ဍပြီးတော့ နောက်ထပ်နှစ်နေရာဖြစ်သည်။ ဒီလိုနဲ့ Lazy Club နဲ့အတူ အလူးလေးခရီးကို စတင်လိုက်သည်။ ကျွန်တော် မသွားခင်မှာ ကားလက်မှတ်အချိန်မီရောက်လာဖို့ မျှော်လင့်ခဲ့ပေမယ့် ကားဂိတ်နာမည်ကိုသာ သိခဲ့ရသည်။ ဒါပေမယ့် ကားနံပါတ်နဲ့ ခုံနံပါတ်တွေ ကိုတော့ မသိဘဲဖြစ်ခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီခရီးကတော့ မဖြစ်မနေ သွားရမယ့် ခရီးတစ်ခုဖြစ်ခဲ့သည်။ Lazy Club နဲ့အတူ ကျွန်တော်ရောက်လာတဲ့ အလူးလေးရွာကလည်း ကား မရပ်တဲ့ကြားနေရာတစ်ခုဖြစ်သည်။ အလူးလေးရွာကို ရောက်လာပေမယ့်ကျွန်တော့် မှာဝေခွဲမရဘဲ ဖြစ်နေခဲ့သည်။

စီးရမယ့် လက်မှတ်လည်းမပါ၊ ကားနံပါတ်လည်းမသိတဲ့ ကျွန်တော်တို့အဖြစ်က ကိုးရိုးကားရားရှိနေခဲ့သည်။ ရန်ကုန်ပြန်လာပြီး ရန်ကုန်ကနေပြန် ထွက်ရင်လည်း လာလမ်းအတိုင်း ပြန်သွားရမယ့်သဘော

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဖြစ်နေသည်။ အလူးလေးရွာမှာနေခဲ့ရင်တော့ ရန်ကုန်ကထွက်လာမယ့် ကားကို တားပြီးစီးသွားနိုင်သည်။ ဒီလိုနဲ့စတိတ်ရှိုးပြီးတဲ့အချိန်မှာ Lazy Club နဲ့ အဆိုတော်တွေက ရန်ကုန်ပြန်ဖို့ပြင်ဆင်ကြသည်။ ပွဲပြီးတဲ့အချိန်မှာ ရန်ကုန်ကိုတစ်ခါတည်းပြန်ဖို့ စီစဉ်ကြခြင်းဖြစ်သည်။ အဆိုတော်တွေကလည်း သူတို့နဲ့ရန်ကုန်ပြန်လိုက်ဖို့ တိုက်တွန်းကြသည်။ ဒါပေမယ့် အလူးလေးမှာနေခဲ့ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်သည်။

သူတို့အားလုံး ပြန်ထွက်သွားတဲ့အချိန်မှာ ကျွန်တော်တို့အတွက် အိပ်စရာနေရာကို စီစဉ်ရပြန်သည်။ ကျွန်တော်နဲ့အတူရှိနေတာက ကိုစိန်ပီတာနဲ့နဝရတ်စတူဒီယိုက သားကြီးတို့ဖြစ်သည်။ ကိုစိန်ပီတာက ဂစ်တာထိန်းသိမ်းဖို့ တာဝန်ယူထားသူဖြစ်ပြီး သားကြီးကတော့ စက်တွေကို ကိုင်တွယ်ပေးဖို့ဖြစ်သည်။ ရန်ကုန်ကလာတဲ့ကားတွေကို တားစီးဖို့ မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ချက်နဲ့အတူ မီးမရှိတဲ့ညအမှောင်အောက်မှာ ရွာကဘုန်းကြီးကျောင်းကို သွားခဲ့ကြသည်။

ကျွန်တော်တို့အဖွဲ့တွေ တည်းခဲ့ကြတဲ့ ဘုန်းကြီးကျောင်းဓမ္မာရုံကို ချီတက်သွားခြင်းဖြစ်သည်။ ဒါပေမယ့် သော့ပိတ်ထားတဲ့ဓမ္မာရုံကို တွေ့လိုက်ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျန်နေတဲ့ကျွန်တော်တို့အတွက် တစ်ညတာ အိပ်စက်ခွင့်ကို ဘုန်းကြီးကခွင့်ပြုခဲ့သည်။ ကျွန်တော်တို့ သုံးယောက်လည်း တိတ်ဆိတ်နေတဲ့ဓမ္မာရုံထဲမှာ ဟိုတွေးဒီကြောက်နဲ့ အိပ်ခဲ့ကြသည်။

ကျွန်တော်တို့စီးရမယ့်ကားက ၁၁နာရီလောက်မှာရောက်လာမယ်လို့သိထားပေမယ့် မနက် ၈နာရီလောက်မှာ ရွာထိပ်က လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့သည်။ ကားစောင့်တဲ့အလုပ်ကို ဝီရိယရှိရှိလုပ်ခဲ့ကြသည်။ ကားတွေမြင်တိုင်း မျှော်ကြည့်ခဲ့ကြသည်။ ဒါပေမယ့် ကျွန်တော်တို့ကို စီစဉ်ပေးထားတဲ့ ကားဂိတ်ကကားတွေကိုမတွေ့ရဘဲ တစ်ခြားနာမည်တွေ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကိုသာ တွေ့နေရသည်။ စိုးရိမ်တတ်တဲ့ကျွန်တော့်စိတ်ကလည်း စတင်လှုပ်ရှားလာသည်။ ကျွန်တော်တို့ရှိနေတဲ့ နေရာကိုမရပ်ဘဲ ကျော်သွားမှာကို စိုးရိမ်လာသည်။ ဒီလိုနဲ့ အဝေးပြေးကားတွေ ရပ်နားတတ်တဲ့ ဘီးလင်းမြို့ကို သွားခဲ့ကြသည်။

၁၁ နာရီလောက်မှာ ဘီးလင်းမြို့ကို ကျွန်တော်တို့ရောက်ခဲ့ကြသည်။ ကျွန်တော်တို့စီးရမည့်ကားရပ်နားတတ်တဲ့နေရာကို စုံစမ်းလိုက်သည်။ ပြီးတော့ ထမင်းဆိုင်မှာထမင်းစားရင်း ကားစောင့်တဲ့ အလုပ်ကို ဆက်လုပ်ကြသည်။ ကားနံပါတ်ကို သိမထားတဲ့အတွက် ကားလိုင်းနာမည်ကို ကြည့်ပြီး တားဖို့ဆုံးဖြတ်လိုက်သည်။ စီးရမယ့်ကားမဟုတ်ရင်လည်း တောင်းပန်မယ်လို့ စိတ်ကူးထားခဲ့သည်။ ဒီလိုနဲ့ ညနေ ၃နာရီကို ရောက်လာခဲ့သည်။ ဒါပေမယ့် တားရမယ့်ကားတွေကပေါ်မလာဘဲ ဖြစ်နေသည်။

အချိန်တွေတရွေ့ရွေ့ကုန်ခဲ့သလို ကျွန်တော်တို့ရဲ့မျှော်လင့်ချက်တွေကလည်း တဖြည်းဖြည်းလျော့ချလာသည်။ ညနေ ၄နာရီ လောက်မှာ ရန်ကုန်ကအဝေးပြေးဂိတ်ကို စုံစမ်းကြည့်ဖို့ကြိုးစားကြသည်။ နာရီဝက်အတွင်း ကျွန်တော်တို့စီးရမယ့် ကားဂိတ်ဖုန်းနံပါတ်တွေကို ရရှိခဲ့ပေမယ့် လိုင်းမအားတဲ့အခြေအနေကို ရင်ဆိုင်ရပြန်သည်။ စုံစမ်းရေးဂိတ်ကို နောက်တစ်ခါဆက်သွယ်ရပြန်သည်။

စီးရမယ့်ကားဂိတ်နဲ့ အနီးဆုံးမှာရှိတဲ့ အခြားဂိတ်တစ်ခုရဲ့ ဖုန်းနံပါတ်ကို ရရှိခဲ့သည်။ ညစ်နေတဲ့စိတ်တွေနဲ့ ဖုန်းနံပါတ်တွေကို ခပ်ကြမ်းကြမ်းဖိနှိပ်လိုက်သည်။ ပြီးတော့ ကားဂိတ်နာမည်ကို ပြောလိုက်သည်။ တစ်ဖက်ကဖုန်းပြန်ကိုင်တဲ့အခါမှာ ကျွန်တော်ပြောချင်တဲ့ စကားလုံးတွေကို ခပ်မြန်မြန်ပြေးခိုင်းလိုက်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ကျွန်တော်တို့အတွက် လက်မှတ်တွေကိုဝယ်ထားပြီးဖြစ်ကြောင်း လမ်းကနေဖြတ်စီးမှာဖြစ်ကြောင်း ဒါပေမယ့် ကားမလာလို့အဆင်မပြေ ဖြစ်နေကြောင်း ခရီးသည်တွေကို ဂရုမစိုက်ဘဲ ဒီလိုပစ်ထားတတ်သလားလို့ တစ်ခုပြီးတစ်ခုပြောချလိုက်သည်။

ကျွန်တော့်စကားအဆုံးမှာ တစ်ဖက်က ဖုန်းကိုင်ထားသူရဲ့ အသံပေါ်လာပြီး ကိုနိုင်ဇော်မဟုတ်လားလို့ မေးလာသည်။ ကျွန်တော်မသိတဲ့ လူတစ်ယောက်က ကျွန်တော့်အသံကိုကြားယုံနဲ့ ကျွန်တော်မှန်းသိနေတဲ့ ပညာကို တကယ်လေးစားသွားသည်။ ကျွန်တော့်ကိုဘယ်လို သိတာလဲလို့ ပြန်မေးလိုက်သည်။

သူပြန်ဖြေတဲ့စကားက ကျွန်တော့်ကို တကယ်ကံကောင်းသူ ဖြစ်ကြောင်း၊ ကျွန်တော်တို့စီးရမယ့်ကားက ကျိုက်ထိုအထွက်မှာ ချောက်ထဲကို ထိုးကျသွားကြောင်း၊ ခရီးသည်တွေလည်း အခြေအနေကိုမကျော်လွှား နိုင်ခဲ့ကြောင်း ကျွန်တော်တို့ကတော့ အသက်ဘေးကလွတ်မြောက်သွားပြီလို့ ပြောလာတဲ့အသံကိုကြားလာသည်။

နောက်ထပ်ထွက်လာမယ့်ကားမှာ ကျွန်တော်တို့အတွက် စီစဉ်ပေးမယ်လို့လည်း သိလိုက်ရသည်။ သူ့စကားသံကို ကြားရတဲ့အချိန်မှာ ကျွန်တော့်အတွက် နောက်တစ်ကြိမ်အသက်ဘေးက လွတ်မြောက်ခဲ့ရတယ် ဆိုတာကို နားလည်လိုက်သည်။

ဒီလိုနဲ့ ည ၁၂ နာရီ လောက်မှာ ရောက်လာမယ်ဆိုတဲ့ကားကို တားစီးဖို့အတွက် စီစဉ်ရပြန်သည်။ ဘီးလင်းက တည်းခိုခန်းတစ်ခုမှာ ဝင်တည်းလိုက်ပြီး ကျွန်တော့်အိမ်ကိုလည်း အကြောင်းကြားလိုက်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဒါပေမယ့် ပငမှာရှိနေတဲ့ ကျွန်တော့်လူတွေကတော့ ကျွန်တော်တို့ပျောက်နေတဲ့ အခြေအနေအပေါ် စိုးရိမ်နေခဲ့ကြသည်။ တစ်ချို့ကလည်း ကားမှောက်တာက မုတ္တမမှာလို့ပြောခဲ့ကြသည်။ ရန်ကုန်ကားဂိတ်စာရင်းထဲမှာလည်း ကျွန်တော်တို့နာမည်တွေက ရှိနေခဲ့သည်။

သူတို့အနေနဲ့ ကျွန်တော်တို့ကို လမ်းကဖြတ်စီးမယ်ဆိုတာ သိထားပေမယ့် အဆက်အသွယ်က ပြတ်နေခဲ့သည်။ ကားမှောက်တဲ့အထဲမှာ ကျွန်တော်တို့ပါ မပါဆိုတာ မသေမချာဖြစ်နေခဲ့သည်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ည ၁၂နာရီလောက်မှာ ရောက်လာမယ့်ကားကို တားစီးနိုင်ဖို့ လုံးပန်းနေကြသည်။

ကားတားဖို့အတွက် ည ၁၁နာရီလောက်မှာ လမ်းမပေါ်ကို ရောက်လာခဲ့သည်။ မမြင်ရတဲ့ညအမှောင်မှာ ဓါတ်မီးကိုယ်စီနဲ့မီးရောင်တွေတိုင်း တားခဲ့ကြသည်။ ကျွန်တော်တို့လုပ်ရပ်က မသေချာတဲ့အရာကို လုပ်နေမိသလို ဖြစ်ခဲ့ရသည်။ ဒါပေမယ့် သေချာတာကတော့ ကားတိုင်းလိုလိုတောင်းပန်ခဲ့ရသည်။ ကားအစီး ၅၀လောက် ကို တားခဲ့ရသည်။ ပြီးတော့ မနက် ၃နာရီလောက်မှာ ကျွန်တော်တို့စီးရမယ့်ကားရောက်လာခဲ့သည်။

ဒီလိုနဲ့ သံဖြူဇရပ်ကို ၉နာရီမှာ ရောက်သွားခဲ့သည်။ ကျွန်တော်တို့ ရောက်လာတဲ့အပေါ် သူတို့ အားလုံးက သူရဲကောင်းတွေလို ကြိုဆိုခဲ့ကြပြီး Juck Box အဖွဲ့နဲ့အတူ အကောင်းဆုံးဖျော်ဖြေမှုတွေကို လုပ်ပေးနိုင်ခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုအသက်အန္တရာယ်ကြုံတွေ့နိုင်တဲ့ အခြားအခြေအနေတစ်ခုကို လွဲချော်သွားခဲ့တာက ဘုရား၊ တရားကျေးဇူးကြောင့်လို့ ကျွန်တော် ယူဆခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





လူသားတွေအားလုံးလိုလို အသက်ရှင်ရပ်တည်ခွင့်ရဖို့ အတတ်နိုင်ဆုံး ကြိုးစားကြသည်။ ရုန်းကန်ကြသည်။ ဒီလိုအခြေအနေမျိုးမှာ လူသားအချင်းချင်း အကူအညီပေးရခြင်းသည် အလွန်မွန်မြတ်သော အလုပ်တစ်ခုဖြစ်သည်။ ကျွန်တော်တို့တစ်တွေ အသက်ရှင်ခြင်းမှာ ကိုယ်ခန္ဓာထဲကသွေးတွေက အရေးကြီးတဲ့အရာအဖြစ် တည်ရှိနေသည်။

လူသားတစ်ယောက်အတွက် လိုအပ်နေတဲ့သွေးတွေကို လှူဒါန်းခွင့်ရခြင်းကလည်း ငွေကြေးနဲ့တန်ဖိုးမဖြတ်နိုင်တဲ့အရာ တစ်ခုဖြစ်သည်။ ဒီလိုအလှူမျိုးကို အားလုံးကလည်း ကြိုးဆိုကြမယ်လို့ ကျွန်တော်ထင်မိသည်။ ကျွန်တော့်ဘဝမှာ သွေးလှူခြင်းကို သုံးလေးခါလောက် ပြုလုပ်ခဲ့ဖူးသည်။ ဒါပေမယ့် ကျွန်တော်တို့ငယ်ငယ်ကအခြေအနေနဲ့ ဒီနေ့ခေတ်အခြေအနေက အတော်ကွာခြားသွားပြီဖြစ်သည်။

အဲဒီအချိန်က HIV, AIDS လို ရောဂါတွေက ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အခြေချနေထိုင်မှုက မရှိသလောက်ဖြစ်သည်။ သန့်သန့်ရှင်းရှင်း လူ့အဖွဲ့အစည်းတစ်ခု တည်တံ့ဆဲကာလဖြစ်သည်။ဆန္ဒရှိတဲ့သူတိုင်း သွေးလှူလို့ရတဲ့ အချိန်လည်းဖြစ်သည်။ ဘယ်သူမဆို ကိုယ့်ရဲ့သွေးကို စိုးရိမ်စိတ်ကင်းကင်းနဲ့လှူဒါန်းခဲ့ကြသည်။

ဒီလိုနဲ့ သွေးလှူဒါန်းပွဲတွေမှာ ကျွန်တော်ပါဝင်ဖြစ်ခဲ့သည်။ အထက်တန်းကျောင်းသား ဘဝမှာ လှူခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် တတိယအကြိမ်သွေးလှူခြင်းကတော့ အမှတ်ရစရာလေး တစ်ခုဖြစ်ခဲ့သည်။ သွေးကင်ဆာဖြစ်နေတဲ့ကလေး တစ်ယောက်ကို လှူခဲ့ရခြင်းဖြစ်သည်။ ဒါကလည်း ကျွန်တော့်ချစ်သူ ကောင်မလေးကြောင့်ဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ကျွန်တော့်ကောင်မလေးက ရုံးတစ်ရုံးကဖြစ်ပြီး ရောဂါသည် ကလေးကတော့ မန်နေဂျာရဲ့သားဖြစ်သည်။ ကျွန်တော့်ချစ်သူကောင်မလေး က သူတို့ မန်နေဂျာရဲ့သားမှာ သွေးကင်ဆာရှိကြောင်း သွေးလှူမယ့်သူလည်း လိုနေတယ်လို့ပြောလာသည်။ သူမစကားအဆုံးမှာ လိုနေတဲ့သွေးကို ကျွန်တော်လှူမယ်လို့ ကျွန်တော်ပြောလိုက်သည်။ ကျွန်တော့်သွေးကလည်း ဘယ်လိုအမျိုးအစားကိုဖြစ်ဖြစ် သုံးလို့ရတဲ့ 'အို' သွေးဖြစ်သည်။

ဒီလိုနဲ့ ကလေးအတွက်လိုအပ်တဲ့သွေးတွေကို ကျွန်တော်လှူနိုင် ခဲ့သည်။ ဒါပေမယ့် ရောဂါရင့်နေတဲ့ကလေးကတော့ သက်ဆိုးမရှည်ဖြစ် ခဲ့ရသည်။ ဘယ်လိုပဲဖြစ်ဖြစ် လူသားအချင်းချင်း ကူညီခွင့်ရတဲ့ ကျွန်တော့် အပေါ် ကလေးမိဘတွေကကျေးဇူးတင်ခဲ့ကြသည်။ နောက်ဆုံးအကြိမ် သွေးလှူဖြစ်ခဲ့တာကတော့ 'မြေအောက်ကကြိုး' ကို ဖန်တီးစဉ်ကဖြစ်သည်။

ကျွန်တော်ရဲ့ 'မြေအောက်ကကြိုး' အခွေအတွက် နဝရတ် စတူဒီယိုမှာ အသံသွင်းနေတဲ့ အချိန်ကဖြစ်သည်။ မှတ်မှတ်ရရ ပန်းပွင့် ယိမ်းသီချင်း တီးလုံးတွေကို ပုံဖော်နေတဲ့နေ့ကဖြစ်သည်။ ကျွန်တော် တီးနေတာကို အသံဖမ်းပေးနေတဲ့ အင်ဂျင်နီယာလေးက ကျွန်တော်နဲ့ ရင်းနှီးသူဖြစ်ပြီး ကျွန်တော့်အပေါ် နားလည်သူလည်း ဖြစ်သည်။ ကျွန်တော့် စိတ်ထဲမှာလည်း သူနဲ့အလုပ်လုပ်ရတာက ပိုအဆင်ပြေတယ်လို့ ထင်မိသည်။

ဒါပေမယ့် အဲဒီနေ့က သူမျက်နှာမကောင်းတာကို ကျွန်တော် တွေ့လိုက်ရသည်။ သူပြန်တော့မယ်လို့ ကျွန်တော့်ကိုပြောလာသည်။ သွေးလွန်တုပ်ကွေး ဖြစ်နေတဲ့ ၆လ ၇လအရွယ် သူ့တူလေးကိုဆေးရုံ တင်ထားရလို့ ပြန်တော့မယ်လို့ပြောသွားသည်။ ဆေးရုံရောက်နေတဲ့ သူ့တူလေးဆီကို ထွက်ခွာသွားခြင်းဖြစ်သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ




သူနေရာမှာ နောက်ထပ်အင်ဂျင်နီယာတစ်ယောက်က ကျွန်တော့်အတွက် ဆက်လုပ်ပေးခဲ့သည်။ ဒီလိုနဲ့ ညနေ ၃နာရီ ၄နာရီ လောက်ကို ရောက်လာခဲ့သည်။ အဲဒီအချိန်မှာ စတူဒီယိုအပေါ်ထပ်က အကူအညီ တောင်းသံကို ကြားလိုက်ရသည်။ စတူဒီယိုထဲမှာ သွေးလှူနိုင်ဖို့တစ်ယောက် ယောက်ရှိသလားလို့ လှမ်းမေးလိုက်ခြင်းဖြစ်သည်။ ခရစ်ယာန်ဘုရားကျောင်းက သွေးလှူရှင်တစ်ယောက်လိုနေတဲ့အတွက် ဆက်သွယ်လာခြင်း ဖြစ်သည်။

ကျွန်တော်ကဗုဒ္ဓဘာသာဖြစ်ပေမယ့် လိုနေတဲ့သွေးကို ကျွန်တော်လှူမယ်လို့ ကျွန်တော့်လူတွေကို ပြောလိုက်သည်။ ကျွန်တော့်စကားကို စတူဒီယိုထဲက လူတွေကလည်း မဝံ့မရဲဖြစ်နေကြသည်။ အလုပ်များတဲ့ ကျွန်တော့်အပေါ် ဝန်ပိသွားမှာကို စိုးရိမ်နေကြခြင်း ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ်အာမခံနိုင်ကြောင်းပြောလိုက်ပြီး လိုအပ်တဲ့ အချိန်မှာ ဖုန်းလှမ်းဆက်ဖို့ မှာထားခဲ့သည်။ ပြီးတော့ အိမ်ကိုပြန်လာခဲ့သည်။ သူတို့ကတော့ မဖြစ်မနေအခြေအနေရောက်မှလှူပေးပါလို့ ဝိုင်းပြောခဲ့ကြသည်။

ကျွန်တော်ကားမောင်းနေရင်း လမ်းတစ်ဝက်အရောက်မှာ ဖုန်းခေါ်သံ ထမြည်လာသည်။ သွေးလှူဖို့အတွက်အကြောင်းကြားလာခြင်းဖြစ်သည်။ အမြန်ဆုံးလာဖို့ပြောသံကိုလည်း ကြားလိုက်ရသည်။ ဖုန်းထဲကစကားသံအဆုံးမှာ ကျွန်တော့်ကားကိုကလေးဆေးရုံကြီးဆီ ဦးတည်လိုက်သည်။ ဆေးရုံထဲကို ခြေလှမ်းသွက်သွက်တွေနဲ့ လှမ်းဝင်လိုက်သည်။

ဒါပေမယ့် မထင်မှတ်ဘဲ လူတစ်ယောက်နဲ့ဆုံလိုက်ရသည်။ နေ့လည်ကပြန်သွားတဲ့ စတူဒီယိုကအင်ဂျင်နီယာလေးဖြစ်သည်။ သူတူလေး



the bookhouse
we bring your future

မြန်မာ စာအုပ်များ



နာမည်ကလည်း ကျွန်တော်သွေးလှူရမယ့် ကလေးနာမည်ဖြစ်နေသည်။ ကလေးအတွက် သွေးလှူပေးမယ့် ကျွန်တော့်အပေါ် အားနာမိပေမယ့် တကယ်ကျေးဇူးတင်တယ်လို့ ပြောလာသည်။ ကျွန်တော်ကလည်း ဘာမှ အားနာစရာမလိုကြောင်း တကယ်လှူချင်လို့ဖြစ်ကြောင်း ပြန်ပြောလိုက်သည်။ ပြီးတော့ သွေးပေါင်ချိန်ပြည့်မပြည့်ကို စမ်းသပ်လိုက်သည်။

ဒါပေမယ့် သွေးလှူဖို့အတွက် နောက်ထပ် ၁နာရီကျော်လောက် စောင့်ရမယ်လို့ သိလိုက်ရသည်။ ထုတ်ယူပြီးတဲ့ သွေးနမူနာကို ရောဂါရှိမရှိ စမ်းသပ်မှာဖြစ်သည်။ အဲဒီအချိန်မှာ ကျွန်တော့်အပေါ် ဖိအားတွေ အလိုလို ဝင်ရောက်လာသည်။ ကျွန်တော်ထင်ထားတာက လိုအပ်နေတဲ့သွေးကို ထုတ်ယူလိုက်ပြီး အသုံးမတည့်ရင်လည်း စွန့်ပစ်လိုက်မယ်လို့ ထင်ထားခဲ့သည်။ ဝင်လာတဲ့ဖိအားတွေကြောင့် ကိုယ်ကိုကိုယ်လည်း ယုံကြည်မှုကင်းမဲ့သလို ဖြစ်သွားခဲ့သည်။

သွေးထဲမှာ ရောဂါပိုးတစ်ခုခုကို တွေ့လိုက်ရင်တော့ အရှက်တကွဲ ဖြစ်ရတော့မယ်လို့ တွေးလိုက်မိသည်။ ဒီအချိန်ကျမှ မလှူတော့ဘူး ဆိုရင်လည်း ဘာကြောင့်မလှူတာလဲ ဆိုတဲ့မေးခွန်းတွေက ခပ်မြန်မြန် ရောက်လာမှာကို သိနေခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကလေးအသက်နဲ့ ကျွန်တော်စိုးရိမ်စိတ်ကို လဲပစ်လိုက်သည်။ အိမ်ပြန်လာတဲ့ လမ်းတစ်လျှောက်မှာတော့ စိုးရိမ်စိတ်ကကပ်ပြီးပါလာသည်။ ရေချိုးတော့လဲ သူကရှိနေသည်။ ထမင်းစားတော့လည်း ခေါင်းပေါ်ရောက် နေသလိုခံစားရသည်။

အိမ်ကပြန်ထွက်လာတော့ ညဉ့်နာရီ ထိုးခါနီးပြီဆိုတာ သတိပြုမိလိုက်သည်။ ကားမောင်းနေရင်း သွေးအဖြေအတွက် တွေးနေမိသည်။ ကျွန်တော့်အဖြေကို ဘယ်သူတွေသိကုန်ပြီလဲ ဘာတွေများ ပြောနေကြပြီလဲလို့ စိုးရိမ်မိခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



အောင်စာရင်းသွားကြည့်တဲ့ ကျောင်းသားတစ်ယောက်လို ခံစားမိခဲ့သည်။ ဆေးရုံထဲဝင်သွားတော့ ကျွန်တော့်သွေးကို စစ်ပေးတဲ့ဆရာဝန်ကို တွေ့လိုက်ရသည်။ အဲဒီအချိန်မှာ ဆရာဝန်က တစ်ခုခုနောက်ပြောင်လိုက်ရင် ကျွန်တော် လဲကျသွားနိုင်သည်။ ဒါပေမယ့် ကျွန်တော့်အဖြေကို အိုကေလို့ သိလိုက်ရသည်။ ဒီလိုနဲ့ ကလေးအတွက် လိုအပ်တဲ့သွေးကို ကျွန်တော်လှူပေးနိုင်ခဲ့သည်။

■

## အရှိုင်းဆန်တဲ့ မုန်တိုင်းနာဂစ်

လူမှုရေးလုပ်ငန်းတွေကို ကျွန်တော့်ဘဝမှာ အခြေအနေပေးတိုင်း လုပ်ခဲ့ဖူးသည်။ ဒုက္ခရောက်သူတွေကို ကူညီခွင့်ရတိုင်း ကျွန်တော် တတ်နိုင်သလောက် ကျွန်တော်ကူညီပေးခဲ့သည်။ ဒီလို ကူညီခွင့်ရခဲ့တဲ့ အဖြစ်မျိုးကိုလည်း ကျွန်တော်ကျေနပ်မိသည်။ တကယ် ဒုက္ခရောက်သူတွေကို ကိုယ်တိုင်ကိုယ်ကျလှူခွင့်ရခဲ့တဲ့ နာဂစ်မုန်တိုင်း ဒုက္ခသည်တွေကတော့ ဘယ်လိုမှမေ့မရတဲ့အလှူမျိုးဖြစ်ခဲ့သည်။

နာဂစ်မုန်တိုင်း ဝင်လာမယ့်နေ့က သုခုမစက်ရုပ်အခွေအတွက် “ဇရာဝတီခရီးသည်” ဆိုတဲ့သီချင်းကို စတူဒီယိုမှာတီးနေချိန်ဖြစ်သည်။ ညနေ ၅နာရီလောက်မှာ ကျွန်တော့်အစ်မက ဖုန်းဆက်လာသည်။ မုန်တိုင်း ဝင်လာမယ့်အကြောင်း သတိပေးခြင်း ဖြစ်သည်။ အိမ်ကို စောစောပြန်ဖို့လည်း

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပြောလာသည်။ ကျွန်တော်ကလည်း ကြားထားတဲ့စကားတွေအရ ပြင်းထန်မှု မရှိကြောင်း ပြန်ပြောလိုက်သည်။ ပြီးတော့ အပြင်ကိုထွက်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်သည်။

မိုးစက်တွေက အရှိန်ပြင်းပြင်းနဲ့ကျွန်တော့်မျက်နှာပေါ်ကို ထိုးဆင်းလာသည်။ အနီရောင်ပြောင်းနေတဲ့ မိုးကောင်းကင်ကိုတော့ သတိပြုလိုက်မိသည်။ ည ၇နာရီလောက်မှာ ကျွန်တော်တီးနေတာတွေကို အဆုံးသတ်လိုက်သည်။ လမ်းမကြီးပေါ် ကျွန်တော်ရောက်လာတော့ ကားတွေ ရှင်းနေတာကို တွေ့ရသည်။ ခပ်မြန်မြန်ရွေ့နေတဲ့ လေလုံးတွေက ကျွန်တော့်ကိုဖြတ်ကျော်နေခဲ့သည်။ အပင်တွေလည်း ယိမ်းနွဲ့နေတာကို မြင်နေရသည်။ ဝင်လာတဲ့စိုးရိမ်စိတ်ဖြင့် ကားကိုအရှိန်မြှင့်လိုက်သည်။ ရန်ကုန်မြို့ရဲ့ထူးခြားမှုကိုတော့ စတင်ခံစားမိလိုက်သည်။

အိမ်ကိုရောက်တော့ ကျွန်တော့်မိသားစုနဲ့ မုန်တိုင်းဝင်မယ့် အကြောင်းပြောခဲ့ကြသည်။ ဒီလိုနဲ့ နာဂစ်မုန်တိုင်းကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။ အရိုင်းဆန်တဲ့ မုန်တိုင်းဒဏ်ကို ခံစားလိုက်ရသည်။ ညှာတာမှု ကင်းတဲ့ မုန်တိုင်းကကျွန်တော်တို့သိထားတာထက် ပိုကြီးမားနေတာကို တွေ့နေခဲ့သည်။ ညအမှောင်အောက်မှာ လူတွေအားလုံး သတိနဲ့နေခဲ့ရပြီး နောက်တစ်နေ့မနက်အထိ ပြင်းပြင်းထန်ထန်တိုက်ခိုက်နေခဲ့သည်။

ဒါပေမယ့် ကျွန်တော်လက်ခံထားတဲ့ အလုပ်ကိုသွားဖို့အတွက် ပြင်ဆင်လိုက်သည်။ ကျွန်တော့်အမျိုးသမီးတားနေတဲ့ကြားက ကျွန်တော့် အလုပ်အတွက် ကျွန်တော်ကြိုးစားကြည့်လိုက်သည်။ ဆက်သွယ်ရေးတွေ အားလုံးကတော့ သုညဒီဂရီအောက်နေခဲ့သည်။ အကျိုးအပဲ့အပျက်အစီးတွေ အောက်မှာ ကျွန်တော့်ကြိုးစားမှုက နစ်မြုပ်သွားခဲ့ရသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



မုန်တိုင်းဆဲသွားတော့လည်း ကျန်တဲ့ဒုက္ခတွေကို ဆက်ပြီး ရင်ဆိုင်ရပြန်သည်။ သောက်ရေ၊ သုံးရေ၊ လျှပ်စစ်မီးတွေက ပျက်တောက် သွားခဲ့သည်။ ဒီလိုအချိန်မှာ ကျွန်တော့်ခေါင်းထဲကို အတွေးတစ်ခု ရောက်လာသည်။ ကျွန်တော်အားလုံးလိုလို ဒုက္ခတွေ့နေချိန်မှာ အကူအညီ မရနိုင်တဲ့သူတွေကို ဘယ်လိုကူညီရမလဲ၊ ဘယ်သူတွေက ကူညီမလဲလို့ တွေးလိုက်မိသည်။ ပထမဆုံးရောက်လာတာက မိဘမဲ့ကလေးတွေဖြစ်သည်။

ပုံမှန်အချိန်တွေမှာ သူတို့လေးတွေအတွက်အလှူရှင်တွေ ရှိနိုင်ပေမယ့် ဒီလိုအချိန်မှာရှိနိုင်ပါ့မလားလို့ စဉ်းစားလိုက်မိသည်။ ဒီလိုနဲ့ တောင်ဥက္ကလာမှာရှိတဲ့ တစ်ပိုင်းဘုန်းကြီးကျောင်းကို ကျွန်တော်တတ်နိုင် သလောက် လှူဒါန်းခဲ့သည်။ အဲဒီအချိန်က ဆန်တစ်အိတ်နဲ့လိုအပ်တဲ့ ပစ္စည်းတွေကို လှူနိုင်ခဲ့သည်။

ပြီးတော့ ကွင်းမရွာကဒုက္ခသည်တွေကို အဆိုတော်တွေအချို့ရဲ့ ထည့်ဝင်ငွေနဲ့ ကျွန်တော်တတ်နိုင်သလောက် ကူညီပေးနိုင်ခဲ့သည်။ ကျွန်တော်တို့လှူဒါန်းမှုက ထုထည်မကြီးမားပေမယ့် ကွင်းမရွာသားတွေ အတွက် လှပတဲ့နေ့တစ်နေ့ ဖြစ်ခဲ့တာကတော့ သေချာခဲ့သည်။

နာဂစ်အလွန်တစ်လလောက်မှာ ကျွန်တော့်သူငယ်ချင်း ရော့ခ်မုဆိုးအောင်အောင်က ဖုန်းဆက်လာသည်။ လက်ခုပ်ကုန်းသွားတဲ့ လမ်းက တော်ကူးကျေးရွာကို သွားလှူမယ်လို့ပြောလာသည်။ ကျွန်တော့် ကိုလည်း ပါဝင်ဖို့ပြောလာသည်။ ဒီလိုနဲ့ ညနေ ၃နာရီ လောက်မှာ ကွမ်းခြံကုန်းကိုရောက်ခဲ့သည်။ ပြီးတော့ တော်ကူးရွာကို ခရီးဆက်ခဲ့သည်။ လမ်းတွေက ကျွန်တော်ထင်ထားတာထက် အတော်လေးဆိုးနေတာကို တွေ့ရသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရည်မှန်းချက်အတိုင်းသွားခဲ့သည်။ ကျွန်တော့်သူငယ်ချင်းနဲ့အတူ ကိုယ်တိုင်ကိုယ်ကျ ကူညီနိုင်ခဲ့သည်။ အဲဒီအချိန်က ကျွန်တော်တို့လုပ်ပေးနိုင်ခဲ့တာ လက်လှမ်းမှီရာက ဒုက္ခသည်တွေဖြစ်သည့် နာဂစ်လာရာလမ်းတစ်လျှောက်က လူအများစုအတွက်ကိုတော့ ဂီတအစည်းအရုံးအနေနဲ့ ကူညီနိုင်ခဲ့သည်။ နာဂစ်မုန်တိုင်းရန်ပုံငွေအတွက် မန္တလေးမှာ ဂီတအစည်းအရုံးကဖျော်ဖြေပွဲလုပ်ခဲ့သည်။ မုန်တိုင်းဒုက္ခသည်တွေအတွက် ရန်ပုံငွေရှာဖွေခြင်းဖြစ်သည်။

ကျွန်တော်တို့ Lazy Club နဲ့အတူ အခြား တီးဝိုင်းနှစ်ခုလည်း ပါဝင် ခဲ့သည်။ အဆိုတော်အတော် များများလည်း ပါဝင်ခဲ့သည်။ ဂီတအစည်းအရုံး အမှု ဆောင်တစ်ယောက်အနေနဲ့ တီးဝိုင်းသုံးခုကြားမှာ အစီအစဉ်ကျအောင် ကြိုးစားပေးနိုင်ခဲ့သည်။



the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဒုက္ခသည်လူသားတွေအတွက်ကျွန်တော် တို့ အနုပညာသမား တွေရဲ့ စုစည်းညီညွတ်မှုကို ပြသနိုင်ခဲ့သည်။ မှတ်မှတ်ရရ အပိတ်သီချင်းကို စုပေါင်း ပုံဖော်ခဲ့ကြသည်။ ကမ္ဘာကျော်သီချင်း တစ်ပုဒ်ဖြစ်တဲ့ We Are The World သီချင်းကို ကိုမင်းချစ်သူက နာဂစ်အမှတ်တရ သီချင်းအဖြစ် ရေးဖွဲ့ပေးခဲ့သည်။

ဒီလိုနဲ့ ရရှိလာတဲ့ရန်ပုံငွေကို မော်လမြိုင်ကျွန်းက ရွာသုံးရွာ အတွက် လှူဒါန်းခဲ့ကြသည်။ ပျက်စီးခဲ့တဲ့ကျောင်းတွေကို ဂီတအစည်းအရုံးက ပြန်ဆောက်ပေးနိုင်ခဲ့သည်။ ကျွန်တော်တို့အနုပညာသမားတွေကလည်း ဒုက္ခသည်တွေအတွက် အကောင်းဆုံးစိတ်အဟာရကို ပေးနိုင်ခဲ့သည်။

ကွမ်းခြံကုန်းက ကျောင်းတစ်ကျောင်းကိုလည်း ဂီတအစည်းအရုံး ဦးဆောင်မှုနဲ့ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့သည်။ တကယ့်ဒုက္ခကြုံ တွေ့ရသူကို မြင်တွေ့ရချိန်မှာ ဖြစ်ပေါ်လာတဲ့ခံစားမှုက ကျွန်တော်တို့ အားလုံးရဲ့ ရင်ထဲကို ထိုးဖောက်သွားတယ်လို့ ကျွန်တော်ယုံကြည်မိခဲ့သည်။

■

the bookhouse
we bring your future

မြန်မာ စာအုပ်များ

ရဲမွန်ထော

၁၆၄

# အချစ်စစ်

နာဂစ်အလွန် တော်ကူးရွာကို ကျွန်တော်ရောက်သွားချိန်မှာ သဘာဝဘေးအန္တရာယ် နှိပ်စက်မှုအောက်က လွတ်မြောက်ခဲ့တဲ့ လူသားတွေကို နီးနီးကပ်ကပ်မြင်တွေ့ခံစားခဲ့ရသည်။ သက်ကြီးရွယ်အို အမျိုးသား၊ အမျိုးသမီး၊ ကလေးငယ်တွေရဲ့ ဒုက္ခအမျိုးမျိုးကို ကိုယ်ချင်းစာမိခဲ့သည်။ ကိုယ့်လူမျိုးအချင်းချင်း တက်နိုင်သလောက် ကူညီနိုင်ခဲ့တာကိုလည်း ကျွန်တော်ကျေနပ်ခဲ့သည်။

အထူးသဖြင့် ကလေးတွေအပေါ် ပိုပြီးဂရုဏာသက်ခဲ့ရသည်။ ဖခင်တစ်ယောက်အနေနဲ့ သားသမီးချင်း ကိုယ်ချင်းစာမိခဲ့သည်။ လုံခြုံပြည့်စုံမှုနည်းပါးတဲ့ သူတို့လေးတွေရဲ့ဘဝကိုကြည့်ပြီး တကယ်စိတ်မကောင်းဖြစ်ခဲ့ရသည်။ ဒီကလေးတွေနေရာမှာ ကျွန်တော့်ကလေးတွေကို အစားထိုးမြင်ကြည့်မိသည်။ ခံစားကြည့်သည်။ ပြီးတော့ အဆုံးစွန်အတွေးတွေက ခပ်ကြမ်း ကြမ်းရိုကခတ်သွားသည်။

ဒါပေမယ့် လက်ရှိအချိန်မှာ ဖခင်တစ်ယောက်အနေနဲ့ သားနဲ့သမီးအပေါ်မှာ ကောင်းမွန်တဲ့ဘဝကို ဖန်တီးပေးနိုင်တယ်လို့ ကျွန်တော်ယူဆမိသည်။ ကျွန်တော့်အတွက် သမီးကြီးနဲ့သားငယ်တို့က မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ပြီးတော့ ကျွန်တော့်အပေါ်အလိုက်တသိ နားလည်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပေးတတ်တဲ့ ကျွန်တော့်ဇနီးဖြစ်သည်။ ပါရမီဖြည့်ဖက်တစ်ယောက်အဖြစ် ကျွန်တော့်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတတ်သူလည်းဖြစ်သည်။ သာယာတဲ့အိမ်ထောင်ရေးတစ်ခုကို ထိန်းသိမ်းပေးနိုင်သူဖြစ်သည်။ ဒါပေမယ့် ကျွန်တော်ငယ်ငယ်က စွဲစွဲလမ်းလမ်း ချစ်ခဲ့ရတဲ့ကောင်မလေးတစ်ယောက် ရှိခဲ့ဖူးသည်။

အထက်တန်းကျောင်းသားအဖြစ် ပုဇွန်တောင် (၄) မှာ တတ်ရောက်နေစဉ်ကဖြစ်သည်။ အဲဒီအချိန်က သူမကိုမြင်တိုင်း အသည်းအသန်ဖြစ်ခဲ့သည်။ ဘယ်အချိန်ဖြစ်ဖြစ် တွေ့တဲ့နေရာတိုင်းမှာ စကားလိုက်ပြောခဲ့သည်။ စာလိုက်ပေးခဲ့သည်။ ဒါပေမယ့် သူမဘက်ကတော့ ခါးခါးသီးသီးငြင်းဆန်ခဲ့သည်။ အကျိုးဆက်ကတော့ ကျောင်းအုပ်ဆရာမကြီးရဲ့ အပြစ်ပေးခြင်းကို ခံခဲ့ရသည်။

ကျွန်တော့်ထက်တစ်တန်းငယ်တဲ့ သူမရဲ့အခန်းရှေ့မှာ ဆရာမကြီးရဲ့ကြိမ်လုံး ဒဏ်ကိုခံယူခဲ့ရသည်။ သူမိဘတွေရဲ့တိုင်ကြားမှုအရ နောက်ထပ် မနှောက်ယှက်ဖို့ ဆရာမကြီးကိုကတိပေးခဲ့ရသည်။ ဝတ္ထုတွေထဲကလို တွေ့ခဲ့ရင်တောင် မကြည့်ရဘူးလို့ တားမြစ်ခံရသည်။ ကျောင်းထုတ်ခံရမယ်ဆိုတဲ့ သတိပေးတာကိုလည်း ခံခဲ့ရသည်။ ဒါပေမယ့် ပန်းချီဆွဲတတ်တဲ့ ကျွန်တော့်အကြောင်းကို သူငယ်ချင်းတွေကတစ်ဆင့် ဆရာမတွေက သိသွားခဲ့သည်။ ပြီးတော့ မူးယစ်ဆေးဆန့်ကျင်ရေး ကျောင်းပေါင်းစုံပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပုဇွန်တောင်မြို့နယ်မှာ ပထမနေရာကို ရရှိခဲ့သည်။

အောင်နိုင်သူတစ်ယောက်အနေနဲ့ ကျောင်းသားတွေကြားမှာ မျက်နှာပွင့်ခဲ့သည်။ သူငယ်ချင်းတွေရဲ့ စာမျက်နှာပေါ်မှာ ကျွန်တော့်ရဲ့ ရောင်စုံပုံရိပ်တွေကို ရေးခြစ်ခဲ့သည်။ ကျွန်တော့်ကောင်မလေးကလည်း

the
bookhouse
we bring your future

မြန်မာ စာအုပ်များ



သူ့အတွက်ပုံဆွဲပေးဖို့ သူငယ်ချင်းကောင်းမိန်းကလေးတစ်ယောက်ကို ပြောခိုင်းလိုက်သည်။ ကျွန်တော့်ဘက်ကလည်း ပုံဆွဲပေးဖို့ ပြဿနာ မရှိပေမယ့် သူမကျေနပ်လို့ ဆရာမကြီးကိုတိုင်လိုက်လျှင် ကျောင်းထွက် ရမယ့်ပြဿနာ ရှိနေသည်။

ဒါပေမယ့် ကျွန်တော့်ကောင်မလေးက ကျွန်တော့်ပုံတွေကို သဘောကျတယ်ဆိုတော့လည်း အမှတ်တရဖြစ်အောင် ကျွန်တော်ကြိုးစား ခဲ့တယ်။ ဒီလိုနဲ့ သူငယ်ချင်းကောင်မလေးကတဆင့် ပုံတွေကိုနေ့တိုင်း ပေးနိုင်အောင် ကြိုးပမ်းခဲ့သည်။ ညဘက်စာကျက်ချိန်မှာ ပုံတွေကိုခိုးဆွဲ၊ နံနက်စောစော ကျောင်းကိုပြေး၊ သူငယ်ချင်းကောင်မလေး လက်ထဲကိုထည့် နောက်တစ် နေ့အတွက် ထပ်ပြီးရင်ခုန်ခဲ့ရသည်။

မျက်နှာချင်းဆိုင်စကားပြောခွင့်မရပေမယ့် ကျွန်တော်ကြည်နူး ခဲ့သည်။ ကျွန်တော်ဆွဲပေးတဲ့ပုံတွေကို သူမကလက်ခံနေပေမယ့် ကျွန်တော်တို့ အဖြစ်က သူငယ်ချင်းလည်းမဟုတ်၊ ရည်းစားလည်းမဟုတ်တဲ့ အခြေအနေမျိုး ဖြစ်သည်။ ကျွန်တော်ကတော့ ခံစားမှုတစ်ခုကို ပုံဖော်ခဲ့ခြင်းဖြစ်သည်။ ပြီးတော့ ကျွန်တော်တို့ကျောင်းမှာ သူမကစတားတစ်ယောက်ဖြစ်သည်။

သူမကို ပိုးပန်းနေသူတွေက များနေသည်။ စကားလိုက်ပြောသူ တွေလည်း ရှိနေသည်။ ဒီလို အပြိုင်အဆိုင်တွေကြားမှာ ပြိုင်ပွဲဝင် တစ်ယောက်လို ယှဉ်ပြိုင်ခဲ့ရသည်။ သူမကြောင့် ရန်ဖြစ်ခဲ့ရတာလည်း အလုပ်တစ်ခုလို ဖြစ်ခဲ့သည်။ ဒီလိုနဲ့ နွေရာသီကျောင်းပိတ်ရက်တွေကို ရောက်လာခဲ့သည်။

တန်ခူးလေနဲ့အတူ သင်္ကြန်ရနံ့တွေက လွင့်ပျံ့လာသည်။ သင်္ကြန် ပွဲတော်အတွက် ပြင်ဆင်ကြသည်။ သူမကလည်း ကျောင်းက ယိမ်းအဖွဲ့မှာ

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ပါဝင်သူတစ်ယောက်ဖြစ်သည်။ ပုဇွန်တောင် အ. ထ. က (၄) ကိုယ်စားပြု ယိမ်းအဖွဲ့ဖြစ်သည်။ မြို့တော်ခန်းမမှာ ကပြဖို့အတွက် အကတိုက်တဲ့ အချိန်ဖြစ်သည်။ ကျောင်းမှာအကတိုက်နေတဲ့ သူမကိုမြင်ချင်မိစိတ်နဲ့ မရောင်မလည်သွားကြည့်မိသည်။ သူငယ်ချင်းကောင်မလေး တစ်ယောက်က သူမကိုသွားခေါ်ပေးသည်။

ဒါပေမယ့် သွားခေါ်တဲ့ကောင်မလေးက "နင့်ရည်းစားလာခေါ်တယ်လို့" လူအများ ရှေ့မှာ နောက်ပြောင်ပြောလိုက်သည်။ ကောင်မလေး စကားကို သူမ ကြားလိုက်ချိန်မှာ ဒေါသစိတ်တွေနဲ့အတူ ကျွန်တော့်ဆီရောက်လာသည်။ သူမနဲ့ကျွန်တော့်ကြား ပုံဆွဲပေးတာကလွဲလို့ ဘာမှမရှိကြောင်း၊ ရှိတဲ့ခင်မင်မှုကို အခွင့်ကောင်းမယူသင့်ကြောင်း၊ လူကြားထဲမှာ သိက္ခာကျအောင် လာမလုပ်ပါနဲ့လို့ ခပ်မာမာပြောခဲ့သည်။

သူမရဲ့စကားတွေက ကျွန်တော့်နှလုံးသားအပေါ် အရှိန်ပြင်းပြင်းနဲ့ဝင်တိုက်သွားသည်။ ရှက်တဲ့စိတ်၊ နာကျင်စိတ်တွေနဲ့အတူ မုံရွာသင်္ကြန်ကို ကျွန်တော်ရောက်သွားခဲ့သည်။ ဒါပေမယ့် ကျောင်းပြန်ဖွင့်တော့လည်း ကျွန်တော့်နှလုံးသားမှာ သူမကပြန်ရောက်လာသည်။ ဆယ်တန်းရောက်လာတဲ့အချိန်မှာလည်း သူမနောက်ကို လိုက်မြဲလိုက်နေသည်။ အနှောက်အယှက်တစ်ခုခုကလည်း ကျွန်တော်နဲ့သူမကြားမှာ ပုံစံအမျိုးမျိုးနဲ့ ရောက်လာတတ်သည်။

ပတ်ဝန်းကျင်ကပဲဖြစ်ဖြစ်၊ သူမကိုယ်တိုင်ကပဲဖြစ်ဖြစ်၊ မိသားစုကပဲဖြစ်ဖြစ် ပြဿနာတွေကပေါ်လာသည်။ အားလုံးကလည်း ကျွန်တော်နဲ့သူမကို မနီးစပ်နိုင်ဘူးလို့ယူဆခဲ့သည်။ ခင်မင်မှုကြောင့်သာ ကျွန်တော့်ကိုစကားပြောတဲ့ သူမအချစ်ကိုလည်း ဘယ်လိုမှမရနိုင်ဘူးလို့

the bookhouse
we bring your future

ကျွန်တော့်သူငယ်ချင်းအားလုံးက မှတ်ချက်ချခဲ့သည်။ ဒီလိုနဲ့ ဆယ်တန်းစာမေးပွဲကို အရှုံးတွေနဲ့ကျွန်တော် ရင်ဆိုင်ခဲ့ရသည်။

စာမေးပွဲကျတဲ့ ကျောင်းသားတွေရဲ့ထုံးစံအတိုင်း ကျွန်တော့်ခြေလှမ်းတွေကလည်း ခပ်ယိုင်ယိုင်ဖြစ်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်နဲ့လမ်းပေါ်မှာ အချိန်တွေကို ဆုတ်ဖြဲလွှင့်ပစ်ခဲ့သည်။ အတန်းတူလှတဲ့သူမကြောင့်လည်း ရှက်မိတဲ့စိတ်တွေက ရောက်လာသည်။ ဒါပေမယ့်နေ့တစ်နေ့ရဲ့ ကျောင်းဆင်းချိန်မှာ သူမအနားကို ကျွန်တော်ရောက်သွားခဲ့သည်။ ကျွန်တော့်ထုံးစံအတိုင်း သူမကိုစကားလိုက်ပြောခြင်းဖြစ်သည်။

အဲဒီအချိန်က သူမပြောခဲ့တဲ့စကားတွေက ကျွန်တော့်ဘဝအတွက်တော့ အမှတ်တရ ဖြစ်စေခဲ့သည်။ ပေတေနေတဲ့ ကျွန်တော့်ကိုကြည့်ပြီး စိတ်ဓါတ်မကျဖို့ အားပေးစကားပြောခဲ့သည်။ စာမေးပွဲအောင်အောင်ကြိုးစားဖို့၊ ပညာတတ်ဖြစ်အောင် လုပ်ဖို့တိုက်တွန်းခဲ့သည်။

ကိုယ်ချစ်ရတဲ့ကောင်မလေးက ဒီလိုစကားတွေ ပြောလာတဲ့အတွက် ကျွန်တော်လည်းကြိုးစားချင်စိတ်တွေဖြစ်လာခဲ့သည်။ ဒါပေမယ့်သူမနဲ့ပတ်သက်တဲ့ ခံစားမှုတွေက ကျွန်တော့်အပေါ် ဖိစီးခဲ့သည်။ သူမနဲ့ကြားရတဲ့သတင်းတွေကလည်း ကျွန်တော့်နှလုံးသားကို နာကျင်စေခဲ့သည်။

ဒီလိုနဲ့ ကျွန်တော့်စိတ်ကို သော့ခတ်လိုက်သည်။ သူမကိုမေ့နိုင်အောင်ကြိုးစားခဲ့သည်။ သူမနေရာမှာ ကျောင်းစာတွေနဲ့အစားထိုးခဲ့သည်။ သူမဆီကအချစ်ကို မရနိုင်မှန်းသိပေမယ့် တက္ကသိုလ်ရောက်ရင်တွေ့နိုင်မယ်လို့ စိတ်ကူးယဉ်ခဲ့သည်။ စိတ်ကူးတွေနဲ့အတူ ဆယ်တန်းစာမေးပွဲကိုကျွန်တော်အောင်မြင်ခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဒါပေမယ့် ကျွန်တော့်ထင်ထားသလို ဖြစ်မလာဘဲ စာမေးပွဲမှာ သူမကျရှုံးသွားသည်။ ဒီလိုအခြေအနေတွေက ကျွန်တော်နဲ့သူမကို ပိုပြီး ဝေးကွာစေခဲ့သည်။ သူမနဲ့ နီးစပ်ဖို့ ကျွန်တော့်ဘက်က ကြိုးစားနေပေမယ့် သူမ ကတော့ ခပ်ရှောင်ရှောင် ဖြစ်သွားခဲ့သည်။ စာမေးပွဲ ကျရှုံးခြင်းက ဒီလိုပုံစံမျိုးဖြစ် သွားတယ်လို့ ကျွန်တော် တွေးခဲ့မိသည်။

တက္ကသိုလ်မရောက်မီ ရှည်လျားတဲ့ကျောင်းပိတ်ရက်တွေ ကတော့ ကျွန်တော့်စိတ်ကိုတည်ငြိမ်စေခဲ့သည်။ သူမကိုချစ်နေမိပေမယ့် မတွေ့ရတဲ့အချိန်တွေများလာတော့လည်း ကျွန်တော့်စိတ်ကို ထိန်းချုပ်လာနိုင်ခဲ့သည်။ ဒါပေမယ့် ကျွန်တော့်ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားချိန်မှာ ကျွန်တော့်ဆီကိုသူမရောက်လာခဲ့သည်။ ကျွန်တော့်ဖေဖေ ဆုံးပါးချိန်မှာ ရောက်လာခြင်းဖြစ်သည်။ သူငယ်ချင်းတစ်ယောက်အနေနဲ့ သတင်းလာမေးခြင်းဖြစ်သည်။

လူမှုရေးအရရောက်လာခဲ့တဲ့ သူမကိုမြင်ရတော့လည်း ကျွန်တော့် စိတ်တွေက ပြန်ပြီးရှုန်းထလာခဲ့သည်။ သူမတတ်တဲ့ကျူရှင်တွေကိုသွား၊ စကားတွေလိုက်ပြော၊ သူငယ်ချင်းတွေနဲ့ စာတွေပေးခိုင်း၊ ပြိုင်ဖက်တွေနဲ့ ရန်တွေဖြစ်၊ ဒဏ်ရာတွေရ၊ ခါးသီးတဲ့နေ့ရက်တွေကို ဝါးမျိုခဲ့ရသည်။ ပညာကိုသုံးပြီး ကူညီခဲ့ကြတဲ့သူငယ်ချင်းတွေကလည်း သူမကို လက်လျှော့ဖို့ ပြောလာကြသည်။ ဒဏ်ရာရခဲ့တဲ့ သူတို့လက်မောင်းတွေကိုပြပြီး ကျွန်တော့်ကို ဘယ်တော့မှ ပြန်မချစ်နိုင်တဲ့ ကောင်မလေးတစ်ယောက်အဖြစ် သတ်မှတ်ခဲ့ကြသည်။

ဒီလိုနဲ့ တက္ကသိုလ်ကျောင်းသားဘဝကို တစ်ယောက်တည်း ရွက်လွှင့်ခဲ့သည်။ တက္ကသိုလ်ပရဝုဏ်ထဲက သစ်ပုပ်ပင်၊ ဂျပ်ဆင်၊ ကံ့ကော်ပင်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



တွေနဲ့ အင်လျားကန်ဘောင်တွေက ကျွန်တော့်ကို သူစိမ်းဆန်ဆန် ကြည့်ခဲ့ကြသည်။ ကိုယ့်ချစ်တဲ့သူကိုလည်းမရ အစားထိုးချစ်ရမယ့်သူလည်းမရှိ ဖြစ်ခဲ့ရသည်။ ချစ်သူတစ်ယောက်ရှာဖို့ စိတ်ကူးတွေကို မေ့ပစ်လိုက်ပြီး ဂစ်တာကိုသာ ချစ်သူတစ်ယောက်အဖြစ် သတ်မှတ်ခဲ့သည်။

သူမကတော့ ဆယ်တန်းကို နှစ်နှစ်ဖြေပြီး အာစီဝမ်းလို့ခေါ်တဲ့ ဗိုလ်တထောင်ဒေသ ကောလိပ်ကို ရောက်ရှိသွားခဲ့သည်။ တစ်ခါတစ်လေ သူမအကြောင်းကို သိရတာကလွဲလို့ နီးစပ်ဖို့အကြောင်းကတော့ ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ အခြေအနေဖြစ်လာခဲ့သည်။

မေဂျာမတူ၊ ကျောင်းမတူတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဘဝတွေက အဝေးဆုံးနေရာတစ်ခုဆီမှာ ရှင်သန်နေခဲ့ရသည်။ ပထမနှစ်ကို ကျောင်းကပေးတဲ့ ထောက်ပံ့ကြေးနဲ့တက်ခဲ့ရသည်။ ဒါပေမယ့် ဂစ်တာသမား ဖြစ်ချင်တဲ့ ကျွန်တော့်စိတ်တွေက ဆက်လက်ရှင်သန်နေခဲ့သည်။ စိတ်ရဲ့ စေ့ဆော်မှုတွေနဲ့ ရဲရဲဝင့်ဝင့် ဆက်လျှောက်ခဲ့သည်။

စားသောက်ဆိုင်တစ်ခုမှာ အတီးသမားအဖြစ် ဘဝကို ကျော်ဖြတ်ခဲ့သည်။ ပြီးတော့ ရွှေသံစဉ်ကို ရောက်သွားခဲ့သည်။ ရွှေသံစဉ် နဲ့အတူ ပရော်ဖက်ရှင်နယ်ဂစ်တာသမားအဖြစ် ဂီတလောကကိုခြေချ နိုင်ခဲ့သည်။ ဥပဒေမေဂျာတီးဝိုင်းမှာလည်း ပင်တိုင်ဂစ်တာသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဂရေဟမ်၊ အောင်အောင် (ရော့ခ် မုဆိုး) တို့နဲ့အတူ အကောင်းဆုံးဖျော်ဖြေမှုတွေကို အမိတက္ကသိုလ်မှာ လုပ်ဆောင်နိုင်ခဲ့ကြသည်။

ဒီလိုအချိန်မှာ လက်တွဲညီနေတဲ့ ကျွန်တော်တို့အဖွဲ့အတွက် ကျွန်တော့်ကောင်မလေးရှိတဲ့ အာစီဝမ်းမှာသွားတီးဖို့ ဖြစ်လာခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဂစ်တာတီးဖို့ ရောက်သွားတဲ့ကျွန်တော့်ကို သူမကစကားလာပြောခဲ့သည်။ သူမသူငယ်ချင်းတွေနဲ့အတူ လာနှုတ်ဆက်ခြင်းဖြစ်သည်။ သာမန်အသိတစ်ယောက်လို နှုတ်ဆက်ခဲ့ခြင်းဖြစ်သည်။ သူမကိုပြန်တွေ့တော့လည်း ကျွန်တော့်ရောဂါပြန်ထလာသည်။ ဒါပေမယ့် သူ့ဘေးမှာ ရှိနေတဲ့ ယောက်ျားလေးတွေအားလုံးက ကျွန်တော့်ထက်သားနားသူများဖြစ်နေသည်။

ကျွန်တော့်အပေါ် နှစ်ပေါင်းများစွာ ငြင်းခဲ့တဲ့သူမကို ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ အဲဒီအချိန်က ကျွန်တော်တွေးလိုက်မိသည်။ ဒီလိုနဲ့ တက္ကသိုလ်ကျောင်းသားဘဝနောက်ဆုံးရက်တွေကို တဖြည်းဖြည်းရောက်ရှိလာသည်။ ကျွန်တော်တို့ဥပဒေမေဂျာ ထုံးစံအရ ဘွဲ့ယူရမယ့် နောက်ဆုံးနှစ်ကျောင်းသားတွေအတွက် စာတမ်းတစ်စောင်တင်သွင်းရသည်။

ကျွန်တော့်စာတမ်းအတွက် လိုအပ်ချက်တွေကို ရှာပေးဖို့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို သွားခဲ့တဲ့နေ့တစ်နေ့မှာ မထင်မှတ်ဘဲ သူမကိုပြန်တွေ့ခဲ့ရသည်။ စာကြည့်တိုက်ရှေ့က ချန်းဆယ်လာဆိုတဲ့ စားသောက်ဆိုင်မှာ ပြန်ဆုံခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်တစ်လျှောက်လုံးမှာ မဆိုသလောက် ဆုံခဲ့ရတာတွေကလွဲလို့ မတွေ့ဖြစ်ခဲ့တဲ့သူမကို ဒီလိုနေရာမှာ ပြန်တွေ့ရတော့ ငယ်ငယ်ကသံယောဇဉ်တွေက ပြန်လည်ရှင်သန်လာခဲ့သည်။

ကျောင်းထဲကပြန်ထွက်လာတော့ ကျောင်းပိတ်ချိန်နီးလာတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ အဓိပတိလမ်းမပေါ်မှာ ရေတမာရွက်ခြောက်တွေ ကလေနဲ့အတူ လွင့်ပါးနေတာကို ကျွန်တော်သတိပြုမိခဲ့သည်။ သူမနဲ့ပတ်သက်လို့ ဘာသဲလွန်စမှမသိခဲ့တဲ့ တည်ငြိမ်နေတဲ့ ကျွန်တော့်နှလုံးသားကတော့ ပြန်လည်နိုးထလာခဲ့သည်။ သူမနဲ့ထပ်ပြီးဆုံတွေ့ရမယ့် အကြောင်းကလည်း ဖြစ်ပေါ်လာခဲ့သည်။

the bookhouse
we bring your future

# ၁၇၂

သူမအဖေဆုံးပြီးနောက် ဒေါ်ပုံကို သူမမိသားစုပြောင်းသွားခဲ့သည်။ ကျောင်းပြီးသွားတဲ့သူမ ကလည်း ပြန်ကြားရေးမှာ ရုံးဝန်ထမ်းအဖြစ် ဝင်လုပ် နေသည်။ ကျွန်တော်ကတော့ ဂီတလောကမှာ နေရာတကျရှိလာချိန် ဖြစ်သည်။



ဘယ်လိုပဲဖြစ်ဖြစ် ကံကြမ္မာက ကျွန်တော့်ဘက်ကို ရောက်လာခဲ့သည်။ သူမနေတဲ့ လမ်းထဲက စတိတ်ရှိုးမှာတီးဖို့အတွက် ပလေယာတစ်ယောက်အဖြစ် ကျွန်တော်ရောက်သွားခဲ့သည်။

သီချင်းတိုက်နေတဲ့နေ့မှာ ရုံးဝတ်စုံနဲ့လမ်းကထွက်သွားတဲ့ သူမကို လက်ဖက်ရည်ဆိုင်ကနေ ကျွန်တော်လှမ်းမြင်လိုက်သည်။ ပြီးတော့ သူမကို လက်ခုပ်တီးပြီး လှမ်းခေါ်လိုက်သည်။ မျှော်မှန်းမထားပေမယ့် သူမရုံးလိပ်စာ၊ ဖုန်းနံပါတ်၊ အခန်းနံပါတ်တွေကိုလည်း မေးလိုက်သည်။ ဘယ်တုန်းကမှထင်မထားတဲ့ မျှော်လင့်ချက်တွေက တကယ်ဖြစ်လာခဲ့သည်။ ကျွန်တော်မေးသမျှအားလုံးကို သူမဘက်ကလိုလိုလားလား ပြောသွားခဲ့သည်။ နောက်တစ်နေ့မှာ သူမဆီကိုကျွန်တော်သွားခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



သူမတို့ရုံးက လက်ဖက်ရည်ဆိုင်မှာ အတူထိုင်ပြီးစကားတွေပြောခဲ့ကြသည်။ တနင်္ဂနွေရုံးပိတ်ရက်မှာတွေ့ဖို့အတွက် ကျွန်တော်တောင်းဆိုလိုက်သည်။ ကျွန်တော်တောင်းဆိုချက်ကိုလည်း သူမလက်ခံလိုက်သည်။

ဒီလိုနဲ့ နှစ်ပေါင်းများစွာချစ်ခဲ့တဲ့ချစ်သူဆီက အဖြေတစ်ခုကို ကျွန်တော်ရရှိပြီး ချစ်သူသက်တမ်း ၆နှစ်မှာ သူမနဲ့ကျွန်တော်လက်ထပ်ခဲ့သည်။ အချိန်များစွာ စိတ်ကူးခဲ့တဲ့အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ကျွန်တော်ငယ်ငယ်ကတည်းက စွဲစွဲလမ်းလမ်း ချစ်ခဲ့ရတဲ့ကောင်မလေးက ကျွန်တော့်ဇနီးဖြစ်လာခဲ့သည်။

ကျွန်တော်တို့မင်္ဂလာ ဆောင်ကို သူမအသက် ၂၉ နှစ်ပြည့်တဲ့ ၂၀၀၀ ခုနှစ် ၃ လပိုင်း ၁၂ ရက်မှာ ကျင်းပခဲ့သည်။ ကျွန်တော်တို့နှစ်ယောက်ဘဝတစ်ခုကို တည်ဆောက်ဖို့အတွက် မင်္ဂလာမဆောင်မီတစ်လအလိုမှာ ရေကျော်ဈေးရှေ့ကတိုက်ခန်းတစ်ခုကို ကြိုတင်ငှားထားခဲ့သည်။ ၆ လွှာမှာရှိတဲ့ အဲဒီတိုက်ခန်းလေးက အနည်းငယ်ကျဉ်းပေးမယ့် ညားခါစကျွန်တော်တို့လင်မယားအတွက် ပျော်စရာနေရာလေးတစ်ခုဖြစ်ခဲ့သည်။

ကျွန်တော်တို့နှစ်ယောက်မင်္ဂလာပွဲကို ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်နားက ရွှေကျင်ကျောင်းတိုက်မှာ ပြုလုပ်ခဲ့သည်။ဂစ်တာသမားတစ်ယောက်ဖြစ်နေတဲ့ ကျွန်တော့်မင်္ဂလာဆောင်မှာ တီးဝိုင်းနဲ့ဧည့်ခံဖျော်ဖြေတာမျိုး အလွယ်တကူလုပ်နိုင်ပေမယ့် အဲဒီလိုပုံစံကို ကျွန်တော် စွန့်လွှတ်လိုက်သည်။ မေတ္တာနဲ့ကူညီပေးမယ့် ဂီတသမားတွေ၊ အဆိုတော်တွေကို ကျွန်တော့်မင်္ဂလာဆောင်အတွက် လွတ်လွတ်လပ်လပ် လာစေချင်ခဲ့သည်။

ဒီလိုနဲ့ ကျွန်တော်တို့မင်္ဂလာပွဲကို ရိုးရိုးစင်းစင်း ပြုလုပ်ခဲ့သည်။ မင်္ဂလာပွဲကို ဘယ်လိုပုံစံနဲ့လုပ်သည်ဖြစ်စေ ဂီတလောကက ကျွန်တော့်

the bookhouse
we bring your future


မြန်မာ စာအုပ်များ



မိတ်ဆွေသူငယ်ချင်းတွေ အားလုံးရောက်လာခဲ့ကြသည်။ မိဘတွေမရှိတော့တဲ့ ကျွန်တော့်ကို Aces အဖွဲ့တည်ထောင်သူ ဦးစိုးအောင်ဇနီးမောင်နှံက မိဘနေရာမှာနေပေးခဲ့ကြသည်။

ကျွန်တော့်ကောင်မလေးကို သူမမိဘအိမ်မှာသွားတောင်းဖို့ အတွက် သူတို့ကဦးဆောင်ပေးခဲ့ကြသည်။ ပြီးတော့ အစ်ကိုကြီးဖြစ်သည်။ ညီတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်မင်္ဂလာပွဲကို အစ်ကိုကြီးတစ်ယောက်အနေနဲ့ အစစအရာရာ အပင်ပန်းခံပြီးလုပ်ပေးခဲ့သည်။

ကျွန်တော်တို့ညားခါစလင်မယားအတွက် ကိုးကွယ်ဖို့ဘုရားရုပ်ထု ကိုပင် သူကိုယ်တိုင်ပြုလုပ်ပေးခဲ့သည်။ ဒါပေမယ့် မင်္ဂလာပွဲအပြီး ဖြစ်ခဲ့ရတဲ့ ကိစ္စတစ်ခုကတော့ ဟာသတစ်ပုဒ်ကို ဖတ်ရသလို ဖြစ်ခဲ့သည်။ အဲဒါကတော့ မင်္ဂလာဆောင်ဓာတ်ပုံတွေမှာ အစ်ကိုကြီးရဲ့ပုံပါမလာခဲ့ခြင်းဖြစ်သည်။



the bookhouse
we bring your future

မြန်မာ စာအုပ်များ



မင်္ဂလာဆောင်တဲ့အချိန်မှာ သူ့ဘက်ကိုယ့်ဘက်ဆွေမျိုးတွေ ဓာတ်ပုံရိုက်ကြတာက ထုံးစံပင်ဖြစ်သည်။ ဒါပေမယ့် ဓာတ်ပုံရိုက်တဲ့ကိစ္စတွေကို ကျွန်တော်ကလည်း သတိမထားလိုက်မိဘဲ ဖြစ်ခဲ့သည်။ သတို့သားဖြစ်တဲ့ ကျွန်တော်ကတော့ ဓာတ်ပုံတိုင်းလိုလိုမှာ ပါနေခဲ့သည်။ အစ်ကိုကြီးပုံကို ဓာတ်ပုံတွေရလာတော့မှ ရိုက်ထားတဲ့ပုံတွေမရှိတာကို သိလိုက်ရခြင်းဖြစ်သည်။

အစ်ကိုကြီးက ကျွန်တော့်ကိုဘာမှမပြောပေမယ့် အစ်မတွေကိုတော့ ရင်ဖွင့်ခဲ့သည်။ သူ့ညီရဲ့မင်္ဂလာဆောင်မှာ အမှတ်တရအနေနဲ့ သူ့ပုံပါမလာခြင်းကို ခံစားရတယ်လို့ အစ်မတွေကိုပြောခဲ့သည်။ အဲဒီအကြောင်းကို အစ်မတွေကကျွန်တော့်ကို ပြန်ပြောကြတော့ ကျွန်တော်လည်း စိတ်မကောင်းဖြစ်ခဲ့ရသည်။

နောက်တစ်ကြိမ် ထပ်လုပ်လို့မရတော့တဲ့ မင်္ဂလာဆောင်ကြောင့် ကျွန်တော်လည်းအတော်လေးစိတ်ပူသွားသည်။ နောက်ဆုံးမျှော်လင့်ချက်က ဗီဒီယိုအခွေမှာသာ ကျန်ရှိတော့သည်။ ဗီဒီယိုအခွေမှာ အစ်ကိုကြီးပုံပါလာပါစေလို့ ဆုတောင်းနေမိသည်။ ဒီလိုနဲ့ ဗီဒီယိုအခွေရရခြင်း အစ်ကိုကြီးပုံကို အရင်ဆုံးလိုက်ရှာခဲ့ရသည်။ ကံကောင်းစွာပင် အစ်ကိုကြီးပုံတွေက ပါလာခဲ့သည်။ ပြီးတော့ အစ်ကိုကြီးဆီကိုပြေးပြီး သူကျေနပ်အောင် ဖွင့်ပြခဲ့ရသည်။ နောက်တစ်ခါမင်္ဂလာဆောင်ရင် ဒါမျိုးမဖြစ်အောင် ကြိုတင်စီစဉ်ထားပါမယ်လို့ အစ်ကိုကြီးကို စိတ်ထဲကကတိပေးလိုက်သည်။

မင်္ဂလာဆောင်ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရှင်ဘဝသစ်ကို တိုက်ခန်းကျဉ်းကျဉ်းလေးမှာ စတင်ခဲ့ကြသည်။ ညားကာစလင်မယားတွေရဲ့ ထုံးစံအတိုင်း ဘယ်အချိန်ဖြစ်ဖြစ် အတူတူရှိနေခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဈေးသွားတာကအစ အတူတူသွားခဲ့ကြသည်။ အဲဒီအချိန်က ကုမ္ပဏီ တစ်ခုတွင် ကျွန်တော့်ဇနီးကအလုပ်လုပ်ဆဲဖြစ်သည်။

လင်မယားနှစ်ယောက်တည်းရှိတဲ့အတွက် ကျွန်တော်တို့မှာ ထူးထူးခြားခြား လုပ်စရာတွေမရှိသေးတဲ့ အချိန်လည်းဖြစ်သည်။ မနက် အိပ်ယာထရင် အနည်းငယ်သာရှိတဲ့ အိမ်မှုကိစ္စတွေကို သူမတစ်ယောက် တည်းလုပ်ခဲ့သည်။ ပြီးတော့ သူမရုံးကို ကျွန်တော်လိုက်ပို့ရသည်။

Recording ရှိတဲ့နေ့တွေမှာ စတူဒီယိုကို ဆက်သွားခဲ့ပြီး မရှိရင်တော့ အခန်းထဲမှာဂစ်တာအတီးကျင့်တတ်သည်။ အဲဒီအချိန်က စတင်ခေတ်စားလာတဲ့ ကွန်ပျူတာနဲ့တွဲပြီး တီးရတာတွေကို ကျွန်တော် စတင်လေ့လာနေခြင်းဖြစ်သည်။ ဂစ်တာနုတ်တွေကို လက်နဲ့ချရေးစရာမလိုဘဲ ကွန်ပျူတာနဲ့အလုပ်လုပ်ခြင်းဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဂစ်တာသမား တစ်ယောက်အနေနဲ့ ကိုယ်ပိုင် လက်တွေကိုသုံးပြီး ဂစ်တာကိုကိုင်နေရဆဲဖြစ်သည်။ ဒီလိုနဲ့ အပူအပင် မရှိသေးတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ အစောပိုင်းအချိန်တွေကို ပျော်ပျော် ရွှင်ရွှင် ဖြတ်သန်းနိုင်ခဲ့သည်။

ရည်းစားဘဝက မရှိခဲ့တဲ့အခြေအနေမျိုးကို အိမ်ထောင်သည် ဘဝမှာ လွတ်လွတ်လပ်လပ်ရရှိလာခဲ့သည်။ မိန်းကလေးတစ်ယောက်အဖြစ် မိဘအိမ်မှာ အချိန်ဇယားတွေနဲ့နေခဲ့ရတဲ့ ကျွန်တော့်ဇနီးကလည်း အကန့် အသတ်တွေကို ကျော်ခိုင်းလိုက်သည်။ ကျွန်တော့်သူငယ်ချင်းတွေနဲ့အတူ ဘယ်နေရာသွားသွား သူမပါခဲ့သည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





မြို့ပြရဲ့ညနေခင်းတွေကို အတူတူ ကျော်ဖြတ်ခဲ့ကြသည်။ စတူဒီယိုမှာ Recording သွားတီးရင်လည်း ကျွန်တော်နဲ့အတူလိုက်လာတတ်သည်။ ဒါပေမယ့် ကျွန်တော် Recording သွားတီးတဲ့အချိန်တွေက ညပိုင်းတွေဖြစ်သည်။

မင်္ဂလာမဆောင်ခင်က လူလွတ်တစ်ယောက်အဖြစ် စတူဒီယိုမှာပင် ကျွန်တော်အနေများခဲ့သည်။ နဝရတ်စတူဒီယိုက ကျွန်တော့်အတွက် အိမ်တစ်ခုလိုဖြစ်ခဲ့သည်။ အဲဒီအချိန်က စတူဒီယိုတွေမှာ အသံသွင်းဖို့ ရက်ချိန်းတွေက အမြဲလိုလိုပြည့်နေတတ်သည်။ အတီးသမားတွေအတွက် နေ့ဘက် Section တွေကလည်း အချိန်ပြည့် ရှိနေတတ်သည်။

ဒါပေမဲ့ ကျွန်တော်ကတော့ ညဘက် Section တွေကိုသာ တီးဖြစ်ခဲ့သည်။ ကျွန်တော့်အနေနဲ့ ညဘက်တီးရတာကိုလည်း အရမ်းသဘောကျခဲ့သည်။ ညဘက်တီးရတာက ပိုပြီးစိတ်ငြိမ်တယ်လို့ ခံစားမိခဲ့သည်။ ပလေယာအများစုကတော့ နေ့ဘက်ကိုသာတီးခဲ့ကြသည်။ ဒီလိုနဲ့ လေးငါးဆယ်နှစ်လောက်ကို ညဘက် Section တွေနဲ့အတူ ဖြတ်ကျော်ခဲ့သည်။ အိမ်ထောင်မကျခင်အထိ အဲဒီလိုပုံစံနဲ့ နေခဲ့ခြင်းဖြစ်သည်။

ဒါပေမဲ့ မင်္ဂလာဆောင်ပြီးချိန်မှာ ညဘက်တီးဖို့အတွက် အခက်အခဲကဖြစ်လာခဲ့သည်။ စတူဒီယိုကို ကျွန်တော်သွားရင်အခန်းမှာ ကျန်ခဲ့မှာက သူမတစ်ယောက်တည်းဖြစ်သည်။ အားလုံးကလည်း အချိန်ပြောင်းတီးဖို့ ကျွန်တော့်ကိုတိုက်တွန်းကြသည်။ ဒါကလည်း ညားကာစလင်မယားတွေရဲ့ထုံးစံအတိုင်း ညဘက်အပြင်မထွက်ချင်တာကို သိထားကြလို့ ဖြစ်သည်။

the bookhouse

မြန်မာ စာအုပ်များ



ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နဂိုအချိန်ဇယားအတိုင်း ဆက်သွားခဲ့သည်။ သူမကလည်း ကျွန်တော့်အပေါ် နားလည်ပေးခဲ့သည်။ ဒါပေမယ့် ကျွန်တော်သွားရင် တစ်ယောက်တည်းထားခဲ့ရမယ့် သူမကို ကျွန်တော့်အနေနဲ့စိတ်မချဘဲဖြစ်နေသည်။

ဒီလိုနဲ့ စတူဒီယိုသွားရင် သူမပါ လိုက်လာခဲ့သည်။ ရည်းစား ဘဝကလုပ်လို့မရတဲ့ပုံစံမျိုးကို ရရှိလာတဲ့အတွက် သူမကလည်းပျော်နေ တတ်သည်။ စတူဒီယိုကို ကျွန်တော်သွားတဲ့အချိန်က ည ကိုးနာရီ လောက်ဖြစ်သည်။

အဲဒီအချိန်ရောက်ရင် သူမကလည်းကားနောက်ခန်းမှာ စောင်တွေခေါင်းအုံးတွေတင်ပြီး အဆင်သင့်ဖြစ်နေတတ်သည်။ ဒီလိုနဲ့ စတူဒီယိုမှာရှိတဲ့ ကျွန်တော်ဂစ်တာတီးတဲ့နောက်ကအခန်းလေးက သူမအတွက် ပျော်ပျော်ရွှင်ရွှင် အိပ်စက်ရာနေရာလေးတစ်ခုဖြစ်ခဲ့သည်။ ကျွန်တော်တီးတာတွေကလည်း မနက်သုံးနာရီလောက်မှာ ပြီးသွား တတ်သည်။ ပြီးတော့ သူမကိုနှိုးပြီးပြန်လာ၊ ပြန်အိပ်၊ မနက်ကိုထ၊ သူမရုံးကိုလိုက်ပို့ အဲဒီလိုနဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး ပျော်ခဲ့ကြသည်။

ဒါပေမယ့် ပတ်ဝန်းကျင်အမြင်မှာတော့ ကျွန်တော်တို့ကို သနားစနာအဖြစ် သတ်မှတ်ခဲ့ကြသည်။ ညဆိုရင် အချိန်မတော်မှ အလုပ်က ပြန်ရ၊ မနက်ဆိုရင် ကောင်မလေးကရုံးသွားရနဲ့ ဒီလင်မယား အတော် သနားစရာကောင်းတယ်လို့ မြင်ခဲ့ကြသည်။ ကျွန်တော်တို့ကတော့ ကိုယ့်လွတ်လပ်မှုနဲ့ကိုယ် ပျော်စရာအဖြစ် သတ်မှတ်ခဲ့ကြသည်။ ဒီလို ပြန်မရနိုင်တော့တဲ့ ပျော်စရာအချိန်တွေကို သမီးမမွေးခင်အထိ ပွေ့ဖက် ထားနိုင်ခဲ့ကြသည်။

the bookhouse
we bring your future

မြန်မာ စာအုပ်များ





ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ဘဝထဲကို သမီးလေး တစ်ယောက်ဝင်ရောက်လာခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှာ မွေးဖွားခဲ့ခြင်း ဖြစ်သည်။ သမီးနာမည်ကိုလည်း မိုးဖြူစင်ဇော်လို့ ပေးခဲ့သည်။ကျွန်တော့် ဘဝမှာ သမီးတစ်ယောက်ရလာတော့လည်း ဖခင်တစ်ယောက်အဖြစ် ခံစားမှုတွေကရှိလာခဲ့သည်။ မှတ်မှတ်ရရ သမီးလေးမွေးခဲ့ရပုံကလည်း ထူးထူးခြားခြားဖြစ်ခဲ့သည်။

အဲဒီနေ့က ဆရာဝန်ဆီကို ပုံမှန်သွားနေကြအတိုင်း ကျွန်တော်တို့ နှစ်ယောက်သွားခဲ့ကြသည်။ ဆရာဝန်က စမ်းသပ်ပြီးမွေးခန်းကို ချက်ခြင်း ဝင်ရမယ်လို့ ပြောလာသည်။ ဒီလိုနဲ့ မွေးခန်းထဲကို ကျွန်တော့်ဇနီး ရောက်သွားခဲ့သည်။ ဒါပေမယ့် သတ်မှတ်ချိန်မှာ မွေးမလာတဲ့အတွက် ဗိုက်ခွဲပြီးမွေးခဲ့ရသည်။

ကိစ္စအားလုံးပြီးသွားချိန်မှာ ကလေးမျက်နှာကို ဘယ်သူနဲ့တူ သလဲလို့ ကျွန်တော်သိချင်ခဲ့သည်။ သိချင်စိတ်တွေနဲ့ကလေးကို ကျွန်တော် သွားကြည့်လိုက်သည်။ ဖခင်တစ်ယောက်အဖြစ် မွေးလာတဲ့ကလေးလေးကို မြင်လိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ ပိုပြီးကြိုးစားရတော့မယ်ဆိုတာ နားလည်လိုက်သည်။ မမျှော်လင့်တဲ့အချိန်မှာ ဗိုက်ခွဲပြီးမွေးလိုက်ရတဲ့ ကျွန်တော့်ဇနီးကိုကြည့်ပြီး စိတ်မကောင်းလည်း ဖြစ်ခဲ့ရသည်။

ညနေဘက်အခန်းကိုပြန်ရောက်တော့ အခန်းထဲမှာ တစ်ယောက် တည်း အထီးကျန်သလို ဖြစ်သွားခဲ့သည်။ သမီးလေးမျက်နှာကိုလည်း ပြန်မြင်ယောင်လာမိသည်။ ကျွန်တော်ငယ်ငယ်က လူလိမ္မာတစ်ယောက် မဟုတ်ခဲ့သလို လူမိုက်တစ်ယောက်လည်း မဖြစ်ခဲ့တာသေချာသည်။ ဒါပေမယ့် လူဆိုးတစ်ယောက်တော့ ဖြစ်ခဲ့သည်။ ဖခင်တွေအတွက် ကိုယ်ဘယ်လောက်

မြန်မာ စာအုပ်များ



ဆိုးခဲ့တယ်ဆိုတာကို သားသမီးရလာတော့မှ ပိုသိလာတယ်လို့ ကျွန်တော် တွေးလိုက်မိသည်။

ပြီးတော့ ဘယ်သူမှမရှိတဲ့အခန်းထဲမှာ စိတ်လွတ် ကိုယ်လွတ် ငိုလိုက်မိသည်။ ဘယ်လိုမှ တားဆီးမရနိုင်တဲ့ မျက်ရည်တွေက ပါးပြင်ပေါ် ဒလိမ့်ခေါက်ကွေး ပြေးဆင်းလာခဲ့သည်။ သမီးလေးဘဝအတွက် ဖခင် တစ်ယောက်အဖြစ် တာဝန်ကျေအောင် လုပ်ပေးရမယ်လို့ တွေးခဲ့မိသည်။ အခြားသူတွေအတွက် ကလေးတစ်ယောက်ရလာခဲ့ရင် ကျွန်တော့်လို ခံစားမှုမျိုးရှိနိုင်ပေမယ့် ကျွန်တော့်လိုအဖြစ်မျိုး မရှိနိုင်ဘူးလို့ ကျွန်တော် ထင်မိသည်။

ကျွန်တော်တို့နှစ်ယောက်အတွက် သမီးလေးတစ်ယောက် ရလာတော့လည်း မိသားစုဆိုတဲ့ ပုံစံသစ်တစ်ခုကို ဖြစ်ပေါ်လာစေခဲ့သည်။ ဒါပေမယ့် ကလေးခြောက်လလောက်မှာ ကျွန်တော်တို့ငှားနေတဲ့အခန်းကို ပိုင်ရှင်ကဆက်ပြီး မငှားတော့ကြောင်း ပြောလာသည်။

ဒီလိုနဲ့ အခန်းတစ်ခန်းအပိုင်ဝယ်ဖို့ လိုက်ရှာကြသည်။ ကျွန်တော် တို့နှစ်ယောက်စလုံးက ရေကျော်မှာမွေး၊ ရေကျော်မှာကြီးခဲ့ကြသူများ ဖြစ်သည်။ ကျွန်တော်တို့အခြေချမယ့် နေရာကိုလည်း ရေကျော်မှာပင် ဖြစ်စေချင်ခဲ့သည်။ ဒါပေမယ့် စိတ်ကြိုက်နေရာမရတဲ့အတွက် အခြား နေရာတွေကို စဉ်းစားခဲ့ရသည်။

ဒီလိုနဲ့ ရေကျော်နဲ့မဝေးတဲ့ ၅၄ လမ်းကဆောက်ပြီးစ တိုက်ခန်း တွေကို ကျွန်တော်တို့သွားကြည့်ခဲ့ကြသည်။ ဒီလိုနေရာမျိုးမှာဆိုရင် ကျွန်တော်တို့နှစ်ယောက်စလုံးအတွက် အဆင်ပြေနိုင်မယ်လို့ ဆုံးဖြတ်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ခဲ့ကြသည်။ ကျွန်တော်တို့မှာရှိတဲ့ငွေနဲ့ ဝယ်နိုင်တဲ့နေရာမျိုးဖြစ်နေတာကလည်း အဓိကဖြစ်ခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ၆ လွှာ မှာရှိတဲ့ အခန်းတစ်ခုကို ကျွန်တော်တို့ ရွေးချယ်လိုက်သည်။ အဲဒီနေ့က သောကြာနေ့ဆိုတာကိုလည်း မှတ်မိနေသေးသည်။ ကျွန်တော်တို့ စိတ်ကြိုက်အခန်းကို ကြည့်ပြီးချိန်မှာ ရောင်းဈေးကိုလည်းမေးလိုက်သည်။ ဒါပေမယ့် ကျွန်တော်တို့မှာ စရံငွေပေးဖို့အတွက် ဘဏ်ကိုငွေသွားထုတ်ရမယ့်အကြောင်း ပြောလိုက်သည်။

ရောင်းတဲ့သူတွေကလည်း ကျွန်တော်တို့ပြောစကားကို လက်ခံလိုက်ပေမယ့် ဒီနေ့လာပေးရင် ပိုကောင်းတယ်လို့ ပြောခဲ့သည်။ သူတို့က အဲဒီလိုပြောလိုက်ပေမယ့် ကျွန်တော်တို့ကသတိမထားလိုက်ဘဲ နေခဲ့မိသည်။ အဲဒီနေ့က ဘဏ်မှာငွေသွားမထုတ် ဖြစ်လိုက်တာကလည်း ကျွန်တော်တို့ နှစ်ယောက်အတွက် သင်ခန်းစာတစ်ခုရရှိလိုက်သည်။ ပိတ်ရက် နှစ်ရက်ကို ကျော်ဖြတ်ပြီး နောက်တစ်နေ့မှာစရံငွေပေးဖို့ ကျွန်တော်တို့ ပြန်သွားခဲ့ကြသည်။

ဒါပေမယ့် တိုက်ခန်းဈေးတွေကတော့ နောက်ထပ် ငါးသိန်းကို ခုန်တက်သွားခဲ့သည်။ နှစ်ရက်သုံးရက်အတွင်း ဈေးတက်သွားတဲ့ အခန်းတွေအတွက် ကျွန်တော်တို့မှာဝေဝေဝါးဝါးဖြစ်သွားခဲ့သည်။ ကျွန်တော်တို့ဆီမှာရှိတဲ့ငွေကလည်း ဈေးမတက်ဘူးဆိုရင်တောင် အပိုအလိုမရှိတဲ့ အခြေအနေမျိုးဖြစ်သည်။ တကယ်လို့ အခန်းတစ်ခန်းမဝယ်ဖြစ်ဘူးဆိုရင် နောက်ထပ်တစ်နှစ်နှစ်လောက်ကို ငှားနေရမှာဖြစ်သည်။

အဲဒီအချိန်ဆိုရင် ဈေးနှုန်းတွေက လက်ရှိအခြေအနေထက် ပိုမြင့်လာမှာ သေချာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဝယ်ဖြစ်အောင်ဝယ်ရမယ်လို့

the bookhouse
we bring your future

မြန်မာ စာအုပ်များ



ဆုံးဖြတ်လိုက်သည်။ ပြီးတော့ ၇ လွှာမှာရှိတဲ့ အခန်းတစ်ခုကို ဝယ်လိုက်သည်။ ဒီလိုနဲ့ တစ်ထပ်ပိုမြင့်တဲ့အခန်းကို ရောက်ရှိသွားခဲ့သည်။ ပိတ်ရက်နှစ်ရက်ကြောင့် အပြင်ကိုတစ်နေ့လေးခေါက်ထွက်ရင် နောက်ထပ်လေးထပ်စာကို အတက်အဆင်းလုပ်နေရသလို ဖြစ်လာခဲ့သည်။

ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်တော်တို့အတွက် ကိုယ်ပိုင်အခန်းတစ်ခုကို ပိုင်ဆိုင်ခဲ့ပြီး သမီးလေး ၆ လမှာ ပြောင်းရွှေ့ခဲ့သည်။ ကျွန်တော်တို့မိသားစု ကိုယ်ပိုင်တိုက်ခန်းကို ပြောင်းရွှေ့လာတဲ့အချိန်အထိ ကျွန်တော့်ဇနီးက ကုမ္ပဏီမှာပင် ဆက်လုပ်နေဆဲဖြစ်သည်။ ဒါပေမယ့် နောက်ထပ်သားလေး တစ်ယောက် မွေးလာချိန်မှာတော့ အလုပ်ကထွက်လိုက်ရပြီး အိမ်မှုကိစ္စတွေကို အပြည့်အဝ ထမ်းဆောင်ရတဲ့ အိမ်ရှင်မတစ်ယောက် ဖြစ်သွားခဲ့သည်။

သားငယ်လေးကို ကျွန်တော့်ဇနီးမိုးသူဇာက ၂၀၀၆ ခုနှစ်မှာ မွေးဖွားခဲ့သည်။ သားလေးကိုမွေးတော့လည်း ကျွန်တော်တို့မှာ မျက်ရည်ကျခဲ့ရ ပြန်သည်။ သမီးကိုမွေးတုန်းက ဗိုက်ခွဲမွေးခဲ့ရတယ်ဆိုပေမယ့် ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ဘာဖိအားမှမရှိဘဲကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် နောက်တစ်ခါသားလေးမွေးဖို့အတွက်ကိုတော့ ဖိအားတွေနဲ့ ရင်ဆိုင်ခဲ့ရသည်။ သမီးမွေးစဉ်က ကြိုတင်ပြင်ဆင်ချိန်မရှိဘဲ ဗိုက်ခွဲမွေးခဲ့ရတဲ့ ကျွန်တော့်ဇနီးမှာကြောက်စိတ်တွေမရှိဘဲ မွေးနိုင်ခဲ့ပေမယ့် နောက်တစ်ကြိမ် ဗိုက်ခွဲမွေးရမယ်ဆိုတာ ကြိုသိထားတဲ့အတွက် ကြောက်စိတ်တွေက ဝင်လာခဲ့သည်။

နောက်တစ်နေ့မွေးခန်းထဲကထွက်လာတဲ့ ကျွန်တော့်ဇနီးကို မြင်လိုက်ရတော့ ကျွန်တော်လည်းစိတ်မကောင်းဖြစ်မိခဲ့သည်။ မနေ့က အကောင်းအတိုင်းရှိနေပေမယ့် နောက်တစ်နေ့မှာ လူမမာတစ်ယောက်

the bookhouse
we bring your future

မြန်မာ စာအုပ်များ



လိုဖြစ်သွားတဲ့ သူမကိုကြည့်ပြီး တကယ်သနားသွားမိသည်။ မိန်းမတွေအတွက် ကလေးတစ်ယောက်မွေးဖွားဖို့ဆိုတာ တစ်ခါတစ်လေ မလွယ်ကူဘူးဆိုတာ ကျွန်တော်တွေ့လိုက်ရသည်။

မွေးခန်းအပြင် ပြန်ရောက်လာတဲ့ သူမက ကျွန်တော့်ကိုမြင်မြင်ခြင်းငိုချလိုက်သည်။ သူမငိုတာကိုတွေ့ရတော့ ဘာကြောင့်မှန်းမသိ ကျွန်တော့်မျက်ဝန်းအိမ်မှာ မျက်ရည်တွေကပြည့်လာသည်။ ပြီးတော့ သူမနဲ့အပြိုင်မျက်ရည်မိုးတွေ ရွာချခဲ့သည်။ ဒီလိုအချိန်မှာမငိုရဘူးလို့ အားလုံးကပြောတော့မှ ကျွန်တော်တို့နှစ်ယောက်ရဲ့ မျက်ရည်တွေကို သုတ်ပစ်ခဲ့ကြသည်။ သားလေးနာမည်ကိုလည်း သမီးကြီးနာမည်နဲ့လိုက်ဖက်အောင် မိုးအာကာဇော်လို့ပေးခဲ့သည်။ ဂစ်တာသမားတစ်ယောက်ဖြစ်တဲ့အတွက် ကျွန်တော်ရဲ့သမီးနဲ့သား နာမည်တွေကို ရစ်သမ်ညီအောင် မှည့်ပေးခဲ့ခြင်းဖြစ်သည်။

သားသမီးတွေ ရှိလာတော့လည်း မိဘတစ်ယောက်အနေနဲ့ ကွယ်လွန်သွားခဲ့တဲ့ ဖေဖေနဲ့မေမေ့ကို မြင်ယောင်မိပြန်သည်။ ကလေးဘဝကတစ်ချို့အကြောင်းအရာတွေကို ပြန်လည်ဖမ်းဆုပ်ကြည့်မိသည်။ ဖမ်းဆုပ်မရတဲ့ ဝိုးတိုးဝါးတားပုံရိပ်တွေကြားမှာ ကျွန်တော့်အာရုံတွေကိုပြန်စုလိုက်သည်။ မျက်လုံးကိုဖွင့်လိုက်တော့ မနက်သုံးနာရီ ကျော်နေတာကိုတွေ့လိုက်ရသည်။

တီဗွီရှေ့ကထလိုက်ပြီး အပြင်ဘက်ဝရန်တာကို ကျွန်တော်ထွက်လိုက်သည်။ အေးမြတဲ့လေက ကျွန်တော့်မျက်နှာပေါ် ကျရောက်လာသည်။ ဝရန်တာပေါ်ကနေ အိပ်မောကျနေဆဲ ရန်ကုန်မြို့ကို လှမ်းမြင်နေရသည်။ ဒါပေမယ့် မနက်ဖြန်ပေါင်းများစွာအတွက် နိုင်ဇော်ကတော့ ဆက်လက်နိုးထနေဦးမှာဖြစ်တော့သည်။

■

the
bookhouse
we bring your future

မြန်မာ စာအုပ်များ

# နိုင်ဇော်အကြောင်း နိုင်ဇော်ပြောသည်

ရဲမွန်ထော



## နိုင်ဇော် (လေးဖီးကလပ်) ၏ ကိုယ်ရေးရာဇဝင်အကျဉ်း

၁၉၆၉ခုနှစ်၊ ဩဂုတ်လ ၃၀ရက်၊ စနေနေ့ညပိုင်းတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂လမ်း၊ သားဖွားဆေးရုံ၌ မွေးဖွားခဲ့သည်။ အဖဦးစင်ထွန်း (လက်ထောက်ညွှန်မှူး) ဗဟိုစာရင်းရုံးနှင့် အမိဒေါ်မြစန်းတို့၏ သားသမီး ၆ယောက်တွင် အငယ်ဆုံးသားဖြစ်သည်။ အ.မ.က (၉)ပုဇွန်တောင်တွင် ကျောင်းပညာစတင်သင်ကြားခဲ့ပြီး ဒုတိယတန်းတွင် အ.ထ.က (၄)ပုဇွန်တောင်သို့ ပြောင်း၍ ပညာသင်ကြားခဲ့သည်။ အဋ္ဌမတန်းတွင် အ.ထ.က (၄) ပုဇွန်တောင် ဘင်ရောတပ်ဖွဲ့သို့ဝင်၍ ဂီတပညာသင်ကြားခဲ့ပြီး၊ အနုပညာနှင့်စတင်ထိတွေ့ခဲ့သည်။ နဝမတန်းတွင် အ.ထ.က (၄) ပုဇွန်တောင်ကိုယ်စားပြု၍ ကာတွန်းပြိုင်ပွဲဝင်ခဲ့ရာ ပထမဆုဆွတ်ခူးရရှိခဲ့သည်။ ဝါသနာအလျောက် ကာတွန်းနှင့် ပန်းချီကား အများအပြားရေးဆွဲခဲ့ရာမှ သူငယ်ချင်းတစ်ဦး၏ ဂစ်တာကို ယူတီးရာမှစ၍ ဂီတဖက်ပြန်လည်ရောက်ရှိခဲ့ရာ အပျော်တမ်းဂစ်တာသမားအဖြစ်မှ S.A.S တီးဝိုင်းကိုယ်တိုင်ခေါင်းဆောင်၍ တီးနိုင်သည့်အဆင့်ထိ ရောက်ရှိခဲ့သည်။ ၁၉၈၆ခုနှစ်တွင် ဒသမတန်းစာမေးပွဲ အောင်မြင်ခဲ့ပြီး သမိုင်းဘာသာတွင် ဂုဏ်ထူးရရှိခဲ့သည်။ ဝါသနာအလျောက် ဥပဒေအထူးပြုဘာသာရပ်ကို ရွေးချယ်ခဲ့ပြီး ၁၉၈၈ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) သို့ စတင်တက်ရောက်ခဲ့သည်။ ပညာသင်နှစ် အစတွင်ပင် ကျောင်းပိတ်ခဲ့ရာ ကန်ထရိုက်တိုက်စန်း ဆောက်လုပ်ရေးလုပ်ငန်းသို့ ဝင်ရောက်၍ လုပ်ငန်းခွင် အတွေ့အကြုံ ပညာသင်စရိတ်ရှာခဲ့ရသည်။ ထိုမှတဆင့် ဂစ်တာသင်တန်းပေးသော ဆရာဘဝသို့ပြောင်း၍ အသက်မွေးရာမှ တပည့်တစ်ဦး၏ ကူညီမှုကြောင့် 'ရွှေရှင်း' စားသောက်ဆိုင်တွင် ဂစ်တာနှင့်ကီးဘုတ်တီးတော်သူအဖြစ်ရောက်ခဲ့ ရပြန်သည်။ ကျောင်းပြန်ဖွင့်ချိန် ရန်ကုန်တက္ကသိုလ် အနုပညာအသင်း၏ ဖျော်ဖြေရေးပွဲများ၊ တက္ကသိုလ်အဆောင်ညစာစားပွဲများ၊ အပျော်တီးစတ်ကြရင်း 'ရွှေသံစဉ်' တေးဂီတအဖွဲ့သို့ ဒုတိယဂစ်တာသမားအဖြစ် တီးတော်ခဲ့ရသည်။ LLB ဘွဲ့ကို ရယူပြီးချိန် ဥပဒေပညာဖြင့် အသက်မမွေးတော့ဘဲ၊ ဂီတအနုပညာဖြင့်သာ ဖောက်ချပြီး အသက်မွေးရန်ဆုံးဖြတ်၍ LAZY CLUB တေးဂီတအဖွဲ့တွင် ပါဝင်တီးစတ်ခဲ့ရာမှ အောင်မြင်သောတေးသီချင်းများ တီးစတ်သူအဖြစ် ပရိတ်သတ်တို့၏ အသိအမှတ်ပြုခြင်းကို ခံရသည်။ ၂၀၀၀ခုနှစ် မတ်လ ၁၂ရက်တွင် ငယ်သူငယ်ချင်း မသူဇာမိုးနှင့် အိမ်ထောင်ပြုခဲ့သည်။ မိသားစုဘဝဖြင့် သမီး မိုးဖြူစင်ဇော်၊ သား မိုးအာကာဇော် တို့ကို ပိုင်ဆိုင်ရယူနိုင်ခဲ့သည်။ ဂီတသမားဘဝဖြစ်ခဲ့ရာမှ အင်တာဗျူးလုပ်ရင်း စာရေးရန်တိုက်တွန်းသော အယ်ဒီတာကိုတင်မောင်ဆွေကြောင့် နံနက်ခင်းဂျာနယ်တွင် 'ကျွန်တော်နှင့်ဂျေမောင်မောင်' ဆိုသည့် စာစုလေးကို ပထမဆုံးရေးခဲ့ရာမှ အပတ်စဉ် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရောက်ရှိခဲ့သည်။ ကိုယ်တိုင်ရေးသားသော 'မြေအောက်ကကြိုးရဲ့လျှို့ဝှက်ချက်' အမည်ရှိ တေးသီချင်း ဖြစ်တည်မှုစာအုပ်ကို 'နဂါးစာပေ' မှ ထုတ်ဝေခဲ့သည်။ တေးဂီတ အယ်လ်ဘမ် (၃)ချပ်၊ ခုနှစ်ကြိုးဂစ်တာပုံမြင် (Looping) သိပ္ပံခေတ်ရဲ့ သားကောင်များ (တီးလုံးသက်သက်)၊ မြေအောက်ကကြိုး (တီးလုံးသက်သက်)တို့ကို ထုတ်ဝေခဲ့ပြီး 'သုစုမစက်ရုပ်' (တီးလုံးသက်သက်) ကို မကြာခင်အချိန်အတွင်း ဖြန့်ချိရန် ကြိုးစားလျက် ရှိပါသည်။ ကိုယ်ပိုင်စာအုပ်ထုတ်ဝေရေးဖြစ်သော 'အာကာဖြူစင်စာပေ' မှ 'ကျွန်တော်နှင့်ကျွန်တော့်ပတ်ဝန်းကျင်' စာအုပ်ကို ၂၀၀၉ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ ဆက်လက်၍ ကျွန်တော်နှင့်ကျွန်တော့်ကမ္ဘာအမည်ရှိ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ရေးသားထားသည့် ဆောင်းပါးများအား စုစည်း၍ ကံ့ကော်ဝတ်ရည်စာပေမှ ထုတ်ဝေရန်ရှိနေပြီး၊ ကျွန်တော်နဲ့အမေရိကန်အနုပညာခရီး ဒိုင်ယာရီစာအုပ်ကို ရေးသာလျက်ရှိပါသည်။ လက်ရှိအချိန်တွင် မိသားစုနှင့် အမှတ် (၂၀)၊ E-7၊ ၅၄လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။

the bookhouse
we bring your future